အကျင့်ပျက်ခြစားမှု ဆက်ထုံးများ၊ အလွဲသုံးစားပြုမှု လမ်းကြောင်းများ။

Mytel ၊ Viettel နှင့် စီးပွားရေးလုပ်ငန်းများ၏ ကမ္ဘာအနှံ့ ကွန်ရက်တစ်ရပ်မှ မြန်မာစစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်မှုကို အားပေးကူညီနေပုံ။

JUSTICE FOR MYANMAR

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိသည်။

justiceformyanmar.org

2020 | COPYLEFT | MYANMAR

မာတိကာ

အဓိက အချက်အလက်များ ၅

နိဒါန်း ၉

အသုံးပြုနည်းနာ ၁၃

ဝေါဟာရ အဓိပ္ပာယ်ဖွင့်ဆိုချက် ၁၅

အခန်း ၁။ နောက်ခံအခြေအနေ ၂၄

၁ (၁) နိုင်ငံတကာ ဥပဒေနှင့် စီးပွားရေးလုပ်ငန်းများ တာဝန်ရှိမှု ၂၅

၁ (၂) မြန်မာနိုင်ငံ၏ အာဏာရှင်ဆန်သော အသွင်ကူးပြောင်းမှု ၂၉

၁ (၃) စစ်တပ်၏ အချက်ပြဆက်သွယ်ရေး ၃၁

၁ (၄) မြန်မာပြည် လူ့အခွင့်အရေး နောက်ခံအခြေအနေ ၃၄

၁ (၅) မြန်မာစစ်တပ် စီးပွားရေး၏ အလွဲသုံးစားမှုနှင့် အကျင့်ပျက် ခြစားမှုများ ၃၈

၁ (၆) Viettel - ဖုန်းဆင်းမ်ကဒ်များနှင့် ဒုံးကျည်များ ၄၅

အခန်း ၂။ ကြေးနန်းဆက်သွယ်ရေး "ပြုပြင်ပြောင်းလဲမှု" - စစ်ပုံစံ ၄၉

၂ (၁) Mytel: "အများပိုင်နှင့် ပုဂ္ဂလိက ဖက်စပ်" စစ်တပ်ခရိုနီ ၅၈

၂ (၂) မြန်မာအမျိုးသား ဆက်သွယ်ရေးဦးပိုင် ၆၀

၂ (၃) Mytel ၏ ပထမဆုံး ခေါ်ဆိုမှု ၆၄

၂ (၄) ဖျော်ဖြေရေးက သတ်ဖြတ်မှုကို ဖြစ်စေသည် ၆၅

၂ (၅) စီးပွားရေးလုပ်ငန်းစု၏ ဝန်ဆောင်မှုများ ၆၉

၂ (၆) ဆင်းမ်ကဒ် မှတ်ပုံတင်ခြင်း ၇၀

အခန်း ၃။ MYTEL မှာ "အရပ်ဘက်ဆိုတာ" ဘာမှမရှိဘူး ၇၂

၃ (၁) မြန်မာနိုင်ငံရှိ Viettel ၇၄

၃ (၂) Mytel ၏ စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံ ၇၆

၃ (၃) မြန်မာပြည်ရှိ Viettel ၏ လက်အောက်ခံကုမ္ပဏီများ ၈၁

၃ (၄) မဟာမိတ်ပြုထားသော ဗီယက်နမ် စီးပွားရေးလုပ်ငန်းများ ၉၀

အခန်း ၄။ စစ်တပ်နှင့် MYTEL ဆက်သွယ်ရေးဂြိုလ်တု ၉၂

၄ (၁) AsiaSat (ဟောင်ကောင်) ၉၄

၄ (၂) Hughes Network Systems (USA) ၉၈

၄ (၃) ဗီယက်နမ် စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး (VNPT) ၁၀၀

၄ (၄) Gilat ဂြိုလ်တု ကွန်ရက်များ (အစ္စရေး) ၁၀၂

၄ (၅) Intelsat (လူဇင်ဘတ်/အမေရိကန်) ၁၀၄

၄ (၆) JAXA, Hokkaido and Tohoku တက္ကသိုလ်များ (ဂျပန်) ၁၀၇

အခန်း ၅။ စစ်တပ်အခြေစိုက်စခန်းများရှိ MYTEL **၁၁၀**

၅ (၁) တိုင်းရင်းသား ပြည်သူလူထုအသိုင်းအဝိုင်းများအပေါ် စစ်တပ်၏စစ်ဆင်ရေးများကို Mytel မှ ထောက်ကူပေးသည်။ ၁၁၄

၅ (၂) Mytel နှင့် ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံး ၁၂၀

အခန်း ၆။ MYTEL နှင့် မြန်မာစစ်တပ်သို့ ကမ္ဘာလုံးဆိုင်ရာ နည်းပညာနှင့် တာဝါတိုင် ထောက်ပံ့ပေးသွင်းသူများ **၁၂၃**

၆ (၁) ထပ်ဆင့်လွှင့်စက်နှင့် မိုက်ကရိုဝေ့ဖ် ကိရိယာများ ၁၂၅

၆ (၂) ရေဒီယို ကိရိယာများ ၁၂၆

၆ (၃) အချိန် သတ်မှတ်ခြင်း နည်းပညာ (Timing technology) ၁၂၆

၆ (၄) ခါတ်အားပေးသွင်းသူများ (Power suppliers) ၁၂၇

၆ (၅) Nokia (ဖင်လန်) နှင့် Ericsson (ဆွီဒင်) ၁၂၈

၆ (၆) Mytel ၊ မြန်မာစစ်တပ်တို့နှင့် စီးပွားရေးလုပ်နေသော ဆက်သွယ်ရေးတာဝါတိုင် ကုမ္ပဏီများ ၁၂၉

အခန်း ၇။ ငွေနောက်ကို လိုက်ကြည့်ခြင်း **၁၃၃**

၇ (၁) Mytel နှင့် Viettel တို့မှ တဆင့် မြန်မာစစ်တပ်ကို အကျိုးအမြတ် ဖြစ်ထွန်းနေစေသည့် နိုင်ငံတကာဘဏ်များ ၁၃၆

၇ (၂) ဗီယက်နမ်ဘဏ်များသည် Mytel နှင့် Viettel တို့မှတဆင့် မြန်မာစစ်တပ်အား အကျိုးဖြစ်ထွန်းနေစေသည်။ ၁၄၁

၇ (၃) မြန်မာစီးပွားရေးကော်ပိုရေးရှင်း ၏ ရင်းနှီးမတည်ငွေကို ရန်ကုန်စတော့ရှယ်ယာ ရောင်းဝယ်ရေးလုပ်ငန်းမှတဆင့် တိုးပွားအောင် လုပ်ဆောင်ခြင်း ၁၄၅

၇ (၄) ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ ၁၄၈

၇ (၅) ထိန်းချုပ်မှုကို ရယူပါ။ ၁၅၆

တွေ့ရှိချက်များ **၁၅၇**

အကြံပြုချက်များ **၁၆၂**

နောက်ဆက်တွဲ ၁။ **၁၇၅**

နောက်ဆက်တွဲ ၂။ **၁၈၅**

နောက်ဆက်တွဲ ၃။ **၁၉၀**

နောက်ဆက်တွဲ ၄။ **၁၉၇**

နောက်ဆက်တွဲ ၅။ **၁၉၉**

အဆုံးသတ်မှတ်စု **၂၀၅**

အဓိက အချက်အလက်များ

- Mytel သည် မြန်မာမိုဘိုင်းလ်ကွန်ရက်ဖြစ်ပြီး မြန်မာစစ်တပ်၊ ဗီယက်နမ်နိုင်ငံ၏ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာရင်းနှီးမြှုပ်နှံသူများ၏ ကွန်ရက်တစ်ခုတို့က ပိုင်ဆိုင်သည်။ ၎င်းကို စတင်လိုက်ချိန် ဇွန်လ ၂၀၁၈ မှစ၍ အသုံးပြုခွင့် လျှောက်ထားသူအခြေခံအရဆိုလျှင် သုံးစွဲသူ ၁၀ သန်းကျော်ဖြင့် စျေးကွက်တွင်း ဝင်ရောက်မှု နောက်ကျသော်လည်း စျေးကွက်ယှဉ်ပြိုင်မှုမြင့်မား၍ အကျိုးအမြတ်ကြီးမားသော လုပ်ငန်းတစ်ခုဖြစ်သည်။

- Mytel ၊ ၎င်း၏ ပိုင်ရှင်များဖြစ်သော Viettel ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း (Myanmar Economic Cooperation) နှင့် Myanmar National Telecom Holding Public Ltd (MNTH) တို့နှင့် ၎င်း၏ ပစ္စည်းတင်သွင်းသူများသည် မြန်မာစစ်တပ်ကို နည်းပညာလွှဲပြောင်းပေးမှု၊ အခြေခံအဆောက်အအုံ ဖေါ်ဆောင်တည်ဆောက်မှု၊ ဘဏ္ဍာထောက်ပံ့မှု၊ ဝန်ဆောင်မှုများ ပြုလုပ်ပေးမှုနှင့် ဒေတာများကို လက်လှမ်းမီစေမှုမှတဆင့် တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း ပံ့ပိုးပေးနေသည်။

- ဤစီးပွားရေးအချက်အလက်များသည် နိုင်ငံတကာ ဥပဒေအောက်တွင် တာဝန်ယူတာဝန်ခံမှုအတွက် သက်ရောက်မှုများရှိပြီး ဤအစီရင်ခံစာမှ ထိုတာဝန်ယူတာဝန်ခံမှု အကြောင်းအရာများအပေါ် ခွဲခြမ်းစိတ်ဖြာ သုံးသပ်တွေ့ရှိချက်များကို အဓိက တင်ပြထားသည်။

Mytel နှင့် Viettel တို့သည် မြန်မာစစ်တပ်အတွက် နည်းပညာ၊ အခြေခံအဆောက်အအုံနှင့် ဒေတာများ ရရှိအောင် ထောက်ပံ့ပေးသည်။

- Viettel သည် အဓိက စစ်တပ်စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုဖြစ်ပြီး ၎င်း၏ မူလမစ်ရှင်မှာ လက်နက်များကို သုတေသနပြုရန်၊ ထုတ်လုပ်ရန်နှင့် ရောင်းချရန်ဖြစ်သည်။ စစ်လက်နက်များနှင့် ပုံစံနှစ်မျိုး အသုံးပြုနိုင်သော နည်းပညာများကို ထုတ်လုပ်နေသော Viettel ၏ စီးပွားရေး အစိပ်အပိုင်းများသည် မြန်မာစစ်တပ်နှင့် ဆက်ဆံမှုများရှိခြင်း နှင့်/သို့မဟုတ် မြန်မာနိုင်ငံတွင် လည်ပတ်လုပ်ဆောင်ခြင်းရှိနေသည်။

- Mytel နှင့် Viettel သည် လက်နက်နှင့် ပုံစံနှစ်မျိုး အသုံးပြုနိုင်သော နည်းပညာများ လွှဲပြောင်းပေးအပ်ခြင်း၊ စစ်တပ်၏ အခြေခံအဆောက်အအုံအား သင်တန်းပေးခြင်းနှင့် အဆင့်မြှင့်ပေးခြင်းမှတဆင့် မြန်မာစစ်တပ်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက် ကူညီပံ့ပိုးနေသည်။ မြန်မာစစ်တပ်၏ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးမှ ပိုင်ဆိုင်သော ဖိုင်ဘာအော့ပ်တစ်ကေဘယ်ကွန်ရက် အပါအဝင် Mytel ၏ အောက်ခြေ ယန္တရားအဆောက်အအုံကို မြန်မာစစ်တပ်အား မျှဝေပေးထားခဲ့သည်။

- Viettel ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုသည် စစ်တပ်အခြေစိုက်စခန်းများရှိ စစ်တပ်၏ ဆက်သွယ်ရေးကို ပံ့ပိုးပေးနေသည့် Mytel ၏ ဆက်သွယ်ရေးတာဝါတိုင် အနည်းဆုံး ၃၈ ခု တည်ဆောက်နေမှုအား ဦးဆောင်နေသည်။ ၎င်းတို့အထဲတွင် ဒေသဆိုင်ရာနှင့် ဗျူဟာဆိုင်ရာ ကွပ်ကဲရေးဌာနများ၊ ခြေလျင်တပ်ရင်းများနှင့် စစ်အင်ဂျင်နီယာတပ်ရင်းတစ်ခုတို့ ပါဝင်သည်။ ထိုအခြေစိုက်စခန်းများ၏ အများစုသည် တိုင်းရင်းသားဒေသများတွင် ရှိနေပြီး ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုက်ရိုက် ချိုးဖောက်ကျူးလွန်နေသည့် တပ်ရင်းတပ်ဖွဲ့များကို လက်ခံထားရှိသည်။ မြန်မာစစ်တပ်၏ လက်နက်ထုတ်လုပ်နေသည့် ကာကွယ်ရေး စက်မှုလုပ်ငန်းများ ညွှန်ကြားရေးမှူးရုံးတွင် ဆက်သွယ်ရေးတာဝါတိုင် ၄ ခု တည်ရှိနေသည်။

- အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ Viettel သည် ဗီယက်နမ်တွင် ခွဲခြမ်းစိပ်ဖြာသုံးသပ်မှုပြုလုပ်ရန်အတွက် အချက်အလက် အသုံးပြုသူများ၏ ပုဂ္ဂိုလ်ရေး ဒေတာများကို ခြေရာခံလျက်ရှိသည်။ (mining user data) မြန်မာစစ်တပ်အနေဖြင့် ဤအချက်အလက်များကို ရယူခွင့်ရရှိနေပြီး စစ်ရေးရည်ရွယ်ချက်များအတွက် အသုံးပြုနေနိုင်ပါသည်။

Viettel နှင့် Mytel တို့တွင် မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ချိတ်ဆက်နေသော တင်သွင်းရောင်းချသူ နိုင်ငံတကာ ကွန်ရက်တစ်ခုကို ရရှိနေသည်။

- နိုင်ငံတကာစီးပွားရေးလုပ်ငန်းများသည် Mytel နှင့် Viettel တို့ကို နည်းပညာနှင့် ဝန်ဆောင်မှုများ ပေးဝေလျက်ရှိပြီး မြန်မာစစ်တပ်၏ ဆိုးရွားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုက်ရိုက်သော်၎င်း သို့မဟုတ် သွယ်ဝိုက်၍သော်၎င်း ငင်းတို့မှ ပံ့ပိုးနေသည့် အန္တရာယ်သို့ ကျရောက်နေစေသည်။

- Intelsat (လူဇင်ဘတ် /အမေရိကန်) ၊ AsiaSat (ဟောင်ကောင်)၊ ArianeGroup (ပြင်သစ်) နှင့် Gilat Satellite Networks (အစ္စရေး)များနှင့် ဆက်ဆံရေးမှတဆင့် မြန်မာစစ်တပ်သည် Lockheed Martin နှင့် Maxar Technologies မှထုတ်လုပ်သော ဆက်သွယ်ရေးဂြိုလ်တုများကို အသုံးပြုခွင့်ရလျက်ရှိသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများသည် မြန်မာစစ်တပ်၏ နိုင်ငံတကာဆိုင်ရာ ရာဇဝတ်မှုများကို တိုက်ရိုက် ပံ့ပိုးနေဘွယ်ရာ ရှိသည်။

- ဂျပန်နိုင်ငံ၏ အာကာသ အေဂျင်စီ တခုဖြစ်သည့် JAXA အပြင် ၎င်းတို့နှင့် မဟာမိတ်ပြုထားသည့် ဂျပန်တက္ကသိုလ်များသည် မြန်မာစစ်တပ်ကို အကျိုးဖြစ်စေသော မြန်မာနိုင်ငံ၏ အာကာသဆိုင်ရာ အစီအစဉ်ကို ပံ့ပိုးပေးနေသည်။

- အဓိကကျသော နိုင်ငံတကာစီးပွားရေးလုပ်ငန်းများသည် Mytel အား ထောက်ပံ့နေကာ မြန်မာစစ်တပ်အား ကုန်သွယ်မှုအရ ပံ့ပိုးနေပြီး စစ်ရေးရည်ရွယ်ချက်များအတွက်သာ အသုံးပြုရသော နည်းပညာကို အသုံးပြုခွင့်ရစေရန် ပံ့ပိုးပေးလျက်ရှိနေသည်။ ၎င်းတို့ထဲတွင် NEC (ဂျပန်)၊ ngena (ဂျာမနီ)၊ CommScope (USA)၊ Huawei (တရုတ်)၊ ZTE (တရုတ်)၊ မြန်မာ (ဂျပန်) နှင့် Adva (ဂျာမနီ) တို့ပါဝင်သည်။ Viettel မှတဆင့် မြန်မာစစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ချိတ်ဆက်သော အခြား စီးပွားရေးလုပ်ငန်းများ ရှိနိုင်ပါသေးသည်။ ၎င်းတို့ထဲတွင် Qualcomm မှ (ယူအက်စ်)၊ Microsoft (ယူအက်စ်အေ)၊ Fujitsu (ဂျပန်)၊ Nokia (ဖင်လန်) နှင့် Ericsson (ဆွီဒင်)တို့ပါဝင်သည်။

မြန်မာစစ်တပ်အနေဖြင့် Mytel နှင့် ၎င်း၏ မဟာမိတ်ကွန်ရက်များ၏ အများသိဖြစ်သော၊ နိုင်ငံတကာ ငွေကြေးပံ့ပိုးမှုမှ အကျိုးအမြတ်ရနေသည်။

- Mytelကို အများပြည်သူနှင့် ပုဂ္ဂလိက ဖက်စပ်ပိုင်ဆိုင်မှုအဖြစ် ဖော်ဆောင်ထားခဲ့ပြီး စစ်တပ်က "အစိုးရရှယ်ယာပိုင်ရှင်" ဖြစ်သည်။ စစ်တပ်သည် Mytel မှတဆင့် အများပြည်သူပိုင် ရံပုံငွေများနှင့် ပိုင်ဆိုင်မှုများကို အလွဲသုံးစားပြုလျက်ရှိနေပြီး တရားမဝင်ကိစ္စများအတွက် အသုံးပြုသော ပုံမှန်ဘတ်ဂျက်တွင် ထည့်သွင်းမထားသော လျှို့ဝှက်ရံပုံငွေကို ဖြည့်ဆည်းပေးနေကာ အများပြည်သူပိုင် ပစ္စည်းများအား တလွဲအသုံးပြုလျက်ရှိသည်။

- ကမ္ဘာ့ဘဏ်မှ ပံ့ပိုးပေးထားသော ဆက်သွယ်ရေး ပြုပြင်ပြောင်းလဲရေးအစီအစဉ်မှ Mytel အား ဖော်ဆောင်မှုကို ဖြစ်စေနိုင်ခဲ့ခြင်း ဖြစ်သည်။

- အဓိကကျသော နိုင်ငံတကာဘဏ်များအနေဖြင့် Viettel Global Investment JSC အား ချေးငွေများ ပေးအပ်လျက်ရှိနေပြီး မြန်မာစစ်တပ်ကို အကျိုးအမြတ် ဖြစ်စေကာ ရာဇဝတ်မှုများ ဆက်လက် လုပ်ဆောင်နိုင်စေရန် ထပ်ဆင့်ပံ့ပိုးပေးလျက်ရှိသည်။ ထိုရံပုံငွေများကို လက်နက်များနှင့် နှစ်မျိုးသုံး ပစ္စည်းများအား မြန်မာပြည်အတွက် ဝယ်ယူသုံးစွဲရေးနှင့် လွှဲပြောင်းရေးအတွက် အသုံးပြုနိုင်ဖွယ် ရှိသည်။ HSBC (ယူကေ)၊ Standard Chartered (ယူကေ)၊ Mitsubishi UFJ Financial Group (MUFG) (ဂျပန်)၊ Taipei Fubon (ထိုင်ဝမ်) နှင့် Maybank (မလေးရှား) အစရှိသောဘဏ်များ ပါဝင်သည်။

- မြန်မာစစ်တပ်အား တိုက်ရိုက် အကျိုးကျေးဇူးဖြစ်စေသည့် ချေးငွေများနှင့် ဝန်ဆောင်မှုများကို ဗီယက်နမ်ဘဏ်များက ပံ့ပိုးပေးနေသည်။ ထိုအထဲတွင် နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်းမှ ရှယ်ယာပိုင်ဆိုင်နေသော ဘဏ်များ၊ နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ ကူးသန်းရောင်းဝယ်မှု ငွေကြေးဆိုင်ရာ အစီအစဉ်များတွင် ပါဝင်နေသောဘဏ်များ ပါဝင်ပါသည်။ ၎င်းတို့ထဲတွင် TPBank ၊ AB Bank ၊ VIB Bank ၊ BIDV နှင့် VietinBank တို့ပါဝင်သည်။

- မြန်မာစစ်တပ်ကို အကျိုးအမြတ်ဖြစ်စေသော Mytel ၏ ဘဏ္ဍာရေးဆိုင်ရာ လည်ပတ်နေမှုများကို Boku Boku (ယူအက်စ်အေ)၊ Digital Virgo (ပြင်သစ်)၊ Oracle (ယူအက်စ်အေ) နှင့် FPT (ဗီယက်နမ်) တို့မှ ထောက်ပံ့မှုများ ပေးနေပါသည်။

နိဒါန်း

"ဆက်သွယ်ရေးသည် မှားယွင်းသည့် လက်ထဲရောက်လျှင် ကြီးမားသော အန္တရာယ်ကို ဖြစ်စေနိုင်သည်။ ပြည်သူလူထု အနေဖြင့် အွန်လိုင်း အသုံးပြုမှု ပိုများလာသည်နှင့်အမျှ မြန်မာပြည်သည်လည်း လျှင်မြန်သော ပြောင်းလဲမှုနှင့် အတူ ဒီဂျစ်တယ် တော်လှန်ရေးတစ်ရပ်ကို လုပ်ဆောင်လျက်ရှိနေသည်။ မြန်မာပြည်၏ ဒီဂျစ်တယ် ကူးပြောင်းမှုကို မည်သူက ထိန်းချုပ်ပါသနည်း။ မည်သည့်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေပါသနည်း။"

နိဒါန်း

သတင်းနှင့်ဆက်သွယ်ရေးနည်းပညာသည် ကောင်းကျိုးဖြစ်စေရန်အတွက် အင်အားတစ်ရပ် ဖြစ်နိုင်ပါသည်။ ၎င်းမှ လူမှုအသိုင်းအဝန်းများကို ဆက်သွယ်ပေးနိုင်သည်၊ ဗဟုသုတကို လက်လှမ်းမီစေနိုင်သည်၊ သက်မွေးဝမ်းကြောင်းမှုကို ထောက်ကူနိုင်သည်၊ လူမှုအပြောင်းအလဲအတွက် ကိရိယာတစ်ရပ်အနေဖြင့် အသုံးပြုနိုင်ပါသည်။ မှားယွင်းသူများလက်ထဲသို့ ရောက်ရှိသွားလျှင်မူ အချက်ပြဆက်သွယ်ရေးများသည် ကြီးမားသော အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်သည်။ ၂၀၁၈ ခုနှစ် ဇွန်လတွင် မြန်မာနှင့် ဗီယက်နမ်စစ်တပ်တို့သည် မြန်မာခရိုနီ ရင်းနှီးမြှုပ်နှံသူများ၏[1] အဝန်းအဝိုင်းများ ပါဝင်လျက် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်နှင့် နောက်ဆုံး မိုဘိုင်းကွန်ရက် အော်ပရေတာဖြစ်သည့် မိုင်တဲလ် (Mytel) ကို တည်ထောင်ခဲ့ကြပါသည်။ ၂ နှစ်အတွင်းမှာပင် သုံးစွဲသူ အခြေခံအရပြောလျှင် အသုံးပြုသူ ၁၀ သန်းကျော်ဖြင့် စျေးကွက်တွင်း ဝင်ရောက်မှု နောက်ကျသော်လည်း စျေးကွက်ယှဉ်ပြိုင်မှုမြင့်မားသော လုပ်ငန်းတစ်ခုဖြစ်သည်။[2]

Mytel အား တည်ဆောက်မှုနှင့် လည်ပတ်မှုတွင် မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များ၏ ကြေးနန်းဆက်သွယ်ရေး အခြေခံအဆောက်အဦးအား အဆင့်မြှင့်တင်ခြင်းနှင့် ချဲ့ထွင်ခြင်းတို့လည်း ပါဝင်နေခဲ့ပါသည်။ နိုင်ငံတကာမှ ရောင်းချသူများ၏ ကျယ်ပြန့်လှသော ကွန်ရက်တစ်ရပ်ကို စစ်တပ်မှ အသုံးပြုခွင့်ရသွားအောင် Mytel မှ မျက်နှာစာအဖြစ် ကာကွယ်ပေးထားသည်။ အလားတူပင် Mytel အနေဖြင့် အမြတ်အစွန်း အလွန်ရှိသည့် ဘဏ္ဍာအရင်းအမြစ်ကိုပါ ထုတ်လုပ်နေရာ ၎င်းကို တရားမဝင်သည့် ရည်ရွယ်ချက်များအတွက် စစ်တပ်၏ သီးသန့် လျှို့ဝှက်ရံပုံငွေ အဖြစ် အသုံးပြုနေနိုင်သည်။ လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများကို တာဝန်ရှိနေသည့် မြန်မာစစ်တပ်သည် ဗီယက်နမ်နှင့် မဟာဗျူဟာကျသော မဟာမိတ်ပြုမှုမှ တဆင့် နိုင်ငံတော်၊ အခြေခံအဆောက်အအုံနှင့် မြန်မာနိုင်ငံသားများ အပေါ် ၎င်း၏ ထိန်းချုပ်မှုကို ပိုမိုချဲ့ထွင်လာနေခဲ့သည်။ ဤဖြစ်စဉ်ထဲမှာပင် စစ်တပ်သည် နိုင်ငံတော် ရံပုံငွေနှင့် အရင်းအမြစ်များကို အလွဲသုံးစားပြုနေခဲ့ပြီး ၎င်း၏ အာဏာကို ပိုမို ခိုင်မာစွဲမြဲစေပြီး ထိပ်တန်းဗိုလ်ချုပ်များကို ပိုမိုချမ်းသာစေခဲ့သည်။

မြန်မာစစ်တပ်မှ ကျူးလွန်သည့် နိုင်ငံတကာ ရာဇဝတ်မှုများတွင် စစ်ရေးဆိုင်ရာ ဆက်သွယ်ရေး ကိရိယာများနှင့် ဒီဂျစ်တယ် နည်းပညာ အသုံးပြုမှုတို့ ပါဝင်ပါသည်။ စစ်တပ်ခေါင်းဆောင်များမှ ရှင်းလင်းရေးစစ်ဆင်ရေးများ၊ အရပ်သားများအပေါ် မြေပြင်တိုက်ခိုက်မှုများနှင့် ရွာများအား လက်လွတ်စပယ် လေကြောင်းတိုက်ခိုက်မှုများ အတွက် အမိန့်များထုတ်ပြန်ရာတွင် ဆက်သွယ်ရေးစနစ်များမှတဆင့် လုပ်ဆောင်ခဲ့သည်။ ဆက်သွယ်ရေး အခြေခံအဆောက်အအုံများမှတဆင့် စစ်တပ်၏ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအနေဖြင့်[3] အမုန်းစကားကို ဖြန့်ဝေခြင်း၊ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုအုပ်စုများ အပေါ် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့သည်။ ဆက်သွယ်ရေးနှင့် ဒီဂျစ်တယ် နည်းပညာတို့မှတဆင့် စစ်တပ်အနေဖြင့် စောင့်ကြည့်မှုများကို ပြုလုပ်နေနိုင်ပြီး တရားမဝင် ထိန်းသိမ်းခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းတို့အတွက် အရပ်သားများကို ပစ်မှတ်ထားနေနိုင်ခဲ့သည်။ ထို့အပြင် တရားစီရင်ရေးအပေါ် ၎င်း၏ အားကြီးလှသော ချုပ်ကိုင်မှုမှတဆင့် သတင်းထောက်များနှင့် တက်ကြွလှုပ်ရှားသူများကို နှိပ်ကွပ်ခြင်း၊ ဝေဖန်သော ဝက်ဘ်ဆိုဒ်များကို ပိတ်ဆို့ခြင်းနှင့် အတိုက်အခံပြုသော အသံများ တိတ်ဆိတ်သွားစေရန် ရည်ရွယ်သည့် တရားကြောင်းအရ အရေးယူမှုများ အစပြု လုပ်ဆောင်ခြင်းတို့ကို ပြုမူနေပါသည်။

စစ်တပ်မှ 5G ကွန်ရက်၊ အလိုအလျောက်သင်ယူသော ဉာဏ်ရည်တုပ (Artificial Intelligence)၊ ဆက်သွယ်ရေး ပစ္စည်းများအကြား ဆက်သွယ်မှုကွန်ရက်၊ ကြီးမားသည့် ဒေတာအချက်အလက်များနှင့် ဒေတာအချက် အလက်များ ခြေရာခံခြင်း (data mining) တို့ကို လက်လှမ်းမှီလာသည်နှင့်အမျှ မြန်မာအရပ်သားပြည်သူများ အတွက် အန္တရာယ် ပိုမိုကြီးမားရန်သာရှိသည်။

သတင်းနှင့်ဆက်သွယ်ရေး၊ ကြေးနန်းဆက်သွယ်ရေးကဏ္ဍအပေါ် စစ်တပ်၏ ချုပ်ကိုင်မှုသည် ၎င်းတို့က မြန်မာ့နိုင်ငံရေးနှင့် စီးပွားရေး အသွင်ပြောင်းခြင်းကို ထိန်းချုပ်၍ ကြိုးကိုင်ချယ်လှယ်ခြင်းမှတဆင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဆက်သွယ်ရေး ပြုပြင်ပြောင်းလဲမှုကို ကမ္ဘာ့ဘဏ် (World Bank) မှ ပံ့ပိုးနေခဲ့ပါသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် စစ်တပ်နှင့် ၎င်းတို့ခရိုနီများ၏ အခန်းကဏ္ဍကို အမှတ်တမဲ့ သတိမထားမိဘဲ တရားဝင်စေခဲ့သလို့ စစ်တပ်၏ ဆက်သွယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်ကိုလည်း အားကောင်းစေခဲ့ပါသည်။ နိုင်ငံတကာ ငွေကြေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (International Financial Cooperation) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank) တို့မှ ထောက်ပံ့ခဲ့သောဘဏ်များ အပါအဝင် နိုင်ငံတကာနှင့် ဗီယက်နမ်ဘဏ်များက Mytel ၏ ကွန်ရက်ကို ငွေကြေးပံ့ပိုးပေးခဲ့ပါသည်။

မြန်မာနိုင်ငံအတွက် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီရရန်အတွက်ဆိုလျှင် မြန်မာစစ်တပ်ကို အရပ်သားထိန်းချုပ်မှုအောက်တွင် ထားရမည်ဖြစ်ပြီး နိုင်ငံတကာ ရာဇဝတ်မှုများအတွက် တာဝန်ခံမှုကို ရှိစေရမည်ဖြစ်သည်။ သတင်းနှင့်ကြေးနန်းဆက်သွယ်ရေး၏ အခန်းကဏ္ဍသည်လည်း

ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအတွက် ဖြစ်ရမည်ဖြစ်ပြီး စစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အကျင့်ပျက်ခြစားမှုများအတွက် လက်နက်သဖွယ် မဖြစ်စေရပါ။

ဤအစီရင်ခံစာသည် ကြေးနန်းဆက်သွယ်ရေးနှင့် ဒီဂျစ်တယ် အတတ်ပညာတို့တွင် မြန်မာစစ်တပ်၏ မဟာဗျူဟာ အကျိုးစီးပွားနှင့် စီးပွားရေး အကျိုးစီးပွားများ၏ ပတ်သက်ဆက်နွယ်နေမှုများကို အသေးစိပ် ဖော်ထုတ်ရှင်းပြထားသည်။ ဤအစီရင်ခံစာမှ မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုများ၊ လူသားဖြစ်မှုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို Mytel နှင့် ၎င်း၏ စီးပွားရေး မိတ်ဖက်များက ကူညီထောက်ပံ့ပေးနေမှုများကို အလေးထား ဖော်ပြထားသည်။ မြန်မာစစ်တပ်နှင့် ၎င်းတို့ မိတ်ဖက်များ၏ ကြီးမားသော အကျင့်ပျက်ခြစားမှုကို ဤအစီရင်ခံစာက ဖေါ်ထုတ်ထားပြီး ဤသည်မှာလည်း မြုပ်နေသောရေခဲတောင်၏ မြင်ရသောထိပ်ပိုင်းမျှသာ ရှိပါသေးသည်။

မြန်မာစစ်တပ်၏ ပွင့်လင်းမြင်သာခြင်း လုံးဝကင်းမဲ့မှုကြောင့် ဤသို့အစီရင်ခံစာမျိုးအနေဖြင့် မည်သည့်အခါမျှ လုံးဝပြည့်စုံလိမ့်မည်မဟုတ်ပါ။ မြန်မာစစ်တပ်နှင့် ၎င်းတို့မိတ်ဖက်များ၏ အလွဲသုံးစားပြုမှုနှင့် အကျင့်ပျက်ခြစားမှုတို့ကို ထပ်မံစုံစမ်းရန် လိုအပ်ပါမည်။ ကျူးလွန်သူများကိုလည်း တာဝန်ခံခိုင်းရပါမည်။

ပြည်သူလူထုမှ အွန်လိုင်းတွင် ပိုမိုရောက်ရှိလာပြီး ဆက်သွယ်မှုပြုလာသည့် လျင်မြန်သော ပြောင်းလဲမှုများနှင့်အတူ မြန်မာနိုင်ငံသည်လည်း ဒီဂျစ်တယ် တော်လှန်ရေးတခုကို ဖော်ဆောင်နေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒီဂျစ်တယ် အသွင်ကူးပြောင်းမှုကို မည်သူက ထိန်းချုပ်နေပါသနည်း။ မည်သည့်ရည်ရွယ်ချက်အတွက်နည်း။

အသုံးပြုနည်းနာ

ဤအစီရင်ခံစာကို လွတ်လပ်စွာရရှိနိုင်သော အရင်းအမြစ်များနှင့် ၂၀၁၇-၂၀၂၀ အတွင်းက မြန်မာနိုင်ငံရှိ Viettel စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်သည့် အဖွဲ့တွင်းဆိုင်ရာ ဖိုင်တွဲများကို Viettel Construction Myanmar (VCM) က အမှတ်တမဲ့ ထုတ်ပြန်မိရာမှ ဒေတာများ ကျိုးပေါက်မှုဆီက တွေ့ရှိရမှုတခုကို အခြေခံထားခြင်း ဖြစ်သည်။ ဤမှတ်တမ်းများတွင် ထုတ်လွှင့်လက်ခံနိုင်သော အခြေစိုက်စခန်းများ၏ အသေးစိပ်အစီအစဉ်များ၊ အကောင်အထည်ဖော်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ အသေးစိတ်စာရင်းများ၊ လက်ခံဖြတ်ပိုင်းများ၊ ခါတ်ပုံများနှင့် အဖွဲ့တွင်း မူဝါဒများတို့ ပါဝင်ပါသည်။ VCM ဒေတာကျိုးပေါက်မှုမှ ရရှိသော မှတ်တမ်းတခုကို ရည်ညွှန်းမိပါက Justice For Myanmar ၏ ဝက်ဘ်ဆိုဒ်တွင် မူရင်းကို ရရှိနိုင်မည်ဖြစ်ပြီး ရှာဖွေနိုင်မည့် လင့်ခ်ကိုလည်း ပေးထားပါသည်။ အများကြည့်ရှုနိုင်သော မှတ်တမ်းများတွင် ပါဝင်နေသည့် Viettel ဝန်ထမ်းများ၏ ပုဂ္ဂိုလ်ရေးလုံခြုံမှုကို ထိန်းသိမ်းရန် ဆောင်ရွက်ချက်များကိုလည်း Justice For Myanmar မှ ပြုလုပ်ထားပါသည်။

လွတ်လပ်စွာရနိုင်သော မှတ်တမ်းများသည် အောက်ပါ မူလရင်းမြစ်များမှ ဖြစ်ပါသည်။

- မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံပိုင်မီဒီယာများ၊ ဗီယက်နမ်နှင့် မြန်မာစစ်တပ်တို့၏ တရားဝင်မီဒီယာများကို ပိုမိုဦးစားပေးပါသည်။
- မြန်မာ၊ ဗီယက်နမ်နှင့် နိုင်ငံတကာ ဥပဒေများနှင့် ညွှန်ကြားချက်များ
- ကုမ္ပဏီဝက်ဘ်ဆိုဒ်များနှင့် ရန်ကုန်စတော့အိပ်စ်ချိန်း ဝက်ဘ်ဆိုဒ်တွင် ထုတ်ပြန်ခဲ့သည့် စီးပွားရေးလုပ်ငန်းစု၏ ဖွင့်ဟချက်များ
- အစိုးရနှင့် ကုမ္ပဏီဝက်ဘ်ဆိုဒ်များတွင် ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များ
- Google Earth မှ ရရှိသော ဂြိုလ်တုရုပ်ပုံလွှာများ
- LinkedIn ကုမ္ပဏီနှင့် Facebook အကောင့်များ
- မှတ်ပုံတင်ထားသော မူပိုင်ခွင့်များနှင့် ထုတ်ပြန်ထားသော သိပ္ပံနည်းကျ သုတေသနပြုချက်

အောက်ပါ တဆင့်ခံ ရရှိသည့် အရင်းအမြစ်များကိုလည်း အလားတူ အသုံးပြုထားပါသည်။

- ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ သီးခြားလွတ်လပ်သည့် အချက်အလက် ရှာဖွေရေးကော်မရှင်၊ ကုလသမဂ္ဂ၏ အထူးစုံစမ်းရေးအရာရှိ၊ နိုင်ငံတကာနှင့် မြန်မာပြည်အခြေစိုက် လူ့အခွင့်အရေး အဖွဲ့အစည်းများ အပါအဝင် ဂုဏ်သိက္ခာရှိသော အရင်းအမြစ်များမှ ရရှိသည့် လူ့အခွင့်အရေးမှတ်တမ်းများ
- ပုဂ္ဂလိကပိုင် မီဒီယာများမှ အစီရင်ခံစာများ
- စီးပွားရေး ဒေတာအချက်အလက်များ

အဖြစ်အပျက်အများစုတွင် အင်္ဂလိပ်ဘာသာစကားဖြင့် မဟုတ်သော ဘာသာစကားတစ်ခုမှ အရင်းအမြစ်ကို ရည်ညွှန်းပါက တရားဝင် ဘာသာပြန်ဆိုချက်ကို ရည်ညွှန်းသော လင့်ခ်ကို ပေးအပ်ပါမည်။ ဘာသာပြန်ဆိုချက်ကို ရှာမတွေ့သော အခြေအနေများတွင် Google ဘာသာပြန်မှုကို ကျေးဇူးပြု၍ အသုံးပြုပါ။

ဝေါဟာရ အဓိပ္ပာယ်ဖွင့်ဆိုချက်

ABBank	An Binh Commercial Joint Stock Bank An Binh အစုရှယ်ယာပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်
ADB	Asian Development Bank အာရှဖွံ့ဖြိုးရေးဘဏ်
Aerial Survey	လေကြောင်းမှ တိုင်းထွာခြင်း
Algorithm	ခိုင်းစေထားသော တွက်ချက်မှု အစီအစဉ်
ASEAN	Association of Southeast Asian Nations အရှေ့တောင်အာရှနိုင်ငံများအသင်း
Backhaul Support	ပင်မကွန်ရက်နှင့် ဒေသတွင်းကွန်ရက်အကြား ချိတ်ဆက်သည့် ဝန်ဆောင်မှု
BIDV	Joint Stock Commercial Bank for Investment and Development of Vietnam ရင်းနှီးမြှုပ်နှံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အစုရှယ်ယာပိုင် ဗီယက်နမ် ကူးသန်းရောင်းဝယ်ရေးဘဏ်
BIO	Belgian Investment Company for Developing countries ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဘယ်လ်ဂျီယံ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ
BTS	Base transceiver station ထုတ်လွှင့်လက်ခံနိုင်သော အခြေစိုက်စခန်း
BUC	Block upconverter ဂြိုလ်တုအချက်ပြသတင်းများကို လွှင့်တင်ရာတွင် လှိုင်းနှိမ့်မှ လှိုင်းမြင့်သို့ ကူးပြောင်းပေးသည့်ကိရိယာ
CDMA	Code-division multiple access သတင်းအချက်အလက်များစွာကို ဆက်သွယ်ရေးလမ်းကြောင်းတခုထဲသို့ ပို့လွှင့်နိုင်သောအရာ
Cesium clock	Atomic clock used for highly accurate timekeeping in high-speed communications, global positioning and other functions အရှိန်မြင့်လွန်းသည့် ဆက်သွယ်မှုများ၊ မြေပုံနေရာပြမှုများနှင့်

	အခြားလုပ်ငန်းဆောင်တာများတွင် လွန်စွာတိကျသည့် အချိန်ပြသမှုအတွက် အသုံးပြုသည့် အဏုမြူနာရီ
CFO	Chief financial officer ဘဏ္ဍာရေးအရာရှိချုပ်
Cloud Computing	အင်တာနက်ကို အသုံးပြု၍ အဝေးထိန်းဆာဗာများတွင် ဒေတာများကို စီမံခန့်ခွဲသည့်စနစ်
CMEC	China-Myanmar Economic Corridor တရုတ်-မြန်မာ စီးပွားရေးစင်္ကြံန်
Communication Node	ဆက်သွယ်ရေးလမ်းကြောင်းများအား တဆင့် ထပ်မံဖြန့်ဖြူး သို့မဟုတ် အဆုံးသတ်သည့်နေရာ
DAC	Viettel Big Data Analytics Center Viettel ဒေတာအချက်အလက်ကြီးများ ခွဲခြမ်းစိပ်ဖြာသုံးသပ်သည့်စင်တာ
Dark fibre	Unused optical cable အသုံးမပြုရသေးသည့် အော့ပ်တစ်ဖိုင်ဘာကြိုး
DEG	Deutsche Investitions- und Entwicklungsgesellschaft German Investment Cooperation ဂျာမန် ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း
DFC	Development Finance Corporation ဖွံ့ဖြိုးရေး ငွေကြေးကော်ပိုရေးရှင်း
DICA	Directorate of Investment and Company Administration ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန
DOS	Directorate of Signals အချက်ပြဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး
EBRD	European Bank for Reconstruction and Development ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥရောပဘဏ်
EDFI	European Development Financial Institutions ဥရောပ ဖွံ့ဖြိုးမှုဆိုင်ရာ ဘဏ္ဍာရေး အဆောက်အအုံများ
EW	Electronic warfare အီလက်ထရောနစ် စစ်ပွဲ
Eximbank	Vietnam Export Import Commercial Joint Stock Bank ဗီယက်နမ် သွင်းကုန်ထုတ်ကုန်ဆိုင်ရာ အစုရှယ်ယာပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်

Express of Intent	စိတ်ဝင်စားကြောင်း ဖော်ပြချက်
FMO	Financierings-Maatschappij voor Ontwikkelingslanden (Dutch Entrepreneurial Development Bank) နယ်သာလန် အခြေစိုက် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးဘဏ်
GPRS	General packet radio service 2G, 3G မိုဘိုင်းကွန်ရက်များ၏ ဒေတာစီမံမှုဖြင့် ဝန်ဆောင်မှု
GSM	Global system for mobiles မိုဘိုင်းလ်များအတွက် ကမ္ဘာလုံးဆိုင်ရာစနစ်
Guided Missiles	ပဲ့ထိန်းဒုံးကျည်များ
HDBank	Ho Chi Minh City Development Joint Stock Commercial Bank ဟိုချီမင်းမြို့တော် ဖွံ့ဖြိုးမှုဆိုင်ရာ အစုရှယ်ယာပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်
ICC	International Criminal Court နိုင်ငံတကာ ရာဇဝတ်မှုများဆိုင်ရာ တရားရုံး
ICT	Information and communication technology သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ
IFC	International Finance Corporation နိုင်ငံတကာ ငွေကြေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့
IGT	Irrawaddy Green Towers
IRU	Indefeasible Use of Rights ကန်ထရက် ချုပ်ဆိုသူနှစ်ဦးအကြား ပြန်လည်ဖျက်ဆိုခြင်း မပြုနိုင်သည့် သဘောတူညီချက်
Internet of Things	နေ့စဉ်သုံးပစ္စည်းများတွင် မြှုပ်နှံထားသော ကွန်ပြူတာ အစိတ်အပိုင်များအကြား အင်တာနက်မှတဆင့် အပြန်အလှန် ဆက်နွယ်နေမှု
IP	Internet protocol အင်တာနက်ပေါ် အချက်အလက်များတင်ပို့ရာတွင် လိုက်နာရမည့်စည်းမျဉ်းများ
ITAH	Irrawaddy Towers Asset Holdings
ITAR	International Traffic and Arms Regulations နိုင်ငံတကာ ကုန်ကူးသန်းမှုနှင့် လက်နက်များဆိုင်ရာ စည်းမျဉ်းများ
JAXA	Japan Aerospace Exploration Agency ဂျပန် အာကာသ အေဂျင်စီ

JSC	Joint Stock Company အစုရှယ်ယာပိုင် ကုမ္ပဏီ
KIA	Kachin Independence Army ကချင်လွတ်မြောက်ရေးတပ်မတော်
Killer Robots	အလိုအလျောက် ပစ်ခတ်သည့် လက်နက်တပ်ဆင်ထားသောစက်
Ku-band	A range of the electromagnetic spectrum covering frequencies from 12-18 GHz. 12-18 GHz အတွင်း လှိုင်းလွှင့်မှုများကို လွှမ်းခြုံစေသော လျှပ်စစ်သံလိုက်စက်ကွင်းအတိုင်းအတာ
Landing Station	ပင်လယ် သို့မဟုတ် အခြားနိုင်ငံတစ်ခုမှ မိမိနိုင်ငံ၏ ကုန်းတွင်းသို့ ကေဘယ်ကြိုးများ စတင်ရောက်ရှိလာသည့်နေရာ
LID	Light Infantry Division ခြေမြန်တပ်မ
LienVietPostBank	Lien Viet Post Commercial Joint Stock Bank အစုရှယ်ယာပိုင် Lien Viet Post ကူးသန်းရောင်းဝယ်ရေးဘဏ်
MAEU	Myanmar Aerospace Engineering University မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသအတတ်ပညာ တက္ကသိုလ်
MAPCO	Myanmar Agribusiness Public Corporation မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီ လီမိတက်
Market Capitalization Figure	စတော့ဈေးကွက်တန်ဖိုး
MAS	Military Affairs Security စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့
MB	Military Commercial Joint Stock Bank အစုရှယ်ယာပိုင် တပ်မတော် ကူးသန်းရောင်းဝယ်ရေးဘဏ်
MEC	Myanmar Economic Corporation မြန်မာစီးပွားရေး ကော်ပိုရေးရှင်း
MECTel	Myanmar Economic Corporation’s mobile network မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၏ မိုဘိုင်းလ်ကွန်ရက်
MEHL	Myanma Economic Holdings Company Limited မြန်မာ့စီးပွားရေး ဦးပိုင်ကုမ္ပဏီလီမိတက်\
MOA	Memorandum of Association သင်းဖွဲ့မှတ်တမ်း

Metadata	အခြားဒေတာများ၏ သတင်းအချက်အလက်ကို ရှင်းပြမျှဝေပေးသော ဒေတာအချက်အလက်အစု
MFOCN	Myanmar Fiber Optic Communication Network Co. Ltd. မြန်မာ ဖိုင်ဘာကြိုးမျှင် ဆက်သွယ်ရေးကွန်ရက် ကုမ္ပဏီ လီမိတက်
MIL	Myanmar Investments International Ltd. မြန်မာရင်းနှီးမြုပ်နှံမှု နိုင်ငံတကာ လီမိတက်
MMK	Myanmar kyat, the currency of Myanmar မြန်မာကျပ်၊ မြန်မာငွေကြေး
MNO	Mobile network operators မိုဘိုင်းလ်ကွန်ရက် အော်ပရေတာများ
MNTH	Myanmar National Telecom Holdings မြန်မာအမျိုးသား ဆက်သွယ်ရေး ဦးပိုင်
MNTI	Myanmar National Telecom Infra Co. Ltd.
MNTS	Myanmar National Telecom Services Co. Ltd. မြန်မာအမျိုးသား ဆက်သွယ်ရေး ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်
MOTC	Ministry of Transport and Communications ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန
Motion Sensor	လှုပ်ရှားမှု ခြေရာခံပစ္စည်း
MoU	Memorandum of understanding နားလည်မှု စာချွန်လွှာ
MPSS	Myanmar Payment Solution Services မြန်မာငွေပေးချေမှုစနစ် ဝန်ဆောင်မှုများ
MPT	Myanma Posts and Telecommunications မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
MPU	Myanmar Payment Union
MTI	Myanmar Technologies and Investment Corporation မြန်မာ နည်းပညာနှင့် ရင်းနှီးမြုပ်နှံမှု ကော်ပိုရေးရှင်း
Multicopters	မိမိဖာသာ ပျံသန်းနိုင်သော အင်ဂျင် ၂ လုံးအထက် အသုံးပြုသည့်ရဟတ်ယာဉ်ငယ်များ
MVNO	Mobile virtual network operator အောက်ခြေ အဆောက်အအုံမရှိဘဲ လိုင်းကြိုးမဲ့ ဆက်သွယ်ရေးဝန်ဆောင်ကွန်ရက် အော်ပရေတာ

MWD	Myawaddy, Myanmar military media မြဝတီ၊ မြန်မာစစ်တပ်မီဒီယာ
Mytel	Telecom International Myanmar Co. Ltd. တယ်လီကွန်းအင်တာနေရှင်နယ်မြန်မာကုမ္ပဏီလီမိတက်
Nasdaq	A US-based stock exchange အမေရိကန် အခြေစိုက် အစုရှယ်ယာရောင်းဝယ်ရေးဌာန
NLD	National League for Democracy အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်
Norinco	China North Industries Corporation တရုတ်ပြည်မြောက်ပိုင်း စက်မှုလုပ်ငန်းများ ကော်ပိုရေးရှင်း
NRC	National Registration Card နိုင်ငံသားစီစစ်ရေးကဒ်
NTD	National Tower Development Co.Ltd. အမျိုးသား တာဝါတိုင် ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်
ODU	Outdoor unit ပြင်ပတွင် လှုပ်ရှားရသော ယူနစ်
OECD	Organisation for Economic Co-operation and Development စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး အဖွဲ့
OeEB	Development Bank of Austria သြစတြီးယား ဖွံ့ဖြိုးရေးဘဏ်
OCR Technology	Optical character recognition technology ပုံရိပ်များကို စက်ဖြင့်ကူးပြောင်းဖတ်သည့် နည်းပညာ
Payload	ပိုက်ဆံပေးချေထားရသော ကုန်စည်ဝန်ထုပ်
PPIAF	Public-Private Infrastructure Advisory Facility အများပိုင်-ပုဂ္ဂလိကပိုင် အခြေခံအဆောက်အအုံဆိုင်ရာ အကြံပေးအဖွဲ့
S & K	Sabae Taung and Kyay Sin Taung စံပယ်တောင်နှင့် ကြေးစင်တောင်
Saffron Revolution	မြန်မာပြည်တွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် သံဃာများ ဦးဆောင်သည့် ၂၀၀၇ ခုနှစ် လူထုလှုပ်ရှားမှု
Sat Trooper Man Packs	လူနှင့်အတူသယ်ဆောင်နိုင်သော စစ်မြေပြင်သုံး ဆက်သွယ်ရေးကိရိယာ

SCB	Sai Gon Commercial Joint Stock Bank ဆိုင်ဂုံ အစုရှယ်ယာပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်
SD-WAN	Software-defined wide area network ဆော့ဖ်ဝဲယားမှ ပြဋ္ဌာန်းသော ကျယ်ပြန့်သည့် ဧရိယာ ကွန်ရက်
SeABank	Southeast Asia Commercial Joint Stock Bank အရှေ့တောင်အာရှ အစုရှယ်ယာပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်
SIGINT	Signals intelligence အချက်ပြဆက်သွယ်ရေး ထောက်လှမ်းမှု
Simulator	သရုပ်တူလုပ်စက်
Social listening	လူမှုကွန်ရက်များမှ သတင်းအချက်အလက် ရယူခြင်း
Spacecraft bus	ပစ္စည်းသယ် အာကာသ ကွန်တိန်နာ
SSU	Synchronization Supply Units ထပ်တူပြုမှု ထောက်ကူပစ္စည်းများ
Tatmadaw	Myanmar military တပ်မတော်၊ မြန်မာစစ်တပ်
TECHCOMBANK	Vietnam Technological and Commercial Joint Stock Bank ဗီယက်နမ် အစုရှယ်ယာပိုင် အတတ်ပညာနှင့် ကူးသန်းရောင်းဝယ်မှုဘဏ်
TP Bank	Tien Phong Commercial Joint Stock Bank Tien Phong အစုရှယ်ယာပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်
Transponders	ရေဒီယို အချက်ပြမှုကို လက်ခံပြီး အခြားအချက်ပြမှုကို အလိုအလျောက် လွှင့်ထုတ်ပေးသည့်စက်
TSRP	Telecommunications Sector Reform Project ကြေးနန်းဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး စီမံချက်
UAV	Unmanned aerial vehicle မောင်းသူမဲ့ လေကြောင်းယာဉ်
UHF	Ultra high frequency အမြင့်လွန် လှိုင်းနှုန်း
UN	United Nations ကမ္ဘာ့ကုလသမဂ္ဂ
UN IIFFMM	United Nations Independent International Fact-Finding Mission on Myanmar

	ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်
UPR	Universal Periodic Review
	လူ့အခွင့်အရေးအခြေပြု အလှည့်ကျသုံးသပ် အစီရင်ခံစာ
UAV	Unmanned aerial vehicle
	မောင်းသူမဲ့ လေကြောင်းသုံးယာဉ်များ
USAT	Very Small Aperture Terminal
	ဂြိုလ်တုမှ ဒေတာများကို လက်ခံ ထုတ်လွှင့်နိုင်သော နှစ်လမ်းသွား မြေပြင်စခန်း
USDP	Union Solidarity and Development Party
	ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
VCM	Viettel Construction Myanmar
	Viettel မြန်မာဆောက်လုပ်ရေး
VHF	Very high frequency
	အလွန်မြင့် လှိုင်းနှုန်း
VHT	Viettel High Technology Industry Corp
	Viettel အဆင့်မြင့် နည်းပညာ စက်မှုလုပ်ငန်း
VIB	Vietnam International Commercial Joint Stock Bank
	ဗီယက်နမ်အစုရှယ်ယာပိုင် နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဘဏ်
VIB	Vietnam International Bank
	ဗီယက်နမ် နိုင်ငံတကာဘဏ်
VTS	Video tracking system
	ဗီဒီယို ခြေရာကောက်စနစ်
Vietcombank	Joint Stock Commercial Bank for Foreign Trade of Vietnam
	ဗီယက်နမ် နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ အစုရှယ်ယာပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်
Viettel	Military Industry and Telecoms Group
	စစ်တပ် စက်မှုနှင့်ဆက်သွယ်ရေးအုပ်စု
Viettelimex	Viettel Import and Export
	Viettel သွင်းကုန်နှင့်ထုတ်ကုန်
Virtualization	ကွန်ပြူတာအခြေပြု ပုံတူပြုခြင်း
VNPT	Vietnam Posts and Telecommunications
	ဗီယက်နမ် စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေး

VOIP	Voice over internet protocol အင်တာနက်အသုံးပြု၍ စကားပြောဆိုမှု
VRLA	Valve regulated lead-acid အဆို့ရှင်ခြားသည့်စနစ်ဖြင့် လည်ပတ်သည့် ခဲနှင့်အက်ဆစ်
VSAT	Very small aperture terminal ဂြိုလ်တုများမှ အချက်ပြမှုများကို လက်ခံ၊လွှင့်ထုတ်နိုင်သည့် မြေပြင်စခန်း
VTCC	Viettel Cyberspace Center Viettel ဆိုင်ဘာစပေ့စ် စင်တာ
VTTEK	Vietnam Network Technologies Center ဗီယက်နမ် ကွန်ရက်ဆိုင်ရာ နည်းပညာ စင်တာ
YSX	Yangon Stock Exchange ရန်ကုန် အစုရှယ်ယာ ရောင်းဝယ်ရေးဌာန

နောက်ခံအခြေအနေ

- မြန်မာပြည်တွင် (ယခင် ဗမာ) အကျိုးစီးပွားရှိသော စီးပွားရေးလုပ်ငန်းမှန်သမျှ နိုင်ငံတကာ လူ့အခွင့်အရေး တာဝန်ရှိမှုများအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အရေးယူခံရနိုင်သည်။

- မြန်မာစစ်တပ်သည် ၎င်း၏ အာဏာ၊ အခွင့်ထူးခံမှုနှင့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်တို့ကို ထိန်းသိမ်းထားရန် တိုင်းပြည်၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ထိန်းချုပ်ထားသည်။

- ဆက်သွယ်ရေးသည် ၁၉၈၈ ခုနှစ်ကတည်းက ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နေခဲ့သည့် စစ်တပ်၏ အဓိကကျသော နယ်ပယ်တစ်ရပ်ဖြစ်သည်။

- မြန်မာစစ်တပ်အနေဖြင့် ကျယ်ပြန့်သည့် စီးပွားရေးလုပ်ငန်းများ ကွန်ရက်တစ်ခု ပိုင်ဆိုင်ထားပြီး ဤသည်က ၎င်း၏ နိုင်ငံတကာ ရာဇဝတ်မှုများဖြစ်သော လူမျိုးတုန်း သတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများကို ပံ့ပိုးပေးသည်။

- ဗီယက်နမ် အမျိုးသား ကာကွယ်ရေး ဝန်ကြီးဌာနမှ ပိုင်ဆိုင်သော Viettel သည် လက်နက်များ ထုတ်လုပ်ရေးနှင့် ရောင်းချရေးအား အဓိကထားသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် Viettel မှ အကျုံးဝင် ပတ်သက်နေသော တရားဥပဒေနှင့် မညီသည့် လုပ်ဆောင်မှုများနှင့်ပတ်သက်၍ မှတ်တမ်းတစ်ခုရှိနေသည်။

၁ (၁) နိုင်ငံတကာ ဥပဒေနှင့် စီးပွားရေးလုပ်ငန်းများ တာဝန်ရှိမှု

၁ (၂) မြန်မာနိုင်ငံ၏ အာဏာရှင်ဆန်သော အသွင်ကူးပြောင်းမှု

၁ (၃) စစ်တပ်၏ အချက်ပြဆက်သွယ်ရေး

၁ (၄) မြန်မာပြည် လူ့အခွင့်အရေး နောက်ခံအခြေအနေ

၁ (၅) မြန်မာစစ်တပ် စီးပွားရေး၏ အလွဲသုံးစားမှုနှင့် အကျင့်ပျက် ခြစားမှုများ

၁ (၆) Viettel - ဖုန်းဆင်းမ်ကဒ်များနှင့် ဒုံးကျည်များ

အခန်း ၁။

၁ (၁) နိုင်ငံတကာ ဥပဒေနှင့် စီးပွားရေးလုပ်ငန်းများ တာဝန်ရှိမှု

မြန်မာနိုင်ငံတွင် အကျိုးစီးပွားရှိနေသော စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတကာ လူ့အခွင့်အရေး တာဝန်ရှိမှုများ အတွက် တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း တာဝန်ခံ၊ တာဝန်ယူရနိုင်ဖွယ်ရှိသည်။ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများအောက်တွင် နိုင်ငံများက တာဝန်ယူခိုင်းသည်ကို ၎င်းတို့အနေဖြင့် ခံရဖွယ်ရာရှိသည်။ ၎င်းတို့အား နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေအရ နိုင်ငံတကာနှင့် ပြည်တွင်း တရားရုံးများတွင် ရာဇဝတ်ကြောင်းအရ တာဝန်ခံခိုင်းနိုင်ဖွယ်ရာရှိသည်။ စီးပွားရေးလုပ်ငန်းများအပေါ် အထူးသဖြင့် သက်ရောက်သော ကုလသမဂ္ဂ၏ လူ့အခွင့်အရေး အခြေခံမူများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုရေးအဖွဲ့ (OECD)၏ လမ်းညွှန်မှုများအောက်တွင် ၎င်းတို့အနေဖြင့် တာဝန်များရှိနေပါသည်။

နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအောက်တွင် နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးကို လေးစား၊ ကာကွယ်၍ ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၊

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၊ ညှင်းပန်းနှိပ်စက်မှုနှင့် အခြား ရက်စက်ပြီး လူမဆန်သည့် သို့မဟုတ် သိက္ခာကျဆင်းစေသည့် ပြုမူဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်တို့ အပါအဝင် စည်းနှောင်မှုရှိသည့် နိုင်ငံတကာစာချုပ်များတွင် ပါဝင်ထားသော အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့နယ်မြေတွင် လာရောက်အခြေစိုက်သော သို့မဟုတ် လုပ်ငန်းလည်ပတ်သော သို့မဟုတ် ၎င်းတို့ ထိန်းချုပ်မှုအောက်တွင်ရှိသော အရပ်သားနိုင်ငံသားများနှင့် စီးပွားရေး လုပ်ငန်းများ အပါအဝင် အခြားသူများမှ ထိုစာချုပ်များကို လိုက်နာစေရေး သေချာစေရန် တာဝန်ရှိသည်။

စီးပွားရေးလုပ်ငန်းများတွင် ဆောင်ရွက်နေသူများပါ အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို ကြီးမားစွာ ချိုးဖောက်မှုများသည် နိုင်ငံတကာ ရာဇဝတ်မှုများဆိုင်ရာ တရားရုံး (ICC) ၏ စီရင်မှုအောက်တွင် ကျရောက်ပါသည်။ ရောမသဘောတူစာချုပ်အောက်တွင် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှု နှင့် အခြားတိုင်းပြည်အား ရန်လိုကျူးကျော်မှု အစရှိသည်တို့ကိုကျူးလွန်သူများသည် ရာဇဝတ်မှုများဆိုင်ရာ တရားရုံးရှေ့မှောက်တွင် တာဝန်ခံမှု ရှိစေနိုင်မည်ဖြစ်သည်။ ဥပဒေပုဒ်မ ၂၅ (၈) အောက်တွင် "ထိုကဲ့သို့သော ရာဇဝတ်မှုမျိုးတစ်ခုခုကို စေခိုင်းချက်ကို အကျိုးဆောင်ရန် ရည်ရွယ်ချက်ဖြင့် ၎င်းစေခိုင်းချက်အတွက် လိုအပ်သော နည်းလမ်းများကို ထောက်ပံ့ခြင်း အပါအဝင် ၎င်းစေခိုင်းချက် သို့မဟုတ် စေခိုင်းရန် ကြိုးပမ်းချက်တို့တွင် ကူညီခြင်း၊ အားပေးခြင်း သို့မဟုတ် အခြားနည်းအားဖြင့် ပံ့ပိုးခြင်း" ကို ပုဂ္ဂိုလ်တစ်ဦးက ဆောင်ရွက်သည့် တချိန်တည်းမှာပင် ရာဇဝတ်ကြောင်းအရ တာဝန်ရှိမှုသည်လည်း အလားတူ ဖြစ်လာပါသည်။[4] အရပ်သားလူဦးရေ တစ်ခုအပေါ် စနစ်တကျ တိုက်ခိုက်မှု တစ်ခုအတွင်း လူသတ်မှု၊ အဆုံးသတ် အမြစ်ဖြတ်စေမှု၊ ကျေးကျွန်ပြုမှု၊ မောင်းထုတ်မှု သို့မဟုတ် လူထုကို လွှဲပြောင်းပေးမှု၊ နိုင်ငံတကာ ဥပဒေကို ချိုးဖောက်သည့် အကျဉ်းချမှု၊ ညှင်းပန်းနှိပ်စက်မှု၊ မုဒိန်းမှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများ၊ တိုင်းရင်းသားလူမျိုးနှင့် ဘာသာရေးဆိုင်ရာ နှိပ်ကွပ်ညှင်းပန်းမှု၊ အာဏာခွင့်ပြုချက်သုံး၍ ပျောက်ဆုံးစေမှု နှင့် အသားအရောင် ခွဲခြားဆက်ဆံမှု အစရှိသည်တို့အနက်မှ တစ်ခုခုကို ကျူးလွန်ခြင်းကို လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများဟု ရောမ သဘောတူစာချုပ်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။[5] စစ်ရာဇဝတ်မှုဆိုသည်ကို "ဂျီနီဗာ သဘောတူညီချက်အပေါ် ကြီးမားဆိုးရွားစွာ ချိုးဖောက်မှုများ" နှင့် "နိုင်ငံတကာ လက်နက်ကိုပဋိပက္ခတွင် အကျုံးဝင်သော ဥပဒေများနှင့် ဓလေ့ထုံးတမ်းများအပေါ် အခြားပြင်းထန်သည့် ချိုးဖောက်မှုများ" ဟု အဓိပ္ပာယ်ဖွင့်ထားသည်။[6] နိုင်ငံတကာ ဥပဒေအရ "ကူညီခြင်း၊ အားပေးခြင်း သို့မဟုတ် အခြားနည်းအားဖြင့် ပံ့ပိုးခြင်း" ဟူသော စာသား၌ ဤရာဇဝတ်မှုများ စေခိုင်းချက်တွင် ဘဏ္ဍာရေး၊ အခြေခံအဆောက်အအုံ သို့မဟုတ် ပို့ဆောင်ထောက်ပံရေး ပံ့ပိုးမှုများကို သိလျက်နှင့် ပေးဆောင်ခြင်းများ ပါဝင်သည်။

ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန် အခြေခံမူများတွင် စီးပွားရေးလုပ်ငန်းများ အပေါ်တွင် နိုင်ငံတကာ လူ့အခွင့်အရေး စံညွှန်းများ မည်သို့ သက်ရောက်မှုရှိနေသည်ကို ဖော် ပြထားပြီး ၎င်းတို့

နယ်မြေ သို့မဟုတ် ၎င်းတို့ ထိန်းချုပ်မှုအောက်တွင် အခြေစိုက်သော သို့မဟုတ် လုပ်ငန်းလည်ပတ်သော စီးပွားရေးလုပ်ငန်းများအပေါ် နိုင်ငံများ၏ တာဝန်ရှိမှုကိုလည်း ထပ်မံပြောဆိုထားပါသည်။[7] ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန် အခြေခံမူများအရ စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ လည်ပတ်မှု၏ ရလဒ်ကြောင့် တိုက်ရိုက်သက်ရောက်သော၊ ၎င်းတို့၏ စီးပွားရေး ဆက်ဆံမှုများမှ သွယ်ဝိုက်သက်ရောက်သော အနှုတ်လက္ခဏာဆောင်သည့် လူ့အခွင့်အရေးသက်ရောက်မှု မည်သည်ကိုမဆို တားဆီး၍ လုပ်ငန်းလည်ပတ်ရန် တာဝန်ရှိနေပါသည်။[8] စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေး အခြေအနေများ ပုံမှန်ဆန်းစစ်ခြင်း၊ လူ့အခွင့်အရေး မူဝါဒတစ်ရပ်ကို အကောင်အထည် ဖော်ခြင်း၊ ပွင့်လင်းမြင်သာသော ဆက်သွယ်မှု၊ အခွင့်အရေးချိုးဖောက်မှုများ ဖြစ်လာချိန်တွင် သက်ရောက်မှုကို လျော့နည်းစေခြင်းနှင့် ပြန်လည်ကုစားသည့်နည်းလမ်းများ ထောက်ပံ့ပေးခြင်းတို့ အပါအဝင် သေချာသည့် လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်း စစ်ဆေးမှုများ (Due Diligence) ကို လုပ်ဆောင်ရမည်။[9]

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအဖွဲ့ (OECD)၏ နိုင်ငံစုံ စီးပွားရေးလုပ်ငန်းစုများအတွက် လမ်းညွှန်ချက်များအရ အဖွဲ့ဝင်နိုင်ငံနှင့် လေ့လာသည့်အဆင့်၌ ပါဝင်သူနိုင်ငံများတွင် အခြေစိုက်သော သို့မဟုတ် လုပ်ငန်းလည်ပတ်သော စီးပွားရေးလုပ်ငန်းများ အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံညွှန်းများကို ကိုင်ဆောင်ရန်နှင့် ၎င်းတို့၏ ဖြန့်ဖြူးရေးလမ်းကြောင်းများတလျှောက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြစ်စေမည့်၊ ပံ့ပိုးစေမည့် သို့မဟုတ် တိုက်ရိုက်ဆက်စပ်စေမည့် အခြေအနေများ [10] နှင့် အကျင့်ပျက်ခြစားသည့် လုပ်ဆောင်မှုများကို တားဆီးရန်အတွက် တက်ကြွသည့် ကြိုတင်အစီအစဉ်များ ပြုလုပ်ရန် လိုအပ်ပါသည်။[11] စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအဖွဲ့ (OECD) အနေဖြင့် နိုင်ငံတကာ စာချုပ်များအပေါ် တာဝန်ရှိမှုများနှင့်အညီ လိုက်လျောညီစွာ ဆောင်ရွက်နိုင်မည့် စံညွှန်းများကို ထပ်မံ ဖော်ပြခြင်းဖြစ်သည်။ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအဖွဲ့ (OECD) အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ကြိုတင်စုံစမ်းစစ်ဆေးမှုများနှင့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး လိုအပ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ကဏ္ဍအလိုက် အထူးပြု လမ်းညွှန်ချက်များကို စီးပွားရေးလုပ်ငန်းချေးငွေများ ထုတ်ပေးရမည့် ဘဏ်များ အပါအဝင် စီးပွားရေးလုပ်ငန်းများအတွက် ထုတ်ပြန်ပေးခဲ့ပါသေးသည်။[12]

ဥပဒေအရ အတည်ပြု ပြဋ္ဌာန်းထားသည့်နေရာများတွင် မဖြစ်မနေ ပြုလုပ်ရမည့် လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်းစစ်ဆေးမှုများသည် စီးပွားရေးလုပ်ငန်းများမှ လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးနိုင်ရန်အတွက် ကာကွယ်ပေးမှုစနစ် အားကောင်းစေရန် ထောက်ကူပေးသည်။ ၂၀၁၇ ခုနှစ် ပြင်သစ်စီးပွားရေးလုပ်ငန်းများ နိုးကြားတက်ကြွမှုတာဝန်ဆိုင်ရာ ဥပဒေသည် စီးပွားရေးလုပ်ငန်းများ၏ ချိုးဖောက်မှုကို ကာကွယ်ရန်နှင့် ကျူးလွန်သူများကို တာဝန်ခံနိုင်စေရန် ဥပဒေစနစ်တခု ဖန်တီးရေးသို့ ရှေ့ရှုသော အပြုသဘောဆောင်သည့် ခြေလှမ်းတရပ်ဖြစ်သည်။[13]

လူ့အခွင့်အရေးအတွက် အထွေထွေ တာဝန်ရှိမှုများအပြင် အထူးသဖြင့် လက်နက်များနှင့် နှစ်မျိုး သုံးနိုင်သော ပစ္စည်းများ ကူးသန်းရောင်းဝယ်မှုနှင့်ပတ်သက်၍ နိုင်ငံများအနေနှင့် လိုက်နာရမည့် လိုအပ်ချက်များရှိသည်။ နိုင်ငံများအနေဖြင့် ထုတ်ကုန်ပေးပို့မှုများကို နိုင်ငံတကာ လက်နက်များ ကူးသန်းရောင်းဝယ်မှုစာချုပ်၊ ဒေသတွင်းနှင့် နိုင်ငံတကာ မူဘောင်များနှင့်အညီ ထိန်းချုပ်လုပ်ဆောင်ရန် တာဝန်ရှိသည်။ "နှစ်မျိုး သုံးနိုင်သော" ဆိုသည်မှာ ကျယ်ပြန့်သော သတ်မှတ်ချက်တစ်ရပ်ဖြစ်ပြီး စစ်ရေးအတွက်နှင့် စစ်ရေးအတွက် မဟုတ်သော ရည်ရွယ်ချက် နှစ်ခုစလုံးအတွက် အသုံးပြုနိုင်သည့် ကိရိယာများနှင့် ဆော့ဖ်ဝဲယားများကို လွှမ်းခြုံသည်ဖြစ်၍ ထုတ်ကုန်ထိန်းချုပ်ရေးထဲတွင် ပါဝင်ပေသည်။ ဝါစ်စနန်နား သဘောတူညီချက် (Wassenaar Arrangement) သည် နှစ်မျိုးသုံးပစ္စည်းများအပေါ် ထိန်းချုပ်ရန်အတွက် မိမိဆန္ဒအလျောက် လုပ်နိုင်သောနည်းလမ်းကို ထောက်ပံ့ပေးပါသည်။

၎င်းတွင် အမေရိကန်၊ ကနေဒါ၊ ဩစတေးလျ၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုးရီးယားနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ အပါအဝင် ၄၂ နိုင်ငံ အဖွဲ့ဝင်အဖြစ် ပါရှိသည်။[14] ဥရောပသမဂ္ဂ၏ လက်နက်များနှင့် စစ်ကိရိယာ ပစ္စည်းများ ထိန်းချုပ်ရေး ဘုံရုပ်တည်ချက်အတွင်း သတ်ဖြတ်မှု၊ ညှင်းပန်းနှိပ်စက်မှု၊ ပျောက်ဆုံးမှု၊ လက်လွတ်စပယ် ထိန်းသိမ်းခြင်းနှင့် အခြား အဓိကကျသော လူ့အခွင့်အရေးချိုးဖောက်မှုများ အစရှိသည့် နိုင်ငံတကာ နှိပ်ကွပ်မှုများအတွက် နည်းပညာကို အသုံးပြုနိုင်ဖွယ်ရာ အန္တရာယ်ရှိသည့် နိုင်ငံများအား လက်နက်ရောင်းဝယ်ကူးသန်းမှု ပိတ်ဆို့ခြင်းနှင့် ထုတ်ကုန်လိုင်စင်များ ငြင်းပယ်ခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်တစ်ရပ် ရှိပါသည်။[15] ဤဘုံရုပ်တည်ချက်အရ လက်ခံအသုံးပြုသူသည် စစ်တပ် သို့မဟုတ် လုံခြုံရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်မည်ဟု အကျိုးအကြောင်း လုံလောက်သော အခြေအနေတစ်ရပ် ရှိနေပါက ပစ္စည်း ကိရိယာများနှင့် နည်းပညာများကို "နှစ်မျိုးသုံး" ပစ္စည်းများအဖြစ် သတ်မှတ်သည်။ မြန်မာနိုင်ငံအား ကန့်သတ်မှုများသည် ဥရောပသမဂ္ဂကောင်စီ၏ မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်မှတဆင့် ဤမူကို အသုံးပြုခဲ့ခြင်း ဖြစ်သည်။[16] ဤသို့ထိန်းချုပ်မှုများသည် အရပ်ဘက်နှင့် စစ်ဘက် ရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်သော ကြေးနန်းဆက်သွယ်ရေးနယ်ပယ်ရှိ နည်းပညာအပေါ် သက်ရောက်သည်။

ဤအစီရင်ခံစာမှ တွေ့ရှိချက်များသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေ၊ တာဝန်သိသော စီးပွားရေး လုပ်ဆောင်မှုများအပေါ် လမ်းညွှန်ချက်များ အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေး စံညွှန်းများနှင့် လက်နက်များ၊ နှစ်မျိုးသုံး ကုန်ပစ္စည်းများအား ကုန်သွယ်မှုအပေါ် ထိန်းချုပ်မှုများနှင့် ပတ်သက်၍ ခွဲခြမ်းစိပ်ဖြာ သုံးသပ်ထားခြင်းဖြစ်သည်

၁ (၂) မြန်မာနိုင်ငံ၏ အာဏာရှင်ဆန်သော အသွင်ကူးပြောင်းမှု

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုထဲသို့ ဆယ်စုနှစ်တခု ရောက်နေသည့်တိုင် မြန်မာစစ်တပ်အနေနှင့် နိုင်ငံတော်ကို ဆက်လက် လွှမ်းမိုးနေပြီး ပြစ်ဒါဏ်ပေးခံရခြင်းမှ ကင်းလွတ်နေမှုနှင့်အတူ လည်ပတ်နေဆဲ ဖြစ်သည်။ စစ်တပ်ကိုယ်တိုင်က ၎င်းတို့၏ စီးပွားရေးနှင့် နိုင်ငံရေး အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ဖန်တီးထားသည့် အာဏာရှင် ဖွဲ့စည်းပုံအခြေခံစနစ်တခုကြောင့် ဤသို့လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။[17] "စည်းကမ်းရှိသော" ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေးဆိုသည်မှာ စစ်တပ်မှ မူကြမ်းရေးဆွဲသော ဖွဲ့စည်းပုံ အခြေခံဥပဒေကို ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းပြီး ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲ ပြုလုပ်ကာ ဖြစ်ပေါ်လာသော စစ်တပ်၏ လက်ဝေခံပါတီဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဦးဆောင်သော အစိုးရ၏ သက်တမ်းတခုတွင် စတင်လာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ပြည်ထောင်စု၏ ဦးတည်ချက်တစ်ရပ်မှာ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်"[18] ဟုပါရှိပြီး ဒီမိုကရေစီ အကောင်အထည် ဖော်ဆောင်ခြင်းကို ကန့်သတ်၍ နိုင်ငံတော်၏ အစိပ်အပိုင်းများအပေါ် စစ်တပ်၏ ထိန်းချုပ်မှုကို ကာကွယ်ပေးထားကာ အရပ်သား အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်ဝန်ဆောင်မှုနှင့် တရားစီရင်ရေးတို့ကိုပါ အားလျော့မှေးမှိန်စေသည့် အခြေခံမူတရပ် ဖြစ်နေပါသည်။[19] စစ်တပ်အနေဖြင့် လွှတ်တော်အတွင်း ၂၅% ခွဲတမ်းနေရာကို ပိုင်ဆိုင်ထားခြင်းမှတဆင့် အရပ်သား အစိုးရအပေါ် ၎င်း၏ထိန်းချုပ်မှုကို ရထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးတွင်လည်း ဗီတိုအာဏာကို ရရှိထားသည်။ ထို့အပြင် စစ်တပ်အနေဖြင့် ဒု-သမ္မတ တစ်ဦး၊ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများကို ခန့်အပ်နိုင်သော အာဏာကိုလည်း ရရှိထားသည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်သူ့ရဲ၊ ပြည်တွင်း ထောက်လှမ်းရေးနှင့် အကျဉ်းထောင်ကိစ္စရပ်များအပေါ် တာဝန်ရှိပြီး ထို့အတွက်ကြောင့် စစ်တပ်အား အင်အားသုံးစွဲမှုအပေါ်တွင် တစ်ဦးတည်း ထိန်းချုပ်ခွင့်ကို ပေးထားသည်။

မြန်မာနိုင်ငံ၏ တရားစီရင်ရေးကိုလည်း မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု မစခင် စစ်အာဏာရှင်စနစ် ကာလအတွင်းကတည်းက ခန့်အပ်ထားသော တရားသူကြီးများ လွှမ်းမိုးနေခဲ့သည့် အားနည်းသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် တရားရုံးများဖြင့် ပြုလုပ်ခံထားရသည်။ ဥပဒေများကလည်း စစ်တပ်ကို ထပ်မံ ကာကွယ်ပေးနေသည်။ ဥပမာအားဖြင့် ပြည်ထောင်စု စစ်ဆေးရေး အရာရှိချုပ်သည် ကာကွယ်ရေးဝန်ကြီး

ဌာနကို စစ်ဆေးနိုင်ခွင့် မရှိချေ။ မော်ကွန်းတိုက် ဥပဒေကလည်း စစ်တပ်ကို အများပြည်သူသိစေရန် ထုတ်ပြန်ခြင်း လုပ်ဆောင်ရန် တာဝန်ရှိမှုမှ ကင်းလွတ်ခွင့် ပြုထားရသည်။

စစ်တပ်သည် စစ်တပ်အရာရှိဟောင်းများကို အရပ်ဘက် ဝန်ထမ်းဌာနများသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ထားခြင်းမှတဆင့် အစိုးရ၏ အရပ်ဘက် အစိပ်အပိုင်းများအပေါ် ထိန်းချုပ်မှုတစ်ရပ်ကို တရားဝင် နည်းလမ်းဖြင့် မဟုတ်ဘဲ ဆုပ်ကိုင်ထားသည်။ ဤနည်းသည် စစ်တပ်၏ဦးဆောင်မှုကို ကျယ်ပြန့်သော သြဇာကွန်ရက် တစ်ရပ်ဖြင့် ထောက်ပံ့ပေးထားပြီး စစ်တပ်စီးပွားရေးများမှ ရရှိသော ဆုလဒ်များအား မျှဝေပေးခြင်းဖြင့် တနည်းတဖုံ ထိန်းသိမ်းထားသည်။[20] ဥပမာအားဖြင့် ယခင် ဗိုလ်မှူးချုပ်ဟောင်းတစ်ဦးဖြစ်သည့် မြန်မာအကောက်ခွန်ဌာန အကြီးအကဲ ဦးကျော်ထင်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရ တာဝန်မယူခင် ကြားဖြတ်ကာလ မတိုင်ခင် ၂၀၁၆ မတ်လကမှ ၎င်း၏ ရာထူးတာဝန် နေရာသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ရွှေ့ပြောင်းပေးခဲ့သည်။ သွင်းကုန်နှင့် ထွက်ကုန်ကိစ္စရပ်များအပေါ် စစ်တပ်ကို လုပ်ပိုင်ခွင့်အာဏာပေးနိုင်မည့်၊ အရပ်သားထိန်းချုပ်မှုအောက်တွင် တရားဝင်ရှိသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အားလည်း[21] စစ်တပ်ကခန့်အပ်သူတစ်ဦးမှ ဦးဆောင်လာသည်။[22]

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော သက်တမ်းတစ်ခု ရှိခဲ့လင့်ကစား စစ်တပ်အနေဖြင့် ၎င်း၏ နိုင်ငံရေးစနစ်အပေါ် ထိန်းချုပ်မှုကို အောင်မြင်စွာ အမြစ်တွယ်စေနိုင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အနေနှင့်လည်း စစ်တပ်၏ သြဇာအာဏာကို လျှော့ချနိုင်မည့် အဓိပ္ပါယ်ပြည့်ဝသော ပြုပြင်ပြောင်းလဲမှုမှုများ ပြုလုပ်ရန် သို့မဟုတ် နိုင်ငံတကာ ဥပဒေများအား စစ်တပ်က ချိုးဖောက်မှုများကိုပင် ဝေဖန်ရန် ဆန္ဒမရှိနေခဲ့ပါ။ သို့ဖြစ်၍ စစ်တပ်၏ ပြုမူဆောင်ရွက်မှုအပေါ် ဒီမိုကရေစီနည်းကျ ကြီးကြပ်မှု သို့မဟုတ် လွတ်လပ်စွာ ကန့်သတ်မှုများ လုံးဝမရှိသည့်အပြင် ကြေးနန်းဆက်သွယ်ရေးနှင့် စီးပွားရေးစီမံခန့်ခွဲမှု အစရှိသည့် အရပ်ဘက် ထိန်းချုပ်မှုအောက်တွင် တရားဝင်ရှိသော နယ်ပယ်များအတွင်း ရောက်ရှိနေသည်ကိုပင် မထိန်းချုပ်နိုင်ပါ။

၁ (၃)　　စစ်တပ်၏ အချက်ပြဆက်သွယ်ရေး

မြန်မာစစ်တပ်အနေဖြင့် ဒီမိုကရေစီလိုလားသည့် အုံကြွမှုကို အကြမ်းဖက်နှိမ်နှင်းပြီး ၁၉၈၈ ခုနှစ်တွင် အာဏာရရှိလာကတည်းက ကာကွယ်ရေးကဏ္ဍ ခေတ်မီအောင် ပြုပြင်ရန် ကြိုးမားသည့် အစီအစဉ်တစ်ရပ်ကို စတင်ခဲ့ပါသည်။ တိုင်းပြည်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး ကောင်စီအနေဖြင့် အုပ်ချုပ်ခဲ့ပြီး နောက်ပိုင်းတွင် နိုင်ငံတော် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖြစ် အသွင်ပြောင်းခဲ့ပါသည်။ ၁၉၈၈ ခုနှစ်မှစ၍ နိုင်ငံရေးအသွင်ကူးပြောင်းရေးလုပ်သည့် ၂၀၁၁ ခုနှစ်အထိ အစုလိုက် အပြုံလိုက် ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း နှင့် တိုင်းရင်းသားလူထုများ ရှိသည့်နယ်မြေများတွင် ရက်စက်ကြမ်းကြုတ်သော စစ်ဆင်ရေးများ ပြုလုပ်ခြင်းတို့မှ တဆင့် အကြွင်းမဲ့ အာဏာရှင်စနစ် တရပ်ကို လုပ်ဆောင်၍ လူထုအပေါ် ထိန်းချုပ်ခဲ့ပါသည်။ အချက်ပြဆက်သွယ်ရေးစနစ် စွမ်းဆောင်နိုင်မှု တိုးတက်ဖွံ့ဖြိုးခြင်းက စစ်အုပ်ချုပ်မှုနှင့် ရာဇဝတ်မှုကျူးလွန်ခြင်းများကို ဖြစ်နိုင်စေခဲ့ပါသည်။

စစ်တပ်၏ ဆက်သွယ်ရေးနှင့် ဆက်သွယ်မှုကြားဖြတ်ထောက်လှမ်းရေးလုပ်ငန်းများ အားလုံးသည် မြန်မာစစ်တပ်၏ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးအောက်တွင်ရှိပြီး မြန်မာ့တပ်မတော် စစ်ဦးစီးအရာရှိချုပ်ရုံး၏ အစိပ်အပိုင်းဖြစ်ကာ ၁၉၈၈ နောက်ပိုင်း စစ်တပ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၏ အဓိက ဦးစားပေးရာ တစ်ခုလည်း ဖြစ်ခဲ့သည်။ မဟာဗျူဟာလေ့လာရေးပညာရှင် ဒက်စ်မွန် ဘောလ် (Desmond Ball) အဆိုအရ၊

> *၁၉၈၈-၈၉ မှစ၍ မြန်မာပြည်၏ ဆက်သွယ်မှု ကြားဖြတ်ထောက်လှမ်းရေး စွမ်းရည်သည် တဟုန်ထိုးမြင့်မားလာခဲ့သည်။ ဆက်သွယ်ရေး ထောက်လှမ်းမှု ပစ္စည်းကိရိယာများကို ကျယ်ကျယ်ပြန့်ပြန့် စုဆောင်းခဲ့ရာ အများစုမှာ တရုတ်နိုင်ငံကဖြစ်ပြီး စက်ာပူနှင့် အစ္စရေးလ်ကလည်း အလားတူ ရယူခဲ့ပါသည်။ စွမ်းဆောင်နိုင်ရည် အသစ်များထဲတွင် သမုဒ္ဒရာ စောင့်ကြည့်ရေး အပါအဝင်ဖြစ်သော နိုင်ငံခြား ဆက်သွယ်ရေး ထောက်လှမ်းမှုသတင်းများ စုဆောင်းရန်အတွက် မြေပြင်စခန်းများ၊ ရွှေ့ပြောင်းနိုင်သော ဆက်သွယ်ရေး ထောက်လှမ်းမှု အဆောက်အအုံများ၊ စစ်ဆင်ရေးများအတွက် နည်းဗျူဟာအဆင့် ဆက်သွယ်ရေး ထောက်လှမ်းမှုစနစ်များ၊ အီလက်ထရောနစ် စစ်ပွဲများဆိုင်ရာ စနစ်များ၊ ရန်ကုန်ရှိ မိုက်ကရိုဝေ့ဖ် ကြေးနန်းဆက်သွယ်မှုများ (တယ်လီဖုန်းနှင့် ဖက်စ်စီမိုင်း ဆက်သွယ်မှု လမ်းကြောများ) ကို စောင့်ကြည့်သည့် စွမ်းဆောင်နိုင်ရည်များ၊ လှိုင်းနှုံးမြင့် ရေဒီယိုလှိုင်း အသံလွှင့် ထုတ်လွှင့်မှုများကို ပိတ်ဆို့ချေဖျက်နိုင်သည့် ပိုမိုကောင်းမွန်သည့် စွမ်းဆောင်နိုင်ရည်များ စသည်တို့ ပါဝင်ပါသည်။*[23]

ဒက်စမွန်ဘောလ်မှ ရန်ကုန်၊ ရမ်းဗြဲ၊ ဟိုင်းကြီး၊ ဇေတ်ကြီးကျွန်းနှင့် ကိုကိုးကျွန်းတို့တွင် ရှိသော "ဆက်သွယ်ရေး ထောက်လှမ်းမှုနှင့် ကမ်းခြေစောင့်ကြည့်ရေး စခန်းများ" အပြင် ဒေသစစ်ဆင်ရေး အမိန့်ပေးကွပ်ကဲမှုဌာနတိုင်းရှိ ဆက်သွယ်ရေးထောက်လှမ်းမှု စခန်းများကို တရုတ်ပညာရှင်များမှ[24] ဆောက်လုပ်ပေးခဲ့ကြောင်း မှတ်တမ်းတင် ထားခဲ့ပါသည်။ တရုတ်နှင့် မြန်မာနိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် တစ်ရပ်ကို ၁၉၉၇ ခုနှစ်တွင် ချုပ်ဆိုခဲ့ပြီး ထောက်လှမ်းရေးသတင်း မျှဝေခြင်းနှင့် မြန်မာရေတပ်နှင့် လေတပ်တို့အတွက် ဆက်သွယ်ရေး ထောက်လှမ်းမှုသင်တန်းပေးခြင်းတို့ ပါဝင်ခဲ့သည်။ *"တရုတ်လူပုဂ္ဂိုလ်များက (ကမ်းခြေစောင့်ကြည့်ရေး) ထိုနေရာများတွင် သိသာစွာ အခြေစိုက်နေခဲ့ကြပြီး နည်းပညာ ထောက်ကူရေးနှင့် ထောက်လှမ်းရေး ဆက်ဆံရေးကဏ္ဍများအတွက် ဖြစ်နိုင်ဘွယ်ရာ ပို၍ပါသည်။"* ဟု ဒက်စ်မွန်ဘောလ်မှ ရေးသားသည်။[25] မြန်မာနိုင်ငံရှိ ဆက်သွယ်မှု ထောက်လှမ်းရေးအပေါ် ကျယ်ပြန့်သော သုတေသနပြုချက်ကို ဒက်စ်မွန်ဘောလ်က ထုတ်ဝေပြီးသည့် ၁၉၉၈ ခုနှစ် မှစ၍ စစ်တပ်ကို အကြိမ်ပေါင်းများစွာ ပြန်လည်ဖွဲ့စည်းနေခဲ့ပါသည်။

အချက်ပြဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုသည် စစ်တပ်၏ အမိန့်ပေးမှုနှင့် ထိန်းချုပ်မှုစနစ်အတွက် မဖြစ်မနေ အရေးပါခဲ့ပြီး ဗိုလ်ချုပ်များအား တပ်ဖွဲ့များအား ညွှန်ကြားခြင်းနှင့် တိုင်းရင်းသားအဖွဲ့များ၏ လက်နက်ကိုင် တပ်များအပေါ် စစ်ဆင်ရေးများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်စေနိုင်ခဲ့ပါသည်။ ဆက်သွယ်မှု ထောက်လှမ်းရေး စွမ်းဆောင်နိုင်မှုကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ဆက်သွယ်ရေးစနစ်ကို စောင့်ကြည့်ရန်အတွက် ကျယ်ပြန့်စွာ အသုံးပြုခဲ့ပါသည်။ မြို့ပြဒေသများတွင်မူ စစ်တပ်၏ ဆက်သွယ်မှု စွမ်းဆောင်နိုင်ရည်ကို အတိုက်အခံ နိုင်ငံရေးသမားများနှင့် သတင်းသမားများ အပေါ် စောင့်ကြည့်ရန်နှင့် စစ်အုပ်စုကို ဝေဖန်သည့် အသံလွှင့်မှုများကို ပိတ်ဆို့တားဆီးရန် အသုံးပြုခဲ့သည်။ ဆက်သွယ်ရေး ထောက်လှမ်းမှုလုပ်ငန်းများကို စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့ (စရဖ) (ယခင် တပ်မတော်ကာကွယ်ရေး ကွန်ပြူတာ ညွှန်ကြားရေးမှူးရုံး) က လုပ်ဆောင်ပါသည်။ စစ်ထောက်လှမ်းရေးဌာန၏ အခန်းကဏ္ဍသည် "ကွန်ရက်အဓိကပြု စစ်ပွဲများ၊ ဆိုင်ဘာဆိုင်ရာ စွမ်းဆောင်နိုင်မှုနှင့် အီလက်ထရောနစ် စစ်ပွဲများ" နှင့် သက်ဆိုင်ပါသည်။[26] ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးနည်းတူ စစ်ထောက်လှမ်းရေးဌာနသည်လည်း မြန်မာစစ်တပ်၏ စစ်ဦးစီးအရာရှိချုပ်အောက်တွင် တည်ရှိပါသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အာဏာရှင်သည် စစ်အုပ်ချုပ်ရေး အားကောင်းစေရန်နှင့် ၎င်း၏ အချက်ပြဆက်သွယ်ရေး စွမ်းဆောင်ရည် မြင့်မားစေရန် "အရပ်ဘက်ဆိုင်ရာ" ကြေးနန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းတစ်ရပ်အနေဖြင့် ထပ်မံတွေ့မြင်ခဲ့ပါသည်။ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ၏ ပါဝင်ပတ်သက်မှုဖြင့် ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အာဏာရှင် အစိုးရအနေဖြင့် Sumitomo Cooperation (ဂျပန်) (နိုင်ငံပိုင် မိုဘိုင်းဖုန်း အော်ပရေတာ လုပ်ဆောင်သူ MPT နှင့် လက်ရှိ ပူးတွဲလုပ်ဆောင်နေသူ) Ericsson (ဆွီဒင်)၊ Siemens (ဂျာမဏီ) တို့ကို အဓိက လုပ်ငန်းကန်ထရိုက်များ ချပေးခဲ့သည်။ စစ်ဘက်ရေးရာ သုံးသပ်သူ Andrew Selth က *"ဤသို့သော တိုးတက်ကောင်းမွန်မှုများအပေါ်*

တပ်မတော် (မြန်မာစစ်တပ်)မှ မြန်မာပြည်၏ အရပ်ဘက်စနစ်အတွက် အခွင့်အရေး အပြည့်အဝမယူခဲ့ဘူးဟု ဆိုလျှင် အံ့မခန်းဘွယ်ရာ ဖြစ်နေပေလိမ့်မည်။" ဟု ဆိုပါသည်။ [27]

ဒီမိုကရေစီသို့ အသွင်ကူးပြောင်းသော ၂၀၁၁ ခုနှစ်တွင် ဒေသစစ်ဆင်ရေး ကွပ်ကဲမှုဌာနတိုင်း၌ သိသာထင်ရှားသော ဆက်သွယ်ရေး စွမ်းဆောင်နိုင်မှုများ ရှိနေခဲ့ပါသည်။ ဥပမာအားဖြင့် နေပြည်တော်တိုင်း စစ်ဌာနချုပ်တွင် အဆင့်မြင့် ဆက်သွယ်ရေး စစ်ဆင်ရေးတပ်ဖွဲ့၊ လေကြောင်းကာကွယ်ရေး ဆက်သွယ်ရေး တပ်ရင်း အမှတ် ၈ နှင့် အဆင့်မြင့် ဆက်သွယ်ရေးတပ်ရင်း အမှတ် ၂ တို့ ပါရှိပါသည်။ အာရကန်ပြည်နယ်အတွက် တာဝန်ရှိသော အနောက်ဖက် ကွပ်ကဲရေးဌာန (စစ်အာဏာရှင်လက်ထက်တွင် ရခိုင်ဟု အမည်ပြောင်းခဲ့သည်။) တွင် အဆင့်မြင့် ဆက်သွယ်ရေးတပ်ရင်း ၃ ရင်း၊ အချက်ပြဆက်သွယ်ရေး တပ်ရင်း ၂ ရင်း၊ ဆက်သွယ်ရေး လုံခြုံရေးတပ်ဖွဲ့ တစ်ဖွဲ့၊ လေကြောင်းရန်ကာကွယ်ရေး ဆက်သွယ်ရေးတပ်ရင်း တစ်ရင်း၊ ဆက်သွယ်ရေး စခန်း ၃ ခု၊ ဆက်သွယ်ရေး အချက်အလက်များ သိမ်းဆည်းရေး တပ်ဖွဲ့ တစ်ခုတို့ ပါဝင်ပါသည်။ ရေတပ်၏ အဓိက ဆက်သွယ်ရေးတပ်ဖွဲ့များအား ကမ်းရိုးတန်းကွပ်ကဲမှုနှင့် အနောက်တောင် ကွပ်ကဲမှုဌာနတို့ အောက်တွင် ထားရှိသည်။ ဒေသဆိုင်ရာ စစ်ဆင်ရေးကွပ်ကဲမှုဌာန စစ်ဆင်ရေးများကို ကြီးကြပ်သော အဆင့်မြင့် အဖွဲ့ဖြစ်သည့် အထူးစစ်ဆင်ရေး ဗြူရိုများတွင်လည်း အထူးရည်ရွယ်ဖွဲ့ထားသည့် ဆက်သွယ်ရေးအဖွဲ့များ ရှိသည်။

မြန်မာစစ်တပ်အနေဖြင့် အရာရှိများနှင့် အောက်ခြေအဆင့်များအတွက် သင်တန်းများ ပြုလုပ်ပေးနေသော ကာကွယ်ရေးတပ်ဖွဲ့များ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ကျောင်းကိုလည်း လည်ပတ်လုပ်ဆောင်နေပါသည်။

> *ခြေလျင်တပ်ရင်းအရာရှိများအနေဖြင့် တိုက်ပွဲအဆင့် ဆက်သွယ်ရေး လုပ်ဆောင်မှုများအပေါ် အခြေခံအဆင့် ဗဟုသုတ ရရှိရေးအတွက် ခြေလျင်တပ်ရင်း ဆက်သွယ်ရေးအရာရှိသင်တန်းကို တက်ရောက်ရသည်။ ဆက်သွယ်ရေးတပ်ဖွဲ့ရှိ အရာရှိများက ဆက်သွယ်ရေးတပ်စု၊ ဆက်သွယ်ရေးတပ်ခွဲများအတွက် ရည်ရွယ်ထားသည့် သင်တန်းများနှင့် ဆက်သွယ်ရေး (အီလက်ထရောနစ်) အင်ဂျင်နီယာ အတတ်ပညာကို သင်ကြားရသည်။ ထိုသင်ရိုးများတွင် ရေဒီယို လုပ်ဆောင်မှု၊ ဆက်သွယ်ရေး ထောက်လှမ်းမှု၊ ကြားဖြတ်နားထောင်မှု၊ စကားဝှက်သွင်းခြင်းနှင့် စကားဝှက်ဖြည်ခြင်း၊ အီလက်ထရောနစ် စစ်ဆင်ရေးတို့အပြင် အခြားအရာများ ပါဝင်သည်။*[28]

မြန်မာစစ်တပ်အနေဖြင့် ဆက်သွယ်ရေးနှင့် ဆက်သွယ်မှုထောက်လှမ်းရေး ဖွဲ့ဖြိုးတိုးတက်မှုကို ဦးစားပေး ပြုပြင်ခဲ့ကာ ၎င်းတို့ကို လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်များ ကျူးလွန်ရာတွင် အသုံးပြုထားသည်။ မြန်မာစစ်တပ်အနေဖြင့် "အရပ်ဘက်" ကြေးနန်း ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုမှ အကျိုးအမြတ်ကို ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလကဲ့သို့ ဆက်လက် ခံစားနေရပြီး လူ့အခွင့်အရေးချိုးဖောက်မှုများတွင် အသုံးပြုနေသည်မှာ သိသာထင်ရှားနေပေသည်။

၁ (၄) မြန်မာပြည် လူ့အခွင့်အရေး နောက်ခံအခြေအနေ

မြန်မာစစ်တပ်အနေဖြင့် ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပြစ်ဒါဏ်ပေးခံရခြင်းမှ ကင်းလွတ်ပြီး ကျူးလွန်နေသည်မှာ ဆယ်စုနှစ်များစွာ ရှိခဲ့ပြီဖြစ်သည်။ မြန်မာစစ်တပ်မှ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုံး သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ကြောင်း အခိုင်အမာ မှတ်တမ်းတင် ထားပြီး ဖြစ်သည်။[29]

၂၀၁၇ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့တွင် မြန်မာစစ်တပ်မှ ရိုဟင်ဂျာများအပေါ် လူမျိုးတုံး သတ်ဖြတ်ရေး လှုပ်ရှားမှုတစ်ခုကို ပြုလုပ်ခဲ့ရာ သတ်ဖြတ်ခြင်းများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ပိုင်ဆိုင်မှုများ ဖျက်ဆီးခြင်းအပါအဝင် ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်များကို ကျူးလွန်ခဲ့ပြီး ရိုဟင်ဂျာ ၇၄၀,၀၀၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မောင်းထုတ်ခဲ့သည်။

ကုလသမဂ္ဂ၏ လွတ်လပ်သော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင် (UN IIFFMM) က လူမျိုးတုံးသတ်ဖြတ်မှုအထိ ဖြစ်ထွန်းလာမှုကို *"၂၀၁၆ အောက်တိုဘာမှစပြီး အခြေအနေ ပိုဆိုးလာသည် နှင့်အမျှ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ ကူညီထောက်ပံ့မှုပေးဝေနေခြင်းမှ တားဆီးခံ နေရမှုသည် အများပြည်သူသိရှိသည့် မှတ်တမ်းဝင် အကြောင်းအရာတစ်ရပ်ဖြစ်လာခဲ့သည်။ မြန်မာ့လုံခြုံရေး တပ်ဖွဲ့များသည်လည်း "မြေလှန်သည့်" မူဝါဒ တစ်ရပ်ကို အကောင်အထည်ဖော်နေကြောင်း စွပ်စွဲခံခဲ့ရသည်။"* ဟု ရှင်းပြခဲ့သည်။[30]

မောင်တောမြို့နယ်ရှိ တံငါသည် အသိုင်းအဝန်းဖြစ်သည့် အလယ်သံကျော်တွင် စစ်သားများက အရပ်ဘက် ဆက်သွယ်ရေးတာဝါတိုင်များကို လက်ဖြောင့်သေနတ်ဖြင့် ပစ်ခတ်သည့် နေရာများအဖြစ် အသုံးပြုခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် အခြေစိုက် လွတ်လပ်သည့် ရိုဟင်ဂျာမီဒီယာ အဖွဲ့အစည်းတခုဖြစ်သော ကလာဒန်သတင်းဌာနမှ ထုတ်ပြန်သော အစီရင်ခံစာ တစ်ခုအရ သိရှိရသည်။

မြန်မာစစ်တပ် လက်ဖြောင့်သေနတ်သမားများက ရွာပတ်ဝန်းကျင်အပေါ် ကျယ်ပြန့်သော မြင်ကွင်းကို ရရှိရန်အတွက် မြန်မာ့ဆက်သွယ်ရေးနှင့် တယ်လီနော၏ ဆက်သွယ်ရေးတာဝါတိုင်များတွင် နေရာယူခဲ့ကြသည်။ ၎င်းတို့၏ နေအိမ်များမှ ထွက်ပြေးရန် သို့မဟုတ် ပုန်းအောင်းရန် ကြိုးစားခဲ့ကြသော ရွာသားများ ရာဂဏန်းကျော် သတ်ဖြတ်ခံခဲ့ရသည်။ အလောင်းမြောက်မြားစွာကို တပ်ဖွဲ့များက ဆွဲယူသွားခဲ့ပြီး ရေတွင်းများထဲတွင် ပစ်ချခဲ့သလို တယ်လီနော တာဝါတိုင်အောက်တွင် စွန့်ပစ်ခြင်း၊ ကမ်းခြေအနားရှိ အိုင်ငယ်တစ်ခုတွင် စွန့်ပစ်ခြင်းများ လုပ်ခဲ့သည်။[31]

ရိုဟင်ဂျာ မြောက်မြားစွာသည်လည်း မြန်မာနိုင်ငံ၏ ခွဲခြားဆက်ဆံမှုရှိသည့် နိုင်ငံသားဥပဒေအောက်တွင် နိုင်ငံမဲ့များအနေဖြင့် ဆက်လက်ရှိနေဆဲဖြစ်သည်။ အများအပြားသော ရိုဟင်ဂျာများအား ရခိုင်ပြည်နယ်ရှိ စခန်းများတွင် လုံခြုံရေးတပ်ဖွဲ့များက ပိတ်လှောင်ထားပြီး အခြေခံ လူ့အခွင့်အရေးများလည်း ငြင်းပယ်ခံ နေရသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ *"မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော အလွန်အမင်း လေးနက်သည့် နိုင်ငံတကာ ရာဇဝတ်မှုများနှင့် နိုင်ငံတကာ ဥပဒေချိုးဖောက်မှုများ၏ အထောက်အထားကို ကောက်ယူ၊ စုစည်း၊ ထိန်းသိမ်း၊ သုံးသပ်ရန်နှင့် နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့်အညီ မျှတ၍ လွတ်လပ်သော ရာဇဝတ်မှုဆိုင်ရာ တရားရေးဖြစ်စဉ်များကို အကျိုးဆောင်၍ အလျင်အမြန် ဖြစ်စေရန်အတွက် ဖိုင်များကို ပြင်ဆင်ရန်"* လွတ်လပ်သော မြန်မာနိုင်ငံဆိုင်ရာ အချက်အလက် စုံစမ်းစစ်ဆေးရေး ယန္တရားကို ထူထောင်ခဲ့ပါသည်။[32] ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် အိုင်စီစီမှ *"စွပ်စွဲခံထားရသည့် ရိုဟင်ဂျာနှင့် အခြားသူများ အပေါ် ကျူးလွန်သည့် မောင်းထုတ်ခြင်း၊ နှိပ်ကွပ်ညှင်းပန်းခြင်း ရာဇဝတ်မှုများနှင့် အိုင်စီစီ၏ တရားစီရင်မှု အောက်တွင် သက်ရောက်သော အခြားရာဇဝတ်မှုများ၊ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုနှင့် ထိုအဖြစ်အပျက်များနှင့် လုံလောက်စွာ ဆက်စပ်မှုရှိသော အိုင်စီစီ၏ တရားစီရင်မှုအောက်တွင် သက်ရောက်သည့် အခြားရာဇဝတ်မှုများ"* တို့အပေါ် စုံစမ်းစစ်ဆေးမှုတစ်ရပ်အား လုပ်ပိုင်ခွင့်ပြုခဲ့ပါသည်။[33]

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် လူမျိုးတုံး သတ်ဖြတ်မှု ရာဇဝတ်မှုအတွက် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ တရားရုံး၌ အမှုတစ်ရပ် ဖွင့်ခဲ့ပါသည်။ ရိုဟင်ဂျာများ၏ လူ့အခွင့်အရေးများအား ကာကွယ်ရန်နှင့် သက်သေ အထောက်အထားများ ဖျက်ဆီးခြင်းမှ တားဆီးရန်အတွက် ကြားဖြတ်အစီအစဉ်များအဖြစ် ကနဦးဆုံးဖြတ်ချက် တစ်ရပ်ကို ချမှတ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် လိုက်နာရန် တရားကြောင်းအရ တာဝန်ရှိပေသည်။ တရားရုံး၏ စည်းနှောင်မှုရှိသော အမိန့်တစ်ရပ် ချမှတ်ထားလင့်ကစား အစုအပြုံလိုက် ရွှေ့ပြောင်းမှုကို ဖြစ်စေသည့်

"ရှင်းလင်းရေး စစ်ဆင်ရေး" အသစ်တစ်ရပ်ကို ရခိုင်ပြည်နယ်တွင် စတင်လိုက်ကြောင်း ၂၀၂၀ ခုနှစ် ဇွန်လတွင် မြန်မာမှ ကြေညာခဲ့ပါသည်။[34] ထိုလမ်းပင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် အရပ်သား ၇၇,၂၀၀ ရွှေ့ပြောင်းခဲ့ရကြောင်း ကုလသမဂ္ဂမှ အစီရင်ခံခဲ့သည်။[35]

မြန်မာစစ်တပ်အနေဖြင့် ရခိုင်၊ ချင်း၊ ရှမ်းနှင့် ကချင်ပြည်နယ်များအပါအဝင် တိုင်းရင်းသားလူမျိုးစုနေရာများတွင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်များအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နေဆဲ ဖြစ်သည်။ အပြစ်မဲ့ပြည်သူများကို သေစေသည့်၊ တိုင်းရင်းသားရွာများကို မီးတောက်လောက်စေသည့်၊ ထပ်မံ ရွှေ့ပြောင်းမှုများကို ဖြစ်စေသည့် လက်လွတ်စပယ် လေကြောင်းတိုက်ခိုက်မှုများကို ရခိုင်နှင့် ချင်းပြည်နယ် တောင်ပိုင်းတို့တွင် ပြုလုပ်ခဲ့သည့် အထောက်အထားများကို ၂၀၂၀ ခုနှစ် ဇူလိုင်လ ဈရက်နေ့တွင် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ထုတ်ပြန်ခဲ့ပါသည်။

> *ပေါက်ကွဲသံများ ကြားရပြီးနောက် (ရွာသားတစ်ဦးသည်) သူ့ဖခင်အိမ်သို့ ပြေးသွားကြည့်ရာ ၎င်း၏ အကိုဖြစ်သူမှာ ဗိုက်တွင် သေလောက်သော ဒါဏ်ရာနှင့် မြင်ရသည့်အပြင် ၎င်းအကို၏ ၁၆ နှစ်အရွယ်ရှိ သူငယ်ချင်းတစ်ဦး၏ အလောင်းကိုလည်း တွေ့ခဲ့ရသည်။ ထိုအချိန်တွင် အခြားအိမ်တစ်အိမ်၌ ရှိနေသော ၎င်း၏ ဦးလေးမှာလည်း ဤလေကြောင်းတိုက်ခိုက်မှုမှာပင် သေဆုံးခဲ့ကြောင်း ပြောပြခဲ့ပါသည်။ ထိုရွာအုပ်စုတွင်ရှိသည့် အခြားမိသားစုတစ်ခုမှ လူနှစ်ဦးကလည်း ၇ နှစ်သား ကလေးငယ်တစ်ဦး အပါအဝင် ၎င်းတို့ အသိုင်းအဝန်းမှ လူ ၉ ဦး ထိုလေကြောင်းတိုက်ခိုက်မှုတွင် သေဆုံးခဲ့ကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ပြောပြခဲ့သည်။ "ငါတို့ မိသားစုကို ဖျက်ဆီးခံလိုက်ရပြီ။" ဟု ထိုကလေးငယ်၏ ဖခင်က ဆိုခဲ့သည်။*[36]

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂအထူးစုံစမ်းရေးအရာရှိက "၂၀၁၉ ဩဂုတ်လနှင့် ၂၀၂၀ ဇန္နဝါရီလအတွင်း ရှမ်းနှင့် ကချင်ပြည်နယ်များတွင် အရပ်သား ၇၅ ဦး ဒါဏ်ရာရခဲ့သည်၊ အရပ်သား ၈၈ ဦးကို တပ်မတော် သို့မဟုတ် ပြည်သူ့စစ်များက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ အရပ်သား ၆ ဦး ညှင်းပန်းနှိပ်စက်ခံခဲ့ရသည်။" ဟု အစီရင်ခံခဲ့ပါသည်။[37] နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ၂၀၁၉ ခုနှစ် ရှမ်းပြည်နယ်မြောက်ပိုင်း၌ အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခဲ့ပြီး အရပ်သားများအပေါ် တရားဥပဒေနှင့် မညီသည့် တိုက်ခိုက်မှုများ၊ လက်လွတ်စပယ် ဖမ်းဆီးမှု၊ ညှင်းပန်း နှိပ်စက်မှုနှင့် ပိုင်ဆိုင်မှုပစ္စည်းများကို သိမ်းဆည်းခြင်းဆိုင်ရာ အထောက်အထားကို တွေ့ရှိခဲ့သည်။ ၂၀၁၉ ခုနှစ် မတ်လက အဖြစ်အပျက်တခုတွင် ခြေမြန်တပ်မ ၉၉ မှ စစ်သားများက ကွတ်ခိုင်မြို့နယ်မှ ရွာသားများကို ထိန်းသိမ်းခဲ့ပါသည်။ အမျိုးသားတစ်ဦးက မည်သို့မည်ပုံဖြစ်ခဲ့သည်ကို ရှင်းပြခဲ့သည်။

သူတို့က ကျနော်တို့ဘယ်သွားမလို့လဲ၊ ဘာလုပ်နေတာလဲလို့ မေးတယ်။ ပြီးတော့ ကျနော်တို့ ဘာလူမျိုးလဲ မေးတယ်။ [ကျနော်တို့က ကချင်လို့ပြောတဲ့အခါ] အခြားတပ်ဖွဲ့ဝင်တွေ ဘယ်မှာလဲလို့ သူတို့က မေးတယ်....တစ်ယောက်က ကျနော့်ကို "မင်းက ကေအိုင်အေလား [ကချင်လွတ်မြောက်ရေး တပ်မတော်]" လို့ မေးတယ်။ ကျနော်က "မဟုတ်ဘူး" လို့ပြောတော့ ကျနော် အထိုးခံရတယ်။ "မင်းတို့ကေအိုင်အေ တပ်မှူးတွေ ဘယ်မှာလဲ" [သူတို့က မေးတယ်]။ ကျနော်က "ကျနော်မသိဘူး၊ ကျနော်က ကေအိုင်အေ မဟုတ်ဘူး။" လို့ပြောတော့ ထပ်အထိုးခံရပြန်တယ်.....ကျနော့်ပါးစပ်က သွေးတွေထွက်လာခဲ့တယ်။

သူတို့က ကျနော့်ကို ရွာထောင့်တနေရာကို ခေါ်သွားတယ်။ [စစ်သားတစ်ယောက်က ထပ်မေးတယ်] "မင်းက ကေအိုင်အေလား" ကျနော်က "မဟုတ်ဘူး" လို့ပြောတယ်၊ အဲဒီနောက် ကျနော့်ကို စပြီး ထိုးတယ်၊ ကန်ကြောက်တယ်။ ကျနော့်အင်္ကျီတွေကို အတင်းချွတ်ခိုင်းတယ်၊ [ပြီးတော့] ကျနော့် လည်ပင်းကို ဒါးနဲ့ တေ့ထားတယ်.....ပြီးတော့ ကျနော့်လက်ချောင်းတွေကို ဒူးပေါ်မှာထားပြီး ဆောင့်ကြောင့်ထိုင်ခိုင်းတယ်...ကျနော်လှုပ်ရင် ကျနော့်လက်ချောင်းတွေကို ဖြတ်ပစ်မယ်လို့ သူတို့က ပြောတယ်...ကျနော့်ပါးစပ်ထဲကို လက်ပစ်ဗုံးတစ်လုံးထည့်တယ်...ကျနော်လှုပ်လိုက်ရင် အဲဒါ ပေါက်ကွဲသွားမလားလို့ ကျနော်ကြောက်နေခဲ့မိတယ်။[38]

ကိုဗစ် ၁၉ ကူးစက်မှုကာလအတွင်း မြန်မာအာဏာပိုင်များက သတင်းသမားများနှင့် အရပ်ဘက်အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူများအား ဖြိုခွဲခဲ့သည်။ ၂၀၂၀ ဧန္နဝါရီ အထိ နိုင်ငံရေးအကျဉ်းသား ၆၄၇ ဦး၊ စစ်တပ်အဖွဲ့ဝင် များမှ စွဲဆိုခဲ့သော အသရေဖျက်မှု ဓ၆ ခုရှိခဲ့သည်ဟု မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းရေးအရာရှိက အစီရင်ခံခဲ့သည်။[39] စစ်တပ်ပိုင် ကျောက်မီးသွေးလောင်စာသုံး ဘိလပ်မြေစက်ရုံမှ လူမှုရေးနှင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ ဖျက်ဆီးမှုများရှိနေကြောင်း အာရုံစူးစိုက်မှု ရှိလာစေရန် ကြိုးပမ်းခဲ့ သည့် ကရင်သဘာဝပါတ်ဝန်းကျင်သမားတစ်ဦးဖြစ်သူ စောသာပိုးအား ဖမ်းဆီးဝရမ်းကို မတ်လတွင် ထုတ်ပြန်ခဲ့သဖြင့် ၎င်းမှာ ပုန်းအောင်းနေခဲ့ရသည်။[40] ထိုလမှာပင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ဖြစ်သော ရက္ခိုင့်တပ်တော်ကို အစွန်းရောက် အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ခဲ့ပြီး ဤသတ်မှတ်ချက်ကို သီးခြားလွတ်လပ်သော မီဒီယာများအား တိုက်ခိုက်ရာတွင် ယိုးမယ်ဖွဲ့စရာ တစ်ခုကဲ့သို့ အသုံးပြုခဲ့သည်။ Voice of Myanmar ၏ အယ်ဒီတာချုပ်ဖြစ်သူ ဦးနေမျိုးလင်းကို ရက္ခိုင့်တပ်တော်၏ ပြောရေးဆိုခွင့်ရှိသူနှင့် တွေ့ဆုံမေးမြန်းခဲ့သည်အတွက် ဖမ်းဆီးခဲ့သလို့ ခေတ်သစ်မီဒီယာ၏ အယ်ဒီတာချုပ် ဦးလှိုင်းဇင်ဝေကိုလည်း ထိုတွေ့ဆုံမေးမြန်းမှုကို ထပ်မံထုတ်လွှင့်မှုဖြင့် ဖမ်းဝရမ်းထုတ်သောကြောင့် တိမ်းရှောင်နေခဲ့ရသည်။[41]

၂၀၂၀ ခုနှစ် ဇွန်လတွင် မြန်မာပြည်အနောက်ဖက်၌ အင်တာနက်များ ပိတ်ပင်မှုအတွက် ကမ်ပိန်းလှုပ်ရှားမှု ပြုလုပ် သဖြင့် ကဗျာဆရာ မောင်ဆောင်းခ အပါအဝင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် တက်ကြွလှုပ်ရှားသူ ၆ ဦး အပေါ် တရားစွဲဆိုမှုများ ပြုလုပ်ခဲ့သည်။[42] စက်တင်ဘာလတွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြကျောင်းသား ၁၄ ဦးကို ဖမ်းဆီးပြီး ထောင်သွင်းအကျဉ်းချခဲ့သည်။[43]

၁ (၅) မြန်မာစစ်တပ် စီးပွားရေး၏ အလွဲသုံးစားမှုနှင့် အကျင့်ပျက် ခြစားမှုများ

မြန်မာစစ်တပ်သည် မြန်မာ့စီးပွားရေးအပေါ် ကျယ်ပြန့်သော ချုပ်ကိုင်မှုကို ရရှိထားပြီး ဤအချက်က အရပ်သား ကြီးကြပ်မှုမှ လွတ်ကင်းသော စစ်တပ်၏ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ပံ့ပိုးပေးကာ အဓိပ္ပာယ်ရှိသော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုကို ပိတ်ဆို့ရန် စစ်တပ်အတွက် ခိုင်မာသော ဘဏ္ဍာရေးမက်လုံးတစ်ရပ်ကို ထောက်ကူ ပေးနေသည်။ စစ်တပ်၏ စီးပွားရေးအကျိုးစီးပွားများကို လက်ခွဲလုပ်ငန်းများ၊ ပူးတွဲလုပ်ငန်းများ၊ စီးပွားရေး မိတ်ဖက်များပါဝင်သည့် တကမ္ဘာလုံးဖြန့်ကျက်သော ကိုယ်ပိုင်ကွန်ရက်များ ပိုင်ဆိုင်သည့် စီးပွားရေးအုပ်စုကြီး ၂ ခု ဖြစ်သည့် မြန်မာ့စီးပွားရေး ဦးပိုင်ကုမ္ပဏီလီမိတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့က လွှမ်းမိုးချုပ်ကိုင် ထားသည်။ ထိုစီးပွားရေးအုပ်စုကြီး ၂ ခု စလုံးကို နိုင်ငံတော်ပိုင် အရင်းအမြစ်များအား စနစ်တကျ လွှဲပြောင်း ရယူခြင်းနှင့် မြန်မာပြည် စစ်အာဏာရှင်စနစ်၏ အတွင်းကြိတ် လှိုက်စားပျံ့ပွားနေသော အကျင့်ပျက်ခြစားမှု တို့မှတဆင့် တည်ဆောက်ထားခြင်းဖြစ်သည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီရေး လူထုအုံကြွမှုနောက်ပိုင်း စစ်အာဏာရှင်ကာလအတွင်းက မြန်ဆန်လွန်းလှသည့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးအစီအစဉ်တွင် မြန်မာပြည်သူများအတွက် ကြီးမားလှသော ကြွယ်ဝမှု ပျောက်ဆုံးချက် တစ်ရပ်ဖြစ်သော နိုင်ငံတော်အရင်းအမြစ်များကို စစ်တပ် စီးပွားရေးအုပ်စုကြီးများနှင့် ခရိုနီများအား လွှဲပြောင်း ပေးခြင်းနှင့် စစ်တပ်အာဏာကို ဆက်လက်ထိန်းသိမ်းရန် ယန္တရား တစ်ရပ်တို့ ပါဝင်ခဲ့သည်။ မြန်မာ့တပ်မတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများအပေါ် သုတေသနပြုချက်က *"သိသိသာသာ ဖြစ်ပေါ်နေသော နိုင်ငံတော် တရားဝင်ဖြစ်မှု အကြပ်အတည်းတစ်ရပ်ကို ဖြေရှင်းရန် လက်တွေ့ကျကျ မဟာဗျူဟာ တစ်ရပ်လည်းဖြစ် (ယိုယွင်းနေသော စီးပွားရေးကို ပြန်လည်တည်ဆောက်ရန် မူဝါဒများ)၊ သင်္ကေတ နမိတ်ပုံဆောင်သော ကြိုးပမ်းချက်တစ်ရပ် (တံခါးပိတ် အာဏာ အဆောက်အအုံများနှင့်အတူ စီးပွားရေး "အသွင်ပြောင်းမှု) လည်း ဖြစ်သည့်အနေဖြင့် ဈေးကွက်စနစ်ကို အာဏာရှင်စနစ် ပြန်လည်ဖွဲ့စည်းရန်နှင့် ပြန်လည်သွတ်သွင်းရန် ကြိုးပမ်းမှု တစ်ရပ်၏ အစိတ်အပိုင်းအနေနှင့် သွတ်သွင်းလာခြင်းဖြစ်သည်"* ဟု တွေ့ရှိခဲ့သည်။ ထို့နောက် *"ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း၏ ဈေးကွက် အထောက်အကူပြုဖြစ်စဉ်သည် အာဏာကြီးသော အုပ်ချုပ်ရေးနှင့် စီးပွားရေး ရေပေါ်ဆီများက အကျိုးအမြတ် အများဆုံး အရင်းအမြစ်များနှင့် စီးပွားရေးကဏ္ဍ အများအပြားကို သွေးစုပ်နိုင်ရန် အခွင့်အလမ်း ပေးရုံမျှမက တိုင်းပြည်၏ နိုင်ငံရေးဘောဂဗေဒကိုပါ အခြေခံကျသော*

အသွင်ပြောင်းမှုကို ဖြစ်စေခဲ့သည်။" ဟု နိဂုံးချုပ်ခဲ့ပါသည်။[44]

မြန်မာစီးပွားရေး ကော်ပိုရေးရှင်းကို မြန်မာစစ်တပ်မှ ပိုင်ဆိုင်ပြီး မြန်မာစစ်တပ်၏ စစ်ဦးစီးအရာရှိဌာန၏ စစ်ထောက်ချုပ်ရုံးအောက်တွင် ကြီးမားသော လျို့ဝှက်မှုဖြင့် လည်ပတ်နေသည်ဟု သိရှိရသည်။[45] စစ်ထောက်ချုပ်သည် မြန်မာစီးပွားရေးကော်ပိုရေးရှင်းကို အန္တိမ တာဝန်ရှိမှု ရထားသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ကွပ်ကဲမှုအောက်တွင် ရှိပါသည်။ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်က လက်ရှိ ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ရခိုင်ပြည်နယ်ရှိ နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်သူအဖြစ် တရားစွဲဆိုရန် အကြံပြုထားပါသည်။[46] မြန်မာ စီးပွားရေးကော်ပိုရေးရှင်းသည် ကြေးနန်းဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ သတ္တုတွင်းတူးဖော်ရေး၊ ကုန်သွယ်မှု၊ လယ်ယာစိုက်ပျိုးရေး၊ အိမ်ခြံမြေလုပ်ငန်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ပို့ဆောင်ထောက်ပံ့ရေး လုပ်ငန်းများ ပါဝင်သော စီးပွားရေး၏ အဓိကကျသော ကဏ္ဍအနှံ့အပြားတွင် စီးပွားရေးလုပ်ငန်းများနှင့် ပူးတွဲလုပ်ငန်းများ မျိုးစုံကို ပိုင်ဆိုင်ထားပါသည်။[47]

မြန်မာစီးပွားရေးကော်ပိုရေးရှင်းသည် နိုင်ငံတော်ပိုင်ဖြစ်ပြီး ၎င်းအနေဖြင့် တန်ဖိုးရှိသော နိုင်ငံတော်၏ အရင်းအမြစ်များကို ထိန်းချုပ်ထားသော်လည်း ငွေကြေးအရင်းအမြစ်များ စီးဆင်းမှုအပေါ်တွင် ပွင့်လင်းမြင်သာမှု ရှိမနေပါ။ မြန်မာစီးပွားရေးကော်ပိုရေးရှင်းအား ဥပဒေကြောင်းအရ ရည်ညွှန်းရမည့် အမည်ခေါင်းစဉ်အပေါ်တွင်လည်း ရှင်းလင်းမှု မရှိပါ။ မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း ကုမ္ပဏီလီမိတက် (MEC Co. Ltd) ကို ပုဂ္ဂလိက ကုမ္ပဏီအနေဖြင့် မှတ်ပုံတင်ထားပြီး အစုရှယ်ယာများကို မှတ်ပုံတင်နံပါတ် ၂၃/၂၀၁၀ ဖြင့် ရှိနေသည့် အဖွဲ့အစည်း တစ်ရပ်ဖြစ်သည့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC) က ပိုင်ဆိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အဖွဲ့အစည်း နံပါတ် ၂၃/၂၀၁၀ သည် မြန်မာနိုင်ငံ၏ ကုမ္ပဏီ မှတ်ပုံတင်စာရင်းတွင် ရှိမနေပါ။ ထို့အတွက်ကြောင့် အဖွဲ့အစည်းနံပါတ် ၂၃/၂၀၁၀ ၏ တရားဝင်ဖြစ်မှု၊ ဖွဲ့စည်းပုံနှင့် လည်ပတ်မှုများကို ဘာမှသိမနေရပါ။

၂၀၂၀ ခုနှစ် ဇွန်လ ၂၂ ရက်နေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မြန်မာစီးပွားရေး ကော်ပိုရေးရှင်းကို ပုဂ္ဂလိကပိုင် ပြုလုပ်ပြီးဖြစ်၍ *"စစ်တပ်တခုတည်းနှင့်သာ သက်ဆိုင်ပါကြောင်း"* ပြောဆိုသွားခဲ့သည်။[48] မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းကို ပုဂ္ဂလိကပိုင် လုပ်ခဲ့သည့် သက်သေအထောက်အထား လုံးဝမရှိသည့်အပြင် ၎င်း၏ နိုင်ငံတော် အရင်းအမြစ်များကိုလည်း ဒီမိုကရေစီနည်းကျ ရောင်းချခြင်းမျိုးကိုလည်း မတွေ့ရပါ။ ပြည်ထောင်စု ဘဏ္ဍာငွေမှ ထောက်ပံ့နေသော နိုင်ငံတော်၏ အဆောက်အအုံဖြစ်သည့် စစ်တပ်ကဲ့သို့သော အဖွဲ့အစည်းမျိုးက "ပုဂ္ဂလိကပိုင်" စီးပွားရေးတစ်ခုကို ပိုင်ဆိုင်သည်ဟု ပြောဆိုခြင်းမှာလည်း ထူးဆန်းဖွယ် ဖြစ်နေပါသည်။ ထို့ဖြစ်၍ စစ်တပ်ပိုင် စီးပွားရေးတစ်ခုသည်

အဓိပ္ပာယ်ဖွင့်ဆိုချက်အရ နိုင်ငံတော်ပိုင်လုပ်ငန်းသာ ဖြစ်ရပေမည်။ လက်တွေ့ကျသော ရည်ရွယ်ချက်များ အားလုံးအတွက် ဤကနေ အစကောက်ရမည်ဆိုပါက ဆိုပါက မြန်မာစီးပွားရေးကော်ပိုရေးရှင်းသည် နိုင်ငံတော်ပိုင်လုပ်ငန်းအဖြစ် မှတ်ယူနိုင်သည်။

ကြေးနန်းဆက်သွယ်ရေးကဏ္ဍအတွင်း မြန်မာစီးပွားရေးကော်ပိုရေးရှင်းအနေဖြင့် Mytel၊ MECTel နှင့် ဒီဂျီတယ် ဘဏ္ဍာရေး ဝန်ဆောင်မှုများအပြင် စီးပွားရေးလုပ်ငန်း အများအပြားကိုပါ လုပ်ဆောင်နေပါသည်။ (ဤအစီရင်ခံစာ နောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးပါမည်။) ကြေးနန်းဆက်သွယ်ရေးကဏ္ဍအတွင်း အဝေးမှ အာရုံခံသည့် မြေပြင်စခန်းတခုနှင့် ကေဘယ်လ် စက်ရုံတစ်ခုကိုလည်း ထိန်းချုပ်ထားပါသည်။ အဝေးမှ အာရုံခံသည့် မြေပြင်စခန်းနှင့် ပတ်သက်၍ အသေးစိပ်အချက်အလက်များ ရှားပါးပါသည်။ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၏ ဝက်ဘ်ဆိုဒ်အရ ၎င်းကို "အီလက်ထရောနစ်နှင့် ကွန်ပြူတာဌာန" အဖြစ် ၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း တွေ့ရှိရပြီး ၎င်းမှာ စစ်ထောက်လှမ်းရေး အစိတ်အပိုင်းတစ်ရပ် ဖြစ်နိုင်ခဲ့သည်။ ဤအဆောက်အအုံသည် လှည်းကူးရှိ "အင်းတိုင် စစ်နယ်မြေ" တွင် တည်ရှိပါသည်။[49] မြန်မာစီးပွားရေး ကော်ပိုရေးရှင်းလက်အောက်ရှိ ဤတစ်ခုအပြင် အခြား အဝေးထိန်းအာရုံခံ မြေပြင်စခန်းများကို မြန်မာစစ်တပ်မှ လုပ်ဆောင်နေခြင်း ရှိမရှိကို မသိရှိရပါ။ မြန်မာစစ်တပ်အတွက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ထုတ်ပြန်ပေးနိုင်သော အဝေးထိန်း အာရုံခံ သတင်းအချက်အလက်များသည် *"မဟာဗျူဟာ စီမံချက်ပြုလုပ်ခြင်း၊ အင်အားများနေရာချခြင်း၊ စောင့်ကြည့်ခြင်း၊ ပစ်မှတ်ပြုလုပ်ခြင်းနှင့် ခြိမ်းခြောက်မှု တွက်ဆခြင်းတို့အတွက် အရေးပါသည်။ ၎င်းတို့၏ မဟာဗျူဟာမြောက်၊ နည်းဗျူဟာမြောက် တန်ဘိုးရှိမှုကို လျှော့မတွက်သင့်ပါ။"*[50] မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ အဝေးထိန်း အာရုံခံ မြေပြင်စခန်းသည် ဆက်သွယ်ရေးနှင့် ဆက်သွယ်မှု ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးကို ထောက်ကူပေးနေဖွယ်ရာ ရှိပါသည်။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ အဝေးထိန်း အာရုံခံ မြေပြင်စခန်းသည် စစ်တပ်စစ်ဆင်ရေးများတွင် တိုက်ရိုက် အခန်းကဏ္ဍအဖြစ် ပါဝင်နေပြီး အဝေးထိန်း အာရုံခံ မြေပြင်စခန်းမှ မြန်မာစီးပွားရေးကော်ပိုရေးရှင်းက ထောက်ပံ့ပေးနေသော အချက်အလက်များသည် မျိုးနွယ်တုံး သတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများကို ပံ့ပိုးအားပေးရာရောက်သည်ဟု Justice for Myanmar က ရှုမြင်ပါသည်။

မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ လှိုင်သာယာ၊ ရန်ကုန်ရှိ Sigma ဝါယာနှင့် ကေဘယ်လ် စက်ရုံကို ၂၀၀၁ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ဝက်ဘ်ဆိုဒ်အရ ဝါယာ၊ ကြေးနီခေါင်းနှင့် တယ်လီဖုန်းကေဘယ်လ် အစရှိသည့် ပစ္စည်း ၅၆ မျိုးကို ထုတ်လုပ်သည်။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ကေဘယ်လ်ကြိုး ထုတ်လုပ်မှု စွမ်းဆောင်ရည်ကို မသိရှိရပါ။[51] မြန်မာစီးပွားရေးကော်ပိုရေးရှင်း အနေဖြင့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးအတွက် အချို့သော ပစ္စည်းများအပြင် စစ်တပ်၏ အခြားအစိတ်အပိုင်းများအား ထောက်ပံ့ရန်အတွက်လည်း ထုတ်လုပ်နေဖွယ်ရာ ရှိသည်။

၂၀၁၉ ခုနှစ်တွင် ကုလသမဂ္ဂ၏ အချက်အလက်ရှာဖွေရေးမစ်ရှင်က မြန်မာစစ်တပ်၏ စီးပွားရေးအကျိုးစီးပွားနှင့် ပတ်သက်သည့် ကျယ်ပြန့်သော အစီရင်ခံစာတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။[52] ထိုအစီရင်ခံစာမှ စစ်တပ်ပိုင် စီးပွားရေးများသည် မြန်မာစစ်တပ်၏ ပြုမူပုံများကို ဆောင်ရွက်နိုင်စေခဲ့ပြီး၊

> *တပ်မတော်၏ စီးပွားရေး လုပ်ငန်းအုပ်စုကြီး ၂ ခုဖြစ်သော မြန်မာ့စီးပွားရေး ဦးပိုင် လီမိတက် (MEHL) နှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့ကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ နှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ တို့အား ဆိုးဝါးကြမ်းတမ်းစွာ ချိုးဖောက်ခဲ့သော တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ အပါအဝင် တပ်မတော် ထိပ်တန်း ခေါင်းဆောင်များက ပိုင်ဆိုင် ချုပ်ကိုင် ထားပါသည်..... ထို စစ်တပ်စီးပွားရေး လုပ်ငန်းများမှ ရရှိသော ဘဏ္ဍာငွေက တပ်မတော်၏ ကိုယ်ပိုင်အုပ်ချုပ်နေမှုကို ရွေးချယ်ခံ အရပ်သားများ၏ ကြီးကြပ်မှုမှ ကင်းလွတ်နေစေကာ နိုင်ငံတကာ လူ့အခွင့်အရေး နှင့် လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေ ချိုးဖောက်နေသည့် တပ်မတော်၏ စစ်ဆင်ရေးများအား ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုကို ဖြစ်စေပါသည်။*[53]ဟု ဖော်ပြခဲ့သည်။

မြန်မာစစ်တပ်အနေဖြင့် လက်နက်များနှင့် နှစ်မျိုးသုံးပစ္စည်းများ ပါဝင်သည့် စစ်ပစ္စည်းများကို ဝယ်ယူရန် အရင်းအမြစ်ဘဏ္ဍာများအပြင် စီးပွားရေးဆက်ဆံမှုများကို အသုံးပြုသည်။ မြန်မာစစ်တပ်မှာ နှစ်မျိုးသုံး ပစ္စည်းများကို ဝယ်ယူခဲ့သည့် သို့မဟုတ် ဝယ်ယူရန် ကြိုးစားခဲ့သည့် ပုဂ္ဂလိကပိုင် ကုမ္ပဏီ ၇ ခုကို ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေး မစ်ရှင်က နောက်ဆက်တွဲ စာရင်း ဖော်ထုတ်ခဲ့သည်။ ထိုကုမ္ပဏီ ၇ ခုအနက်မှ ၆ ခုက ဆက်သွယ်ရေးနှင့် ဆက်စပ်သော နည်းပညာတို့ကို ထောက်ပံ့ခဲ့ပြီး ၎င်းတို့ထဲတွင် ဆဲလ်လူလာ ဒေတာ စဉ်ဆက် စီးဆင်းစနစ်ကို Dejero (ကနေဒါ) မှ၎င်း၊ VHF လှိုင်းနှုန်းမြင့် လွှင့်ထုတ်လက်ခံစက်များကို Icom Inc (ဂျပန်) မှ၎င်း၊ အဝေးထိန်း ရေဒီယို ထိန်းချုပ်စက်များကို Jotron (နော်ဝေး) မှ၎င်း၊ လှိုင်းနှုန်းမြင့် (VHF) နှင့် လှိုင်းနှုန်းလွန် (UHF) လွှင့်ထုတ်လက်ခံစက်များကို Reutech Communications (တောင်အာဖရိက) မှ၎င်း၊ လမ်းကြောင်းပြ နှင့် တည်နေရာပြစနစ်ကို Hexagon (ဆွီဒင်) ၏ လက်ခွဲဖြစ်သည့် Veripos (အင်္ဂလန်) မှ၎င်း ရရှိမှုများ ပါဝင်ပါသည်။ ဤဝယ်ယူရရှိမှု စာရင်းမှတ်တမ်းသည် နှစ်မျိုးသုံးပစ္စည်း ရရှိမှု၏ အလွန်သေးငယ်သော နမူနာမျှသာ ဖြစ်ပြီး မြန်မာစစ်တပ်၏ ခေတ်မီတိုးတက်ရေးကြိုးပမ်းမှုတွင် ဆယ်သွယ်ရေးကိစ္စ၏ ထင်ရှားပေါ်လွင်သည့် အပိုင်းကို ပြသနေသည်။ ထို့အပြင် ပစ္စည်းရယူမှု ဖြန့်ကျက်ခြင်းထားခြင်းဖြင့် စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေး ကိရိယာများအတွက် တရုတ်အပေါ် မှီခိုနေရမှုကို လျော့ချနေသည် ကိုလည်း ပြသနေသည်။

ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်က ချေးငွေထောက်ပံ့သူများနှင့် ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အားလုံးသောအဖွဲ့အစည်းများအနေဖြင့် မြန်မာစစ်တပ်မှ ထိန်းချုပ်သည့် စီးပွားရေးလုပ်ငန်းများ၊ ၎င်း၏

"စီးပွားရေး လက်ခွဲများနှင့် စီးပွားရေးဆက်ဆံမှုများ" အားလုံးကို အဆက်ဖြတ်ရန် အကြံပြုထားပြီး Mytel နှင့် ၎င်း၏ အကြီးမားဆုံး လုပ်ငန်းအစုရှယ်ယာရှင်ဖြစ်သည့် Viettel ကိုပါ တိုက်ရိုက်အမည်တပ်လျက် ဖြစ်နိုင်ဖွယ်ရာရှိသည့် ရာဇဝတ်ကြောင်းအရ အပြစ်ထိုက်မှုကို သတိပေးထားခဲ့သည်။

> *ထိုကဲ့သို့သော ဖက်စပ်လုပ်ငန်းများနှင့် ကုန်သွယ်မှု ဆက်ဆံမှုများမှ တဆင့် တပ်မတော်နှင့် ၎င်း၏ စီးပွားရေး လုပ်ငန်းစုကြီးများ ဖြစ်သော MEHL နှင့် MEC တို့နှင့် ပတ်သက်သော မည်သည့် ပြည်ပ စီးပွားရေး လုပ်ငန်းမဆို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေများ ချိုးဖောက်မှုများအပေါ် ပံ့ပိုးပေးသည့် သို့မဟုတ် ဆက်စပ်ပတ်သက်ခံရနိုင်သည့် မြင့်မားသော အန္တရာယ် တစ်ခု ရှိသည်ဟု မစ်ရှင်က တွေ့ရှိပါသည်။ အနည်းဆုံးအနေဖြင့် ထိုပြည်ပ ကုမ္ပဏီများသည် တပ်မတော်၏ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်ကို အထောက်အကူ ပြုပါသည်။*[54]

အချက်အလက် ရှာဖွေရေး မစ်ရှင်က ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများကို

> *တပ်မတော်နှင့် ၎င်း၏ လုပ်ငန်းများ၊ အလားတူ ၎င်းတို့၏ မိသားစုအဖွဲ့ဝင်များ၊ ထို့အပြင် ပိတ်ဆို့မှုကို ရှောင်ရှားရန်အတွက် အဋ္ဌား စီးပွားရေး လုပ်ငန်းရှင် အဖြစ် သို့မဟုတ် ဖေါ်ထုတ်ခံပြီးထားသော သူများ၏ ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်နိုင်သည့် ၎င်းတို့၏ လုပ်ဖေါ်ကိုင်ဖက်များထံမှ စီးပွားရေးအရ အကျိုးအမြတ်ခံစားနေသူ သို့မဟုတ် စီးပွားရေးအရ ထောက်ပံ့ကူညီမှု ဖြစ်နေစေသူ တရားဝင် ပုဂ္ဂိုလ်များ၊ အဖွဲ့များ၊ အဖွဲ့အစည်းများ အပေါ်တွင် ပစ်မှတ်ထားပိတ်ဆို့ အရေးယူမှုများကို လုပ်ဆောင်ရန်နှင့် လူ့အခွင့်အရေးအား လေးစားလိုက်နာရန်။*[55] တောင်းဆိုခဲ့သည်။

စစ်တပ်စီးပွားရေးလုပ်ငန်းများ၊ ၎င်းတို့၏ ပိုင်ရှင်များနှင့် မိတ်ဖက်များအပေါ် ပိတ်ဆို့မှုများ ပြုလုပ်ရန် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်မှ အကြံပြုချက်များ ရှိလင့်ကစား လောလောဆယ်အထိ မည်သည့်နိုင်ငံမှ ပိတ်ဆို့မှုများကို အကောင်အထည် ဖော် ခဲ့ခြင်းမရှိသေးပါ။ ကနေဒါနိုင်ငံ အနေဖြင့် စစ်တပ်၏ လက်ရှိစီးပွားရေးကွန်ရက်ကို ထင်ဟပ်သည့် ပစ်မှတ်စာရင်းကို နောက်ဆုံးအခြေအနေထိ ပြင်ဆင်ပြောင်းလဲ ထားခြင်း မရှိသေးသော်လည်း ၎င်းသည်သာလျှင် မြန်မာစစ်တပ် စီးပွားရေးများအပေါ် ပိတ်ဆို့မှုအတွက် စီရင်မှုပြုနေသည့် တခုတည်းသော နိုင်ငံဖြစ်နေသည်။[56]ကနေဒါနိုင်ငံသည်လည်း အခြား ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများနည်းတူ မစ်ရှင်မှ အကြံပြုထားသည့် ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုကို အကောင်အထည်ဖော်ရန် ယခုအချိန်အထိ ပျက်ကွက်နေဆဲဖြစ်သည်။

၁ (၆) Viettel - ဖုန်းဆင်းမ်ကဒ်များနှင့် ဒုံးကျည်များ

စစ်တပ် စက်မှုလုပ်ငန်းနှင့် ကြေးနန်းဆက်သွယ်ရေးအုပ်စု (Viettel) သည် Mytel တွင် အကြီးဆုံး အစုရှယ်ယာပိုင်ဆိုင်သူဖြစ်ပြီး မြန်မာစစ်တပ်၏ အဓိကကျသော စီးပွားရေးနှင့် နည်းပညာ မိတ်ဖက် တစ်ဦးဖြစ်ပါသည်။ Viettel သည် ဗီယက်နမ်နိုင်ငံ၏ ဝန်ကြီးချုပ်မှ ထူထောင်ထားသော ကြီးမားသည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းစု ကြီးဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးမှ စီမံခန့်ခွဲပါသည်။ Viettel သည့် Brand Finance Global 500 စာရင်းတွင် ပါဝင်နိုင်သော ဗီယက်နမ်၏ တခုတည်းသော အမှတ်တံဆိပ်ဖြစ်ပါသည်။[57]

Viettel သည် ဗီယက်နမ် ပြည်သူ့တပ်မတော်၏ လက်ရုံးတစ်ရပ်ဖြစ်ပြီး ဗဟိုစစ်ကော်မရှင်၏ ဦးဆောင်မှု အောက်တွင် ရှိပါသည်။[58] ၎င်းကို ဥပဒေကြောင်းအရ ဗီယက်နမ်ပြည်သူ့တပ်မတော်တွင် တာဝန်ထမ်းဆောင်နေဆဲ အရာရှိတစ်ဦးဖြစ်ရန် လိုအပ်သည့် သမ္မတမှ ဦးဆောင်ပါသည်။[59] Viettel ရှိ အခြားအဓိကကျသော ခေါင်းဆောင်မှုနေရာများကို တာဝန်ထမ်းဆောင်ဆဲဖြစ်သော စစ်အရာရှိများက ရယူထားပါသည်။[60] ဤအုပ်စုတွင် လက်အောက်ခံ လုပ်ငန်း ၂၀ ထက်မက ရှိပါသည်။ (နောက်ဆက်တွဲ ၎ယား ၆ တွင် ကြည့်ပါ။)[61]

ဗီယက်နမ် နိုင်ငံတော်အဆင့် လွှတ်တော် ဥက္ကဋ္ဌမ Viettel အရာရှိများကို ကုမ္ပဏီဌာနချုပ်၌ ၂၀၂၀ ဇူလိုင်လက မိန့်ခွန်းပြောနေစဉ်။ သူမ၏ မိန့်ခွန်းတွင် Viettel အနေဖြင့် "ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့် နည်းပညာ စက်မှုလုပ်ငန်းစု၏ ဗဟိုချက်မ ဖြစ်လာရန်" လိုအပ်ချက်ကို ထုတ်ဖော်ပြောဆိုခဲ့သည်။
အရင်းအမြစ် - Phnom Penh Post နှင့် ပြည်သူ့တပ်မတော် သတင်းစာ

၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်အစိုးရက အမိန့်ညွှန်ကြားလွှာအမှတ် 05/2018/ND-CP ကိုထုတ်ပြန်ခဲ့ပြီး Viettel ကို အဆင့်မြင့်နည်းပညာသုံး လက်နက်ထုတ်လုပ်သူတစ်ခု အနေဖြင့် ဖြစ်ရန် လမ်းကြောင်း ပြန်တည်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၅ ရက်နေ့အထိ နောက်ဆုံးစာရင်းအရ ၎င်း၏ပဋိညာဉ်စာချုပ်ပါ မတည်ငွေမှာ အမေရိကန် ဒေါ်လာ ၅.၃၅ ဘီလီယံရှိပြီး ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃.၂ ဘီလီယံအထိ တိုးမြှင့်သွားရန် စီစဉ်ထားရှိသည်။[62] အမိန့် ဒီဂရီများနှင့် အတူ ထုတ်ပြန်ထားသော Viettel ပဋိညာဉ်စာချုပ်တွင် ဤအုပ်စုကို

"နိုင်ငံတော်အဆင့် ကာကွယ်ရေးနှင့် လုံခြုံရေး လုပ်ငန်းစု" ဟု ရှင်းလင်းဖော်ပြထားသည်။[63]ဤအထဲတွင် စစ်ရေးအသုံးပြုရန်နှင့် လိုအပ်သည့် *"သတင်းအချက်အလက် မစ်ရှင်များ"* အတွက် ကြေးနန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံကို တည်ဆောက်ရန်၊ လည်ပတ်ရန်နှင့် အရံသီးသန့်ထားရှိရန်တို့ ပါရှိသည်။[64]

Viettel ၏ ၂၀၁၈ ပဋိညာဉ်စာချုပ် ဥပဒေပုဒ်မ ၁ အရ *"နိုင်ငံတော်နှင့် နိုင်ငံတော်ကာကွယ်ရေးဝန်ကြီးဌာနမှ ဥပဒေနှင့် အညီ ထုတ်ပြန်ပြီး တာဝန်ပေးသော အထူး နိုင်ငံရေး၊ စစ်ရေးနှင့် ကာကွယ်ရေးတာဝန်များ"* ကို Viettel မှ လုပ်ဆောင်ရမည်။ Viettel အုပ်စု၏ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး စစ်ဆင်ရေး ဦးတည်ချက်များ (၅.၁) မှာ

> *– နိုင်ငံတော်အဆင့် ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းကို နိုင်ငံတော် စက်မှုလုပ်ငန်းများအတွင်း သွတ်သွင်းလျက် ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့် နည်းပညာ စက်မှုလုပ်ငန်းစုကို တည်ထောင်ရန်၊ နိုင်ငံတော်ကာကွယ်ရေးနှင့်ဆိုင်သော ထုတ်ကုန်များ၊ စစ်ရေးဆိုင်ရာ အမာထည်များ၊ ကိရိယာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ဖန်တီးပေးရန်။*
>
> *– တိုင်းပြည်အနေဖြင့် အခြေအနေများ ကြုံတွေ့ရသည့် အချိန်အခါများ၊ အလှည့်အပြောင်း လှုပ်ရှားမှုများနှင့် ငြိမ်းချမ်းသောအချိန်တွင် အရံအကူအညီ ဖြစ်စေရေး တို့အတွက် စစ်ဘက်ရေးရာ သတင်းကွန်ရက်၏ အခြေခံအဆောက်အအုံကို သေချာမှုရှိစေရန်။*

Viettel ၏ အဓိက စီးပွားရေး လမ်းကြောင်းများမှာ (ဥပဒေပုဒ်မ ၅.၂ (က)) တွင်

> *– နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး လုပ်ငန်းများအတွက် ထုတ်ကုန်ပစ္စည်းများ၊ စစ်ဘက်နည်းပညာ ဆိုင်ရာ ကိရိယာများ၊ အထူးပြု ကျွမ်းကျင်မှုဆိုင်ရာ နည်းနာများနှင့် နည်းလမ်းများ၊ လက်နက်များ၊ စစ်ရေး အမာထည်၊ ခဲယမ်းမီးကျောက်၊ ဓါတုထုတ်ကုန်များ၊ အထူးပြု ဓါတု ထောက်ပံ့ရေးပစ္စည်းများ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် ဖောက်ခွဲရေးဆိုင်ရာ ပစ္စည်းများ (ပေါက်ကွဲစေသည့် ပေါင်ဒါ၊ ပစ်လွှတ်လက်နက်များ၊ ပစ်ခတ်မှုအစပြုသည့် ခလုတ်များ၊ စနက်တံများ) တိုက်ပွဲဝင်ယာဉ်များ၊ တိုက်ပွဲဝင် အထောက်အကူပြု ကိရိယာများ၊ လေယာဉ်။ အာကာသယာဉ် နှင့် ဆက်စပ်သော စက်များ၊ တိုင်းတာသော၊ စမ်းသပ်သော၊ လမ်းကြောင်းပြ ထိန်းချုပ်ကိရိယာနှင့် အထောက်အကူပြု ကိရိယာ ပစ္စည်းများ အစရှိသည်တို့ကို သုတေသနပြုရန်၊ ဖော်ထုတ်၊ တည်ဆောက်၊ ထုတ်လုပ်ရန်၊ ပြင်ဆင်ရန်၊ ပိုမိုတိုးတက်လာစေရန်၊ ထိန်းသိမ်းရန်၊ နည်းပညာလွဲပြောင်းမှုပြုရန်၊ တင်ပို့သွင်းယူခြင်းများလုပ်ရန်။*

– သုတေသနပြု၊ ဖေါ်ထုတ်၊ တည်ဆောက်၊ ထုတ်လုပ်၊ ပြင်ဆင်ရန်။ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကုန်သွယ်ခြင်းကို ဆောင်ရွက်ရန် - နှစ်မျိုးသုံး ပစ္စည်းများအား ငှားရမ်းခြင်း၊ တင်ပို့ခြင်း၊ တင်သွင်းခြင်း (လူမှုစီးပွားရေးဆိုင်ရာ စုတည်ရာလည်းဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက်ပါ အသုံးပြုနိုင်သော နည်းပညာ ကိရိယာများ၊ ဝန်ဆောင်မှုများ၊ ထောက်ပံ့ပစ္စည်းများနှင့် သုံးကုန်ပစ္စည်းများလည်း ပါဝင်ပါသည်။)

Viettel စီးပွားရေးအုပ်စု၏ မူလပဏာမ ရည်ရွယ်ချက်သည် စစ်ရေးအတွက် ဖြစ်ကြောင်း ရှင်းလင်းစွာ လုပ်ထားပြီး "အရပ်ဘက်" ဆက်သွယ်ရေးလုပ်ငန်းများသည် ကာကွယ်ရေးနှင့် နိုင်ငံရေးဆိုင်ရာ ဦးတည်ချက်များအတွက် ကိရိယာတခုသာ ဖြစ်သည်။

အထူးစိုးရိမ်ဖွယ်ရာကိစ္စရပ်မှာ Viettel အနေဖြင့် ပဲ့ထိန်းဒုံးကျည်များ (guided missiles) ၊ ရေဒါများနှင့် မောင်းသူမဲ့ လေကြောင်းသုံးယာဉ်များ (unmanned aerial vehicles) အပါအဝင် စစ်ဘက်နှင့် နှစ်မျိုးသုံး နည်းပညာများ သုတေသနပြုမှုနှင့် ဖေါ်ဆောင်မှုတွင် သိသာထင်ရှားသည့် အရင်းအမြစ်များကို ရင်းနှီးမြုပ်နှံနေခြင်းဖြစ်သည်။ Viettel အနေဖြင့် စောင့်ကြည့်မှု စွမ်းဆောင်ရည်ပါရှိသည့် မောင်းသူမဲ့ လေကြောင်းသုံးယာဉ်ကို စတင်ထုတ်လုပ်လျက်ရှိနေပြီး ဒုံးကျည်များပါ တပ်ဆင်ရန် စီစဉ်လျက်ရှိနေသည်။ [65] မောင်းသူမဲ့ လေကြောင်းသုံးယာဉ်နှင့် မောင်းသူမဲ့ လေကြောင်းသုံးယာဉ်ဆိုင်ရာ လက်နက်များ ဖေါ်ထုတ်မှုကို Viettel Aerospace Institute (VTX) အနေဖြင့် လုပ်ဆောင်ဖွယ်ရာရှိသည်။[66]

လက်တလော ထုတ်ဝေသော Viettel သိပ္ပံစာစောင်များက စစ်ရေးအတွက် ဖြစ်သော ဉာဏ်ရည်တု အသုံးပြမှု ပါဝင်သည့် ကုမ္ပဏီ၏ သုတေသနနှင့် ဖေါ်ထုတ်မှု ရည်မှန်းချက်များအပေါ် ထိုးထွင်းသိမြင်နိုင်မှုကို ပေးပါသည်။ သုတေသနစီမံကိန်းများတွင် "စမတ်ကျသော" ပဲ့ထိန်းစနစ်သုံး ခဲယမ်းများအား ("smart" guided munitions) ထိန်းချုပ်မှုစနစ်တစ်ရပ်အား ပုံစံတူလေ့ကျင့်မှု၊[67] အထူးသဖြင့် အီလက်ထရောနစ်စစ်ဆင်မှုများအတွက် *"raster စနစ်ဖြင့် ကွန်ပြူတာဖန်သားပြင်ပေါ်က ဖန်တီးမြေပြင်ပေါ်တွင် မြင်ကွင်းတွက်ချက်မှု ညွှန်ကြားမှုအစီအစဉ် တစ်ရပ် (algorithm for viewshed computation on raster terrain)"*[68]၊ ပစ်မှတ်ရောက်အောင် ပျံသန်းနိုင်သည့် မောင်းသူမဲ့ ဒုံးကျည်များအတွက် အသံထိန်းချုပ်စနစ်တစ်ခု (a damping controller for autopilot homing missiles)[69]၊ ကမ်းရိုးတန်းစောင့်ကြည့်ရေး ရေဒါများအတွက် ပုံမှန်မဟုတ်သော ရွေးလျှားပစ်မှတ် ရှာဖွေရေးစနစ်တို့ [70] ပါဝင်သည်။

စစ်လက်နက်ထုတ်လုပ်မှုကဏ္ဍတွင်ရှိသော Viettel ၏ ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်များကို ၎င်းတို့၏မူပိုင်ခွင့် တင်သွင်းမှု ဆောင်ရွက်ချက်များမှာလည်း နောက်ထပ်တွေ့နိုင်ပါသေးသည်။ ၂၀၁၉-၂၀၂၀ ခုနှစ် အမေရိကန်

ပြည်ထောင်စုမူပိုင်ခွင့် တင်သွင်းမှုများမှ ရွေးချယ်မှုတစ်ခုတွင် ဒုံးပျံများနှင့် မောင်းသူမဲ့လေယာဉ်များ၌ အသုံးပြုနိုင်သည့် တောင်ပံတပ်ဆင်အသုံးပြုမှုစနစ်တစ်ရပ်၊[71] ရေပြင်ပစ်မှတ် စောင့်ကြည့်ထောက်လှမ်းရေးစနစ်တစ်ရပ်၊[72] မောင်းသူမဲ့လေယာဉ် ထောက်လှမ်းရေးအတွက် ပုံရိုက်နိုင်စွမ်းမြင့်မားသည့် တောက်လျှောက် အနီးစွဲမှန်ဘီလူးစနစ်၊[73] optical focusing စနစ်တစ်ခု၊[74] အာရုံခံစနစ်ပါ ရေဒါမှတဆင့် ပစ်မှတ်ခြေရာခံနည်းစနစ်၊[75] ပျံသန်းပစ်မှတ် ရှာဖွေ သတ်မှတ်ပေးသည့် နည်းလမ်းတစ်ခု၊ [76] စစ်သုံးရေဒါများနှင့် ဆက်သွယ်ရေးစနစ်များတွင် အသုံးပြုနိုင်သည့် မြင်တွေ့မလွယ်သော အမြင့်နိမ့် အင်တာနာတစ်ခု၊[77]စင်ပြိုင်ရှိနေသော ရိုဘော့စနစ်များကို တစ်ခုတည်းအပေါ်တွင် ထားရှိနိုင်မည့် စပရိန်သုံး ထောက်ကူပြုစနစ်တစ်ခု၊[78]နှင့် လေဆာအသက်သွင်းမှုအတွက် အသံထိန်းနည်းစနစ်တစ်ခု[79] တို့ပါဝင်ပါသည်။

Viettel ၏ စည်းမျဉ်းများအောက်တွင် မြန်မာကဲ့သို့သော နိုင်ငံခြားစျေးကွက်များ အပါအဝင် ကြေးနန်း ဆက်သွယ်ရေး အရင်းအမြစ်များကို ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အသုံးပြုနိုင်ရန် လုပ်ပိုင်ခွင့် ပေးထားပါသည်။ ဥပဒေ ပုဒ်မ ၁၆ တွင် Viettel အနေဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေး ရည်ရွယ်ချက်များအတွက် ကြေးနန်းဆက်သွယ်ရေးနှင့် ရုပ်မြင်သံကြားကို သုံးရန် တာဝန်ရှိသည်။ ထိုအပိုင်းက Viettel အား ဗီယက်နမ် ပြည်သူ့တပ်မတော် အစိတ်အပိုင်းများ၏ အရင်းအမြစ်များအား အသုံးပြု၍ စီးပွားရေး လုပ်ငန်းစုများနှင့် ဆက်စပ်နေသည့် ကာကွယ်ရေးနှင့် လုံခြုံရေးတို့ကို ဆောင်ရွက်ရန်နှင့် နိုင်ငံခြား အဖွဲ့အစည်းများအတွက် စစ်လက်နက် ကိရိယာများ ထုတ်လုပ် ထောက်ပံ့ရန်တို့အတွက် ခွင့်ပြုထားပြီး ဤခွင့်ပြုချက်အတိုင်းပင် Viettel က မြန်မာနိုင်ငံတွင် သွားရောက်လုပ်ဆောင်နေခြင်းမှာ အထင်အရှားပင်ဖြစ်သည်။ ဥပဒေပုဒ်မ ၂၁ တွင် *"နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ထုတ်လုပ် ပံ့ပိုးရန် သို့မဟုတ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန်အတွက်"* နှင့် စစ်တပ်ပိုင် အရင်းအမြစ်များကို အသုံးပြုရန် အပါအဝင် Viettel၏ နိုင်ငံတော် ကာကွယ်ရေး တာဝန်ရှိမှုများကို ဖော်ပြ ထားပါသည်။ ဤသည်က Viettel အား မြန်မာနိုင်ငံတွင် စစ်ဘက်ရေးရာ အခန်းကဏ္ဍတစ်ရပ်ကို လုပ်ပိုင်ခွင့် ပေးနေသည်။

Viettel အနေဖြင့် တရားမဝင်လုပ်ဆောင်မှုများနှင့် လူ့အခွင့်အရေးကို အလေးမထားကြောင်း နောက်ကြောင်း မှတ်တမ်း ရှိပြီးဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အမေရိကန်၌ လုပ်ဆောင်နေသည့် Viettel ၏ အလုပ်အမှုဆောင် တစ်ဦးဖြစ်သူ Huy Quang Bui သည် အဝေးပစ်ဒုံးကျည် အစိပ်အပိုင်းများကို တိုင်းပြည်အပြင် ခိုးထုတ်ရန် ကြံစည်မှုဖြင့် ထောင်ဒါဏ် ၁၂ လနှင့် ၁ ရက် အချခံရသည်။ Viettel အနေဖြင့် အမေရိကန်တွင် ရာဇဝတ်မှု ဆိုင်ရာ လှုပ်ရှားမှုများ လုပ်ဆောင်သည်ဟု စွဲဆိုချက်များမှ ရှောင်ထွက်နိုင်ရန်အတွက်[80] နိုင်ငံတကာ ဖုန်းခေါ်ကဒ်များ ရောင်းသည့် VTA Telecom အနေဖြင့် မှတ်ပုံတင်ကာ အရပ်ဘက် ဆက်သွယ်ရေး လက်အောက်ခံ ကုမ္ပဏီအသွင် ခံယူထားပါသည်။ Viettel အနေဖြင့် ၎င်း၏ တရားဝင်နာမည်ဖြစ်သော "စစ်တပ် ကြေးနန်းဆက်သွယ်ရေး စက်မှုလုပ်ငန်းအုပ်စု" အောက်တွင် ဖက်ဒရယ် ဆက်သွယ်ရေး ကော်မရှင်ထံတွင်

၎င်း၏ စီးပွားရေးကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းဖြင့် ၎င်း၏ ရည်ရွယ်ချက်ကို ဖုံးကွယ်ခဲ့ပြီး ဤကုမ္ပဏီကို ဗီယက်နမ်နိုင်ငံ၏ နိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနက အပြည့်အဝ ပိုင်ဆိုင်ပြီး လည်ပတ်သည်ကို ဖွင့်ဟ မပြခဲ့ပါ။ OneZero အမှုကို စုံစမ်းခဲ့သော Mark Harris ဆိုသူ နည်းပညာ ဂျာနယ်လစ်တစ်ဦးက-

> *သူ့အနေနဲ့ [Bui] ဖုန်းခေါ်ကဒ်တွေအပေါ်မှာဘဲ အာရုံထားဘို့ ရည်ရွယ်ထားပေမယ့် ဗီယက်နမ်မှာရှိတဲ့ သူ့အထက်လူကြီးတွေက Viettel အတွက် ပစ္စည်းအမျိုးမျိုး စုဆောင်းရယူပေးဘို့ မကြာခဏဆိုသလို အခိုင်းခံရတယ်။ အဲဒီ နွေရာသီစောစောပိုင်းက ခရီးသွားလေယာဉ်ပျံတွေနဲ့ ဂြိုလ်တုတွေမှာလဲသုံး၊ ဗုံးတွေ၊ ဒုံးကျည်တွေနဲ့ တော်ပီဒိုတွေမှာလဲသုံးတဲ့ ရှုပ်ထွေးနက်နဲတဲ့ လူပ်ရှားမှု ခြေရာခံပစ္စည်းတခုကို ရဖို့ စပြီး ညှိနှိုင်းမှုတွေ လုပ်ခဲ့တယ်။ ၂၀၁၅ ခုနှစ် ဇွန်လမှာ ဖလော်ရီဒါကုမ္ပဏီတစ်ခုကို ဗီဒီယိုခြေရာကောက် စနစ် ၁၀ ခုကို ဝယ်ယူဖို့ ချဉ်းကပ်ခဲ့တယ်။ အဲဒီအချိန်မှာ သူတို့ ဘာကိုရည်ရွယ်သုံးစွဲဘို့ အတွက်ဆိုတာ ထွေပြားမှု မရှိတော့ဘူး။ အဲဒီခြေရာကောက်စက်တွေဟာ အမေရိကန် နိုင်ငံတကာ ကုန်ကူးမှုနှင့် လက်နက်များဆိုင်ရာ စည်းမျဉ်းများ (U.S. International Traffic and Arms Regulations) အောက်မှာ "သိသာထင်ရှားသည့် စစ်ဘက်ဆိုင်ရာ ကိရိယာ" အဖြစ် သတ်မှတ်ထားတာ ဖြစ်ပြီး တင်ပို့ခြင်းကို တင်းတင်းကြပ်ကြပ် ထားရတာဖြစ်ပါတယ်။ ဩဂုတ်လမှာဘဲ တတိယကုမ္ပဏီ တစ်ခုကနေ ဒုံးကျည်တစ်ခုရဲ့ စက်မှုပိုင်းဆိုင်ရာ အစိတ်အပိုင်းတွေကို ဝယ်ယူဘို့ Bui က ထပ်မံကြိုးစား ပြန်ပါတယ်။ ရောင်းချသူက သူ့ကို ဒီပစ္စည်းဟာ ITAR မှ ထိန်းချုပ်ကန့်သတ်ထားတဲ့ဟာ ဖြစ်တယ်လို့ ပြောတဲ့အခါ Bui က သူ့မှာ ပို့ကုန်လိုင်စင်တစ်ခု ရအောင်လုပ်ဖို့ အချိန်မရှိတော့ဘူး၊ စာချုပ်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းအားလုံးမှာ သူနဲ့ VTA ရဲ့ နာမည်တွေ ဖြုတ်ပေးဘို့ တောင်းဆိုပါတယ်။ Bui ဟာ တယ်လီဖုန်းကဒ်တွေ ရောင်းတာကနေ Harpoon လို့ခေါ်တဲ့ အမေရိကန် စစ်တပ်ရဲ့ သဘော်ခွင်း ဒုံးကျည်တွေအတွက် လုပ်ထားတဲ့ အင်ဂျင်တွေကို ဝယ်တဲ့အဆင့်ကို တက်လှမ်းခဲ့တာ ဖြစ်ပါတယ်။*[81]

၂၀၁၈ ခုနှစ် ဇွန်လတွင် "*ကန့်သတ်ထားခြင်းမရှိဘဲ ရေဒါ ကိရိယာနှင့် အခြား ကာကွယ်ရေး သို့မဟုတ် နှစ်မျိုးသုံး နည်းပညာများ အပါအဝင် အမေရိကန် သို့မဟုတ် အမေရိကန်လိုင်စင် ပြုလုပ်ထားသည့် နည်းပညာကို VTA မှ ရရှိအောင် ကူညီရေးတွင် ပါဝင်ရန်*" ဥပဒေအဖွဲ့ဖြစ်သော McDermott Will & Emery ကို ငှားရမ်းခဲ့သည်။[82]

ကမ္ဘောဒီးယားနိုင်ငံတွင် Viettel ၏ လက်အောက်ခံဖြစ်သော Metfone သည် အင်အားကြီး မိုဘိုင်းဖုန်း လုပ်ဆောင်သူဖြစ်သည်။ Metfone ၏ ဘုတ်အဖွဲ့တွင် ကမ္ဘောဒီယားနိုင်ငံ၏ အာဏာကြီးသူ ဝန်ကြီးချုပ် ဟွန်ဆန်၏ သမီးဖြစ်သူ Hun Mana ပါဝင်ပြီး Viettel သည် လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို ချိုးဖောက်သူများဖြစ်သည့် စစ်တပ်နှင့် ရဲတပ်ဖွဲ့ကို တက်ကြွစွာ ထောက်ပံ့သည်။[83] ၂၀၀၉ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၈ ဒေါ်လာဘိုး အလကားခေါ်ယူခွင့်ရှိပြီး လစဉ် ၂ ဒေါ်လာဘိုး အလိုအလျောက် ဖြည့်သွင်းပေးသည့်

ဖုန်းဆင်းမ်ကဒ်များကို လက်နက်ကိုင်တပ်ဖွဲ့များ၏ အဖွဲ့ဝင်များအားလုံးသို့ အလကားပေးသည့် မြှင့်တင်ရေး တစ်ခုကို ကြေညာခဲ့သည်။[84] ၂၀၁၀ ခုနှစ်တွင် Metfone သည် Reamရေတပ်အခြေစိုက်စခန်းနှင့် ကမ္ဘောဒီးယား ဘုရင့်လေတပ်ဖွဲ့ အမှတ် ၃၁ ၏ "*ကုန်ကျစရိတ် ထောက်ပံ့သူ*" ဖြစ်လာခဲ့ပြီး[85] ၂၀၁၀ နှင့် ၂၀၁၄ အကြားတွင် အခြေစိုက်စခန်းအတွက် ၄၆၁,၀၀၀ အမေရိကန် ဒေါ်လာကို လှူဒါန်းခဲ့သည်။[86]

၂၀၂၀ မတ်လတွင် တန်ဇန်နီးယား Viettel လက်အောက်ခံကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်နှင့် ဦးဆောင်အရာရှိ ၅ ဦးအား စုဖွဲ့လှုပ်ရှားသည့် ရာဇဝတ်မှု၊ ငွေကြေးခဝါချမှု၊ ဆက်သွယ်ရေးကိရိယာပစ္စည်းများကို တရားမဝင် အသုံးပြုမှုဖြင့် တရားစွဲဆိုခံရပြီး တန်ဇန်နီးယား တရားရုံးသို့ တက်ရောက်ခဲ့ရပါသည်။[87] Viettel အနေဖြင့် ကင်မရွန်း၊ ဘူရွန်ဒီ၊ ပီရူး၊ ဟေတီ၊ လာအိုနှင့် တီမောလက်စ်တီတို့တွင် မိုဘိုင်းဖုန်းကွန်ရက်များ အလားတူ လုပ်ဆောင်နေပါသည်။ Viettel သည် ဘယ်လာရူစ်တွင်လည်း ရင်းနှီးမြှုပ်နှံမှုကို နည်းလမ်းရှာဖွေလျက် ရှိသည်။[88]

ဗီယက်နမ်တွင် Viettel စည်းမျဉ်းများမှ ဖော်ပြထားသည်အရ ကြေးနန်းဆက်သွယ်ရေး လုပ်ဆောင်သူ တစ်ခုအဖြစ် Viettel ၏ ဈေးကွက်လွှမ်းမိုးမှုသည် ကာကွယ်ရေးနှင့် လုံခြုံရေး ရည်ရွယ်ချက်များအတွက်သာ သီးသန့်အသုံးပြုခဲ့ပြီး "အလွန်အမင်း ပြင်းထန်မှု" ဟု[89] Freedom House မှ ခေါ်ဝေါ်ခဲ့သည့် ဗီယက်နမ် ဆင်ဆာစနစ်၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ Viettel ၏ ပြည်တွင်း မိုဘိုင်းကွန်ရက်သည် ဈေးကွက်ပိုင်ဆိုင်မှု ၅၀.၆% ရှိပြီး လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ပုဂ္ဂိုလ်ရေးဘဝ လုံခြုံခွင့်တို့အပေါ် အစိုးရ၏ စနစ်တကျ ချိုးဖောက်မှုများ၏ အစိတ်အပိုင်းဖြစ်သည်။[90] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ဗီယက်နမ်၏ ချိုးဖောက်မှုသည် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများကိုလည်း ၎င်း၏ ၂၀၁၉ ဆိုင်ဘာလုံခြုံရေးဥပဒေအောက်တွင် သက်ရောက်မှုများ ဖြစ်စေပြီး ယင်းဥပဒေအရ နိုင်ငံခြား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံအတွင်း ရုံးတစ်ခုဖွင့်ရန်၊ ဒေတာ အချက်အလက်များကို ပြည်တွင်း၌သာ သိမ်းဆည်းရန်နှင့် သုံးစွဲသူ အချက်အလက်ကို ဥပဒေအောက်တွင် အစိုးရမှ တောင်းဆိုလာလျှင် ပေးအပ်ရန် လိုအပ်သည်။[91] ထင်ရှားသောဖြစ်ရပ်တခုတွင် Dong Tam ဒေသ၌ ဒေသခံရွာသားများထံမှာ မြေ ၅၀ ဟက်တာကို Viettel မှ သိမ်းယူခဲ့သည့် မြေရယူမှုကိစ္စနှင့် ဆက်စပ်၍ ကျယ်ပြန့်လာသည့် မကျေနပ်မှုများနှင့် သက်ဆိုင်သော ပါဝင်သည့် အကြောင်းအရာများကို အစိုးရ၏ တောင်းဆိုမှုကို လိုက်နာ၍ Google နှင့် Facebook မှ ဆင်ဆာလုပ်ပေးခဲ့သည်။[92] "Facebook နှင့် Google တို့သည် ဗီယက်နမ်တွင် အွန်လိုင်းပေါ်၌ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဗီယက်နမ်အစိုးရ၏ စနစ်တကျ ဖိနှိပ်မှုတွင် ပူးပေါင်းကြံစည်သည့် အခန်းကဏ္ဍတွင် ပိုမိုထင်ရှားစွာ ပါဝင်လာခဲ့ပြီး" နိုင်ငံတော်အား ဝေဖန်သည့် အကြောင်းအရာများကိုဆင်ဆာလုပ်၍ အကောင့်များကို ပယ်ဖျက်နေသည်ဟု နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့မှ တွေ့ရှိခဲ့သည်။[93]

ကြေးနန်းဆက်သွယ်ရေး "ပြုပြင်ပြောင်းလဲမှု" - စစ်ပုံစံ

- Mytel အား ကမ္ဘာ့ဘဏ်မှ ပံ့ပိုးသည့် ဆက်သွယ်ရေးကဏ္ဍ အသွင်ကူးပြောင်းမှု ဆက်စပ်အခြေအနေတွင် ဖန်တီးထားခြင်းဖြစ်သည်။

- ဤကဏ္ဍကို အသွင်ကူးပြောင်းမှုလုပ်ရာ၌ မြန်မာစစ်တပ်မှ အရေးပါသည့် အခြေခံအဆောက်အအုံကို ထိန်းချုပ်စေနိုင်မည်၊ လူထုအား စောင့်ကြည့်မှုကို ဆောင်ရွက်နိုင်မည်၊ နည်းပညာကို ရရှိနိုင်မည်၊ ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းစေမည့် ပုံစံတစ်ခုဖြင့် ဆောင်ရွက်သကဲ့သို့ ဖြစ်ခဲ့သည်။

- Mytel မြန်မာအစိုးရက ဖော်ဆောင်သော အများပိုင်နှင့် ပုဂ္ဂလိက ဖက်စပ်တစ်ခုဖြစ်ပြီး စစ်တပ်ပိုင် Star High ကို အများပြည်သူပိုင် အစုရှယ်ယာပိုင် အဖြစ် ခန့်အပ်ခဲ့သည်။ Mytel တွင် မြန်မာပြည်သူများ၏ အကျိုးစီးပွား ရှိသည်ဆိုသော်ငြား ဤစီးပွားရေးလုပ်ငန်းကို ပွင့်လင်းမြင်သာမှုမရှိစွာဖြင့် လည်ပတ်လုပ်ဆောင်ခဲ့သည်။ အကျိုးအမြတ်များကိုလည်း အလွဲသုံးစား ပြုခဲ့သည်။

- Mytel ၏ ပြည်တွင်း ပုဂ္ဂလိက ရှယ်ယာပိုင်ရှင်ဖြစ်သော Myanmar National Telecom Holdings သည် ခရိုနီ ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးတူ ယာယီ ပူးပေါင်းအဖွဲ့တစ်ခုဖြစ်ပြီး တချို့မှာ မြန်မာစစ်တပ်၏ မိသားစုများ၊ စစ်တပ်နှင့် ကုန်သွယ်မှု အချိတ်အဆက် ရှိနေသူများ ဖြစ်သည်။

- Mytel သည် စီးပွားပြိုင်ဖက်များကို အားလျော့ချိန်ခြင်း၊ လူကြိုက်များသည့် အကြောင်းအရာများကို စီစဉ်ပေးခြင်းအားဖြင့် ၎င်း၏ စာရင်းသွင်းအသုံးပြုသူများ အခြေခံကို ကြီးထွားလာစေခဲ့သည်။

၂ (၁) Mytel: "အများပိုင်နှင့် ပုဂ္ဂလိက ဖက်စပ်" စစ်တပ်ခရိုနီ

၂ (၂) မြန်မာအမျိုးသား ဆက်သွယ်ရေးဦးပိုင်

၂ (၃) Mytel ၏ ပထမဆုံး ခေါ်ဆိုမှု

၂ (၄) ဖျော်ဖြေရေးက သတ်ဖြတ်မှုကို ဖြစ်စေသည်

၂ (၅) စီးပွားရေးလုပ်ငန်းစု၏ ဝန်ဆောင်မှုများ

၂ (၆) ဆင်းမ်ကဒ် မှတ်ပုံတင်ခြင်း

အခန်း ၂။

မြန်မာပြည်တွင် ကြေးနန်းဆက်သွယ်ရေးသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့် အာဏာအောက်တွင် ရှိပါသည် (၂၀၁၆ ခုနှစ် ပြန်လည်ဖွဲ့စည်းချိန်မတိုင်ခင်အထိ ယခင်က ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန)။ ၂၀၁၂ ခုနှစ်အထိ နိုင်ငံလုံးဆိုင်ရာ ကြေးနန်းဆက်သွယ်ရေး အပေါ် တစ်ဦးတည်းမူပိုင်မှုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းစုဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က ပိုင်ဆိုင်ပါသည်။ မြန်မာနိုင်ငံ၏ စစ်အာဏာရှင် စနစ်အောက်တွင် နိုင်ငံတော် ကြေးနန်းဆက်သွယ်ရေး တစ်ဦးတည်းမူပိုင်မှုသည် စစ်တပ်အား ဆက်သွယ်ရေး မျက်နှာစာအားလုံး၌ အလုံးစုံထိန်းချုပ်မှုကို ပေးခဲ့ပြီး ပုဂ္ဂိုလ်ရေးဘဝလုံခြုံမှု သို့မဟုတ် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်တို့အတွက် မည်သည့် ကာကွယ်စောင့်ရှောက်ပေးမှုမျှ မရှိခဲ့ပါ။ ကြေးနန်းဆက်သွယ်ရေး၏ အခြေခံ အဆောက်အအုံမှာလည်း ညံ့ဖျင်းလှကာ ဧရိယာလွှမ်းခြုံနိုင်မှုမှာလည်း အကန့်အသတ်ဖြစ်ပြီး ကုန်ကျမှုမှာလည်း

ကြီးမားလွန်းလှပါသည်။ စစ်အာဏာရှင်စနစ်အောက်တွင် မိုဘိုင်းလ် ဆက်သွယ်ရေးစနစ်ကို စတင် မိတ်ဆက်စဉ်က ဆင်းမ်ကဒ်တစ်ခုအတွက် ကုန်ကျစားရိတ်မှာ အမေရိကန်ဒေါ်လာ ၇၀၀၀ အထိ မြင့်မားခဲ့သည်။[94]

၂၀၁၁ ခုနှစ်၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဦးဆောင်သော အစိုးရကို ဖွဲ့စည်းပြီးနောက် စျေးကွက်အတွင်းသို့ ပြည်ပဝင်ရောက်မှုနှင့် လျင်မြန်သော ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖွင့်ပေးခဲ့သည့်ပုံစံမျိုးဖြင့် ဤကဏ္ဍကို ပြုပြင်ပြောင်းလဲခဲ့သည့် အချိန်မှာပင် မြန်မာစစ်တပ်ကို အရေးပါသော အခြေခံအဆောက်အအုံအား ထိန်းချုပ်ခြင်း၊ ပြည်သူလူထုအား စောင့်ကြည့်မှုကို ဆောင်ရွက်ခြင်း၊ နည်းပညာကို အသုံးပြုခွင့်ရစေခြင်း နှင့် ငွေကြေးအရ အမြတ်ရစေခြင်းတို့ကို ဆောင်ရွက်နိုင်စေပါသည်။ မြန်မာ့ဆက်သွယ်ရေး ဥပဒေ[95] ကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် လိုင်စင်ပြုလုပ်ခြင်း စည်းမျဉ်းများ (Licensing Rules) နှင့် ယှဉ်ပြိုင်ခြင်း၊ နံပါတ်များ သတ်မှတ်ခြင်းနှင့် ရေဒီယိုလှိုင်းများ ခွဲဝေသတ်မှတ်အသုံးပြုခြင်း စည်းမျဉ်းများ (Competition, Numbering and Spectrum Rules) တို့ကို ၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့ပါသည်။[96]

ဤပြုပြင်ပြောင်းလဲမှုများကို ကမ္ဘာဘဏ်၏ ပရိုဂျက် ၂ ခုမှ တဆင့် ထောက်ပံ့ပေးခဲ့သည်။ အမေရိကန်ဒေါ်လာ ၅၄၀,၀၀၀ တန်ဖိုးရှိသော နည်းပညာ အကူအညီ ပံ့ပိုးမှုဖြင့် Public-Private Infrastructure Advisory Facility (PPIAF) ပရိုဂျက်[97] နှင့် အမေရိကန် ဒေါ်လာ ၂၂.၅ မီလီယံ ရှိသော နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု အကူအညီ အစီအစဉ်ဖြင့် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးပရိုဂျက် (TSRP) တို့ ဖြစ်ပါသည်။[98] ပြည်ခိုင်ဖြိုး ဦးဆောင်သော အစိုးရက ဤပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ချခဲ့ခြင်းဖြစ်ပြီး ဤအစီအစဉ်က နိုင်ငံတကာ ရာဇဝတ်မှုများကို အကျိုးဆောင်ခဲ့သည့် လုပ်ထုံးလုပ်နည်းများအတွက် အခြေအနေကို ဖန်တီးပေးထားသည်။ ၎င်းကို ဤအစီရင်ခံစာတွင် ဆွေးနွေးသွားမည်ဖြစ်သည်။

ကမ္ဘာဘဏ်မှ (PPIAF) ပရိုဂျက်၏ အခန်းကဏ္ဍကို အသေးစိပ် ဖော်ပြရာ၌ -

> *၂၀၁၃ ခုနှစ်တွင် စည်းမျဉ်းလုပ်ထုံးများနှင့် ပတ်သက်၍ အဓိက တာဝန်ခံ စာတိုက်နှင့် ကြေးနန်း ဆက်သွယ်ရေးဌာနကို (PPIAF) က နည်းပညာအကူအညီ ထောက်ပံ့မှုကို ပေးခဲ့သည်။ ဤနည်းပညာ ထောက်ပံ့မှု အကူအညီက လုပ်ဆောင်လည်ပတ်မှုကဏ္ဍ လမ်းပြမြေပုံတစ်ခု ပေါ်ပေါက်ရေး၊ စည်းမျဉ်း မူဘောင်တစ်ခုကို ပုံစံဆွဲရေးနှင့် အကောင်အထည်ဖော်ရေးတို့ကို ထောက်ပံ့ခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍ လွတ်လပ်မှုဖော်ဆောင်ရေးနှင့် ပတ်သက်သည့် အကြောင်းကိစ္စရပ်များကို ဆောင်ရွက်ရမည့် ကြေးနန်း ဆက်သွယ်ရေးဌာနအတွင်းရှိ နည်းပညာနှင့် အုပ်ချုပ်မှု အရည်အသွေး ဖွံ့ဖြိုးရေးအတွက် ကူညီခဲ့သည်။ ဆက်သွယ်ရေး စည်းမျဉ်းများဆိုင်ရာ နိုင်ငံတကာ၏ အကောင်းဆုံးကျင့်သုံးမှုများ အစီရင်ခံစာကို ဝန်ကြီးဌာနသို့ ပေးအပ်ခဲ့ပြီး မြန်မာ့အခြေအနေနှင့် ကိုက်ညီမည့် ဆက်သွယ်ရေးစည်းမျဉ်းများ ပုံစံဆွဲရေးဖြစ်စဉ်အတွက် အကြံပြုချက်များလည်း ပေးခဲ့သည်။ ထို့မှတဆင့် လိုင်စင်ပြုလုပ်ခြင်း၊*

ယှဉ်ပြိုင်ခြင်း၊ အသုံးပြုခွင့်ရမှုနှင့် အပြန်အလှန်ဆက်သွယ်ချိတ်ဆက်မှု၊ ရေဒီယိုလှိုင်းနှုန်းများ သတ်မှတ်သုံးစွဲခြင်းနှင့် နံပါတ်များ သတ်မှတ်ခြင်းတို့အပေါ် အဓိကကျသော စည်းမျဉ်းတစ်စုံကို တဆင့်ပြီးတဆင့် မူကြမ်းရေးဆွဲခဲ့ပြီး အပြီးသတ်နိုင်ရေးအတွက် အများပြည်သူနှင့် အကြံဉာဏ် ရယူခြင်းတို့ကို ဆောက်ရွက်နေသည်။ [99]

မြန်မာစစ်တပ်အတွက် တနည်းတဖုံအားဖြင့် ကြီးမားသည့် အကျိုးအမြတ်ဖြစ်စေသော ဈေးကွက် လွတ်လပ်မှု ပြုရေးသည် ကမ္ဘာဘဏ်၏ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အောက်တွင် ဆက်လက် ပြုလုပ်နေသည်။ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ရှိ အစိတ်အပိုင်း ၄ ခုအနက် တစ်ခုမှာ *"ကဏ္ဍအလိုက် အသွင်ကူးပြောင်းမှု အစီအစဉ်၏ အကျိုးအမြတ်များကို အမြင့်မားဆုံးဖြစ်စေရန်၊ မူဝါဒနှင့် စည်းမျဉ်းပိုင်း ပိတ်ဆို့မှုကို ဖြေရှင်းရန်အတွက် နည်းပညာ အကူအညီအပေါ် အာရုံထား၍ စွမ်းဆောင်နိုင်သော ဝန်းကျင်တရပ်ကို ဖန်တီးရန်" ဖြစ်သည်။* ဤသည်မှာ ဆက်သွယ်ရေးကဏ္ဍအတွင်းသို့ ပုဂ္ဂလိကကဏ္ဍမှ ဝင်ရောက်လာနိုင်ရေးကို အကျိုးဆောင်ရန် ရည်ရွယ်လိုခြင်းဖြစ်သည်။ စွမ်းဆောင်နိုင်မှုကို ဖော်ပြသည့် အဓိကညွှန်းကိန်းများထဲမှ တစ်ခုမှာ လိုင်စင်ယူထားသော ဆက်သွယ်ရေး လုပ်ဆောင်သူများ၏ အရေအတွက် ဖြစ်သည်။ လိုင်စင်ယူထားသော လုပ်ဆောင်သူများတွင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း၊ Mytel နှင့် စစ်တပ် ခရိုနီများ ပါဝင်လာသည်နှင့်အမျှ ကမ္ဘာဘဏ်၏ စီမံချက်ပုံစံသည် စစ်တပ်နှင့် ခရိုနီတို့ လိုင်စင်ရရှိသူများအဖြစ် ဝင်ရောက်လာခြင်းကို အောင်မြင်မှု လက္ခဏာအဖြစ် ရေတွက်သကဲ့သို့ ဖြစ်နေသည်။[100]

မြန်မာနိုင်ငံ၏ ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေက "လုံခြုံရေး" ရည်ရွယ်ချက်များအတွက် ဆက်သွယ်ရေးကို အသုံးပြုရန်နှင့် စောင့်ကြည့်မှုအား လုပ်ဆောင်ရန်အတွက် စစ်တပ်မှ လုပ်ပိုင်ခွင့်ကို ပေးအပ်ခဲ့ပြီး ဒီမိုကရေစီ နည်းကျ အခြေခံစံနှုန်းများကို ပြည့်မီရန် ပျက်ကွက်ခဲ့သည်။ ဥပဒေ၏ အဓိက ဦးတည်ချက်များထဲမှ တခုဖြစ်သော ၄ (c) က *"နိုင်ငံတော်၏ တည်ငြိမ်မှုနှင့် လုံခြုံမှုကို သေချာစေရန် ရည်ရွယ်ချက်အတွက် ဆက်သွယ်ရေး ဝန်ဆောင်မှုများ၊ ကွန်ရက် အဆောက်အအုံများ နှင့် ဆက်သွယ်ရေး ကိရိယာများကို ကြီးကြပ်ရန်"*[101] ဟု ဖေါ် ပြပြီး လုံခြုံရေးတွင် တစ်ဦးတည်း ချုပ်ကိုင်ထားသော စစ်တပ်အား ဗဟိုချက်ကျသော အခန်းကဏ္ဍကို ပေးအပ်လိုက်သည်။ ဥပဒေပုဒ်မ ၇၇ အောက်တွင် လိုင်စင်ရှိသူများကို ရပ်ဆိုင်းခြင်း၊ ကြားဖြတ်နားထောင်ခြင်း သို့မဟုတ် ဆက်သွယ်ရေးများကို လွှဲပြောင်းသိမ်းယူခြင်းများအား ဆောင်ရွက်နိုင်သည့် အရေးပေါ် အာဏာကို စစ်တပ်အား ပေးအပ်ထားသည်။ ဥပဒေပုဒ်မ ၈၂ အောက်တွင် စစ်တပ်အနေဖြင့် အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မလိုဘဲ ကြေနန်းဆက်သွယ်ရေး လုပ်ငန်းများအား ဆောင်ရွက်နိုင်သည်။ ထိုလုပ်ပိုင်ခွင့်အာဏာများကို မြန်မာပြည်သူများအတွက် လုံလောက်သည့် မည်သည့်ကာကွယ်မှုမှ ပေးမထားဘဲ ဥပဒေအား စစ်တပ်မှ မည်သို့ကျင့်သုံးသည်၊ မည်သို့အလွဲသုံးစားပြုသည် ဆိုသည်တို့အပေါ် ပွင့်လင်းမြင်သာမှု ဘာမှမရှိပါ။

မြန်မာပြည် အနောက်ဖက်တွင် တစ်နှစ်ကျော် ကြာနေပြီဖြစ်သော အင်တာနက် ဖြတ်တောက်မှုကို အသက်ဝင်စေရန်အတွက် ဥပဒေပုဒ်မ ၇၇ ကို အသုံးပြုခဲ့ပြီး [102] နောက်ပိုင်းတွင် "ခေတ်မရှိတော့သော" 2G ကွန်ရက်ကို ပြန်လည်အသုံးပြုခွင့်ရသည်မှာလည်း *"လက်တွေ့အခြေအနေတွင် ထိုဒေသများ၌ အင်တာနက် လက်လှမ်းမီမှုကို ထိရောက်စွာ ငြင်းပယ်ခံနေရဆဲဟု အဓိပ္ပာယ်ရပါသည်။"*[103] အလားတူ အစိုးရမှလည်း တိုင်းရင်းသားမီဒီယာ ဆိုဒ်များနှင့် ဤအစီရင်ခံစာ ရေးသားသူ Justice For Myanmar ၏ ဝက်ဘ်ဆိုဒ်ကို ပိတ်ပင်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။[104] ဤလုပ်ဆောင်ချက်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအား ချိုးဖောက်မှု တစ်ရပ်ဖြစ်သည်။ Human Rights Watch ၏ အဆိုအရ သတင်းအချက်အလက် အသုံးပြုခွင့်ရမှုကို ပိတ်ဆို့ခြင်းသည် ပြည်သူများအား ကိုဗစ်-၁၉ အန္တရာယ်ပိုမို ဖြစ်စေပြီး မြန်မာစစ်တပ်မှ ထိုဒေသများတွင် ကျူးလွန်နေသော ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အစီရင်ခံခြင်းကို တားဆီးနေခြင်းဖြစ်သည်။[105]

ဆက်သွယ်ရေးဥပဒေကို တက်ကြွလှုပ်ရှားသူများအပေါ် ပုံမှန် အသုံးချနေပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုအတွက် သေချာသည့် ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်။ ပုဒ်မ ၆၆ (ဃ) က *"ဆက်သွယ်ရေးကွန်ယက်ကိုသုံးပြီး လူတစ်ယောက်ကိုခြောက်လှန့်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောက်ယှက်ခြင်း၊ မလျော်ညှာသုံးခြင်း၊ ခြိမ်းခြောက်ခြင်း"* အတွက် ထောင်ဒါဏ် ၃ နှစ်အထိ သတ်မှတ်ထားသည်။ "Say No to ၆၆ (ဃ)" ကမ်ပိန်းမှ ရာဇဝတ်ကြောင်းဖြင့် တိုင်ကြားမှု ၂၁၀ မှု ကို မှတ်တမ်းတင်ခဲ့ပြီး ဆယ်သွယ်ရေးဥပဒေဖြင့် တရားရေးဆိုင်ရာ ထိပါးနှောက်ယှက်မှုသည် "အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အောက်တွင် သိသာထင်ရှားစွာ တိုးမြှင့်လာခဲ့ကြောင်း" တွေ့ရှိထားသည်။[106]

ဆက်သွယ်ရေး ပြုပြင်ပြောင်းလဲမှု အစိတ်အပိုင်းအဖြစ် ဆက်သွယ်ရေး ဥပဒေ အခန်း ၈၆ တွင် ဖော်ပြထားချက်အရ လွတ်လပ်သည့် ဆက်သွယ်ရေးကော်မရှင်ကို အစိုးရမှ ဖွဲ့စည်းတည်ထောင် ပေးရမည်ဖြစ်သည်။ လွတ်လပ်သော ဆက်သွယ်ရေးကော်မရှင်တစ်ခုသည် မြန်မာ ဆက်သွယ်ရေး အသုံးပြုသူများကို ကာကွယ်ပေးနိုင်ရမည်ဖြစ်သည်။ သို့သော်လည်း ဤကော်မရှင် မဖြစ်ပေါ်သေးသလို ဥပဒေ၏ လုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံ၏ အာဏာရှင် ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်တို့အောက်တွင် ကော်မရှင်တစ်ခုအနေဖြင့် မြန်မာစစ်တပ်အပေါ် ကျော်လွန်၍ အမိန့်အာဏာ ကျင့်သုံးနိုင်မည် မဟုတ်ပါ။

၂၀၁၄ ခုနှစ်တွင် အဆိုပြုထားသည့် ကော်မရှင်အစား ရှေ့ပြေးဖြစ်နိုင်မည့် အမျိုးသား ဆက်သွယ်ရေး အကြံပေးကော်မတီ တစ်ရပ်ကို အစိုးရမှ ထူထောင်ခဲ့ပါသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန အသိပေးစာ အမှတ် ၁၉/၂၀၁၄ အောက်တွင် မြန်မာစစ်တပ်၏ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် သော်လွင်အား ကော်မတီတွင် အစိုးရမှ ခန့်အပ်လိုက်ခဲ့ခြင်းအားဖြင့် စစ်တပ်၏ အကျိုးစီးပွားများကို ကာကွယ်ပေးပြီး စစ်တပ်ကို အရပ်ဘက်ဆိုင်ရာ ဆက်သွယ်မှုအပေါ် တိုက်ရိုက်အာဏာကို

ပါ ပေးအပ်ခဲ့သည်။ ဗိုလ်မှူးချုပ်သော်လွင်သည် ဆက်သွယ်ရေးနှင့် ဆက်စပ်သော အခြားစီးပွားရေးများအပြင် လည်ပတ်နေသည့် ၎င်းတို့ကိုယ်ပိုင် အခြေခံအဆောက်အအုံမဲ့ မိုဘိုင်းလ်ကွန်ရက်ကို လည်ပတ်နေသည့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ညွှန်ကြားရေးမှူး ဖြစ်နေခြင်းက အကျိုးစီးပွား ပဋိပက္ခတစ်ရပ် ဖြစ်နေပါသည်။ Justice For Myanmar အနေဖြင့် ထိုကော်မတီ လည်ပတ်နေဆဲ ဖြစ်မဖြစ်ကို အတည်မပြုနိုင်ပါ။

မည်သည့်လွတ်လပ်သော ကော်မရှင်များ ဖွဲ့စည်းသည်ဖြစ်စေ လက်ရှိ သို့မဟုတ် အငြိမ်းစား စစ်ဘက်ဆိုင်ရာ ခန့်အပ်မှုများ ရှိနေနိုင်သည်ဖြစ်၍ စစ်တပ်၏ အကျိုးစီးပွားများကို ကာကွယ်နေအုံးမည်ဖြစ်သည်။ ဤသည်ကို ၂၀၁၅ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအောက်တွင် တည်ထောင်ခဲ့သော အမျိုးသား ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (National Broadcasting Development Authority) ကိစ္စတွင် တွေ့မြင်ရခဲ့သည်။ ဤအာဏာပိုင်အဖွဲ့တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ ညွှန်ကြားရေးမှူးက အဖွဲ့ဝင် တစ်ဦးအနေဖြင့် ပါဝင်ခဲ့သည်။[107]

ဆက်သွယ်ရေးဥပဒေ အတည်ပြုပြီးနောက် မြန်မာနိုင်ငံမှ ပုဂ္ဂလိက နိုင်ငံခြား သို့မဟုတ် ပုဂ္ဂလိက ပြည်တွင်းကုမ္ပဏီတခုမှ အပြည့်အဝပိုင်ဆိုင်မည့် ဆက်သွယ်ရေးလိုင်စင် ၂ ခုကို တင်ဒါခေါ်ယူသည့် အစီအစဉ်အား လုပ်ဆောင်ခဲ့သည်။ တယ်လီနော (နော်ဝေး)မှ ၁၅ နှစ်သက်တမ်း လိုင်စင်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ပေးသွင်းပြီး မြန်မာအစိုးရနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးကြောင်း ဇန္နဝါရီလ ၃၀ ရက်နေ့ ၂၀၁၄ ခုနှစ်တွင် ကြေညာခဲ့သည်။[108] အော်ရီဒူး (ကာတာ) ကိုလည်း တယ်လီနောနှင့် တရုတ်တည်းတွင် လိုင်စင်ကို ချီးမြှင့်ခဲ့သည်။[109]

ဆက်သွယ်ရေးဥပဒေ အတည်မပြုခင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းက MECTel ဟုခေါ်ဆိုသည့် အခြေခံအဆောက်အအုံမဲ့ လည်ပတ်သည့် ကွန်ရက်ကို ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် စတင်လုပ်ဆောင်ခဲ့သည်။ MECTel ၏ ဝက်ဘ်ဆိုဒ်အရ အများပြည်သူသုံး ကြေးနန်း ဆက်သွယ်ရေးကွန်ရက်တစ်ခုအတွက် ၈၀၀ မီဂါဟတ်ဇ်သုံး သတင်းအချက်အလက်များစွာကို ဆက်သွယ်ရေးလမ်းကြောင်းတခုထဲသို့ ပို့လွှင့်နိုင်သော လက်လှမ်းမီမှု (CDMA) စီမံချက်တစ်ခုကို ၂၀၁၂ တွင် ခွင့်ပြုချက်ရခဲ့ပြီး သုံးစွဲသူ ၆ သန်းရှိကြောင်း မြန်မာစီးပွားရေးကော်ပိုရေးရှင်းက ပြောဆိုခဲ့သည်။[110] ၂၀၁၄-၁၅ အတွက် ဧရာဝတီဒေသကို လွှမ်းခြုံသည့် အသုံးပြုသူ ၄၃၈,၀၀၀ရှိ ကမ္ဘာလုံးဆိုင်ရာ မိုဘိုင်းစနစ် (GSM) သတ်မှတ်ချထားပေးမှုကို ကြေညာခဲ့သည်။[111] ၂၀၁၅ ခုနှစ် မတ်လ ၂၃ ရက်နေ့အထိ မြန်မာစီးပွားရေးကော်ပိုရေးရှင်းအနေဖြင့် ဆက်သွယ်ရေးလိုင်စင်ကို ရရှိခဲ့ခြင်း မရှိဘဲ အခြေခံအဆောက်အအုံမဲ့ လည်ပတ်သည့် ကွန်ရက်လုပ်ဆောင်သူ အနေဖြင့် လိုင်စင်ကို ရရှိခဲ့သည့် တခုတည်းသော ကုမ္ပဏီဖြစ်သည်။ နိုင်ငံတကာ ဆက်သွယ်ရေးသမဂ္ဂအဆိုအရ "*Mobile Virtual Network Operators MVNOs) များဆိုသည်မှာ ကြိုးမဲ့ကွန်ရက် အခြေခံအဆောက်အအုံမရှိဘဲ သုံးစွဲသူများကို*

ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ရှိနှင့်ပြီးသား MNOs [မိုဘိုင်းကွန်ရက် လည်ပတ်သူများ] ၏ ကွန်ရက် စွမ်းရည်ကို ဝယ်ယူအစားထိုးပြီး ကြိုးမဲ့ဝန်ဆောင်မှုပေးသူများ" ကို ဆိုလိုသည်။[112] MECTel သည် မြန်မာ့ဆက်သွယ်ရေးကွန်ရက် မှတဆင့် ဤပုံစံဖြင့် လည်ပတ်နေခြင်းဖြစ်သည်။[113]မြန်မာ့ရေဒီယိုလှိုင်းစဉ် ခွဲခြမ်းသတ်မှတ်မှု လမ်းပြမြေပုံတွင် MECTel အား "မြန်မာ့ဆက်သွယ်ရေးကွန်ရက်မှ ထောက်ပံ့သော ရေဒီယိုလှိုင်းစဉ် သတ်မှတ်ထားမှုကို အသုံးပြုသည်။" ဟု ရှင်းပြထားသည်။[114]

MEC အနေဖြင့် အများပြည်သူဆိုင်ရာကွန်ရက် အသုံးပြုမှုအတွက် MPT ကို ငွေကြေး ပေးဆောင်နေခြင်း မရှိသလို MECTel ၏ အကျိုးအမြတ်များ မည်သည့်နေရာသို့ စီးဆင်းနေသည်ကိုလည်း မသိရပါ။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ အကျိုးအမြတ်များသည် လွတ်တော်တွင် ထုတ်ဖော်တင်ပြခြင်းမရှိဘဲ "ဘတ်ဂျက်ပြင်ပ" တွင် ဆက်ရှိနေသည်။[115] MECTel မှ အသုံးပြုနေသော အများပိုင်ရုံပုံငွေ၊ ပိုင်ဆိုင်မှုများနှင့် MECTel ၏ ဘဏ္ဍာရေးအား အပြည့်အဝ စာရင်းစစ်မှု အပါအဝင် MECTel နှင့် MPT၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့အကြား ဆက်ဆံရေးကို လွတ်လပ်သော ပြည့်စုံသည့် စုံစမ်းစစ်ဆေးမှုတစ်ရပ်အား လိုအပ်သည်။

နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေး လွတ်လပ်မှုကို ကာကွယ်ပေးရန် ပျက်ကွက်သည့် **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေး လွတ်လပ်မှုနှင့် လုံခြုံရေးကို ကာကွယ်သည့် ဥပဒေ**အား ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အတည်ပြုခဲ့သည်။[116] အစိုးရခွင့်ပြုချက်ဖြင့် ဆက်သွယ်မှုများကို ကြားဖြတ်နားထောင်ခွင့်ကို ဥပဒေက စိုးရိမ်ဖွယ်ရာပင် ခွင့်ပြုပေးထားပြီး ဒေတာအချက်အလက်များ စုဆောင်းခြင်းနှင့် သိမ်းဆည်းခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းတို့တွင် အကာကွယ်ပေးရန် ပျက်ကွက်နေသည်။[117] ဥပဒေအနေဖြင့် ပြည်သူများ၏ အခွင့်အရေးကို ကာကွယ်ပေးရမည့်အစား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ချိုးဖောက်ရန် အသုံးပြုခံနေရပြီး "မြန်မာနိုင်ငံ၏ လေးခုမြောက် အသရေဖျက်မှု ရာဇဝတ်မှု ဥပဒေ" အဖြစ် အသက်ဝင်နေသည်။[118] ထို့အတွက်ကြောင့် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကိုကိုက်မီသည့် အားကောင်းသော ပုဂ္ဂိုလ်ရေးလွတ်လပ်မှု ကာကွယ်ခြင်းများကို အရေးတကြီး လိုအပ်နေပါသည်။

မြန်မာအစိုးရမှ နည်းပညာအသစ် ရရှိလာသကဲ့သို့ ပြည်သူများ ရင်ဆိုင်နေရသော စောင့်ကြည့်ခံရမှု အန္တရာယ်မှာလည်း ပိုမိုဆိုးဝါးလာသည်။ Open Technology Fund မှ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ခဲ့သော အစီရင်ခံစာတစ်ခုက မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကို ကာကွယ်ပေးမည့် ကြားဖြတ်နားထောင်မှုဆိုင်ရာ တရားဝင် ဥပဒေမူဘောင် မရှိပါဘဲ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ၎င်း၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်တွင် *"တရားဝင် ကြားဖြတ်နားထောင်မှု စနစ်"* အတွက် အမေရိကန်ဒေါ်လာ ၄ သန်းနီးပါးကို လျာထားခဲ့သည်ဟု ထုတ်ဖော် ခဲ့သည်။[119] ဤစနစ်၏ စွမ်းဆောင်ရည်များထဲတွင် မိုဘိုင်းကွန်ရက်

အော်ပရေတာများကို အကျုံးဝင်စေသည့် သတင်းစကားတိုများ ပို့ဆောင်ခြင်း (SMS), ခေါ်ဆိုမှုများနှင့် အခြားဒေတာအကြောင်း ရှင်းပြပေးဝေသည့် ဒေတာအစု (metadata) တို့ကို အကွာရာစဉ်အလိုက် အညွှန်းပြုလုပ်ခြင်း (indexing) နှင့် ရှာဖွေခြင်း၊ ကွန်ရက်များအား ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း၊ တည်နေရာ ဒေတာများကို စုဆောင်းခြင်းတို့ ပါဝင်သည်။ Open Technology Fund က *"ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်ပေးရန် ဥပဒေမူဘောင်မရှိသည့် တိုင်းပြည်တစ်ခုတွင် အစိုးရမှ စောင့်ကြည့်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော်နေခြင်းမှာ လွန်စွာစိုးရိမ်ပူပန်စရာကိစ္စ ဖြစ်သည်။"* ဟု ကောက်ချက်ချခဲ့ပါသည်။[120] *"အစိုးရသည် ဖြစ်ရပ်တစ်ခုချင်းအလိုက် ခွင့်ပြုချက်တောင်းသည့် ပုံစံမျိုး မဟုတ်ဘဲ အော်ပရေတာ တစ်ဦးချင်းနှင့် အင်တာနက် ဝန်ဆောင်မှုပေးသည့် စနစ်များ (internet service providers)သို့ တိုက်ရိုက် လက်လှမ်းမီရရှိနိုင်ရန် ရည်ရွယ်သည်။"* ဟု တယ်လီနောမြန်မာက အတည်ပြုသည်။[121] တယ်လီနောက ၎င်းတို့အနေဖြင့် လူ့အခွင့်အရေးကို လိုက်နာသည့် စည်းမျဉ်းဆိုင်ရာ မူဘောင်တစ်ခုအတွက် တိုက်တွန်းနှိုးဆော်နေသည်ဟု ထုတ်ဖော်ပြောကြားချိန်မှာပင် အစိုးရက ထုတ်ပြန်သော ထိုအမိန့်ကို ၎င်းတို့က မည်သို့ပင်ဖြစ်စေ လိုက်နာနေသည်။ မိုဘိုင်း အော်ပရေတာများနှင့် အင်တာနက် ဝန်ဆောင်မှုပေးသည့် စနစ်များအပေါ် *"တရားဝင်ကြားဖြတ်နားထောင်မှု စနစ်"* ပြုလုပ်ခြင်းသည် မြန်မာစစ်တပ်၏ စောင့်ကြည့်မှု စွမ်းဆောင်ရည်ကို ပံ့ပိုးသည့် အန္တရာယ် ကြီးမားစွာရှိနေသည်။ ဤစနစ်သည် မြန်မာပြည်သူလူထု၏ ပုဂ္ဂလိက လုံခြုံခွင့်ကို အကြီးအကျယ် ချိုးဖောက်မှုတစ်ရပ်ဖြစ်ပြီး လူထု၏ အသိုင်းအဝိုင်းနယ်ပယ်နှင့် မီဒီယာလွတ်လပ်မှုအတွက် အဓိက ခြိမ်းခြောက်မှု တစ်ရပ်လည်းဖြစ်သည်။ ဤသည်က Justice For Myanmar အပါအဝင် လွတ်လပ်သော သတင်းမီဒီယာများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်း ဝက်ဘ်ဆိုဒ်များအပေါ် ဆင်ဆာပိတ်ခဲ့ခြင်းကို ရှေ့ရှုခဲ့သည့် လုပ်ရပ်ကို ဆောင်ရွက်ခဲ့သော အစိုးရ ဆိုရှယ်မီဒီယာ စောင့်ကြည့်ရေးအဖွဲ့မှ အသုံးပြုသည့် နည်းပညာအပြင် ထပ်တိုးလာခြင်းဖြစ်သည်။[122]

ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပူးပေါင်းဆက်စပ်ညှိနှိုင်းမှုနှင့်အတူ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ သတင်းအချက်အလက်ဆိုင်ရာ အတတ်ပညာနှင့် ဆိုင်ဘာလုံခြုံရေးဌာန၏ အကောင်အထည်ဖော်မှုအောက်တွင် အီလက်ထရောနစ် အစိုးရ (e-government) ဖော်ဆောင်ခြင်းအတွက် ပံ့ပိုးရန် ပါရှိသည်။[123] ၂၀၁၅ ခုနှစ်တွင် ဒီဂျစ်တယ် အကြံပေး ဝန်ဆောင်မှုအဖွဲ့ Infosys က ပြုလုပ်ပေးခဲ့သော အီလက်ထရောနစ် အစိုးရ မာစတာ အစီအစဉ် ဒီဇိုင်းကို ADB မှ ဖော်ဆောင်ခဲ့ပါသည်။ စိုးရိမ်ဖွယ်ရာပင် တင်ဒါများ စီမံခန့်ခွဲမှုအတွက် အွန်လိုင်း ဝင်ထွက်ပေါက်/စနစ် (portal system) တစ်ခုနှင့် *"ဆက်သွယ်ရေး စီမံခန့်ခွဲမှု ပေါင်းစည်း ပလက်ဖောင်း"* (integrated communication management platform) တစ်ခု ဟု ခေါ်ဆိုသည့် ကာကွယ်ရေးဝန်ကြီးဌာနအတွက် အီလက်ထရောနစ် အစိုးရ အစီအစဉ် တစ်ရပ်လည်း စစ်တပ်၏ စိတ်ဓာတ်စစ်ဆင်ရေး အစီအစဉ်အတွက် ပစ္စည်းစုဆောင်းဝယ်ယူရေးနှင့် ထောက်ပံ့ရေး ပြဋ္ဌာန်ချက်များနှင့်အတူ ထိုမှတ်တမ်းထဲတွင် ပါဝင်ပါသည်။[124] တင်ဒါစနစ်က လက်နက်များ အပါအဝင် စစ်ဘက်ဆိုင်ရာ ဝယ်ယူစုဆောင်းမှုများကို အကျိုးဆောင်ရန်အတွက် ပုံစံဆွဲထားခြင်းဖြစ်သည်။

ဆက်သွယ်ရေး ပေါင်းစည်း ပလက်ဖောင်းသည် မြန်မာစစ်တပ်၏ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ဆက်နွယ်နေပြီး *"ဘက်စုံလွှမ်းခြုံသည့် ပုံရိပ်ကို ဖေါ်ကျူးနိုင်ရန်"* ညွှန်ကြားရေးမှူးရုံး၏ မီဒီယာအစီအစဉ်အတွက် *"စုစည်းသော မဟာဗျူဟာ"* တစ်ရပ်ကို ဖေါ်ထုတ်ခြင်းပါ ပါဝင်သည်။ မျှော်လင့်သော အကျိုးအမြတ်မှာ *"ကာကွယ်ရေးတပ်ဖွဲ့များလုပ်ဆောင်သော အထောက်အကူပြုသည့်/အပြုသဘောဆောင်သည့် အလုပ်ကို နိုင်ငံသားများမှ သိရှိရေးအတွက် လုပ်ဆောင်ရန်"* ဖြစ်သည်။[125] ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု အစီအစဉ်ထဲတွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီအစဉ်ကို မည်မျှ အကောင်အထည် ဖေါ် ခဲ့ပြီးသည်ကိုမူ မသိရပါ။ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွင် *"ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူတာဝန်ခံမှုကို တိုးတက်ကောင်းမွန်စေမည့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုတွင် အစိုးရ၏ လုပ်ဆောင်မှုကို ပံ့ပိုးရန် အီလက်ထရောနစ် အစိုးရ၏ အခြေခံများကို ဖြစ်ထွန်းစေရန်။ သမ္မတမှ ၎င်း၏ပြည်သူများအား ကတိပြုထားသကဲ့သို့ အစိုးရ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို ၎င်း၏ မဲဆန္ဒရှင်များအတွက် ထောက်ပံ့ပေးရာတွင် ပိုမိုအလေးထားမှုတစ်ရပ် ထားရှိစေသည်။"* ဆိုသည့် ကဏ္ဍတစ်ရပ် ပါရှိသည်။[126] အသိပေးထုတ်ပြန်ချက် ၁၄/၂၀၁၈ တွင် အစိုးရက နိုင်ငံတော်၏ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ ကြီးမှူးမှုအောက်တွင် စစ်တပ်မှ ထိန်းချုပ်မှုရှိနေသည့် အီလက်ထရောနစ် အစိုးရအတွက် ပဲ့ကိုင်ကော်မီတရပ်ကို ထူထောင်ခဲ့သည်။ ၂၀၀၇ "ရွှေဝါရောင်" တော်လှန်ရေးအား ရက်စက်ကြမ်းကြုတ်စွာ ဖြိုခွဲခဲ့ရာတွင် ဦးဆောင်ခဲ့သည့် စစ်တပ်မှ ခန့်အပ်သူဖြစ်သော ဒု-သမတ မြင့်ဆွေမှာ ကော်မတီတွင် ဥက္ကဋ္ဌ ဖြစ်သည်။[127] ထိုကော်မတီတွင် ပြည်ထဲရေး၊ နယ်စပ်ရေးရာနှင့် ကာကွယ်ရေးဝန်ကြီးဌာနများ၏ ဝန်ကြီးများ ပါဝင်ပါသည်။ နိုဝင်ဘာလတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ၂၀၂၁-၂၀၂၅ ခုနှစ်အတွက် ဒုတိယ အီလက်ထရောနစ် အစိုးရ မာစတာ အစီအစဉ်ကို မူကြမ်းပြုစုနေသည်ဟု ကြေညာခဲ့ပြီး ထိုအထဲတွင် ဆိုင်ဘာ ရာဇဝတ်မှုနှင့် မှုခင်းဆိုင်ရာ ခြေရာခံလိုက်ခြင်းစနစ်များ ပါဝင်သည်။[128]

ကမ္ဘာဘဏ်မှ ပံ့ပိုးပေးသည့် ဆက်သွယ်ရေး ပြုပြင်ပြောင်းလဲမှုသည် မြန်မာ့ ဆက်သွယ်ရေးကဏ္ဍအတွင်း စစ်တပ်မှ လွှမ်းမိုးသည့်နေရာတစ်ရပ်ကို ရရှိသွားစေရန်အတွက် လမ်းဖွင့်ပေးသည်ဟု Justice For Myanmar မှ ကောက်ချက်ချပါသည်။ ဆက်သွယ်ရေးကဏ္ဍအတွင်း စစ်တပ်မှ ခြေကုပ်ယူခြင်းကို မတားဆီးခြင်းကြောင့် ကမ္ဘာဘဏ်အနေဖြင့် ၎င်း၏ လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်း စစ်ဆေးမှုများကို ပျက်ကွက်ခဲ့သည်။ ဤအန္တရာယ်များကို ကြိုတင် ဖေါ်ထုတ်ခဲ့သင့်သည်။ MECTel အနေဖြင့် ၎င်း၏ လည်ပတ်လုပ်ဆောင်မှုများကို Public-Private Infrastructure Advisory Facility (PPIAF) အစီအစဉ် မစခင်ကတည်းက စတင်ခဲ့ပြီး ကမ္ဘာဘဏ်မှာ ထောက်ပံ့နေသည့် ထိုဝန်ကြီးဌာနအတွင်းမှာပင် ဆောင်ရွက်နေခြင်းဖြစ်သည်။ ကမ္ဘာဘဏ် အနေဖြင့် ၎င်း၏ဆက်သွယ်ရေးကဏ္ဍ ထောက်ကူပံ့ပိုးမှုကို စုံစမ်းစစ်ဆေးရန်နှင့် ၎င်း၏ မြန်မာနိုင်ငံ အစီအစဉ်များ စစ်တပ်နှင့် ၎င်း၏ စီးပွားရေးအကျိုးစီးပွားများကို တိုက်ရိုက်သော်၎င်း သို့မဟုတ် သွယ်ဝိုက်၍သော်၎င်း ပံ့ပိုးပေးနေခြင်းများကို တားဆီးနိုင်မည့် တင်းကြပ်သည့် ဆောင်ရွက်ချက်များ ထားရှိရန်တို့ကို ပြုလုပ်ရမည်

၂ (၁) Mytel: "အများပိုင်နှင့် ပုဂ္ဂလိက ဖက်စပ်" စစ်တပ်ခရိုနီ

၂၀၁၅ ခုနှစ်တွင် *"ပုဂ္ဂလိကပိုင် အခန်းကဏ္ဍနှင့် ပြည်ထောင်စု အစိုးရအကြား အောင်မြင်သော ပူးပေါင်းဆောင်ရွက်မှုတစ်ရပ် [sic]"* ဟု ရည်ရွယ်သည့် မြန်မာနိုင်ငံအတွက် လေးခုမြောက်နှင့် နောက်ဆုံးဖြစ်သော ဆက်သွယ်ရေးလိုင်စင်အတွက် အကျိုးတူ ယာယီ ပူးပေါင်းအဖွဲ့အစည်းကို ဖေါ်ဆောင်ရန် ဖက်စပ်ဖွဲ့စည်းခြင်းနှင့် တင်ဒါရွေးချယ်ရေး အလုပ်ကော်မတီ တစ်ရပ်ကို မြန်မာအစိုးရက ဖွဲ့စည်းခဲ့သည်။[129] ထိုယာယီပူးပေါင်းအဖွဲ့တွင် နိုင်ငံတကာကုမ္ပဏီတစ်ခု၊ *"ဒေသခံ လုပ်ငန်းများ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ"*၏ အထူးရည်ရွယ်ချက်ထားရှိသည့် ပြည်တွင်း ယန္တရားတစ်ခု နှင့် မြန်မာအစိုးရ အစုရှယ်ယာရှင်တစ်ဖွဲ့ ဟူ၍ ၃ ပိုင်း ပါဝင်သည်။ ရွေးချယ်မှုဖြစ်စဉ်အပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာန၏ *"ကြီးကြပ်မှုအောက်"* တွင်ရှိသော နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းစု Star High Co. Ltd ကို မြန်မာအစိုးရ ရှယ်ယာပိုင်ရှင်အဖြစ် ပိုင်ဆိုင်မှု ၂၈% ပေးလျက် ရွေးချယ်ခံရသည်။ Viettel ၏ နိုင်ငံတကာ ကြေးနန်းဆက်သွယ်ရေး ရင်းနှီးမြှုပ်နှံမှု လက်အောက်ခွဲကုမ္ပဏီ ဖြစ်သော Viettel Global Investment JSC က Mytel ၏ ၄၉% ကို ထိန်းချုပ်ပြီး မြန်မာကုမ္ပဏီများအတွက် အထူးစီမံချက်ယန္တရားအဖြစ် အသုံးပြုမည့် Myanmar National Telecom Holdings (MNTH) က ၂၃% ပိုင်ဆိုင်သည်။[130] Star High နှင့် MNTH တို့၏ ရှယ်ယာတန်ဖိုးပေါင်းမှတဆင့် ကုမ္ပဏီ၏ ၅၁% ကို မြန်မာပိုင် အဖြစ် အစိုးရမှ သေချာစေခဲ့ခြင်းဖြစ်သည်။ Mytel ကို Telecom International Myanmar Co. Ltd. (ယခင်က Myanmar National Tele & Communications Co. Ltd.) နာမည်အောက်တွင် ပုဂ္ဂလိက ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားခဲ့သည်။



Mytel အမြတ်များ ဘယ်မှာလဲ?

Mytel တွင် မြန်မာစစ်တပ်၏ အကျိုးအမြတ်များသည် ကိုယ်စားလှယ် ရှယ်ယာရှင်များ (proxy shareholders) အနေဖြင့်လည်းကောင်း၊ စစ်တပ်အတွက် ဟန်ပြ စီပွားရေးလုပ်ငန်းများဖြင့်လည်းကောင်း ဖုံးကွယ်ထားသည်။ Star High ကို ကာကွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် မြန်မာဆက်သွယ်ရေး ဝန်ကြီးဌာနက အစိုးရ၏အစုရှယ်ယာရှင်အဖြစ် ခန့်အပ်ခဲ့သည်။ ဤတွင် ဘဏ္ဍာရေးစီးဆင်းမှုနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိမနေပါ

အစိုးရမှတ်တမ်းများနှင့် Mytel ၏ ဝက်ဘ်ဆိုဒ်များတွင် Star High ကို အများပိုင် ကုမ္ပဏီအဖြစ် ဖော်ပြထားလင့်ကစား ၎င်းသည် ပုဂ္ဂလိက ကုမ္ပဏီအဖြစ်သာ မှတ်ပုံတင်ထားခဲ့သည်။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ အခြားလက်အောက်ခံကုမ္ပဏီများနှင့် မတူညီဘဲ Star High ၏ ရှယ်ယာများကို မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ စီမံခန့်ခွဲမှု ဒါရိုက်တာ ဦးသန့်ဆွေအပါအဝင် စစ်တပ်ခေါင်းဆောင်များက ပိုင်ဆိုင်နေကြောင်း မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် ၎င်းလက်အောက်ခံကုမ္ပဏီများ၏ ကုမ္ပဏီအချက်အလက်များ ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုတစ်ရပ်အပေါ် အခြေခံ၍ သိရသည်။ Star High အား "ကာကွယ်ရေးဝန်ကြီးဌာန" မှ ကြီးကြပ်နေသောကြောင့်[131] မြန်မာစီးပွားရေးကော်ပိုရေးရှင်းအနေဖြင့် စီးပွားရေးလုပ်ငန်းတွင် အစိုးရ၏ အစုရှယ်ယာများကို ထိန်းသိမ်းကိုင်တွယ်ထားသော်လည်း အရပ်သားအစိုးရအနေဖြင့် Mytel ၏ ဘဏ္ဍာရေးများ သို့မဟုတ် လုပ်ငန်းလည်ပတ်မှုများကို စီစစ်ရန် လုပ်ပိုင်ခွင့် အာဏာမရှိပါချေ။

၂ (၂) မြန်မာအမျိုးသား ဆက်သွယ်ရေးဦးပိုင်

မြန်မာအမျိုးသား ဆက်သွယ်ရေး ဦးပိုင် (Myanmar National Telecom Holdings - MNTH) သည် Mytelတွင် ပြည်တွင်းပုဂ္ဂလိကပိုင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို အကျိုးဆောင်ပေးရန်အတွက် အစိုးရမှ ဖန်တီးပေးထားသည့် မြန်မာ အများပိုင်ကုမ္ပဏီ ၁၁ ခု၏ ဦးပိုင်ကုမ္ပဏီတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ ကုမ္ပဏီမှတ်ပုံတင်ဌာန၏ အချက်အလက်များအရဆိုလျှင် MNTH ကို ပေးသွင်းထားသော စုစုပေါင်း အရင်းပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၄၀ နီးပါး ပမာဏနှင့် ညီမျှသည့် မြန်မာငွေ ၅၅ ဘီလီယံ ရှိသည်။[132] ဤနည်းပါးသော စတော့စျေးကွက်တန်ဖိုး ပမာဏသည် MNTH တွင် ပါဝင်ရန်အတွက် အနည်းဆုံး အမေရိကန်ဒေါ်လာ ၃ သန်းသာ ရင်းနှီးမြှုပ်နှံမှု ကတိကဝတ် လိုအပ်သည်ဟုဆိုသော စိတ်ဝင်စားကြောင်းဖော်ပြချက် တောင်းခံသည့် အစိုးရမှတ်တမ်းနှင့် ကိုက်ညီလျက်ရှိသည်။[133] Mytel တွင် Viettel ၏ ၄၉% ပါဝင်မှုအတွက် ၎င်း၏ ရင်းနှီးမြှုပ်နှံမှု ကတိကဝတ်မှာ အမေရိကန်ဒေါ်လာ ၈၅၉.၉၅ မီလီယံ ရှိရာ MNTH ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စီးပွားရေးလုပ်ငန်းထဲမှ အမြတ်အစွန်းများလှသော ရှယ်ယာများအတွက် Mytel ၏ အမှန်တကယ် စျေးကွက်တန်ဖိုး၏ တစိပ်တပိုင်း [ဒေါ်လာ သန်း ၄၀ ကိုသာ] မျှကိုသာ ပေးရသည်ဖြစ်၍ ကြည့်ရသည်မှာ အစိုးရ၏ အလွန်ကြီးမားသည့် စိုက်ထည့်ပေးငွေကို ချီးမြှင့်ခံရသကဲ့သို့ဖြစ်နေသည်။

MNTH အစုရှယ်ယာ ပိုင်ရှင်များ (ရှယ်ယာ ရာခိုင်နှုန်း မသိရပါ။)

နံပါတ်	အမည်
၁	Golden Land East Asia Development Ltd.
၂	International Power Generation Public Company Ltd.
၃	Mahar Yoma Public Company Ltd.
၄	Myanmar Agribusiness Public Corporation Ltd.
၅	Myanmar Agriculture and General Development Public Ltd.
၆	Myanmar Edible Oil Industrial Public Corporation Ltd.
၇	Myanmar ICT Development Corporation Ltd.
၈	Myanmar Industries Alliance Public Ltd.
၉	Myanmar Technologies and Investment Corporation Ltd.
၁၀	Royal Yatanarpon Telecom Public Company Ltd.
၁၁	Shwe Pyi Tagon Telecommunication Public Company Ltd.

သတင်းရင်းမြစ်။ ။ ဖက်စပ်ဖွဲ့စည်းခြင်းနှင့် တင်ဒါရွေးချယ်ရေး အလုပ်ကော်မတီ

MNTH သည်သော်၎င်း၊ Mytel သည်သော်၎င်း ဘဏ္ဍာရေး အစီရင်ခံစာများ မထုတ်ပြန်ကြပါ။ သို့သော်လည်း Justice For Myanmar အနေဖြင့် MNTH အစုရှယ်ယာပိုင်ရှင်အချို့၏ ထုတ်ဖော်ချက်များမှ အကန့်အသတ်ရှိသော သတင်းအချက်အလက်များ တွေ့ရှိထားသည်။ မြန်မာနည်းပညာများနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက် (MTI) အတွက် လုပ်သော စာရင်းစစ် အစီရင်ခံစာတစ်ခုက ဖော်ပြသည်မှာ ၎င်း၏ MNTH အစုရှယ်ယာ ဝယ်ယူမှုများကို *"စောင့်ကြည့်နိုင်သည့် ဈေးကွက်အချက်အလက်မှ အထောက်အကူပြုသည့် တန်ဖိုးဖြတ်မှုနည်းစနစ်များဖြင့် မျှတသောတန်ဖိုးကို ခန့်မှန်းမရနိုင်သောကြောင့် ထိခိုက်နစ်နာမှုနည်းသည့် ကုန်ကျစရိတ်အနေဖြင့်"* လုပ်ဆောင်ခြင်းဖြစ်သည်။[134] MTI ၏ MNTH တွင် ပါဝင်မှုမှာ ၂၀၁၇ ခုနှစ်တွင် ရှယ်ယာတစ်ခုလျှင် ၁၀,၀၀၀ ကျပ်နှုန်းဖြင့် ကနဦးဝယ်ယူခဲ့သည့် အစုရှယ်ယာ ၄၃၅,၅၂၀ မှဖြစ်သည့် ၁၁.၁၆% ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ရှယ်ယာ ၁၂၀,၀၀ ထပ်မံဝယ်ယူခဲ့သည်။ Mytel၏ "အားကောင်းသော ကြီးထွားမှု" နှင့် Viettel ၏ ကျယ်ပြန့်သော အတိုင်းအတာရှိသည့် ရင်းနှီးမြှုပ်နှံမှု ရှိနေသော်လည်း ၂၀၁၉ ဝယ်ယူခဲ့မှုဌ ရှယ်ယာတန်ဖိုးများကို တစ်ခုလျှင် ၁၀,၀၀၀ ကျပ်နှုန်းဖြင့် ဆက်လက် တန်ဖိုးဖြတ်ထားခဲ့ခြင်းဖြစ်ရာ ရှယ်ယာတန်ဖိုးမှာ တမင်နှိမ့်ချပြထားသည့် ကိန်းဂဏန်း တခုသာ ဖြစ်သည်။[135]

Mytel တွင် MNTH ၏ ပိုင်ဆိုင်မှု ပါဝင်ခြင်းနှင့် ပတ်သက်၍ ရှေ့နောက်မညီမှုများ ထပ်မံရှိနေပါသည်။ Mytel ၏ ဝက်ဘ်ဆိုဒ်အရ MNTH သည် Mytel ၏ ၂၃% ကို ထိန်းချုပ်ထားသည်။[136] သို့စေကာမူ MTI ၏ ၂၀၁၈-၁၉ အစီရင်ခံစာက Mytel၏ ၁၂% ကိုသာ ပိုင်ဆိုင်ထားသည်ဟု ဖော်ပြထားသည်။[137] Justice For Myanmar အနေဖြင့် ဤရှေ့နောက်မညီမှုများကို ရှင်းမပြနိုင်ပါ။

MNTH တွင် အဓိက ခရိုနီကုမ္ပဏီများနှင့် ထိပ်တန်း စစ်တပ်မိသားစုများမှ ရင်းနှီးမြုပ်နှံသူများ ပါဝင်သည်။ ဥပမာအားဖြင့် မြန်မာအတတ်ပညာနှင့် ရင်းနှီးမြုပ်နှံမှု ကုမ္ပဏီလီမိတက်၏ တည်ထောင်သူတစ်ဦးဖြစ်သည့် ဦးအောင်စိုးသာသည် မြန်မာစစ်အာဏာရှင်အောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးရေး ဝန်ကြီးဟောင်း၊ ဆက်သွယ်ရေးဝန်ကြီးဟောင်း ဦးစိုးသာ၏ သားဖြစ်သည်။ ထို့အပြင် ဦးအောင်စိုးသာသည် ရိုဟင်ဂျာများအပေါ် ပြုလုပ်သည့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" အစီအစဉ်ကို ထောက်ခံသည့်အနေဖြင့် မြန်မာစစ်တပ်ကို ရံပုံငွေ ပေးအပ်ကြောင်း ကုလသမဂ္ဂ၏ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်မှ အမည်ဖော်ပြခံရသည့် ComBiz ကုမ္ပဏီအုပ်စု၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။ ဦးအောင်စိုးသာနှင့် ၎င်း၏ ဖခင်သည် EU နှင့် ဩစတြေးလျနိုင်ငံတို့၏ ပိတ်ဆို့ပြစ်ဒါဏ်ခတ်မှုကို တရားဝင်ခံခဲ့ရသူများဖြစ်သည်။[138] MTI အနေဖြင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းက ပိုင်ဆိုင်သော အင်းဝဘဏ်မှ ရံပုံငွေများလည်း ချေးယူခဲ့သေးသည်။[139]

MNTH ၏ အစုရှယ်ယာပိုင်ရှင်ဖြစ်သည့် International Power Generation Public Company Ltd., သည် စစ်တပ်၏ လက်ဝဲခံပါတီဖြစ်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့ပြီး စစ်အာဏာရှင်အောက်တွင် စက်မှုဝန်ကြီးဌာန ၁ ၏ ယခင်ဝန်ကြီး ဦးအောင်သောင်း၏ သားဖြစ်သူ ဦးနေအောင် ပိုင်ဆိုင်သည့် အဓိက ခရိုနီ စီးပွားရေးလုပ်ငန်းအုပ်စုကြီးတစ်ခု ဖြစ်သည်။[140] ဦးအောင်သောင်းသည် မြန်မာ့ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို ပျက်ပြားစေခြင်းနှင့် "အကြမ်းဖက်မှု၊ ဖိနှိပ်မှု နှင့် အကျင့်ပျက်ခြစားမှု တို့ကို ကြာရှည်ဆက်တိုက် ဖြစ်စေခြင်း" တို့ကြောင့် အမေရိကန် မှ ၂၀၁၄ ခုနှစ်တွင် ပိတ်ဆို့ပြစ်ဒါဏ်ပေးခြင်းကို ခံခဲ့ရသူဖြစ်သည်။[141] ဦးအောင်သောင်းသည် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ကွယ်လွန်ခဲ့သည်။

MNTH ၏ ရှယ်ယာဝင်ဖြစ်သည့် Myanmar Agribusiness Public Corporation (MAPCO)ကို မြန်မာနိုင်ငံ၏ မြို့တော်သစ်ဖြစ်သည့် နေပြည်တော်အား အကျင့်ပျက်ခြစားမှုများနှင့် လျို့ဝှက်စွာ တည်ဆောက်ခြင်း အပါအဝင် အဓိကကျသော အစိုးရကန်ထရိုက်များ ရရှိခဲ့ပြီး စစ်အာဏာရှင်ခေတ်တွင် ကြီးမားသည့် ကြွယ်ဝချမ်းသာမှုကို စုဆောင်းရရှိခဲ့သည့် နာမည်ဆိုးဖြင့် ကျော်ကြားသူ ဦးချစ်ခိုင်မှ ဦးဆောင်သည်။ ဦးချစ်ခိုင်သည်လည်း အမေရိကန်၏ ပိတ်ဆို့ဒါဏ်ခတ်မှုကို ယခင်က တရားဝင် ရရှိခဲ့သူဖြစ်သည်။[142] MAPCO ၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအရ MNTH တွင် MAPCO ၏ ပါဝင်မှု ၃.၃၄% ရှိသည်။[143]

၂၀၁၅ ခုနှစ်တွင် အမေရိကန် ပိတ်ဆို့ဒါဏ်ခတ်စာရင်းမှ ပယ်ဖျက်ခြင်းခံခဲ့ရသည့် အဓိက ခရိုနီတစ်ဦးဖြစ်သည့် ဒဂုန် ဦးဝင်းအောင်သည် ၎င်း၏ ကုမ္ပဏီဖြစ်သည့် Golden Land East Asia Development မှ MNTH တွင် ရင်းနှီးမြုပ်နှံခဲ့ပြီး ၎င်းတွင် အစုရှယ်ယာ ၇၂,၄၈၀ ပိုင်ဆိုင်ထားသည်။[144]

MNTH တွင် ၎င်းမှ အပြည့်အဝပိုင်ဆိုင်ထားသည့် လက်အောက်ခံ ကုမ္ပဏီခွဲ ၂ ခု ရှိပြီး Mytel ကို ဝန်ဆောင်ရန်နှင့် အကျိုးအမြတ် ရယူရန်အတွက် တည်ထောင်ထားသည်ဟု ယူဆရသည်။ ၎င်းတို့မှာ Myanmar National Telecom Infra Co. Ltd. (MNTI) နှင့် Myanmar National Telecom Services Co. Ltd. (MNTS) တို့ ဖြစ်သည်။ ၎င်း MNTH ၏ ကုမ္ပဏီခွဲများအကြောင်း အများပြည်သူ သိရှိနိုင်မှုမှာ အနည်းငယ်မျှသာရှိသည်။

MNTH ကို အစိုးရမှ စည်းမျဉ်းချမှတ် ဖွဲ့စည်းထားသော်ငြားလည်း လျို့ဝှက်စွာ လည်ပတ်နေသည်။ မြန်မာ့ကုမ္ပဏီလမ်းညွှန်တွင် MNTH ၏ ရှယ်ယာ အရင်းအနှီး ဖွဲ့စည်းပုံနှင့် ဒါရိုက်တာအဖွဲ့ဝင် ပြောင်းလဲမှုများကို မြင်တွေ့နေရာ ကုမ္ပဏီအနေဖြင့် ရှယ်ယာ ရောင်းဝယ်ဖောက်ကားမှုကို လုပ်ဆောင်နေကြောင်း ဖော်ပြနေခြင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေ ရှယ်ယာဝယ်ယူမှုများကို အများပြည်သူအတွက် ဖွင့်ပေးခြင်းမျိုးမရှိဘဲ မြန်မာအစိုးရအနေဖြင့်လည်း MNTH ၏ ရှယ်ယာပိုင်ဆိုင်မှု အသေးစိတ်ကို မထုတ်ပြန်ပါ။ ပြည်ခိုင်ဖြိုး အစိုးရက ဖန်တီးခဲ့သည့် MNTH ၏ ရင်းနှီးမြုပ်နှံသူ ဖွဲ့စည်းပုံသည် သစ္စာရှိသော ခရိုနီများနှင့် စစ်တပ်ထိပ်ပိုင်းဗိုလ်ချုပ်ကြီးများ၏ သားသမီးများကို ဆုလာဘ်ပေးရန်အတွက်လို ဖြစ်နေပြီး Mytel ၏ အကျိုးအမြတ်များကို လက်ခံရရှိစေရန် လမ်းကြောင်းထွင် ထည့်သွင်းထားခြင်းသာဖြစ်သည်။ မည်သည့် အကျင့်ပျက်ခြစားမှု လုပ်ရပ်များအတွက်မဆို တရားစွဲဆိုမှုနှင့်အတူ MNTH နှင့် ၎င်း၏ အစုရှယ်ယာပိုင်ရှင်များအား လွတ်လပ်သော အပြည့်အဝ စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရမည်။

MNTH သည် ရင်းနှီးမြုပ်နှံသူ တစ်ဦးအနေဖြင့်၎င်း၊ Telecom International Myanmar ဒါရိုက်တာဘုတ်အဖွဲ့တွင် ကိုယ်စားပြုပါဝင်သည့် အဖွဲ့အစည်း တစ်ရပ်အနေဖြင့်၎င်း Mytel တွင် အဓိကကျသော အခန်းကဏ္ဍတစ်ခု အနေဖြင့် ပါဝင်နေသည်။ Mytel မှတဆင့် MNTH သည် မြန်မာစစ်တပ်ကို လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအရပံ့ပိုးပေးနေပြီး စစ်တပ်အတွက် လွတ်လပ်သော ဘဏ္ဍာအရင်းအမြစ် စီးဆင်းမှုတစ်ရပ်ကို ဖန်တီးပေးခြင်းမှတဆင့် မြန်မာစစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်ခြင်းကို MNTH က ဖြစ်စေခဲ့သည်။ MNTH အနေဖြင့် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်များကို လုပ်ဆောင်ရာတွင် ပံ့ပိုးအားပေးနေသည်ကို Justice For Myanmar က တွေ့ရှိရသည်။ MNTH၏ အစုရှယ်ယာဝင်များသည်လည်း အဆိုပါ ရာဇဝတ်မှုများ ဆောင်ရွက်မှုကို ပံ့ပိုးအားပေးနေနိုင်ပါသည်။

၂ (၃) Mytel ၏ ပထမဆုံး ခေါ်ဆိုမှု

Mytel ၏ "*ပထမဆုံး ခေါ်ဆိုမှု*" သည် စစ်ဗိုလ်ချုပ်ကြီးများဖြင့် ပြည့်နှက်နေသော ဝေဝေဆာဆာ ရှိလှသည့် အခမ်းအနား တစ်ခုဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဖြစ်ပွားခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Ngo Xuan Lich ကို ပထမဆုံးသော ဗီဒီယိုခေါ်ဆိုမှုကို ပြုလုပ်ပြီးနောက် မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် ညီညီဆွေနှင့် တြိဂံတိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်အေးတို့အား ဗီဒီယိုခေါ်ဆိုမှုများ ဆက်လက်ပြုလုပ်ခဲ့သည်။ မြောက်ပိုင်းတိုင်း နှင့် တြိဂံတိုင်း တိုင်းမှူးများသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် တိုင်းရင်းသား လူမျိုးစုများအပေါ် ကျူးလွန်သည့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ရှိသူများ ဖြစ်သည်။ တက်ရောက်သူများတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဒု-ကာကွယ်ရေး ဦးစီးချုပ်လည်းဖြစ်၊ ကြည်းတပ်ဦးစီးချုပ်လည်းဖြစ်သော ဒု-ဗိုလ်ချုပ်မှူးကြီး စိုးဝင်းလည်း ပါရှိပါသည်။

Mytel ၏ ပထမဆုံး ခေါ်ဆိုမှုတွင် မြန်မာနိုင်ငံ၏ ကာကွယ်ရေးဦးစီးချုပ်က ကွန်ရက်အား စစ်ရေးအရ အသုံးပြုမှုကို သရုပ်ပြခဲ့သည်။ အခမ်းအနားပြီးသည့်အခါ ကြိုတင်မရောင်းချမီ အများသိအောင် မိတ်ဆက် အသုံးပြုစေခြင်းကို စစ်တပ်အတွင်းတွင် ပြုလုပ်ခဲ့သည်။ တယ်လီနော အမှုဆောင်တစ်ဦးက *"ကျနော့်အနေနဲ့ အဲဒီ အသုံးအနှုံးကို ရဲရဲသုံးပြီး ပြောရမယ်ဆိုရင် Mytel ကို စစ်တပ်အတွင်းပိုင်းမှာ စထုတ်ဝေလိုက်တာဘဲ။ အဲဒီတော့ ဒါကို အကန့်အသတ်နဲ့ စဉ်တတ်လိုက်တဲ့ဟာလို့ဘဲ မြင်ပါတယ်။"*[145]ပြောခဲ့သည်။ အစကတည်းကပင် Mytel သည် မြန်မာစစ်တပ်ကို ရှင်းရှင်းလင်းလင်း အလုပ်အကျွေးပြုနေခဲ့သည်။

Mytel အနေဖြင့် အများပြည်သူအတွက် စတင်ဆောင်ရွက်မှုကို ဗုဒ္ဓဘာသာ အစွန်းရောက်မျိုးချစ်များအား အချက်ပြသံပေးသည့် သင်္ကေတနေ့ဖြစ်သော ဇွန်လ ၉ ရက်နေ့, ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။[146] ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကို *"နိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံများဖြစ်သည့် ယဉ်ကျေးမှု၊ မျိုးချစ်စိတ်၊ အမျိုးသားရေးစိတ် နှင့် အမျိုးသား ကြန်အင်လက္ခဏာများကို မြှင့်တင်ရန်အတွက် အသုံးပြုနိုင်သည်"* ဟု ပြောကြားခဲ့သည်။[147] ထိုအခမ်းအနားသည် ရိုဟင်ဂျာများအပေါ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ "ရှင်းလင်းရေး စစ်ဆင်ရေးများ" လုပ်ဆောင်ခဲ့ပြီး တစ်နှစ်မကြာသေးသောအချိန်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စီးပွားရေးလုပ်ငန်းတစ်ခုအနေနှင့် Mytel သည် မြန်မာပြည်၏ ပြည်တွင်းဥပဒေကို အလေးထားခြင်းမရှိဘဲ လည်ပတ်လုပ်ဆောင်နေသည်။ ဗီယက်နမ် ပြည်သူ့တပ်မတော်သတင်းစာအရ *"ကျသင့်ငွေနှုန်းထားများကိစ္စ ဆိုပါက၊ ပထမအဆင့်ကာလတွင်, Mytel အနေဖြင့် ဖုန်းခေါ်ခများနှင့် SMS ပို့ခများကို မြန်မာပြည်လက်ရှိ*

နှုံးထားများ၏ ထက်ဝက်နှုံး၊ ဒေတာသုံးစွဲမှုနှုံးများကို ၃၇% သက်သာသည့်နှုံးများဖြင့် ကမ်းလှမ်းထားသည်"။ နော်ဝေးဘဏ် DNB က Mytel ၏ အားသာချက်မှာ "*ကျောင်ပိတ်၍ စစ်တိုက်နေသကဲ့သို့*" ဖြစ်သည်ဟု ရှင်းပြပါသည်။[148] ဤသည်မှာ "*လွတ်လပ်စွာ ပြိုင်ဆိုင်မှု သဘောသဘာဝကို ပျက်ပြားစေသည့် လုပ်ဆောင်မှု*" အား တားဆီးထားသည့် ဆက်သွယ်ရေးဥပဒေမှ ပြဋ္ဌာန်းချက်များ ရှိလျက်နှင့် ဤသို့လုပ်ဆောင်ခြင်းဖြစ်သည် (အခန်း ၉)။ ၂၀၁၉ ခုနှစ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ Mytel ကို လိုင်စင်လုပ်ငန်းရှင်များ လိုက်နာရမည့် စည်းမျဉ်းများကို ပျက်ကွက်မှုဖြင့် တိုင်ကြားမှု ၃ ကြိမ် ထုတ်ပြန်ခဲ့သည်။[149] ၎င်း၏ လွတ်လပ်စွာ ပြိုင်ဆိုင်မှု သဘောသဘာဝကို ပျက်ပြားစေသည့် လုပ်ဆောင်မှုများ ရှိလင့်ကစား ဆင်းမ်ကဒ်များကို အလကားပေးဝေခြင်းဖြင့် တန်ဖိုးသတ်မှတ်ခြင်းနှင့် အခွန် စည်းမျဉ်းဆိုင်ရာ မူဘောင်ကို ချိုးဖောက်မှုအတွက် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် မပြောပလောက်သော ဒါဏ်ငွေ အမေရိကန် ဒေါ်လာ ၂၀၀,၀၀၀ ကိုသာ ချမှတ်ခံခဲ့ရသည်။[150]

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလက "*ချိတ်ဆက်လုပ်ဆောင်သည့် မစစ်မှန်သော အပြုအမူများ (inauthentic behaviour)*" အတွက် Mytel နှင့် ဆက်နွယ်သည့် အကောင့် ၁၃ ခုနှင့် စာမျက်နှာ ၁၀ ခုကို ဖယ်ရှားလိုက်ကြောင်း Facebook မှ ကြေညာခဲ့သည်။ Mytel အနေဖြင့် ၎င်း၏ စီးပွားရေးကို မြှင့်တင်ရန်နှင့် ပြိုင်ဖက်များကို တိုက်ခိုက်ရန် အမျိုးသားရေး သတင်းစကားများကို အသုံးပြုခြင်းမှတဆင့် အပါအဝင် အကောင့်တုများကို အသုံးပြုခဲ့သည်။ Mytel နှင့် Viettel သည် Facebook မှ မဖယ်ရှားခင်အထိ အကောင့်တုများ အသုံးပြု၍ ကြော်ငြာခြင်းများအပေါ် အမေရိကန် ဒေါ်လာ ၁,၁၁၅,၀၀၀ ဒေါ်လာနီးပါး သုံးခဲ့သည်။[151]

၂ (၄) ဖျော်ဖြေရေးက သတ်ဖြတ်မှုကို ဖြစ်စေသည်

မြန်မာပြည်ရှိ Mytel ၏ ကြီးထွားမှု မဟာဗျူဟာတွင် မြန်မာသုံးစွဲသူများကို ဆွဲဆောင်ရန် ၎င်းတို့အကြိုက် အကြောင်းအရာ အစီအစဉ်များ ထည့်သွင်းခြင်း၊ ကျော်ကြားသူများ၏ ထောက်ခံမှုနှင့် အွန်လိုင်းမှ ကြည့်နိုင်သော ကစားနည်းများ ပါဝင်စေခြင်းတို့ ပါဝင်သည်။

Mytel နှင့် စစ်တပ်တို့၏ အဓိက မိတ်ဖက်မှာ ရွှေသံလွင်မှ ပိုင်ဆိုင်သော စကိုင်းနက် (SkyNet) ဖြစ်သည်။ စကိုင်းနက်ဆိုသည်မှာ "ရှင်းလင်းရေး စစ်ဆင်ရေးများ"ကို ထောက်ပံ့သည့်အနေဖြင့် စစ်တပ်ကို အလှူငွေများ ထည့်ဝင်မှုကြောင့် ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေးမစ်ရှင်မှ အမည်အတပ်ခံရသည့် ခရိုနီ စီးပွားရေး လုပ်ငန်းအုပ်စုကြီးတစ်ခု ဖြစ်သည်။[152] ရွှေသံလွင်၏ ပိုင်ရှင်ဖြစ်သူ ဦးကျော်ဝင်းသည် ယခင်က ဥရောပသမဂ္ဂနှင့် ဩစတေးလျနိုင်ငံတို့မှာ တရားဝင် ပိတ်ဆို့ဒါဏ်ခတ်မှုကို ခံခဲ့ရသူဖြစ်သည်။[153]

Mytel နှင့် ရွှေသံလွင်အကြားတွင် ဗီဒီယို ထပ်ဆင့်ထုတ်လွှင့်ခြင်း သဘောတူညီချက်ရှိသည်။[154] Mytel စတင်လုပ်ဆောင်ပြီးနောက် ရွှေသံလွင်မှ English Premier League ဘောလုံးပွဲကို Mytel ၏ MyTV app မှ အလကား ကြည့်ရှုနိုင်ရန် စီစဉ်ပေးခဲ့သည်။ ဤသို့မက်လုံးအပေးခံရမှုကြောင့် Mytel အသုံးပြုသူပိုများလာခြင်းက စစ်တပ်၏ အကျိုးအမြတ်ကို ပိုမိုဖြည့်ဆည်းပေးနေသည်။ ရွှေသံလွင်နှင့် English Premier League အကြားလိုင်စင်သဘောတူညီချက် အသေးစိပ်ကိုမူ မသိရပါ။

၂၀၁၄ ခုနှစ်တွင် Viettel က "*ဒီဂျစ်တယ် ပလက်ဖောင်းများအားလုံး*" ပေါ်တွင် ပါဝင်သောအရာများအတွက် ဂျာမဏီ ရုပ်ရှင် ဖြန့်ဖြူးသူတစ်ဦး ဖြစ်သည့် အေ (A) ကုမ္ပဏီနှင့် လိုင်စင်သဘောတူညီမှု တစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။ အေ ကုမ္ပဏီ၏ လိုင်စင်ရထားသော ဇာတ်ကားများ MyTV app တွင် ကြည့်ရှုရနိုင် မရနိုင် မသိသော်လည်း အေ ကုမ္ပဏီအနေဖြင့် မည်သို့ပင်ဖြစ်စေ Viettel နှင့် စီးပွားမိတ်ဖက်ပြုခြင်းမှတဆင့် မြန်မာစစ်တပ်နှင့် စီးပွားရေး လုပ်ဆောင်ခြင်း၊ မြန်မာစစ်တပ်အား အကျိုးအမြတ်ရစေခြင်းကို ဖြစ်စေနိုင်မည့် အန္တရာယ်တစ်ရပ် ရှိနေသည်။[155]

Mytel ၏ ပါးနပ်လိမ္မာသော အရောင်းမြှင့်တင်ရေးက မြန်မာ အကယ်ဒမီ ရွှေစင်ရုပ်ထုများစွာကို ရရှိထားသူ၊ မြန်မာနိုင်ငံ၏ အအောင်မြင်ဆုံး မင်းသားများထဲမှ တစ်ဦးဖြစ်သူ နေတိုးကို အသုံးပြု ထားသည်။ Mytel က မြန်မာရုပ်ရှင်များကို ၎င်း၏ ဒီဂျစ်တယ် အကြောင်းအရာများ ပေါင်းစပ်ထည့်သွင်းထားသည့် မြန်မာရုပ်ရှင် ဖြန့်ဖြူးပေးသော မဟာ အပါအဝင် ၎င်း၏ apps မှတဆင့် မြှင့်တင်ပေးသည်။ မဟာကို ခရိုနီစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ABC-MIB အုပ်စုမှ ပိုင်ဆိုင်သည်။



My TV app တွင် အင်္ဂလန် ပရီမီးယားလိဂ် ဘော်လုံးပွဲများကို အလကားကြည့်နိုင်သည့် လွှင့်ထုတ်မှုတစ်ရပ်ကို ကမ်းလှမ်းနေသည့် Mytel ၏ ဈေးကွက်မြှင့်တင်ရေးတစ်ခု

အရင်းအမြစ် - Mytel

Mytel မှ သုံးစွဲသူများအား ကစားနည်း ပလက်ဖောင်းများကိုလည်း စီစဉ်ပေးသည်။ Mytel ၏ MyID app တွင် ဗီယက်နမ် အခြေစိုက် ဖန်တီးထုတ်လုပ်သူတစ်ခုဖြစ်သည့် Elofun တွင် ပါဝင်သောအရာများကို ထည့်ပေးထားသည်။ Mytel ၏ ကစားနည်း မှာယူသုံးစွဲသည့်နေရာဖြစ်သည့် MySotkasar တွင် Blue Planet မှ ကစားနည်းများ၊ Contents Hub နှင့် PlayBox တွင် ပါဝင်သောအရာများ ပါဝင်သည်။[156] Contents Hub နှင့် PlayBox သည် မြန်မာစစ်တပ် စီးပွားရေးများနှင့် ဒီဂျစ်တယ် ဘဏ္ဍာရေးဝန်ဆောင်မှုများကို အလားတူ ဆောင်ရွက်ပေးနေသည့် စီးပွားရေးအုပ်စုကြီးဖြစ်သည့် Myantel ဦးပိုင်၏ [157]လက်အောက်ခံကုမ္ပဏီများဖြစ်သည် (အခန်း ၇ တွင် ကြည့်ပါ)။ Mytel တွင် ပါဝင်သည့် အရာများအတွက် အခြားသောမိတ်ဖက်များတွင် Mytel အသုံးပြုသူများကို အသုံးပြုခွင့်လျှောက်ထားရယူသည့်စနစ် အခြေခံဖြင့် ကျယ်ပြန့်လှသော ကစားနည်းများကို လက်လမ်းမှီနိုင်မှုကို ထောက်ပံ့ပေးနိုင်သော အင်ဒိုနီးရှား အခြေစိုက် ကစားရာ ပလက်ဖောင်းဖြစ်သည့် UniPin လည်း ပါဝင်သည်။[158]

Mytel အနေဖြင့် အီလက်ထရောနစ် အားကစားကဏ္ဍတွင် အကြီးအကျယ် မြုပ်နှံသလို Mytel Community Cup၊ Mytel Myanmar Championship နှင့် ခုနှစ်နိုင်ငံ Mytel International Championship အပါအဝင် အဓိက အစီအစဉ်များတွင်လည်း အကြီးအကျယ် ရင်းနှီးမြုပ်နှံနေသည်။[159] ကစားပွဲ ဗီဒီယိုများကိုလည်း Mytel

၏ Myanmar Game Hub နှင့် MyID app တို့မှတဆင့် ထုတ်လွှင့်ပေးရာ Mytel ၏ ကွန်ရက် ကြီးထွားမှုကို ပံ့ပိုးပေးခဲ့သည်။ Mytel ၏ အီလက်ထရောနစ် အားကစားပိုင်း အဓိကမိတ်ဖက်တစ်ခုမှာ အိန္ဒိယနိုင်ငံတွင် ပုဂ္ဂလိက လွတ်လပ်ခွင့်ဆိုင်ရာ စိုးရိမ်ရမှုကြောင့် ပိတ်ပင်ခဲ့သည့် Mobile Legends: Bang Bang ကစားနည်းကို ထုတ်လုပ်ခဲ့သည့် တရုတ်ပြည် အခြေစိုက် Moonton ဖြစ်ပါသည်။[160]

Mytel ၏ ဒီဂျစ်တယ်ပုံစံဖြင့် ထည့်သွင်ထားသောအရာတို့သည် အသုံးပြုသူများအတွက် ပုဂ္ဂလိက လုံခြုံမှု အပေါ် ကြီးမားသော အန္တရာယ်တစ်ခု ရှိသည်။ Google Play store မှ အကြိမ် ၁ သန်းကျော် ဆွဲချယူထားသော ၎င်း၏ MyID ဒီဂျစ်တယ် အချက်အချာနေရာ (Digital Hub) အတွက် အသံဖမ်းယူခွင့်၊ အသုံးပြုနေသော ကိရိယာများတွင် အကောင့်များ ရှာဖွေနိုင်ခွင့်၊ နေရာအတိအကျ အသိပေးခွင့်၊ ဓါတ်ပုံနှင့် ဗီဒီယိုများ ထိန်းချုပ်ခွင့်၊ အဆက်အသွယ် အချက်အလက်များ ဖတ်ရှုနိုင်ခွင့်၊ USB တွင် သိမ်းဆည်းထားသော ပါဝင်သည့်အရာများကို ဖတ်ရှုခွင့်၊ ခေါ်ဆိုမှုများ ပြုလုပ် လက်ခံခွင့်နှင့် ကွန်ရက်လက်လှမ်းမီမှုကို အပြည့်အဝရခွင့် အစရှိသည်တို့ အပါအဝင် များပြားသည့် ခွင့်ပြုချက်များ လိုအပ်သည်။[161] The MytelPay app သည် အသုံးပြုသူကို အသိပေးအကြောင်းကြားရန် မလိုအပ်ဘဲ ဖိုင်များ ဆွဲချခွင့် ရှိနေသည်။[162] MyID app ၏ လုပ်ဆောင်မှုများထဲတွင် အင်တာနက်ပေါ်မှ အသံဖြင့် အခမဲ့ ခေါ်ဆိုခြင်းနှင့် မက်ဆေ့ဂျ်ပို့ခြင်းတို့ပါဝင်ရာ ဤဒေတာ အချက်အလက်များကို ဗီယက်နမ်စစ်တပ်က ခြေရာခံ လိုက်ကြည့်နေနိုင်သည်။ ထို apps များမှ သတင်းအချက်အလက်များကို မြန်မာစစ်တပ်က အသုံးပြုခွင့်ရနေသည်မှာ အသေအချာဖြစ်ရာ ၎င်းကို ထောက်လှမ်းရေး ရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်ပြီး Mytel အသုံးပြုသူများအတွက် ကြီးမားသော အန္တရာယ်များကို ဖန်တီးနေပါသည်။

ဒီဂျစ်တယ် အကြောင်းအရာများကို ဖြည့်ဆည်းပေးသူများသည် Mytel နှင့် ကုန်သွယ်မှု ဆက်ဆံရေးကို ထားရှိနေခြင်းနှင့် စစ်တပ်၏ တရားမဝင်ကိစ္စများအတွက် အသုံးပြုနေသော လျို့ဝှက်ရုံပုံငွေကို ဖြည့်ဆည်းပေးနေခြင်းတို့ကြောင့် အနိမ့်ဆုံးအားဖြင် မြန်မာစစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများနှင့် ဆက်နွယ်နေသည်။ ၎င်းတို့အနေဖြင့် မြန်မာစစ်တပ်နှင့် ၎င်း၏ မိတ်ဖက်များဖြင့် ဆက်ဆံမှုများကို ဖြတ်တောက်ရမည်။

၂ (၅) စီးပွားရေးလုပ်ငန်းစု၏ ဝန်ဆောင်မှုများ

Mytel မှ လက်တလောတွင် ၎င်းစီးပွားရေးလုပ်ငန်းစု၏ သုံးစွဲသူများကို ဝန်ဆောင်မှုများစွာ ပံ့ပိုးပေးနေသည်။ ဤသည်တို့က မြန်မာစစ်တပ်အား ဘဏ္ဍာအရင်းအမြစ် စီးကြောင်းတစ်ခုကို ပေးအပ်နေကာ ထိပ်တန်း ဗိုလ်ချုပ်များကို ပိုမိုချမ်းသာစေပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများအားလည်း ပံ့ပိုးပေးနေသည်။ မြန်မာစစ်တပ်အနေဖြင့် Mytel စီးပွားရေးလုပ်ငန်းစု၏ ဝန်ဆောင်မှုများကိုလည်း အသုံးပြုခွင့်ရနေပြီး စစ်ရေးရည်ရွယ်ချက်များအတွက်လည်း ၎င်းတို့ကို အသုံးပြုနေနိုင်ပါသည်။

ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှု နှစ်ပတ်လည်အချိန် ပတ်ဝန်းကျင် ၂၀၁၈ ခုနှစ် ဩဂုတ်လဝန်းကျင်တွင် ဂျာမဏီအခြေစိုက် Next Generation Enterprise Network Alliance (ngena) က ဆော့ဖ်ဝဲယား ပြဋ္ဌာန်းမှု ကွန်ရက်စနစ် အခြေခံ ဝန်ဆောင်မှုများ (SD-WAN) ကို မြန်မာပြည်တွင် လုပ်ဆောင်ရန် Viettel နှင့် လက်တွဲ မိတ်ဖက်ပြုမှုကို ထုတ်ပြန် ကြေညာခဲ့သည်။[163] ngena ၏ ဝန်ဆောင်မှုများတွင် *"အံ့မခန်းဖွယ်ရာ cloud နှင့်ကွန်ပြူတာအခြေပြု ပုံတူပြုခြင်း (virtualization) နည်းပညာများ"*အတွက် Cisco မှ နည်းပညာ ပါဝင်သည်။

ngena နှင့် Cisco တို့သည် Mytel အား ၎င်းတို့၏ ဝန်ဆောင်မှုများ ပေးဝေနေခြင်းမှ တဆင့် မြန်မာပြည်တွင် စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများကို ပံ့ပိုးနေသည့် ကြီးမားသော အန္တရာယ်တစ်ရပ် ရှိနေသည်။ အနည်းဆုံးအားဖြင့် စစ်တပ်၏ရာဇဝတ်မှုဖြစ်သော စီးပွားရေးလုပ်ဆောင်မှုများကို အားပေးလျက်ရှိသည်။ ngena အနေဖြင့် Viettel အား ပါဝင်ခွင့်ပြုခြင်းဖြင့် လူ့အခွင့်အရေးကိစ္စအား တာဝန်သိစွာ ကြိုတင် စုံစမ်းစစ်ဆေးရမည့် ၎င်း၏တာဝန်ရှိမှုကို ပျက်ကွက်ခဲ့သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံမှ ၎င်း၏ ကုန်သွယ်မှုကို ရပ်သည့်အချိန်အထိ ngena မှ Viettel ကို ထုတ်ပယ်ပစ်ရမည်။

Mytel စီးပွားရေးလုပ်ငန်းစု၏ ဝန်ဆောင်မှု ကမ်းလှမ်းမှုများတွင် "My Meeting" ဟု ခေါ်သည့် ဗီဒီယိုဖြင့် အစည်းအဝေးပြုလုပ်သည့် နည်းလမ်းတစ်ရပ် ပါဝင်သည်။[164] Justice For Myanmar အနေဖြင့် Mytel ၏ ဗီဒီယို အစည်းအဝေးလုပ်သည့် နည်းပညာကို ဗီယက်နမ် အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန၏ လက်အောက်ခံတစ်ခုဖြစ်သည့် Viettel IDC က ထောက်ပံ့ပေးသည်ဟု အကြီးအကျယ် သံသယရှိသည်။ Viettel IDC ၏ စနစ်ကို Cisco မှ တည်ဆောက်ပေးခြင်းဖြစ်ပြီး Cisco နည်းပညာကို မြန်မာစစ်တပ်မှ အသုံးပြု၊ ရောင်းချနိုင်ဖွယ် အန္တရာယ်တစ်ရပ် ရှိပါသည်။[165]

Mytel စီးပွားရေးလုပ်ငန်းစု၏ အခြားသော ဝန်ဆောင်မှုများထဲတွင် *"ကြီးမားသော ပို့ဆောင် ဖြန့်ဖြူးရေး ယာဉ်အုပ်စုများ"* ကို ဉာဏ်ရည်တုဖြင့် ခြေရာခံရန်အတွက် "My Tracking" လည်း ပါဝင်သည်။[166] ၎င်းသည် ပို့ဆောင်ဖြန့်ဖြူးရေး စီမံခန့်ခွဲမှု စနစ်တစ်ခု၊ cloud ကွန်ပြူတာစနစ်ဖြင့် ဝန်ဆောင်မှုများ၊ ဒေတာစင်တာ ဝန်ဆောင်မှုများ၊ အင်တာနက် စည်းမျဉ်းများ လိုက်နာအသုံးပြုသည့် အကူးအပြောင်း ဝန်ဆောင်မှုများနှင့် အဆောက်အအုံမဲ့ ပုံတူပြု၊ ပြည်တွင်း နှင့် နိုင်ငံတကာ ပုဂ္ဂလိက ကွန်ရက်များလည်း ပါဝင်သည်။[167] ၂၀၁၉ ခုနှစ်တွင် Blue Ocean Business Services Co. Ltd. က အဏုစား၊ အသေးစား နှင့် အလတ်စားအရွယ် စီးပွားရေးလုပ်ငန်းများအတွက် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ပေးသွင်းရန်အတွက် သဘောတူညီချက် တစ်ရပ်ကို Mytel နှင့် လက်မှတ်ရေးထိုးခဲ့သည်။[168] Blue Ocean Business Services ကို ပါဝင်မည့်အရာများ ဖြည့်ဆည်းပေးသည့် Blue Planet အားလည်း ပိုင်ဆိုင်သည့် ဦးထွန်းထွန်းနိုင်က ပိုင်ဆိုင်သည်။ ဦးထွန်းထွန်းနိုင်သည် မြန်မာပေးချေမှု နည်းလမ်းများ ဝန်ဆောင်မှု (Myanmar Payment Solutions Service) မှတဆင့် စစ်တပ်၏ ဒီဂျစ်တယ် ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် ပတ်သက်ဆက်နွယ်နေသည်။ (အခန်း ၇ တွင် ဆွေးနွေးထားသည်။)

Mytel သည် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်ဖြန့်ဝေရေးလမ်းကြောင်းများမှတဆင့် တည်ဆောက်ထားသော ပါဝင်သည့်အရာ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ၏ ဂေဟစနစ်တစ်ခု (ecosystem) ကို ဖေါ်ထုတ်ခဲ့သည်။ အနည်းဆုံးအားဖြင့် ဤ ဖြန့်ဖြူးရေးလမ်းကြောင်းများအတွင်းရှိ စီးပွားရေးလုပ်ငန်းများသည် မြန်မာစစ်တပ်၏ ရာဇဝတ်မှုများကို ငွေကြေးထောက်ပံ့ရန် ထပ်ဆောင်းဝင်ငွေတခုဖြစ်သည်။ Mytel နှင့် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် Viettel မှ သွယ်ဝိုက်၍ဖြစ်စေ ပတ်သက်ဆက်နွယ်နေသည့် စီးပွားရေးလုပ်ငန်းများအားလုံးအနေဖြင့် ၎င်းတို့၏ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိမှုများနှင့်အညီ တာဝန်သိစွာ လူ့အခွင့်အရေး ဆန်းစစ်စောင့်ကြည့်ကျင့်သုံးမှုကို လုပ်ဆောင်ရမည်။

၂ (၆) ဆင်းမ်ကဒ် မှတ်ပုံတင်ခြင်း

၂၀၂၀ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ဆင်းမ်ကဒ်များကို မဖြစ်မနေ မှတ်ပုံတင်ရန် အစိုးရ၏ နောက်ဆုံးအချိန် သတ်မှတ်ချက် ကုန်ဆုံးသွားပြီး ကိုဗစ်ရောဂါကူးစက်မှုကာလအတွင်း ဆင်းမ်ကဒ် ၃၄ သန်း အဆက်အသွယ် ပြတ်တောက်သွားခြင်းကို ဖြစ်သွားစေခဲ့သည်။[169] ဤ ဆင်းမ်ကဒ်မှတ်ပုံတင်ခြင်းကို လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံ၏ "လူမျိုး" အခြေခံ နိုင်ငံသားဖြစ်မှု ဥပဒေအတွင်း နိုင်ငံမဲ့ဖြစ်နေရသော ရိုဟင်ဂျာများနှင့် အခြား လူနည်းစုများအပေါ် ခွဲခြားဆက်ဆံသော အမျိုးသားမှတ်ပုံတင်ကဒ်စနစ်မှတဆင့် ဆောင်ရွက်ရန် လိုအပ်သည်။ Privacy International ၏ အဆိုအရ ၎င်းသည် *"ဒေတာများ ကာကွယ်ပေးခြင်း သို့မဟုတ် စောင့်ကြည့်ခြင်း ဆိုင်ရာ ဥပဒေများ ကင်းမဲ့နေသည့်၊ လူနည်းစုများကို စနစ်တကျ နှိပ်ကွပ်ညှင်းပန်းသည့် နိုင်ငံတစ်ခုရှိ ပုဂ္ဂလိက*

လွတ်လပ်မှုကို လေးနက်သော ခြိမ်းခြောက်မှုတခုလည်း" ဖြစ်သည်။[170] မြန်မာပြည် လူ့အခွင့်အရေးအခြေအနေ ဆိုင်ရာ အထူးအရာရှိ အဆိုအရ -

> *မဖြစ်မနေ မှတ်ပုံတင်ရခြင်းသည် လိုအပ်သည့် အတိုင်းအတာနှင့်၊ လိုအပ်သော မှန်ကန်ကြောင်း အကဲဖြတ်မှု မရှိဘဲ မှတ်ပုံတင်ထားသူများကို ခြေရာခံ၍ ရှာဖွေနိုင်သော စွမ်းဆောင်နိုင်မှုတစ်ရပ်ကို ဖန်တီးပေးသည်။ ထို့အပြင် ၎င်းကို စောင့်ကြည့်မှု၊ ဆင်ဆာပြုလုပ်မှု၊ နိုင်ငံရေးအတိုက်အခံများအား ပစ်မှတ်ထားမှု နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ထိပါးမှုတို့အတွက် အသုံးပြုရန် အလားအလာလည်းရှိသည်။ ၎င်းသည် လုံခြုံမှု၊ စိတ်ချမှု၊ ပုဂ္ဂလိက လုံခြုံခွင့်နှင့် အခြားအခွင့်အရေးများ အပေါ် လေးနက်သည့် အန္တရာယ်များ သက်ရောက်စေသည်။*[171]

မဖြစ်မနေ မှတ်ပုံတင်ခြင်းတွင် ဝေးလံခေါင်သီသော အသိုင်းအဝန်းများအတွက် ဆက်သွယ်ရေး ရရှိမှုကို ပံ့ပိုးရန်အတွက် ရည်ရွယ်လိုရင်းဖြစ်သော Universal Service Fund မှတဆင့် ပေးသွင်းရမည့် *"ဒေတာအချက်အလက်များ စနစ်တကျ စုစည်းထားသည့် ဘုံနေရာ (common database)"* တစ်ခု ပါဝင်ပါသည်။ Privacy International က ဆင်းမ်ကဒ်များ မဖြစ်မနေ မှတ်ပုံတင်ရခြင်းနှင့် ဒေတာအချက်အလက်များ စနစ်တကျ စုစည်းထားသည့် ဘုံနေရာ ကိစ္စတို့နှင့် ပတ်သက်၍ လူ့အခွင့်အရေးနှင့် ပုဂ္ဂလိက လွတ်လပ်ခွင့်များအပေါ် စိုးရိမ်ပူပန်မှုများအကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အော်ပရေတာ ၄ ဖွဲ့စလုံးထံ ရေးသားတင်ပြခဲ့သည်။ Mytel နှင့် MPT တို့မှ အကြောင်းမပြန်ခဲ့ပါ။[172]

မြန်မာအစိုးရ၏ ဆင်းမ်ကဒ် မှတ်ပုံတင်ရခြင်းမူကို ၎င်းမှ လိုက်နာဆောင်ရွက်ရမှုနှင့် ပတ်သက်၍ ၂၀၂၀ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့က အိတ်ဖွင့်ပေးစာတစ်စောင်တွင် Telenor မှ *"ရှိုးသားစွာ ဝမ်းနည်းမှု"* ကို ဖော်ပြခဲ့ကာ *"မိမိတို့၏ သုံးစွဲသူ အမြောက်အမြားကို ဝန်ဆောင်မှု ရပ်ဆိုင်းလိုက်ရသည်မှာ နာကျင်ဖွယ် ဖြစ်သည်။"* ဟု ရေးသားဖော် ပြခဲ့သည်။[173] Mytel မှ မည်သည့် လူသိရှင်ကြား စိုးရိမ်ပူပန်မှုကိုမျှ ထုတ်ဖော်မပြခဲ့ပါ။ Mytel ၏ ဆင်းမ်ကဒ် မှတ်ပုံတင်ခြင်းကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့တွင် ရုံးခန်းများ ဖွင့်လှစ်ထားသော စက််ပူကုမ္ပဏီ တစ်ခုဖြစ်သည့် Misfit Technologies နှင့် မိတ်ဖက်ပြု၍ ဆောင်ရွက်ခဲ့ပါသည်။ Mytel အား ၎င်း၏ အမျိုးသား မှတ်ပုံတင်များ စီစစ်သောဖြစ်စဉ်တွင် ပုံရိပ်များကို စက်ဖြင့်ကူးပြောင်းဖတ်ပေးသည့် နည်းပညာ (optical character recognition technology) ဖြင့် Misfit က စီစဉ်ပေးသည်။[174] Misfit Technologies ၏ Mytel နှင့် စီးပွားရေးဆက်ဆံရေးသည် ကုလသမဂ္ဂ၏ လမ်းညွှန်မူများအောက်တွင်ရှိသော လူ့အခွင့်အရေးတာဝန်ရှိမှုများကို ချိုးဖောက်ရာရောက်သည်။ ဆင်းမ်ကဒ်မှတ်ပုံတင်ခြင်း စီမံချက်တွင် ၎င်း၏ပါဝင်မှုနှင့် Mytel နှင့် ၎င်း၏ ကုန်သွယ်မှု အဆက်အစပ်သည် မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပံ့ပိုးပေးနေသည်။

MYTEL မှာ “အရပ်ဘက်ဆိုတာ” ဘာမှမရှိ

- Viettel ၏ Mytel တွင် ရင်းနှီးမြုပ်နှံမှုသည် နည်းပညာလွှဲပြောင်းရေးနှင့် သင်တန်းပို့ချရေးများပါဝင်သည့် ဗီယက်နမ်နှင့် မြန်မာ နှစ်နိုင်ငံကြား ပိုမိုကျယ်ပြန့်သော ကာကွယ်ရေးဆိုင်ရာ ကူးလူးဆက်ဆံမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

- Mytel အား စတင်ကြေညာလုပ်ဆောင်မှုတွင် ဖိုင်ဘာအော့ပ်တစ် ကေဘယ်များနှင့်အတူ စစ်တပ်ပိုင် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း ပါဝင်သည်။

- မြန်မာဈေးကွက်တွင် ဝင်ရောက်လုပ်ဆောင်နေသော Viettel လက်အောက်ခံ ကုမ္ပဏီတချို့သည် Mytel၊ မြန်မာစစ်တပ်တို့နှင့် ကုန်သွယ်ရေး ဆက်ဆံမှုများ ရှိပြီး မြန်မာစစ်တပ်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ပံ့ပေးနေကာ ထိုမှတဆင့် စစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများကို ပံ့ပိုးနေလျက်ရှိသည်။

- Viettel ၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခုဖြစ်သော M1 သည် မြန်မာ လေကြောင်းရန် ကာကွယ်ရေး စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်ဌာနနှင့် နည်းပညာ လွှဲပြောင်းရေးနှင့် သင်တန်းများအတွက် ဆက်ဆံရေးတစ်ရပ်ရှိသည်။

- Mytel မှ သုံးစွဲသူ ပုဂ္ဂိုလ်ရေး အချက်အလက်များကို ကောက်ယူပြီး ဗီယက်နမ်၌ရှိသော Viettel ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုက ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းဖြစ်ရာ မြန်မာစစ်တပ်မှ ၎င်းကို ထောက်လှမ်းရေး ရည်ရွယ်ချက်များအတွက် အသုံးပြုကောင်းပြုနိုင်သည်။ ဤသည်က Mytel သုံးစွဲသူများနှင့် ၎င်းတို့၏ ကွန်ရက်များအတွင်းမှ သူများအတွက် လေးနက်သော ပုဂ္ဂလိက လုံခြုံမှု အန္တရာယ်တစ်ရပ်ကို ဖန်တီးနေသည်။

၇ ချက်

၃ (၁) မြန်မာနိုင်ငံရှိ Viettel

၃ (၂) Mytel ၏ စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံ

၃ (၃) မြန်မာပြည်ရှိ Viettel ၏ လက်အောက်ခံကုမ္ပဏီများ

၃ (၄) မဟာမိတ်ပြုထားသော ဗီယက်နမ် စီးပွားရေးလုပ်ငန်းများ

အခန်း ၃။

Viettel ၏ မြန်မာပြည်သို့ ဝင်ရောက်မှုနှင့် Mytel အား ဖန်တီးမှုသည် မြန်မာ-ဗီယက်နမ် စစ်ဘက်ဆက်ဆံရေးများ၏ ပိုမိုကျယ်ပြန့်သော ဆက်စပ်အခြေအနေ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး စစ်တပ်နှစ်ခုစလုံး၏ မဟာဗျူဟာရည်ရွယ်ချက်များကို ၎င်းတို့မှ အလုပ်အကျွေးပြုနေသည်။ Viettel ၏ ပဋိညာဉ်စာချုပ်နှင့် နှစ်နိုင်ငံကာကွယ်ရေးဆက်ဆံမှုအတွင်း နိုင်ငံရေးသက်ဆိုင်မှုများနှင့် ၎င်းတို့၏ အာဏာရှင်စနစ်များ ရှင်သန်ရပ်တည်ရေးသည် ပဓာနကျသည်။ မြန်မာနိုင်ငံအတွက် ဗီယက်နမ်နှင့် နီးကပ်သည့် စစ်ဘက်ဆိုင်ရာ ဆက်ဆံမှုသည် တရုတ်အပေါ် မှီခိုနေမှုကို လျော့ချနိုင်ပြီး မြန်မာစစ်တပ်အပေါ် တရုတ်၏ ထိန်းချုပ်မှုကိုလည်း နည်းပါးစေသည်။ ဗီယက်နမ်ထံမှ စစ်ရေးအမာထည်များကို ရယူမှုသည် မြန်မာစစ်တပ်အတွက် လက်နက်များနှင့် နည်းပညာများ ရယူသည့် နေရာများအား အနှံ့ဖြန့်ကျက်ထားနိုင်ခြင်းဖြင့် စစ်တပ်ကို ပိုမိုအားကောင်းစေနိုင်သည်။ ဗီယက်နမ်အတွက်လည်း မြန်မာနိုင်ငံက အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တွင် အဓိကကျသော မဟာမိတ်တစ်ခုဖြစ်ပြီး တောင်တရုတ်ပင်လယ်အပေါ် ၎င်း၏ ရပ်တည်ချက်ကို ထောက်ခံရန် Mytel နှင့်ပတ်သက်သော ဆွေးနွေးမှုများတွင် ထည့်သွင်း၍ မြန်မာနိုင်ငံအား တောင်းဆိုထားသည်။[175]

၃ (၁) မြန်မာနိုင်ငံရှိ Viettel

မြန်မာနိုင်ငံအနေဖြင့် Viettel ၏ ရင်းနှီးမြှုပ်နှံမှုကို တိုင်းပြည်အတွင်း လက်ခံရန် ထိပ်တန်းအဆင့်များတွင် တိုက်တွန်းစည်းရုံးပြီးသည့်နောက်ပိုင်း ၎င်းတို့၏ ပထမဆုံး ကိုယ်စားလှယ်ရုံးကို စစ်အာဏာရှင်ခေတ် ၂၀၁၀ တွင် စတင်ဖွင့်လှစ်ခဲ့သည်။[176] ၂၀၁၀ ခုနှစ် အစောပိုင်းတွင် မြန်မာစစ်အာဏာရှင်အစိုးရက ဗီယက်နမ် ဝန်ကြီးချုပ် Nguyen Tan Dung ကို လက်ခံကြိုဆိုခဲ့သည်။ ဆက်သွယ်ရေးကိစ္စ ပါဝင်သော ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းထဲတွင် *"မြန်မာနိုင်ငံတွင် ဗီယက်နမ် စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး [Vietnam Posts and Telecommunications] အား ၎င်း၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် အကျိုးဆောင်နေစဉ်မှာပင် Viettel မှ တင်ပြမည့် အခြား ရင်းနှီးမြှုပ်နှံမှု စီမံချက်များကိုလည်း ထပ်မံ၍ စဉ်းစားသွားရန် မြန်မာက သဘောတူခဲ့သည်"* ဟု ဖော်ပြထားသည်။[177]

ပြည်ခိုင်ဖြိုး ဦးဆောင်သော အစိုးရ အာဏာရရှိလာချိန်တွင် ကာကွယ်ရေးဦးစီးချုပ်များ တရုတ်ပြည်သို့ ပထမဦးဆုံး သွားရောက်ကြသည့် အစဉ်အလာကို ချိုးဖောက်ပြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပထမဦးဆုံးသွားသော ပြည်ပခရီးစဉ်မှာ ဗီယက်နမ်နိုင်ငံသို့ ဖြစ်ပါသည်။ ဝေဖန်သုံးသပ်သူတချို့က ပမာမခန့်ပြမှု တစ်ရပ်အဖြစ် ရှုမြင်ခဲ့ကြသည်။[178] မြန်မာနှင့် ဗီယက်နမ်အကြား ကျယ်ပြန့်သည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ်ကို ၂၀၁၁ ခုနှစ်တွင် လက်မှတ်ထိုးခဲ့ကြပြီး မြန်မာနိုင်ငံတွင် Viettel ၏ ရင်းနှီးမြှုပ်နှံမှု နှင့် စစ်ဘက်ဆက်သွယ်ရေး ထောက်ကူပံ့ပိုးမှု အပါအဝင် နောက်ပိုင်း ပူးပေါင်းဆောင်ရွက်မှု အတွက် လမ်းဖွင့်ပေးခဲ့သည်။[179] ၂၀၁၁ အစည်းအဝေးမတိုင်မီ အဆင့်မြင့် နိုင်ငံတော်ခရီးစဉ် အတော်များများ ရှိခဲ့ပြီး ကျယ်ပြန့်သော နိုင်ငံရေးနှင့် စစ်ရေးဆက်ဆံမှု၏ ဆက်စပ်အခြေအနေအတွင်းမှ Mytel အပေါ် ညှိနှိုင်းမှုများ ပါဝင်ခဲ့သည်။ နှစ်ဖက် အစည်းအဝေးတချို့တွင် Mytel အား နှစ်နိုင်ငံ စစ်ဘက်ဆက်ဆံရေး၏ *"မီးမောင်းထိုးစရာ"* တစ်ခုအဖြစ် အသားပေးပုံဖော်ခဲ့ကြသည်။[180] Mytel အတွက် ဗီယက်နမ်သို့ သွားရောက်ခဲ့ကြသော မြန်မာ စစ်ဘက်နှင့် စီးပွားရေးဆိုင်ရာ ကိုယ်စားလှယ်ခရီးစဉ်များအနေဖြင့် ပြည်သူ့စားရိတ်ကို အသုံးပြုခဲ့သည်မှာ သေချာလုနီးပါးဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်မှ ကုန်ကျခြင်းဖြစ်သည်။

Viettel သည် မြန်မာစစ်တပ်၏ ခေတ်မီတိုးတက်ရေးကို နည်းပညာနှင့် သင်တန်းများကို လွှဲပြောင်းပေးခြင်းမှတဆင့် စစ်တပ်၏ နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနေသည့် စိတ်အနှောက်အယှက်ဖြစ်စရာ အထောက်အထားကို Justice For Myanmar မှ တွေ့ရှိရသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် Viettel နှင့် ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနသည် မြန်မာပြည် တိုင်းရင်းသားဒေသများတွင် ပြုလုပ်သော စစ်ဆင်ရေးများကို ပံ့ပိုးပေးနေပြီး စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများကို ထောက်ပံ့ အားပေးကူညီနေပေသည်။

မြန်မာ့စစ်တပ် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး၏ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် သော်လွင်သည် Mytel ၏ ဒါရိုက်တာ တစ်ဦးဖြစ်သည်။ ဤသည်က ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးအား Mytel ကွန်ရက်နှင့် ၎င်း၏ ပစ္စည်းကိရိယာများအပေါ် တိုက်ရိုက်ကြီးကြပ်ခွင့်ကို ပေးလိုက်ခြင်းဖြစ်သည်။[181] Viettel ကလည်း စစ်ဘက် ဆက်သွယ်ရေး မိတ်ဖက်ဖြစ်မှုမှတဆင့် ညွှန်ကြားရေးမှူးရုံးကို တိုက်ရိုက်ပံ့ပိုးသည်။ ဤသည်ထဲတွင် ဗိုလ်မှူးချုပ် သော်လွင် ဦးဆောင်သည့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်သို့ ၂၀၁၇ ခုနှစ်တွင် သွားရောက်ခဲ့သည့် ခရီးစဉ်လည်း ပါဝင်သည်။ [182] Mytel တွင် ဖွဲ့စည်းမှု အဆောက်အအုံသဘောအရ ပါဝင်နေသော တပ်မတော် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး၏ အခန်းကဏ္ဍသည် အလေးအနက် စိုးရိမ်စရာ ကိစ္စတစ်ခုဖြစ်ပြီး အရပ်ဘက်မိုဘိုင်းလ်ကွန်ရက် အော်ပရေတာ ဖြစ်ရမည့် Mytel ကို စစ်တပ်၏ နည်းဗျူဟာ ဆက်သွယ်ရေး အဆောက်အအုံထဲတွင် ထားရှိလိုက်ခြင်း ဖြစ်နေသည်။ စစ်တပ်နှင့် ၎င်း၏ မိတ်ဖက်များသည် ပြည်သူပိုင် စစ်တပ်၏ အခြေခံအဆောက်အအုံမှ အကျိုးအမြတ် ခံစားနေခြင်းသည်လည်း ဆိုးရွားသော အကျိုးစီးပွား ပဋိပက္ခ တစ်ရပ်ပင်ဖြစ်သည်။ ဗိုလ်မှူးချုပ် သော်လွင်သည် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ယခင် ဒါရိုက်တာ တစ်ဦး ဖြစ်သည်။[183]

ဗိုလ်မှူးချုပ် သော်လွင်မှ ၂၀၁၇ခုနှစ် မြန်မာစစ်တပ် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး၏ ခရီးစဉ်တစ်ခုအတွင်း ဗီယက်နမ် ပြည်သူ့တပ်မတော်၏ ဒုတိယ ကာကွယ်ရေးဦးစီးအရာရှိချုပ်နှင့် တွေ့ဆုံနေစဉ်။ **အရင်းအမြစ် - Voice of Vietnam**[184]

ဗီယက်နမ်-မြန်မာ စစ်ဘက်ဆက်သွယ်ရေး ဆက်ဆံမှုတွင် "တရားမဝင် ရွှေ့ပြောင်းမှု ထိန်းချုပ်ရေး"[185] အတွက် ပံ့ပိုးရန်လည်း ပါဝင်ပြီး ၎င်းသည် နိုင်ငံတကာတရားရုံးရှေ့တွင် ကြားနာနေပြီးဖြစ်သည့် နိုင်ငံတော် လူမျိုးတုံးသတ်ဖြတ်ခြင်း ရာဇဝတ်မှု၏ အစိတ်အပိုင်းတစ်ရပ် အနေနှင့် ရိုဟင်ဂျာများ မြန်မာနိုင်ငံသို့ ပြန်လာခြင်းကို ပိတ်ဆို့ရန် နိုင်ငံတော်မှ ကြိုးပမ်းမှုများတွင် ဗီယက်နမ်စစ်တပ်နှင့် Viettel တို့၏ ပါဝင်မှုကို ဆိုလိုခြင်းဟု ဖြစ်နိုင်သည်။ ဤအထဲတွင် Viettel စောင့်ကြည့်ရေး ဒရုန်းများကို အနာဂတ်တွင် အသုံးပြုမည့် အန္တရာယ် တစ်ခုလည်း ရှိနေပြီး ကုမ္ပဏီအနေဖြင့် ၎င်းဒရုန်းများကို ဒုံးကျည်များဖြင့် တပ်ဆင်နေပြီဖြစ်သည်။ နှစ်ဦးနှစ်ဖက်

ပူးပေါင်းဆောင်ရွက်မှုက "*ကာကွယ်ရေး စက်မှုလုပ်ငန်း*" ကဏ္ဍအတွင်း နက်နက်ရှိုင်းရှိုင်း ရှိနေခဲ့မှုသည် မြန်မာစစ်တပ်၏ လက်နက်များ ထုတ်လုပ်ရေး အစီအစဉ်အတွက် ဗီယက်နမ်၏ ထောက်ပံ့မှုကို ဖော်ပြနေသည်။[186]

၃ (၂) Mytel ၏ စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံ

Mytel သည် စစ်တပ်၏ ဖိုင်ဘာ အော့ပ်တစ် ကေဘယ်ကြိုးကွန်ရက်အပါအဝင် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး၏ အခြေခံအဆောက်အအုံကို အသုံးပြုနေပြီး စစ်တပ်၏ ဖိုင်ဘာ အော့ပ်တစ် ကေဘယ်ကြိုးကွန်ရက် အပါအဝင် အဆင့်မြှင့်ပေးနေကြောင်း Justice For Myanmar မှ အထောက်အထားအသစ်ကို တွေ့ရှိထားသည်။ ဤအခြေခံအဆောက်အအုံသည် ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၏ ညွှန်ကြားရေးမှူး နှင့် Mytel ၏ ဒါရိုက်တာတစ်ဦးလည်းဖြစ်သော ဗိုလ်မှူးချုပ် သော်လွင်၏ တာဝန်ယူမှုအောက်တွင် ရှိသည်။

"အရပ်ဘက်" ကွန်ရက်သည် "*ငြိမ်းချမ်းသောကာလတွင် စစ်တပ်ဆက်သွယ်ရေး ကွန်ရက်အတွက် အရံတစ်ခု အဖြစ် ပံ့ပိုးပေးပြီး စစ်ဖြစ်နေချိန်တွင် လုံအပ်သည့် စစ်ရေးပံ့သဏ္ဌာန်သို့ ပြောင်းလိုက်ရန် အဆင်သင့်ဖြစ်နေသည့်*" နှစ်မျိုးသုံး ကွန်ရက်ကို တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းသည် Viettel ၏ ပြည်တွင်းမစ်ရှင်အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး မြန်မာစစ်တပ်ကလည်း မျှဝေလက်ခံထားသည့် မဟာဗျူဟာတစ်ရပ်ဖြစ်သည်။[187] Mytel ကွန်ရက်ကို ပြည်သူ့ရုံပုံငွေဖြင့် တည်ဆောက်ထားသည့် မူလရှိပြီးသား မြန်မာစစ်တပ်၏ အခြေခံအဆောက်အအုံပေါ်တွင် ထပ်ဆင့်၊ ထည့်သွင်း ပြုလုပ်ထားခြင်းဖြစ်ပြီး ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးကို လိုအပ်ချက်ရှိသည့်အတိုင်း အလုပ်အကျွေးပြုကာ စစ်တပ်အတွက် အကျိုးအမြတ်များကို သေချာနေစေခဲ့သည်။

စတင်လုပ်ဆောင်စဉ်က Mytel သည် "*နိုင်ငံတဝှမ်းလုံးကို လွှမ်းခြုံသည့် ဖိုင်ဘာအော့ပ်တစ် ကေဘယ် ကီလိုမီတာ ၃ သောင်းကျော်*" ရှိကြောင်း Viettel မှ ကြေညာခဲ့သည်။[188] Mytel ၏ စတင်လုပ်ဆောင်မှု ဖွင့်ပွဲကို သတင်းတင်ပြသော မီဒီယာများကလည်း "*ဖိုင်ဘာ ကေဘယ် ကီလိုမီတာ ၃ သောင်း ကို ထည့်သွင်းမြှုပ်နှံပြီးကြောင်း၊ နိုင်ငံ၏ ဖိုင်ဘာအော့ပ်တစ် အဆောက်အအုံ ၅၀%ကို ပံ့ပိုးပေးနေကြောင်း*" အလားတူ အစီရင်ခံခဲ့သည်။[189] ဗီယက်နမ် ပြည်သူ့တပ်မတော် သတင်းစာက *"Mytel...အော့ပ်တစ် ကေဘယ်ကြိုး ကီလိုမီတာ ၃ သောင်းကျော်ကို မြန်မာနိုင်ငံတဝှမ်း မြှုပ်နှံထည့်သွင်းခဲ့"* ဟု ရေးသားခဲ့သည်။[190] Mytel ၏ ဖွဲ့စည်းမှုစသည့် အချိန် ၂၀၁၆ ခုနှစ်က မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ဖိုင်ဘာအော့ပ်တစ် ကေဘယ်ကြိုး ၁၃,၀၀၀ ကီလိုမီတာကို ထိန်းချုပ်ထားကြောင်း သိရပြီး ၎င်းသည်ပင်လျှင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းအား နိုင်ငံတော်အစုရှယ်ယာပိုင်ရှင်အဖြစ် အစိုးရ၏ ရွေးချယ်မှုအတွက် အကြောင်းပြချက်အဖြစ် ဖြစ်ခဲ့သည်။[191] အကယ်၍ Mytel နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့၏ ကိန်းဂဏန်းပမာဏများကို အတူပေါင်းကြည့်ပါက

Mytel သည် ဖိုင်ဘာအော့ပ်တစ် ကေဘယ်ကြိုး ၄၃,၀၀၀ ကီလိုမီတာကို ထိန်းချုပ်ထားသည့် အနေအထားတွင် ရှိနေသည်။

မည်သို့ပင်ဆိုစေကာမူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုထားခဲ့သော ဖိုင်ဘာလမ်းကြောင်းများမှတ်တမ်းအရ Mytel သည် လမ်းကြောင်း ၄၈ ခုတလျှောက် ၁၄,၁၅၅ ကီလိုမီတာသာ ထိန်းချုပ်ထားပြီး ရှိရမည်ဆိုသည့် ကီလိုမီတာ ၃ သောင်း၏ ထက်ဝက်ထက်ပင် နည်းနေကြောင်း ပြသနေသည်။ ၁၄,၁၅၅ ကီလိုထဲမှပင် ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ ၈,၈၉၂ ကီလိုသာ ပြီးစီးခဲ့သည်။ ဝန်ကြီးဌာနအနေဖြင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ၁၃,၀၀၀ ကီလိုမီတာကို စာရင်းပြမထားသဖြင့် ၎င်းသည် အရပ်သား ထိန်းချုပ်သူ၏ တာဝန်ရှိမှုအောက်တွင် မဟုတ်နေကြောင်း ညွှန်ပြနေသည်။ MECTel အနေဖြင့် အခြေခံအဆောက်အအုံမဲ့ မိုဘိုင်းလ်ကွန်ရက် အော်ပရေတာအနေဖြင့် လိုင်စင်ခံထားပြီး လည်ပတ်နေခြင်းဖြစ်ရာ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ မည်ကဲ့သို့ မည်သည့်အတွက် ဖိုင်ဘာအော့ပ်တစ်ကေဘယ် ကီလို ၁၃,၀၀၀ ကို ပိုင်ဆိုင်လည်ပတ်နေဆိုသည်မှာ မရှင်းလင်းလှပါ။ ဤကိန်းဂဏန်းက MECTel လည်ပတ်နေသော မြန်မာစီးပွားရေးကော်ပိုရေးရှင်းကို MPT နှင့် တန်းတူဖြစ်စေသည်။ နှိုင်းယှဉ်ချက်အရ ၂၀၁၉ ခုနှစ်အထိ တယ်လီနောမြန်မာမှ ဖိုင်ဘာအော့ပ်တစ်ကေဘယ် ၃,၅၀၁ ကီလိုမီတာသာ ဆောက်လုပ်ခဲ့ပြီး ၇၆ ကီလိုမီတာမှာ ဆောက်လုပ်ဆဲဖြစ်ကာ အော်ရီဒူးအနေဖြင့် ၃,၇၂၂ ကီလိုမီတာ ရှိထားပြီး ၁.၅ ကီလိုမီတာမှာ ဆောက်လုပ်ဆဲဖြစ်သည်။

Mytel အနေဖြင့် အခြားသူများထံမှ ဖိုင်ဘာအော့ပ်တစ်ကေဘယ်များကို အသုံးပြုသည်။ အကြီးဆုံး မျှဝေသုံးသည့် ဖိုင်ဘာကွန်ရက်ကို လည်ပတ်သူမှာ တရုတ်ပိုင် Myanmar Fiber Optic Communication Network Co. Ltd., (MFOCN) ဖြစ်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ၂၄,၁၀၆ ကီလိုမီတာကို တည်ဆောက်ပြီးစီးထားသည်။ MFOCN နှင့် Mytel တို့ ၂၀၁၈ ခုနှစ်တွင် ကန်ထရိုက်တစ်ခု လက်မှတ်ရေးထိုးခဲ့သည်။[192] Mytel မှ မြန်မာကုမ္ပဏီတစ်ခုဖြစ်သော GlobalNet နှင့် အသုံးမပြုရသေးသော အော့ပ်တစ်ဖိုင်ဘာ (dark fibre) အတွက် လက်မှတ်ရေးထိုးထားသည်။[193] အခြားသော တတိယအုပ်စု ကန်ထရိုက်တာများက Mytel နှင့် စစ်တပ်ကွန်ရက်တို့၏ စွမ်းဆောင်ရည် တိုးမြှင့်စေနိုင်သော်လည်း Mytel ၏ ကီလိုမီတာ ၃ သောင်းနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ၁၃,၀၀၀ ကီလိုမီတာနှင့် အကျုံးမဝင် မသက်ဆိုင်ပါ။

၂၀၂၀ ခုနှစ် ဧပြီလက Viettel Construction Myanmar ၏ ဒေတာ ကျိုးပေါက်မှုတွင် တွေ့ရသော စစ်ကိုင်းနှင့် မန္တလေး ဒေသများအတွက် Mytel ထုတ်လွှင့်မှု အချက်အလက်ဆုံရပ်တွင် Mytel ကေဘယ်လမ်းကြောင်းများ၏ ပိုင်ဆိုင်သူများအဖြစ် Mytel၊ MFOCN နှင့် DOS ဟူသော ၃ ဖွဲ့ကို စာရင်းဖော်ပြထားသည်။[194] DOS ဆိုသည်မှာ မြန်မာစစ်တပ်၏ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး၏ အသုံးများသည့် အတိုကောက်တစ်ရပ်ဖြစ်ပါသည်။ Viettel Construction Myanmar ၏ ဒေတာ ကျိုးပေါက်မှုထဲတွင် တွေ့ရှိရသော ဖြစ်ပျက်မှု

အနှစ်ချုပ်မှတ်တမ်း၌ "DOS" နှင့် သက်ဆိုင်သော ကောဘယ်မှားယွင်းမှု ဖော်ပြချက်တွင် စစ်တပ်ဗိုလ်ကြီးများနှင့် DOS အဖွဲ့ခေါင်းဆောင်များနှင့် ပတ်သက်သော ရည်ညွှန်းချက် အရေအတွက်တချို့၊ "တပ်မတော် ဆေးတက္ကသိုလ် (DSMA)" ဝင်းအတွင်း ကောဘယ်တစ်ခုကို ပြင်ဆင်နေသော DOS အဖွဲ့အကြောင်း ဖော်ပြချက်နှင့် DOS '*စခန်းများ*' အပေါ် ကြိမ်ဖန်များစွာသော ရည်ညွှန်းချက်များ ပါဝင်သည်။[195]

Mytel ဖိုင်ဘာအော့ပ်တစ်ကောဘယ်များ၏ သိသာထင်ရှားသော အစိတ်အပိုင်းတွင် မြန်မာစစ်တပ်မှ ထိန်းချုပ်ထားသော အခြေခံအဆောက်အအုံ ပါဝင်နေပြီး စစ်ဘက်ဆိုင်ရာ ဦးတည်ချက် တစ်ရပ်ကို အလုပ်အကျွေးပြုနေသည်ဟု ရရှိသော အထောက်အထားများအပေါ် အခြေခံ၍ Justice For Myanmar အနေဖြင့် ကောက်ချက်ချပါသည်။ စစ်တပ်ဆက်သွယ်ရေး အခြေခံအဆောက်အအုံကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ယူလည်ပတ်နေသည် မဟုတ်သောကြောင့် ဤအစီရင်ခံစာတွင် ထည့်သွင်း မဖော်ပြတော့ပါ။ Mytel အနေဖြင့် မြန်မာစစ်တပ်မှ ကွန်ရက်ကို ငှားရမ်းရန် ငွေပေးချေပါလိမ့်မည် သို့မဟုတ် စစ်တပ်နှစ်ခုနှင့် ၎င်းတို့၏ ကုန်သွယ်မှု လုပ်ငန်းစုများ အကြားက လျို့ဝှက်သဘောတူညီချက်၏ အစိတ်အပိုင်းအရ လက်လှမ်းမီရရှိမှုကို အခြား "ပုံစံ တစ်မျိုးမျိုးဖြင့်" ပေးချေနိုင်သည်။

Mytel က တင်ပြထားသည့် အချို့သော ဖိုင်ဘာအော့ပ်တစ် ကောဘယ်များမှာ Viettel နှင့် နည်းပညာ လွှဲပြောင်းရေး မိတ်ဖက်တစ်ခု ရရှိထားသည့် မြန်မာ့ လေကြောင်းရန် ကာကွယ်ရေး စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ်ဌာနအောက်မှ ရရှိလာခြင်း ဖြစ်နိုင်ပါသည်။ (ဤအခန်း၏ "M3" ခေါင်းစဉ်အောက်တွင် ဆွေးနွေးထားပါသည်။) Mytel စတင်လုပ်ဆောင်မှု မပြုခင်ကတည်းကပင် မြန်မာ့ လေတပ်အနေဖြင့် နိုင်ငံအဆင့် ဖိုင်ဘာအော့ပ်တစ်ကောဘယ် ကွန်ရက်ကို ဆောက်လုပ်နေသည်ဟု သိထားသည်။

> *၂၀၁၀ ခုနှစ်တွင် မြန်မာ လေကြောင်းရန် ကာကွယ်ရေး စစ်ဆင်မှု ကွပ်ကဲရေး ဌာနချုပ်အနေဖြင့် နိုင်ငံတဝှမ်းတွင် ဖိုင်ဘာအော့ပ်တစ် ဆက်သွယ်ရေးကွန်ရက် တည်ဆောက်မှုကို ပြုလုပ်ပြီးစီးခဲ့သည်။ ထိုကွန်ရက်များအား လေကြောင်းကာကွယ်ရေး စစ်ဆင်ရေးများအတွက် နေပြည်တော်ရှိ ဗဟိုကွပ်ကဲ ဌာနချုပ်နှင့် တချို့သော လေတပ်အခြေစိုက် စခန်းများ၊ ကြိုတင် သတိပေးရေဒါစခန်းများ၊ ရွှေ့ပြောင်း နိုင်သော လေယာဉ်ပစ် ဒုံးကျည်နှင့် အမြောက်ယူနစ်များအကြား တွင် အသုံးပြုရန်ဖြစ်သည်။ ကြားဖြတ် စစ်ဆင်ရေးစင်တာ [Intercept Operations Centre] တစ်ခုချင်းစီကို မြေပြင်မှ ဝေဟင်ပြစ် ဒုံးပျံများ သို့မဟုတ် ဝင်ရောက်လာသော ရန်သူလေယာဉ်များ သို့မဟုတ် ဒုံးကျည်များအား ပစ်ခတ်မည့် တိုက်ခိုက်ရေး/ကြားဖြတ် လေယာဉ်များကို ညွှန်ကြားနိုင်ရန် အဆင့်မြှင့်ထားသည်။ ကြားဖြတ် စစ်ဆင်ရေးစင်တာ တစ်ခုချင်းစီကို စစ်တပ်ပိုင် မြေအောက် ဖိုင်ဘာအော့ပ်တစ် ကောဘယ်ကွန်ရက်*

မှတဆင့် စောင့်ကြည့်ပြီး ကြိုတင်သတိပေးချက် ပေးပို့ရမည့်ဒေသများအတွက် အစီရင်ခံသည့် စခန်းများနှင့် ချိတ်ဆက်ထားသည်။ [sic][196]

စတင် မိတ်ဆက်ဆောက်ရွက်စဉ်က မြန်မာစီးပွားရေးကော်ပိုရေးရှင်းတွင် တာဝါတိုင် ၁,၀၀၀ ကျော်မျှ ပိုင်ဆိုင်ခဲ့သည်။[197] MECTel သည် အခြေခံအဆောက်အအုံမဲ့ မိုဘိုင်းလ်ကွန်ရက် အော်ပရေတာကဲ့သို့ MPT က တဆင့် လည်ပတ်ခဲ့ရသဖြင့် MECTel အနေဖြင့် ထိုတာဝါတိုင်များကို ၎င်း၏ ကိုယ်ပိုင်ကွန်ရက်အတွက် လိုအပ်နေပါလိမ့်မည်။ စစ်တပ် ဆက်သွယ်ရေး အခြေခံအဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်သော တာဝါတိုင်များကို စစ်တပ်မှ အမြတ်အစွန်းရမည့် ကုန်ပစ္စည်းအဖြစ်လုပ်ကာ Mytel မှတဆင့် အဆင့်မြှင့်လိုက်ခြင်းဖြစ်နိုင်ပါသည်။ နော်ဝေးဘဏ် DNB သုံးသပ်ချက်က မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာဝါတိုင်များသည် *"တာဝန်ယူ ထိန်းချုပ်နိုင်မှု နည်းပါးသော စစ်တပ်မြေ"* တွင် တည်ရှိနေသည်ဟု ရှင်းပြခဲ့သည်။[198] Justice For Myanmar မှ စစ်တပ်အဆောက်အအုံများနှင့် အခြေစိုက်စခန်းများတွင် အရေအတွက် မသိသော တာဝါတိုင်များ ရှိနေသည်ကို တွေ့ရှိထားသည်။ (အခန်း ၅ တွင် ကြည့်ပါ။) တာဝါတိုင်များကို ရန်ကုန် မင်္ဂလာတောင်ညွန့်နယ်မြေရှိ ၎င်း၏ "အဓိက သိုလှောင်ရာနေရာ"[199] နှင့် သကြားစိုက်ခင်းများလုပ်ရန်အတွက် စစ်တပ်မှ ၎င်းတို့၏ မြေများကို သိမ်းဆည်းလိုက်ခြင်းကြောင့် ဒေသခံလယ်သမားများနှင့် လတ်တလော ဖြစ်နေသည့် ပဋိပက္ခ၏ ဗဟိုဆုံချက်ဖြစ်နေသော ကန့်ဘလူရှိ ၎င်း၏ သကြားသန့်စင်ရေး အဆောက်အအုံ အပါအဝင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းစီးပွားရေး၏ နေရာများတွင် အလားတူ တည်ဆောက်ထားသည်။[200] ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၀ ခုနှစ် မေလမှတ်တမ်းအရဆိုလျှင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းသည် ဆက်သွယ်ရေးတာဝါတိုင် ၁,၀၅၂ တိုင်၊ Mytel က ၃,၄၃၆ တိုင် ထိန်းချုပ်ထားသည်။ ဤပေါင်းစပ်လိုက်သည့် ကိန်းပမာဏက Mytel နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းကို တာဝါတိုင် ၄,၄၈၈ တိုင် ထိန်းချုပ်နိုင်မှုဖြင့် MPT အပါအဝင် အခြားသော အော်ပရေတာ မည်သူမဆိုထက် သာသွားစေသည်။ ၂၀၂၀ မေလအထိ စာရင်းအရ Mytel အနေဖြင့် လက်ခံလွှင့်ထုတ် အခြေစိုက်စခန်း ၁၄,၁၂၉ ကို ထိန်းချုပ်ထားသည်ဟု ဆက်သွယ်ရေးဝန်ကြီးဌာနမှ အစီရင်ခံထားသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဆိုအရ Mytel ကို တည်ထောင်ရာတွင် MECTel ၏ အခြေခံအဆောက်အအုံအား *"စနစ်တကျ အဆင့်မြှင့်ခြင်း"* လည်းပါဝင်သည်။[201] MECTel ကို မြန်မာစစ်တပ်က အပြည့်အဝ ပိုင်ဆိုင်ပြီး ၎င်းကို မြန်မာစစ်တပ်ထဲတွင် ထည့်သွင်းပေါင်းစပ်လိုက်ပြီး စစ်တပ်အနေဖြင့် MECTel ၏ အခြေခံအဆောက်အအုံကို လိုအပ်လျှင် အရံကွန်ရက် အဖြစ် အသုံးပြုဖွယ်ရာ ရှိနိုင်သည်။ သို့ဖြစ်၍ Mytel မှတဆင့် မြန်မာစစ်တပ်သည် ၎င်း၏ ကိုယ်ပိုင် အခြေခံအဆောက်အအုံကို အဆင့်မြှင့်ပြီး ၎င်း၏ စစ်တပ် ဆက်သွယ်ရေးကွန်ရက်ကို ချဲ့ထွင်ကာ တိုင်းပြည်အပေါ် ၎င်းတို့မှ ပိုမိုတင်းကြပ်စွာ ချုပ်ကိုင်လျက်ရှိသည်။

စစ်တပ် အခြေခံအဆောက်အအုံများအား Mytel မှ အသုံးပြုနေမှုအပေါ် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု တစ်ရပ် ရှိရမည်ဖြစ်ပြီး Mytel ၏ ကွန်ရက်တည်ဆောက်မှုနှင့် လည်ပတ်မှုများတွင် ပြည့်သူ့ဘဏ္ဍာငွေ အသုံးပြုနေမှုများအားလုံး ဖွင့်ချပြသရသည်။



မိုင်တယ်(လ်)နှင့် မြန်မာစစ်ဘက်ကာကွယ်ရေး ပူးပေါင်းမှု

Viettel သည် စစ်တပ်နှင့် စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံး (dual-use) နည်းပညာများကို မြန်မာနိုင်ငံသို့ လွှဲပြောင်းခြင်းတွင် ပါဝင်နေသည်။ Mytel သည်လည်း ဗိယက်နမ်-မြန်မာ ကာကွယ်ရေးမိတ်ဖက် ပူးတွဲလုပ်ဆောင်မှုများတွင် အဓိက ပါဝင်ပတ်သတ်သူ ဖြစ်သည်။

၃ (၃) မြန်မာပြည်ရှိ Viettel ၏ လက်အောက်ခံကုမ္ပဏီများ

Mytel မှတဆင့် များစွာသော Viettel လက်အောက်ခံကုမ္ပဏီများ အနေဖြင့် မြန်မာစျေးကွက်ထဲတွင် Mytel ၌ ရင်းနှီးမြုပ်နှံရန်နှင့် စီမံခန့်ခွဲရန်၊ ၎င်းနှင့် မြန်မာစစ်တပ်ကို နည်းပညာနှင့် ဝန်ဆောင်မှုများ ထောက်ပံ့ရန်အတွက် ဝင်ရောက်လုပ်ဆောင်နေသည်။ Viettel ၏ လက်အောက်ခံ ကုမ္ပဏီအားလုံးသည် ဗီယက်နမ်၏ အမျိုးသားကာကွယ်ရေးအတွက်ဖြစ်သော စစ်ဘက်ရေးရာ အကျိုးစီးပွား တစ်ရပ်ကို အလုပ်အကျွေးပြုနေခြင်းဖြစ်သည်။ အများစုမှာ လက်နက်ပစ္စည်းများနှင့် နှစ်မျိုးသုံးကုန်များကို ထုတ်လုပ်ရာတွင် ပါဝင်နေသလို ဗီယက်နမ်စစ်တပ်၏ ဆိုင်ဘာ စွမ်းဆောင်ရည်အတွက် ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်နေသည်။ Viettel အနေဖြင့် မြန်စစ်တပ်ကို လက်နက်တပ်ဆင်နေပြီး ၎င်း၏ ဆိုင်ဘာ စွမ်းဆောင်ရည်ကိုလည်း ပံ့ပိုးဖွယ်ရာ များစွာ ဖြစ်နိုင်ခြေများစွာရှိသည်။ Viettel သည် မြန်မာစစ်တပ်အား နှစ်မျိုးသုံးပစ္စည်းများ ပံ့ပိုးပေးနေပြီး နိုင်ငံတကာ ရာဇဝတ်များကို ပံ့ပိုး အားပေးကူညီနေသည့် ကြီးမားသော အန္တရာယ်ရှိသည်။

၃ (၃.၁) Viettel Global Investment JSC

Viettel ၏ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေး လက်အောက်ခံ ကုမ္ပဏီဖြစ်သော Viettel Global Investment JSC သည် Mytel (Telecom International Myanmar) တွင် ပိုင်ဆိုင်မှု ၄၉% ရှိပြီး အရင်းအနှီး ပမာဏ မြှင့်တင်ရေးနှင့် စီမံခန့်ခွဲရေးတွင် အဓိကကျသော အခန်းကဏ္ဍ တစ်ရပ်မှ ပါဝင်သည်။ (အသေးစိပ်ကို အခန်း ၇ တွင် ကြည့်ပါ။) Viettel Global Investment JSC အနေဖြင့် Telecom International Myanmar ၏ ဘုတ်အဖွဲ့တွင် နေရာ ၄ နေရာ ရရှိထားပြီး Viettel Global Investment JSC ၏ အဖွဲ့ဝင်တစ်ဦးမှ အမှုဆောင် အရာရှိချုပ် နေရာကို ရယူထားသည်။ (အသေးစိပ်ကို နောက်ဆက်တွဲ ၄ တွင် ကြည့်ပါ။)

၃ (၃.၂) Viettel High Technology Industry Corp (VHT)

VHT ကို "*အဆင့်မြင့်နည်းပညာ အခြေခံသော ကာကွယ်ရေး စက်မှုလုပ်ငန်းစု၏ အမြှုတေ ဖြစ်ရန်*" ရည်ရွယ်သော အမြင်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်။[202] VHT မှ ရေဒါစနစ်များ၊ အီလက်ထရောနစ် လက်နက်များ၊ လျှပ်စစ်နှင့်အလင်းတုန့်ပြန်လက်နက်များ (electro-optical weapons)၊ စစ်ဘက်ဆိုင်ရာ အမိန့်ပေး စနစ်များနှင့် စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေး ကိရိယာ များကို ထုတ်လုပ်သည်။[203] ဗီယက်နမ် ပြည်သူ့တပ်မတော် သတင်းစာ ပြောပြချက်အရ အတိအကျ ဖော်ပြနိုင်စွမ်းမရှိသော VHT ထုတ်ကုန် ၁၁ မျိုးကို မြန်မာနိုင်ငံပါ ပါဝင်သည်ဟု ယူဆနိုင်သော Viettel ၏ "ပြည်ပ စျေးကွက် ၁၁ နေရာတွင်" အသုံးပြုနေသည်ဟု ဆိုသည်။[204]

၂၀၁၇ ခုနှစ် မတ်လက ဗိုလ်ချုပ်မှူးကြီ မင်းအောင်လှိုင်မှ စစ်တပ်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ သွားရောက်လည်ပတ်ခဲ့သော Viettel Research and Development Institute မှာ ၂၀၁၉ ခုနှစ်တွင် VHT ထဲသို့ ပေါင်းစည်းထည့်သွင်းခံခဲ့ရသည်။[205] ၂၀၁၈ ခုနှစ်တွင်လည်း အင်ဒို ကာကွယ်ရေး လက်နက်ပြပွဲ၌ VHT သို့ မြန်မာစစ်တပ်အရာရှိများက သွားရောက်လည်ပတ်ခဲ့သည်။[206] Justice For Myanmar အနေဖြင့် မြန်မာစစ်တပ်နှင့် VHT တို့အကြား အများပြည်သူ သိနိုင်သည့် မှတ်တမ်းတွင် မရှိနေသော ကျယ်ပြန့်သော အတိုင်းအတာရှိသည့် ဆက်သွယ်မှုများ ရှိနေလိမ့်မည်ဟု ထင်မြင်ယူဆရသည်။

Viettel အနေဖြင့် မြောက်ကိုရီယား အစိုးရနှင့် လမ်းကြောင်းများကို ပျိုးထောင်လျက်ရှိသည်။ မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့တစ်ခုမှ ၂၀၁၉ ခုနှစ်တွင် သုတေသနနှင့် တိုးတက်ဖွံ့ဖြိုးမှု အဆောက်အအုံတစ်ခုသို့ သွားရောက်ခဲ့ရာ VHT ဖြစ်နိုင်သည်။[207] Viettel မှလည်း မြောက်ကိုရီးယားတွင် ရင်းနှီးမြုပ်နှံလိုသည့် ဆန္ဒရှိကြောင်း အများသိ ကြေညာထားခဲ့သည်။[208]

အမေရိကတွင် အခြေစိုက်၍ Nasdaq စတော့ရှယ်ယာအုပ်စုတွင် စာရင်းသွင်းထားသည့် ဂြိုလ်တုစီးပွားရေးလုပ်ငန်းဖြစ်သော Iridium သည် စနစ်နှစ်မျိုး (hybrid)ပါ GPRS စနစ် (general packet radio service)/ ဂြိုလ်တုသုံး Iridium ခြေရာခံစနစ်ကို ရောင်းချရန်အတွက် Viettel နှင့် ကုန်သွယ်မှု မိတ်ဖက်တစ်ရပ်ရှိသည်။[209] Iridium မှ VHT အား နည်းပညာများ ထပ်ဆောင်း ပေးမပေးကိုမူ မသိရပါ။ Viettel မှတဆင့် Iridium နည်းပညာကို မြန်မာစစ်တပ်မှ လက်လှမ်းမီနိုင်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပံ့ပိုးပေးနိုင်ဖွယ်ရာရှိသည်။ Iridium သည် ၁၉၉၈ ခုနှစ်တွင် မြန်မာ စစ်အာဏာရှင်အစိုးရနှင့် ကြိုးမဲ့ဆက်သွယ်ရေး သဘောတူညီမှုကို လက်မှတ်ထိုးထားသည့် ယခင် ချိတ်ဆက်မှုများရှိနေသည်။[210]



အင်ဒိုကာကွယ်ရေး ပြပွဲ ကာလအတွင်း VHT ပြခန်း၌ တွေ့ရသော မြန်မာစစ်တပ် အရာရှိကြီးများ။
အရင်းအမြစ် - VHT

၃ (၃.၃) Viettel ဆိုင်ဘာ လုံခြုံရေး

Viettel ဆိုင်ဘာ လုံခြုံရေးသည် ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန အတွက်ပါ အပါအဝင် ကွန်ရက်များ စောင့်ကြည့်မှု၊ စက်များ၏ အလိုအလျောက် နားလည် သင်ယူနိုင်ခြင်း (Machine Learning)၊ နှင့် ဒေတာ ခြေရာခံ စောင့်ကြည့်ရေး (data mining) တို့တွင် ပါဝင်လုပ်ဆောင်သည်။[211] ၂၀၁၉ ခုနှစ် ထုတ်ပြန်ကြေညာချက်တစ်ရပ်က Viettel Cyber Security အနေဖြင့် Mytel ပါ ပါဝင်နိုင်ဘွယ်ရှိသော Viettel ၏ *"နိုင်ငံခြားစျေးကွက် ၁၀ ခုရှိ ရင်းနှီးမြှုပ်နှံထားသော ဆက်သွယ်ရေးကွန်ရက်များတွင်"* ဒီဂျစ်တယ် လုံခြုံရေး ဝန်ဆောင်မှုများကို ပေးဝေစေသည် ဟု အတည်ပြုခဲ့သည်။ ဤသည်က မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များမှ စောင့်ကြည့်မှုနှင့် ပြည်တွင်းပိုင်း ဖိနှိပ်မှုများ အတွက် အပါအဝင် Viettel Cyber Security ကို အသုံးပြုနိုင်သော အန္တရာယ်ကို ဖန်တီးထားသည်။ [212] မြန်မာပြည်တွင် Viettel Cyber Security ရှိနေမှုက မြန်မာ Mytel အသုံးပြုသူများအတွက် ကြီးမားသော ပုဂ္ဂလိကလုံခြုံရေး အန္တရာယ်တစ်ရပ်ကို ဖန်တီးထားနိုင်ပြီး ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး နှင့် စစ်တပ်ထောက်လှမ်းရေးတွင်လည်း ဤနည်းပညာကို အသုံးပြုနေနိုင်ပါသည်။

၃ (၃.၄) M1 ဆက်သွယ်ရေး

M1 သည် လက်နက်များနှင့် နှစ်မျိုးသုံး နည်းပညာများကို ထုတ်လုပ်သော Viettel ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာစစ်တပ်နှင့် ကုန်သွယ်မှု ဆက်ဆံရေးတစ်ရပ် ရှိသည်။ M1 အနေဖြင့် စစ်ဘက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများနှင့် စစ်တပ် လက်ရုံး တပ်ဖွဲ့များအတွက်ဖြစ်သော ထုတ်လုပ်ရေးစက်ရုံများ အပါအဝင် ထုတ်လုပ်ရေးလမ်းကြောင်း ၅ ခုကို လည်ပတ်လျက်ရှိသည်။[213] M1 ကို ၁၉၄၅ ခုနှစ်တွင် ကာကွယ်ရေးဆိုင်ရာ ဆက်သွယ်ရေး အေဂျင်စီအောက်တွင် တည်ထောင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် Viettel အုပ်စုနှင့် ပေါင်းစည်းခဲ့သည်။[214]

၂၀၁၈ ခုနှစ် မတ်လတွင် Qualcomm (USA) က M1 နှင့် မိတ်ဖက်ပြုမှုကို လက်မှတ်ရေးထိုး ခဲ့ပြီး M1 အား သုတေသန၊ ဒီဇိုင်း၊ ထုတ်လုပ်မှုနှင့် ဆက်သွယ်ရေး ကိရိယာများ ကမ္ဘာအနှံ့ ရောင်းချမှုတို့အတွက် ၎င်း၏ မူပိုင်ခွင့်အား လက်လှမ်းမီ ရရှိခွင့်ကို ပေးအပ်ခဲ့သည်။[215] ဤသဘောတူညီချက်သည် Viettel ၏ မြန်မာပြည်တွင် ဝင်ရောက်မှုပြီးနောက် ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု အပြီးတွင်မှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာစစ်တပ်ကို ရောင်းချခဲ့သည့် လက်နက်များ သို့မဟုတ် နှစ်မျိုးသုံး ပစ္စည်းများ ထုတ်လုပ်ရာတွင် Qualcomm နည်းပညာကို အသုံးပြုနိုင်ခြေ အန္တရာယ်များစွာရှိနေသည်။ M1 အား Qualcomm ၏ မူပိုင်ခွင့်များကို ပေးခြင်းအားဖြင့် Qualcomm သည် ၎င်း၏ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့်

တာဝန်ရှိမှုများကို လိုက်နာရန် ပျက်ကွက်ကာ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပံ့ပိုးပေးဖွယ်ရာ ဖြစ်နိုင်ခြေ များစွာရှိသည်ဟု Justice For Myanmar က ရှုမြင်သည်။

၂၀၁၈ ခုနှစ် ဧပြီလတွင် မြန်မာ လေကြောင်းကာကွယ်ရေးကွပ်ကဲမှု ကိုယ်စားလှယ် အဖွဲ့ တစ်ရပ်မှ M1 နှင့် နည်းပညာ၊ သင်တန်းနှင့် အခြား ပံ့ပိုးမှုများ လွှဲပြောင်းပေးရေးနှင့် ပတ်သက်သော ညှိနှိုင်းမှုများကို ပြုလုပ်ခဲ့သည်။ M1 ၏ ဝက်ဘ်ဆိုဒ်တွင် *"Viettel နှင့် M1 အကြား အနာဂတ်တွင် ရေရှည် ပူးပေါင်းဆောင်ရွက်မှုအတွက် ရောင်းချမှုနှင့် ပတ်သက်သည့် ကိစ္စများတွင်သာမကဘဲ နည်းပညာ လွှဲပြောင်းရေး၊ လေ့ကျင့်သင်ကြားရေးနှင့် Viettel M1 ကဲ့သို့ ခေတ်မီလိုင်းများ ထည့်သွင်းတပ်ဆင်ရေးအတွက် သဘောတူညီမှုများကို များမကြာမီ ရရှိမည်ဟု ဒု-ဗိုလ်ချုပ်ကြီး တင်မောင်ဝင်းမှ မျှော်လင့်ထားကြောင်း"* တင်ပြထားသည်။ [216] "ခေတ်မီလိုင်းများ ထည့်သွင်းတပ်ဆင်ရေး" ဆိုသည့်အပေါ်ရည်ညွှန်းချက်သည် မြန်မာစစ်တပ်အား အဆင့်မြင့်နည်းပညာ အခြေပြု ထုတ်လုပ်ရေးကို တည်ထောင်ရန် Viettel မှ ထောက်ကူပေးနေသည်ဟု ဆိုလိုနေသည်။

၂၀၁၈ ခုနှစ်က မြန်မာလေကြောင်းရန် ကာကွယ်ရေး စစ်ဆင်မှု ကွပ်ကဲမှုဌာနချုပ်ဌာနမှ M1 သို့ လာရောက်လည်ပတ်ခြင်း
အရင်းအမြစ် - M1

၃ (၃.၅) M3

M3 သည် Viettel ၏ လက်အောက်ခံဖြစ်ပြီး နှစ်မျိုးသုံးနိုင်သည့် အော့ပ်တစ် ကုန်ပစ္စည်းများ၊ စက်များနှင့် အင်တင်နာများကို ထုတ်လုပ်ပါသည်။ ထုတ်ကုန်များထဲတွင် စစ်ဘက်ဆက်သွယ်ရေးအတွက် နည်းဗျူဟာ အော့ပ်တစ် ကေဘယ်များ[217]၊ မောင်းသူမဲ့ ဝေဟင်သုံးယာဉ်များနှင့် ဒုံးကျည်များကို[218] ရည်ညွှန်းစေနိုင်မည့် *"ပျံသန်းနေသည့် ပစ်မှတ်များ"* (flying targets) အစရှိသည်တို့တွင် အသုံးပြုရန်အတွက် တာဘိုဂျက် အင်ဂျင်အသေးစားများ ပါဝင်သည်။

၂၀၁၈ ခုနှစ်တွင် M3 က မြန်မာပြည်ရှိ သူ၏ ကန်ထရိုက်များကို ကြေညာပါသည်။ ၎င်းကန်ထရိုက်များသည် Mytel၊ မြန်မာစစ်တပ် နှင့် တိုက်ရိုက် သို့မဟုတ် တတိယကြားခံ တစ်ခုနှင့် ဟုတ်မဟုတ်ကို မသိရှိရပါ။[219] Viettel Global က မည်သည့်စျေးကွက်ဟု အတိအကျ ရှင်းပြထားခြင်းမရှိဘဲ M3 သို့ ပေးချေရမှုများကို စာရင်းဖေါ်ပြထားသည်။[220] Mytel နှင့် မြန်မာစစ်တပ်တို့ အသုံးပြုရန်အတွက် M3 ထုတ်ကုန်များကို ဝယ်ယူစုဆောင်းနေခြင်း ဖြစ်နိုင်ခြေ အလွန်များသည်။

၃ (၃.၆) Viettel ကွန်ရက်စင်တာ (Viettel IDC)

IDC သည် Viettel ၏ cloud အခြေပြု ကွန်ပြူတာစနစ် ဝန်ဆောင်ပေးသည့် လက်အောက်ခံ ကုမ္ပဏီဖြစ်ပြီး အင်တာနက်အသုံးပြု၍ အဝေးထိန်းဆာဗာများတွင် ဒေတာများ စီမံခန့်ခွဲခြင်း (cloud computing)၊ လုံခြုံရေးနှင့် ဒေတာစင်တာ ဝန်ဆောင်မှု အစရှိသည်တို့ကို ထောက်ပံ့ပေးသည်။ အများပြည်သူလုံခြုံမှုကို စောင့်ကြည့်စနစ်အပါအဝင် "စမတ်ကျသည့် မြို့ပြ" (smart city) နည်းပညာကိုလည်း တပ်ဆင်ပေးထားသည်။[221] ၂၀၁၈ ခုနှစ်တွင် Viettel IDC ၏ ဒါရိုက်တာက ၎င်းတို့၏ cloud computing ဝန်ဆောင်မှုကို မြန်မာနိုင်ငံမှစတင်၍ ပို့ကုန်အဖြစ် ရောင်းချမည့် အစီအစဉ်များကို ကြေညာခဲ့သည်။[222] Justice For Myanmar အနေဖြင့် မြန်မာစစ်တပ်မှ Viettel IDC ၏ နည်းပညာ အသုံးပြုနေခြင်း ရှိမရှိ အတည်မပြုနိုင်ပါ။ မည်သို့ပင်ဆိုစေ မြန်မာစစ်တပ်အနေဖြင့် ဉာဏ်ရည်တု၊ ကြီးမားသောဒေတာနှင့် ဆက်သွယ်ရေးပစ္စည်းများအကြား အင်တာနက်ဖြင့် အလိုအလျောက် အပြန်အလှန်ဆက်သွယ်နေမှု (internet of things) အစရှိသည်တို့တွင် စစ်ဘက်ဆိုင်ရာ applications အသုံးပြုမှုများကို ပံ့ပိုးပေးနိုင်သော မြင့်မားသည့် စွမ်းဆောင်ရည်ကို Viettel IDC မှတဆင့် ရရှိနိုင်သည့် ကြီးမားသော အန္တရာယ်ရှိသည်။ Mytel အနေဖြင့် လုပ်ငန်းစု သုံးစွဲသူများကို cloud အခြေခံ ကွန်ပြူတာစနစ် ဝန်ဆောင်မှုကို ပေးအပ်ထားပြီးဖြစ်ရာ ၎င်းနည်းပညာကို IDC မှ ပံ့ပိုးပေးထားခြင်း ဖြစ်နိုင်သည်။[223] IDC နည်းပညာအနေဖြင့် မြန်မာစစ်တပ်အား အကျိုးအမြတ်များ ပေးနေပြီး မြန်မာစစ်တပ်၏ ခေတ်မီတိုးတက်ရေးကို ပံ့ပိုးနေသည့် ကြီးမားသည့် အန္တရာယ် တစ်ရပ်ရှိသည်။

Viettel IDC သည် ဆာဗာစက်များဆိုင်ရာ အခြေခံအဆောက်အအုံအတွက် Fujitsu[224]၊ Azure cloud နှင့် အခြားapplicationများ ရရှိရန်အတွက် Microsoft[225] တို့နှင့် မိတ်ဖက်ပြုထားသည်။ Azure cloud ကို အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ရှိသည်ဟု ခန့်မှန်းထားသည့် "JEDI" cloud ကွန်ပြူတာစနစ် ကန်ထရိုက်ဖြင့် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက အလားတူ အသုံးပြု

နေခဲ့ပြီးဖြစ်သည်။[226] IDC နှင့် မိတ်ဖက်ဆောင်ရွက်မှုများမှတဆင့် Fujitsu နှင့် Microsoft သည်လည်း မြန်မာစစ်တပ်၏ နိုင်ငံတကာရာဇဝတ်မှုများနှင့် ဆက်နွယ်ခံရနိုင်သည်။

၃ (၃.၇) Viettel ၏ ဒေတာအချက်အလက်ကြီးများ ခွဲခြမ်းစိပ်ဖြာ သုံးသပ်ရေးစင်တာ (Big Data Analytics Center - DAC)

ဟန္ဒိုင်းမြို့မှ လည်ပတ်နေသည့် DAC သည် Viettel လက်အောက်ခံ ကုမ္ပဏီများထံမှ အသုံးပြုသူများ၏ ပုဂ္ဂိုလ်ရေး ဒေတာများကို စုဆောင်းပြီး သုံးသပ်ရန်အတွက် ဒေတာကန်တစ်ခုထဲသို့ ထည့်သည်။ DAC ၏ ဒေတာ ခြေရာခံစနစ်ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေခဲ့ပြီး ဖြစ်သည်။[227] Mytel အသုံးပြုသူများ၏ ဒေတာများကို သုံးသပ်ရန်အတွက်သာ သီးသန့်ထားရှိသည့် အချိန်ပြည့် ဒေတာသုံးသပ်သူ အနည်းဆုံး တစ်ဦးကို DAC မှ ငှားရမ်းခဲ့ကြောင်း Justice For Myanmar မှ အထောက်အထား တွေ့ရှိထားသည်။[228] မည်သည့် ဒေတာများအား ကောက်ယူခဲ့သည်ကိုမူ Justice For Myanmar မှ အတည်မပြုနိုင်ပါ။ Mytel ၏ လုံခြုံရေး လွတ်လပ်မှု မူဝါဒက မည်သည့် ပုဂ္ဂိုလ်ရေး ဒေတာအချက်အလက်များ ကောက်ယူ၍ အသုံးပြုသူ အချက်အလက်များကို မြန်မာစစ်တပ်အပါအဝင် Mytel ရှယ်ယာပိုင်ဆိုင်သူများနှင့် မည်သို့ မျှဝေမှုကို ဖြစ်စေသည်၊ မြန်မာပြည်၏ စီရင်ပိုင်ခွင့် ပြင်ပတွင် ဒေတာ သိမ်းဆည်းခြင်းကို မည်သည်က ခွင့်ပြုပေးသည် အစရှိသည်တို့ကို တိတိကျကျ ရှင်းပြမထားပါ။

> *Mytel သည် မိမိ၏ ကုမ္ပဏီအတွင်း၌ပင်၊ Mytel ၏ အစုရှယ်ယာရှင်ကုမ္ပဏီများနှင့် ပြင်ပမိတ်ဖက် ပါတနာများအပါအဝင် လူကြီးမင်း၏အချက်အလက်များကို ဤမူဝါဒနှင့်အညီ လုံခြုံစိတ်ချစွာဖြင့် မျှဝေခြင်းကို လူကြီးမင်းက ခွင့်ပြုပါသည်။ ဤမူဝါဒတွင် ဖော်ပြထားသော ရည်ရွယ်ချက်များအလို့ငှာ လူကြီးမင်း၏ အချက်အလက်များကို မြန်မာနိုင်ငံတွင်လည်းကောင်း၊ လူကြီးမင်းနေထိုင်ရာနိုင်ငံမှအပ အခြားတိုင်ပြည် တစ်ခုခုတွင်လည်းကောင်း လွှဲပြောင်းခြင်း၊ လွှဲပို့ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ဆောင်ရွက်ခြင်းတို့ ပြုနိုင်ပါသည်။ ဤကဲ့သို့ အချက်အလက်များ လွှဲပြောင်းခြင်းမှာ လူကြီးမင်းထံသို့ ပို့မိကောင်းမွန်သော ဝန်ဆောင်မှုနှင့် ထုတ်ကုန်များ ပံ့ပိုးပေးရာတွင် လိုအပ်သောကြောင့်ဖြစ်သည်။*[229]

သို့ဖြစ်၍ DAC မှ သိမ်းဆည်းစုဆောင်းထားမည့် Mytel အသုံးပြုသူများထံမှ ပုဂ္ဂိုလ်ရေး ဒေတာအချက်အလက်များကို မြန်မာစစ်တပ်မှ လက်လှမ်းမီနေမည်မှာ ဖြစ်နိုင်ခြေများစွာရှိပြီး

DAC စနစ်များကလည်း စစ်တပ်ထောက်လှမ်းရေး၏ စွမ်းဆောင်ရည်ကို အားကောင်းစေနိုင်သည်။ Mytel အသုံးပြုသူများနှင့် ၎င်းတို့ကွန်ရက်များ၏ ပုဂ္ဂိုလ်ရေး အချက်အလက်များကို ၎င်းတို့ကိုယ်တိုင်၏ သိရှိမထားသော၊ ၎င်းတို့၏ ခွင့်ပြုချက်မပါသော ရည်ရွယ်ချက်များအတွက် ဒီမိုကရေစီနည်းကျ ကာကွယ်ထားမှု ကင်းမဲ့စွာဖြင့် အသုံးပြုနေသည့် DAC ၏ လုပ်ကိုင်ဆောင်ရွက်မှုများက Mytel အသုံးပြုသူများအတွက် ပုဂ္ဂလိက လုံခြုံမှုအပေါ် ကြီးမားသော စိုးရိမ်မှုကို မြင့်မားစေသည်။ ထပ်မံ၍ စိုးရိမ်ရသည်မှာ ဒေတာများကို မြန်မာပြည် စီရင်ပိုင်ခွင့်၏ ပြင်ပဖြစ်သော ဗီယက်နမ်တွင် သိမ်းဆည်း အသုံးပြုနေဖွယ်ရာ ဖြစ်နိုင်ခြေများလွန်းသည့်ကိစ္စဖြစ်သည်။

၃ (၃.၈) Viettel Cyberspace Center (VTCC)

VTCC က လူမှုကွန်ရက်များမှ သတင်းအချက်အလက် ရယူခြင်း (social listening)၊ ဉာဏ်ရည်တု ပြုလုပ်ခြင်း၊ ဒေတာ ခြေရာခံခြင်းနှင့် ကြီးမားသော ဒေတာများ သိမ်းဆည်းခြင်း အစရှိသည့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည်။ Mytel ကွန်ရက်အတွက် ဖြစ်နိုင်ဖွယ်ရှိသည့် မြန်မာပြည်၌ အသုံးပြုရန် မှာယူသော ဖုန်းခေါ်ဆိုမှုများတွင် မလိုချင်သည်များကို စီစစ်ပယ်ဖျက်ပေးသည့်စနစ် (anti-spam) ကို VTCC မှ ထုတ်လုပ်ပေးခဲ့သည်။[230] ထိုစနစ်က ပုဂ္ဂိုလ်ရေး ဒေတာ အမြောက်အများကို စုဆောင်းရသည်ဖြစ်ရာ ၎င်းတို့ကို မြန်မာစစ်တပ်အနေဖြင့် ရရှိနိုင်ပြီး ထောက်လှမ်းရေး ရည်ရွယ်ချက်များအတွက် အသုံးပြုနေနိုင်သည်။ VTCC က မြန်မာသုံးစွဲသူများအတွက် ပုဂ္ဂလိက လုံခြုံခွင့်နှင့် ပတ်သက်သော ကြီးမားသည့် စိုးရိမ်ရမှုကို ဖြစ်စေရာ ဆက်လက်စုံစမ်းစစ်ဆေးရန် လိုအပ်ပါသည်။

၃ (၃.၉) ဗီယက်နမ် ကွန်ရက်နည်းပညာ စင်တာ (VTTEK)

VTTEK က 5G နည်းစနစ်၊ တည်ရာရှာဖွေသည့် စနစ်များနှင့် ပင်မကွန်ရက်အတွက် အသုံးပြု applicationများ အပါအဝင် ဆက်သွယ်ရေးနည်းပညာများနှင့် စနစ်များတွင် သုတေသနပြုခြင်းနှင့် ဖေါ်ထုတ်ခြင်းတို့ကို လုပ်ဆောင်သည်။[231] VTTEK နည်းပညာကို Viettel ၏ ပြည်ပစျေးကွက်များတွင် ဖြန့်ကျက်ထားပြီး VTTEK နည်းပညာအား မြန်မာပြည်တွင် သုံးနေခြင်းကို အတည်ပြုနိုင်ခြင်းမရှိသေးသော်လည်း ဖြစ်နိုင်ခြေများပါသည်။ 5G နည်းပညာ၏ စစ်ဘက်ဆိုင်ရာ ထုတ်လုပ်သူတစ်ဦးအနေဖြင့် VTTEK မှ မြန်မာစစ်တပ်၏ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကို ပံ့ပိုးနိုင်သည့် အန္တရာယ်တစ်ရပ်ရှိပြီး မြန်မာစစ်တပ် ဆက်သွယ်ရေး ခေတ်မီတိုးတက်ရေးကိုလည်း ထောက်ကူပေးနိုင်ခြေရှိသည်။

VTTEK ၏ 5G ထုတ်လုပ်မှုတွင် Canadian Securities Exchange ၌ စာရင်းသွင်း ဖေါ်ပြထားသည့် ကနေဒါ အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သော NuRAN Wireless Inc. နှင့် ပူးတွဲမိတ်ဖက်မှုတစ်ရပ်လည်း ပါဝင်ပါသည်။[232] Mytel မှ 5G ကွန်ရက်ကို စတင် ထုတ်လွှင့် လိုက်သည်နှင့် NuRAN ၏ VTTEK နှင့်မိတ်ဖက်ပြုမူသည် နည်းပညာ လွှဲပြောင်းမှုမှတဆင့်၊ ဘဏ္ဍာဝင်ငွေမှတဆင့် မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ပံ့ပိုးပေးရာရောက်သည့် အန္တရာယ်ကြီးမားစွာရှိသည်။

ထို့အပြင် VTTEK က 4G ဆိုင်ရာ အခြေစိုက်စခန်းများအတွက် Nokia နည်းပညာကို လက်ခံပြောင်းလဲသုံးနေကြောင်း သက်သေအထောက်အထားက ညွှန်ပြနေသည်။[233] ဤအခြေအနေနှင့် Nokia နှင့်ဆက်သွယ်ထားသော ကိရိယာများ Mytel ကွန်ရက်ထဲတွင် ဖြန့်ချီထားခြင်း ရှိမရှိကိုလည်း ထပ်မံ စုံစမ်းစစ်ဆေးရန်လိုသည်။

၃ (၃.၁၀) Viettel စီးပွားရေး ဖြေရှင်းမှုနည်းလမ်းများ ကော်ပိုရေးရှင်း

Viettel စီးပွားရေး ဖြေရှင်းမှုနည်းလမ်းများ ကော်ပိုရေးရှင်းသည် စမတ်ကျသည့်မြို့ပြ နည်းပညာ နှင့် ဆက်သွယ်ရေးပစ္စည်းများအကြား အင်တာနက်မှတဆင့် အလိုအလျောက် အပြန်အလှန်ဆက်သွယ်မှု (Internet of things) အပါအဝင် ဒီဂျစ်တယ် ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည်။ Viettel စီးပွားရေးဖြေရှင်းမှုနည်းလမ်းများ၏ ထုတ်ကုန်များထဲတွင် ဗီဒီယိုဖြင့် စောင့်ကြည့်သည့် နည်းပညာ[234]၊ "မြို့လှုပ်ရှားမှုကို ထိန်းချုပ်လည်ပတ်သောစင်တာ *(intelligent operation center)*"[235] နှင့် ဆိုရှယ်မီဒီယာ စောင့်ကြည့်ခြင်း[236] တို့ ပါဝင်သည်။ ၎င်း၏ မြို့လှုပ်ရှားမှုကို ထိန်းချုပ်လည်ပတ်သော စင်တာက အများပြည်သူ လုံခြုံမှု ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့အတွက် "*ခွဲခြားရွေးထုတ်နိုင်ရန် ခိုင်းစေထားသော တွက်ချက်မှု အစီအစဉ် (identification algorithm) ဖြင့် ထက်မြက်သော ပုံရိပ်ဖေါ်ထုတ်မှု စနစ်*" ကို အသုံးပြုထားသည်။[237] Viettel စီးပွားရေးဖြေရှင်းမှုနည်းလမ်းများက Nokia ၏ Integrated Operations Centre နှင့် ဆက်စပ်ပြီး Nokia နှင့် မိတ်ဖက်ပြုကာ စမတ်ကျသည့် မြို့ပြ နည်းပညာကို ဖေါ်ထုတ်နေခဲ့ပါသည်။[238]

Viettel စီးပွားရေးဖြေရှင်းမှုနည်းလမ်းများက မြန်မာနိုင်ငံကို ၎င်း၏ ကွန်ရက်အစိတ်အပိုင်း အဖြစ် စာရင်းဖော်ပြထားပြီး[239] Viettel စီးပွားရေးဖြေရှင်းမှုနည်းလမ်းများ၏ ဝန်ဆောင်မှုနှင့် သုံးစွဲသူ ဝန်ဆောင်ရေး ကွန်ရက်တွင်ရှိသော နိုင်ငံခြားစျေးကွက် ၁၀ ခု အနက်မှ မြန်မာနိုင်ငံက ၁ ခု ဖြစ်နေပုံရသည်။[240] Justice For Myanmar အနေဖြင့် ဤလုပ်ငန်းက မြန်မာပြည်သို့ ပံ့ပိုးပေးနေသည့် ဝန်ဆောင်မှု အသေးစိပ်ကို မရှာဖွေနိုင်ခဲ့ပါ။ ၎င်းနည်းပညာကို မြန်မာစစ်တပ်သို့မဟုတ် ရဲများက အသုံးပြုပြီး မြန်မာပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ရာတွင် အသုံးပြုနိုင်သည့် အန္တရာယ် ကြီးစွာရှိသည်။

၃ (၃.၁၁) Viettel ဆောက်လုပ်ရေး

Viettel ဆောက်လုပ်ရေးက ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ လည်ပတ်လုပ်ဆောင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို အထူးပြုပြီး မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ရုံးတစ်ခုရှိသည်။ Viettel ဆောက်လုပ်ရေး၏ မြန်မာပြည် လက်အောက်ခံကုမ္ပဏီက အွန်လိုင်းတွင် အမှတ်တမဲ့ ထုတ်ပြန်ထားသော အထက်တွင်တင်ပြခဲ့သည့် အတွင်းမှတ်တမ်းများအရ Viettel ဆောက်လုပ်ရေး မြန်မာ (VCM) သည် Mytel နှင့် အဓိက ကန်ထရိုက်များ ရှိထားသည်။ ကုမ္ပဏီ၏ မှတ်တမ်းများအရ ၎င်းတို့ထဲတွင် စစ်တပ်အခြေစိုက်စခန်းများ၌ ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေးနှင့် ထိန်းသိမ်းရေးများ ပါဝင်သည်။ (အသေးစိပ်ကို အခန်း ၅ တွင် ကြည့်ပါ။) VCM ကိုယ်တိုင်က ၎င်းတို့ဖာသာ၎င်းတို့ "ZTE နှင့် Mytel တို့၏ မဟာဗျူဟာမြောက် မိတ်ဖက်"အဖြစ် ရှင်းပြနေသည်။[241]

၃ (၃.၂၂) Viettel သွင်းကုန်နှင့် ထုတ်ကုန် တင်ပို့မှုလုပ်ငန်း (Viettelimex)

Viettel သွင်းကုန်နှင့် ထုတ်ကုန် တင်ပို့မှုလုပ်ငန်းသည် Viettel ၏ ပို့ဆောင်ထောက်ပံ့ရေး လုပ်ငန်းဖြစ်ပြီ ဖြန့်ချီရေးနှင့် ထုတ်ကုန်တင်ပို့ရေးစင်တာကို လည်ပတ်နေကာ မြန်မာနိုင်ငံပါ ပါဝင်နိုင်သော Viettel ၏ ကမ္ဘာလုံးဆိုင်ရာကွန်ရက်အတွက် ပစ္စည်းများ ဝယ်ယူစုဆောင်းရာတွင် ပါဝင်နေပုံပေါ်သည်။[242]

၃.၄ မဟာမိတ်ပြုထားသော ဗီယက်နမ် စီးပွားရေးလုပ်ငန်းများ

အောက်ပါ ဗီယက်နမ် စီးပွားရေးလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် လည်ပတ်လျက်ရှိပြီး ဗီယက်နမ်စစ်တပ်နှင့် ကုန်သွယ်မှုဆိုင်ရာ ချိတ်ဆက်မှုများ ရှိသည်။

၃ (၄.၁) Comit

Comit အနေဖြင့် ဥာဏ်ရည်တုလုပ်ငန်း၊ ကြီးမားသော ဒေတာများ၊ ကွန်ရက်စောင့်ကြည့်ခြင်း၊ ဆက်သွယ်မှု စမ်းသပ်ခြင်းနှင့် တိုင်းတာခြင်း စက်ကိရိယာများ၊ နှင့် စုပေါင်းထားသည့် ဝန်ဆောင်မှုများတွင် လုပ်ဆောင်နေသည်။ Comit သည် Viettel ၏ မိတ်ဖက်တခုဖြစ်ပြီး M1 နှင့် M3 အပါအဝင် Viettel ၏ လက်အောက်ခံ ကုမ္ပဏီတချို့နှင့် အလုပ်လုပ်သည်။[243] ဤလုပ်ငန်းသည် ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ရဲတပ်ဖွဲ့တို့၏ ကန်ထရိုက်တာ တစ်ဦးလည်း ဖြစ်သည်။[244] Comit သည် Comit Telecommyanmar Co. Ltd. ဆိုသည့် လက်အောက်ခံ ကုမ္ပဏီတစ်ခုကို မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ ဖွင့်လှစ်ခဲ့ပြီး မြန်မာအစိုးရ၊ MPT၊ Nokia၊ Ericssonနှင့် Mytel အစရှိသူများ အပါအဝင်ဖြစ်သော ဖောက်သည်များနှင့် အလုပ်လုပ်နေသည်။ Mytel ကွန်ရက်အတွက်ဆိုလျှင် Comit သည် Mytel နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း တာဝါတိုင် တော်တော်များများအတွက် "မိတ်ဖက်" တစ်ခုဖြစ်သည်။[245] Comit သည် Nasdaq တွင် စာရင်းသွင်းထားသည့် VIAVI Solutions (USA) ကုမ္ပဏီနှင့် မိတ်ဖက်ပြုထားသည်။ မြန်မာနိုင်ငံနှင့် အခြား အရှေ့တောင်အာရှဈေးကွက်များတွင် Comit သည် VIAVI Solutions ၏ *"Premium Elite Partner"* ဖြစ်ပြီး ဆက်သွယ်ရေးစနစ်များ စမ်းသပ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အဆင့်မြှင့်တင်ပေးခြင်းများကို စီစဉ်ပေးသည်။[246] Comit ၏ Mytel အား ဝန်ဆောင်မှုများ ပေးသည့် အခန်းကဏ္ဍကို ကြည့်ရသည်မှာ ကျယ်ကျယ်ပြန့်ပြန့် ရှိလှပြီး စစ်ဘက်ဆိုင်ရာ နေရာများတွင် ဝန်ဆောင်မှု ပေးခြင်းများ ပါဝင်နေနိုင်သည်။ Comit အနေဖြင့် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို လုပ်ဆောင်မှုအား ထောက်ပံ့ အားပေးကူညီနေနိုင်သည်ဟု Justice For Myanmar မှ ကောက်ချက်ချသည်။

Comit မှ နယ်သာလန် အခြေစိုက် Flytxt နှင့် မိတ်ဖက်ပြုမှု အစိတ်အပိုင်းတစ်ရပ်အနေဖြင့် Viettel အား ဥာဏ်ရည်တု အခြေပြု ဈေးကွက်မြှင့်တင်ရေး ထောက်ပံ့ပေးမှုကို စီစဉ်ပေးပြီး Viettel ရောင်းချမှုများ တိုးမြင့်စေရန်အတွက် ပုဂ္ဂိုလ်ရေး အချက်အလက်များကို ဗီယက်နမ်တွင် သုံးသပ်ပေးသည်။ Comit အနေဖြင့် Mytel သုံးစွဲသူဒေတာများကို သုံးသပ်ရန်အတွက်

Flytxt စနစ်ကို အလားတူ သုံးမသုံးနှင့် မြန်မာစစ်တပ်မှ Comit ၏ ဉာဏ်ရည်တု နည်းပညာကို ရရှိမှု ရှိမရှိကို မသိရပါ။

၃ (၄.၂) FPT

FPT သည် ဗီယက်နမ်အခြေစိုက် အဓိကကျသော ကြေးနန်းဆက်သွယ်ရေးနှင့် နည်းပညာ စီးပွားရေးလုပ်ငန်းတခုဖြစ်ပြီး လုံခြုံရေးနှင့် ကာကွယ်ရေးအပါအဝင် ကဏ္ဍများ၌ လုပ်ဆောင်နေကာ Viettel ၏ မိတ်ဖက်တရပ်လည်း ဖြစ်သည်။[247] ၂၀၁၃ ခုနှစ်တွင် FPT မှ မြန်မာပြည်တွင် ရုံးခန်းတစ်ခု ဖွင့်လှစ်ခဲ့ပြီး မြန်မာပြည်၏ နိုင်ငံလုံးဆိုင်ရာအဆင့် ဝင်ထွက်ပေါက် (national portal)၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒေတာစင်တာ ၆ ခု၊ Myanmar Payment Union (MPU) အတွက် မြန်မာ၏ နိုင်ငံလုံးဆိုင်ရာ ငွေကြေးပြောင်းလဲခြင်းစနစ်အား လည်ပတ်ပေးမှု အပါအဝင် မြန်မာအစိုးရနှင့် အဓိကကျသော ကန်ထရိုက်များ ရရှိထားသည်။ FPT အနေဖြင့် မြန်မာပြည်တွင် Mytel အတွက် ဒေတာစင်တာကိုလည်း အလားတူ ဆောက်လုပ်ပေးနေပါသည်။[248]

၃ (၄.၃) Taicom JSC

Taicom သည် ဗီယက်နမ် စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်ပြီး Mytel နှင့် စစ်တပ်အခြေစိုက် စခန်းများအတွင်း အပါအဝင် Mytel အတွက် ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေးတွင် ပါဝင်ပတ်သက်နေသည်။ (အခန်း ၅ တွင် ကြည့်ပါ။) Justice For Myanmar အနေဖြင့် Taicom ၏ မြန်မာပြည်တွင်ရှိသော တရားဝင် လက်အောက်ခံကုမ္ပဏီ တစ်ခုခု၏ အထောက်အထားကို မရှာဖွေနိုင်ခဲ့ပါ။

အခန်း ၄

စစ်တပ်နှင့် MYTEL ဆက်သွယ်ရေးဂြိုလ်တု

- မြန်မာစစ်တပ်အတွက် ဂြိုလ်တုနည်းပညာ ရရှိရေးသည် မဖြစ်မနေ အရေးကြီးသည်။ ဈေးကွက်လွတ်လပ်မှုပြုခြင်း အကျိုးကြောင့် မြန်မာအနေဖြင့် ဂြိုလ်တုဆက်သွယ်ရေးကို ပိုမိုကျယ်ပြန့်သော လက်လှမ်းမီမှုကို ရရှိလာသည်။

- ဂြိုလ်တုဆက်သွယ်ရေးများ၏ စက်မှုလုပ်ငန်းတွင် အဓိက ကျသော နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများအနေဖြင့် Mytel နှင့် တိုက်ရိုက် ဖြစ်စေ၊ Mytel မှတဆင့်ဖြစ်စေ ပါဝင်ပတ်သက်နေသော ကြောင့် မြန်မာစစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများကို တိုက်ရိုက် ပံ့ပိုးကူညီနေရာ ရောက်ပါလိမ့်မည်။

- ဂျပန် အာကာသ အေဂျင်စီဖြစ်သည့် JAXA နှင့် ၎င်းဖြင့် မဟာမိတ်ပြုထားသော ဂျပန်တက္ကသိုလ်များအားလုံးသည် မြန်မာစစ်တပ်ကို အကျိုးဖြစ်ထွန်းစေသည့် မြန်မာအာကာသ အစီအစဉ်ကို ထောက်ပံ့နေကြသည်။

၄ (၁) AsiaSat (ဟောင်ကောင်)

၄ (၂) Hughes Network Systems (USA)

၄ (၃) ဗီယက်နမ် စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး (VNPT)

၄ (၄) Gilat ဂြိုလ်တု ကွန်ရက်များ (အစ္စရေး)

၄ (၅) Intelsat (လူဇင်ဘတ်/အမေရိကန်)

၄ (၆) JAXA, Hokkaido and Tohoku တက္ကသိုလ်များ (ဂျပန်)

အခန်း ၄။

ဂြိုလ်တုဆက်သွယ်ရေး (Satcom) သည် စစ်တပ်၏ ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုစနစ်အတွက် တင်သာမကဘဲ အီလက်ထရောနစ် စစ်ပွဲ၊ ဒုံးကျည်စနစ်များ၊ ရေတပ်နှင့် လေတပ် စစ်ဆင်ရေးများ၊ အလိုအလျောက်ပစ်ခတ်သည့် စက်ရုပ်များ (killer robots)၊ အချက်ပြဆက်သွယ်မှု ကြားဖြတ်ဖမ်းယူခြင်း နှင့် ပြည်သူလူထုအား စောင့်ကြည့်ခြင်း တို့အတွက်ပါ အရေးပါသည်။ ဂြိုလ်တုများသို့ လက်လှမ်းမီမှုသည် မြန်မာစစ်တပ်မှ လူမျိုးတုန်းသတ်ဖြတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ အစရှိသည့် နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်ခြင်းကို ထောက်ခံပံ့ပိုး အားပေးကူညီနေသည်။

ဂြိုလ်တုများသည် ဝေးလံသောဒေသများရှိ ပြည်သူများအား မိုဘိုင်း ဆက်သွယ်ရေးကို ရရှိစေနိုင်ခြင်းနှင့် ပင်မကွန်ရက်နှင့် ဒေသတွင်း ကွန်ရက်ငယ်အကြား ချိတ်ဆက်ပံ့ပိုးမှု (backhaul support) ကို ပြုလုပ်ပေးခြင်း အားဖြင့် အရပ်ဘက် ဆက်သွယ်ရေးတွင် အခန်းကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်ပေးနေပါသည်။ "စည်းကမ်း

ရှိသော” ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေးမှတဆင့် မြန်မာစစ်တပ်၏ ဂြိုလ်တုများသို့ လက်လှမ်းမီမှု မြင့်မားလာခဲ့ပြီး စစ်တပ်၏ စွမ်းဆောင်ရည်ကိုလည်း အားမြှင့်နေဖွယ်ရာရှိသည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရ၏ အတည်ပြုချက်နှင့်အတူ ကမ္ဘာဘဏ်မှ ထောက်ပံ့သည့် ဆက်သွယ်ရေးပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်တစ်ရပ်အနေဖြင့် ပေါ်ထွက်လာခဲ့သည့် ပြည်တွင်း ဆက်သွယ်ရေးဂြိုလ်တုစက်မှုလုပ်ငန်းက ဤသည်ကို ပံ့ပိုးပေးသည်။

၄ (၁) AsiaSat (ဟောင်ကောင်)

AsiaSat ဆိုသည်မှာ မြန်မာစစ်တပ်နှင့် တိုက်ရိုက် ချိတ်ဆက်မှုရှိသည့် ဟောင်ကောင် အခြေစိုက် ဂြိုလ်တုစီးပွားရေးလုပ်ငန်း ဖြစ်သည်။ AsiaSat ကို CITIC နှင့် Carlyle အုပ်စုမှ ပိုင်ဆိုင်သည်။ CITIC သည် ဟောင်ကောင်တွင် စာရင်းသွင်းထားသော တရုတ်ပြည် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အများစုပိုင်ဆိုင်ထားသည့် စီးပွားရေး လုပ်ငန်းအုပ်စုကြီး ဖြစ်သည်။ CITIC သည် တရုတ်-မြန်မာ စီးပွားရေးစကြံ့ (CMEC) ၏ အစိတ်အပိုင်းအဖြစ် ရခိုင်ပြည်နယ် ကျောက်ဖြူရှိ အငြင်းပွားဖွယ်ဖြစ်သည့် အထူးစီးပွားရေးဇုံနှင့် ရေနက်ဆိပ်ကမ်းကို ဖော်ဆောင်ရန် ယာယီ အကျိုးတူစီးပွားအဖွဲ့ကို ဦးဆောင်နေသည်။[249] Carlyle အုပ်စုသည့် Nasdaq တွင် စာရင်းတင်ထားသည့် အမေရိကန် အခြေစိုက် ရှယ်ယာအုပ်စုဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် Wall Street ဂျာနယ်၏ စုံစမ်းစစ်ဆေးမှုက အမေရိကန် ဂြိုလ်တုနည်းပညာကို AsiaSat မှတဆင့် တရုတ်အစိုးရက ရယူမှုနှင့် တောင်တရုတ်ပင်လယ်နှင့် Xinjiang တို့ အပါအဝင် “ရဲနှင့် စစ်တပ် အာဏာ အားကောင်းလာစေရန်” AsiaSat ကို အသုံးပြုခဲ့မှုကို ဖော်ထုတ်ခဲ့သည်။[250] ရလဒ်အနေဖြင့် AsiaSat အား စုံစမ်းစစ်ဆေးမှုတစ်ရပ်လုပ်ရန် အမေရိကန် အောက်လွှတ်တော်မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် အမိန့်ထုတ်ပြန်ခဲ့သည်။[251]

ပြင်ပဆက်သွယ်ရေးအတွက် မြန်မာပြည်တွင် AsiaSat ကွန်ရက်ကို တရုတ်မှ တပ်ဆင်ပေးခဲ့သည့် ၁၉၈၉ ခုနှစ် အချိန်ကစ၍၊ AsiaSat မှ မြန်မာစစ်တပ်ကို ဂြိုလ်တုဆက်သွယ်ရေး အထောက်အပံ့အား ပေးခဲ့သည်။[252] ၁၉၉၄ ခုနှစ်တွင် AsiaSat 1 ဂြိုလ်တုရှိ ရေဒီယိုအချက်ပြမှုကို အခြားအချက်ပြမှုသို့ အလိုအလျောက် ကူးပြောင်းပေးသည့်စက် (Transponder)၏ လေးပုံတပုံကို စစ်တပ်မှ ငှားရမ်းခြင်းဖြင့် ၎င်း၏ ဂြိုလ်တု စွမ်းဆောင်နိုင်ရည်ကို ချဲ့ထွင်ခဲ့သည်။[253] မြန်မာစစ်တပ်၏ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးသည် AsiaSat နှင့် ကြာမြင့်လှသော ဆက်ဆံရေးတစ်ရပ် ရှိနေခဲ့ပြီး AsiaSat 2 မှ စစ်တပ်ဝါဒဖြန့်ချိမှုကို ထုတ်လွှင့်ပေးရန် ကန်ထရိုက်တစ်ရပ်ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။[254] AsiaSat 2 ကို Lockheed Martin (USA) မှ ဆက်ခံခဲ့သော General Electric Astro Space က တည်ဆောက်ပေးခဲ့သည်။[255] ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးသည် လူမျိုးတုန်းသတ်ဖြတ်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရိုဟင်ဂျာများအပေါ် အမုန်းစကား ဖြန့်ချိပြီး လူထုအသိုင်းအဝန်းအတွင်း အကြမ်းဖက်မှုကို

နှိုးဆွရာတွင် စစ်တပ်မှ အသုံးပြုနေသည့် မီဒီယာတစ်ခုဖြစ်သော မြဝတီ ရုပ်မြင်သံကြား (MWD) အစီအစဉ် ၇ ခုကို လွှင့်ရန် AsiaSat 9 ကို အသုံးပြုနေသည်။[256] အမှန်းစကားသည် *"အထူးသဖြင့် ရုခိုင်ပြည်နယ်တွင် အကြမ်းဖက်မှုများ ဖြစ်ပွားခြင်းနှင့် အတူတကွ တွဲပါလာခဲ့သည်။"* ကို ကုလသမဂ္ဂ၏ မြန်မာနိုင်ငံအပေါ် လွတ်လပ်သည့် နိုင်ငံတကာ အချက်အလက် ရှာဖွေရေးမစ်ရှင်က တွေ့ရှိခဲ့ပြီး ၎င်းအမုန်းစကားများသည် *"ရိုဟင်ဂျာများနှင့် ယေဘူယျအားဖြင့် မွတ်စလင်များအပေါ် လူ့ဂုဏ်သိက္ခာကို ကင်းမဲ့စေသည့်၊ အသရေဖျက်သည့် အသုံးအနှုံး"* များဖြစ်ကြောင်း ရှင်းပြခဲ့သည်။[257] AsiaSat 9 ကို အမေရိက အခြေစိုက် Maxar Technologies မှဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး Maxar မှ AsiaSat သို့ ရောင်းချခဲ့သည့် ဂြိုလ်တု ၅ လုံးအနက်မှ ၁ ခုဖြစ်သည်။[258]

၂၀၁၇ ခုနှစ် ရိုဟင်ဂျာ လူမျိုးတုန်းသတ်ဖြတ်မှုကာလအတွင်း Maxar မှ ဆောက်လုပ်ပေးသည့် AsiaSat 9 မှ ထုတ်လွှင့်ခဲ့သည့် မြန်မာစစ်တပ်၏ ထုတ်လွှင့်မှုမှ လွှင့်ကွက်အား မှတ်တမ်းယူထားချက်တစ်ရပ်။

အရင်းအမြစ် - YouTube ပေါ်မှ မြဝတီ

AsiaSat အနေဖြင့် Viettel နှင့် ကုန်သွယ်ဆက်ဆံမှုများရှိသည့် မြန်မာစစ်တပ် ကန်ထရိုက်တာတစ်ခုဖြစ်သည့် King Royal Technologies Co. Ltd. အပါအဝင် မြန်မာ စီးပွားရေးလုပ်ငန်းတချို့တို့နှင့် အဆက်အသွယ်များ ရှိနေပါသည်။ King Royal Technologies အား *"ကာကွယ်ရေးဝန်ကြီးဌာနအတွက် လုံခြုံသည့် ဂြိုလ်တု ဆက်သွယ်ရေးများ [sic]"* ထောက်ပံ့စီစဉ်ပေးရန်အတွက် ၂၀၁၃ ခုနှစ်တွင် တည်ထောင်ခဲ့သည်။[259] King Royal Technologies က ကွန်ရက် အဆောက်အအုံများ လိုင်စင်တစ်ခုကို ၂၀၁၅ ခုနှစ်တွင် ရရှိခဲ့ပြီး ကမ္ဘာဘဏ် ထောက်ပံ့သော ကဏ္ဍလိုက် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များမှ အကျိုးရရှိ ခံစားရခြင်းဖြစ်သည်။ ထိုလိုင်စင်အောက်တွင် ပါဝင်သော ဝန်ဆောင်မှုများမှာ မြေပြင်အခြေစိုက် လိုင်းသေ ထုတ်လွှင့်မှု အဆောက် အအုံများ၊ ဂြိုလ်တုဆိုင်ရာ ကမ္ဘာမြေပြင် စခန်းအဆောက်အအုံများ၊ အင်တာနက်၊ ပိုက်လိုင်း၊ တူးမြောင်း၊

ခါတ်တိုင်၊ အသုံးမပြုရသေးသော ဖိုင်ဘာများ အစရှိသည်တို့ကို စီစဉ်ပံ့ပိုးပေးခြင်း၊ ဆက်သွယ်ရေးကွန်ရက်များ နေရာချခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပါဝင်သည်။[260]

မြန်မာ ၂၀၁၄ CommuniCast ပြပွဲ၌ King Royal Technologies ၏ ထုတ်ကုန်တည်ခင်းပြသမှု တရုပ်တွင် ပြသထားသော စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးကိရိယာများ။ **အရင်းအမြစ် - King Royal Technologies**

၂၀၁၈ ခုနှစ်အတွင်းက မြန်မာ လေကြောင်းရန် ကာကွယ်ရေး စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်မှ Viettel ၏ လက်အောက်ခံကုမ္ပဏီ M1 ကို သွားရောက်လည်ပတ်စဉ်က (အခန်း ၃ တွင် ကြည့်ပါ) ကိုယ်စားလှယ်အဖွဲ့တွင် King Royal Technologies Co. Ltd. မှ အဖွဲ့ဝင် ၂ ဦး လိုက်ပါခဲ့သည်။[261] M1 ၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြမှုအရ King Royal Technologies သည် စစ်ဘက်ရေးရာ သုတေသနပြုမှုနှင့် စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်မှုတွင် ဆက်စပ်ပတ်သက်နေသည်။ ဤသည်က စစ်တပ်၏ ဆက်သွယ်ရေး အလုပ်စခန်းများ ပါဝင်နေသော အများပိုင်နှင့် ပုဂ္ဂလိကဖက်စပ်မှု တစ်ရပ် သို့မဟုတ် မြန်မာစစ်တပ်ကို ရောင်းချရန်အတွက် စစ်ဘက်သုံး ဆက်သွယ်ရေးကိရိယာများ ပြည်တွင်း၌ ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုတို့ ဖြစ်နိုင်ကြောင်းကို ထောက်ပြနေသည်။ ထိုနှစ်တွင်မှာပင် Justice For Myanmar မှ ထုတ်ပြန်သော ပေါက်ကြားလာသည့် မှတ်တမ်းတစ်ခုအရ Airbus A319 တစ်စီးအား သုံးစွဲသူ ဖော်ထုတ်ရေးနှင့် ပတ်သက်၍ မြန်မာစစ်တပ်၏ ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံးနှင့် အစည်းအဝေးတစ်ရပ် ပြလုပ်ရန် King Royal Technologies မှ အဆိုပြုခဲ့သည်။[262]

မြန်မာ၏ ဆက်သွယ်ရေး စျေးကွက် ကြီးထွားလာသည်နှင့်အမျှ King Royal Technologies အနေဖြင့် အရပ်ဘက် ဆက်သွယ်ရေးထဲတွင် ခြေတံလက်တံ ဖြန့်ကျက်လာပြီး ဤကဏ္ဍတွင် စစ်တပ်နှင့် အကျိုးစီးပွားရောထွေးယှက်တင်ရှိမှုကို ထပ်ဆင့် ဖော်ပြနေသည်။

၂၀၁၅ ခုနှစ်တွင် မလေးရှား အခြေစိုက် ဆက်သွယ်ရေး အုပ်စု OCK နှင့် King Royal Technologies တို့က တာဝါတိုင် ၉၂၀ အတွက် တယ်လီနောနှင့် လွှမ်းခြုံရေးဆွဲထားသည့် အငှား သဘောတူညီချက် (master lease agreement) ကို လက်မှတ်ရေးထိုးခဲ့မှုသည် King Royal Technologies ၏ မြင်သာသော စစ်ဘက်ဆိုင်ရာ ဝယ်ယူစုဆောင်းမှုများကို သိလျက်နှင့် လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်း စစ်ဆေးမှုများ မလုပ်ခဲ့ခြင်းမှာ တယ်လီနော၏ စိုးရိမ်စရာကောင်းသော ပျက်ကွက်မှုတစ်ရပ် ဖြစ်ခဲ့သည်။[263] King Royal ၏ မိတ်ဖက်ဖြစ်သော OCK က တာဝါတိုင်များကို Mytel သို့ ငှားရမ်းခဲ့သည်။[264] King Royal Technologies မှ မြန်မာနိုင်ငံပိုင် ဆက်သွယ်ရေး လုပ်ငန်းစု MPT ကို ဝန်ဆောင်မှုများ ပေးခဲ့ရာ King Royal သည် Mytel ၏ ကန်ထရိုက်တာ လည်း ဖြစ်နိုင်ခြေများသည်။[265]

King Royal Technologies သည် မြန်မာနိုင်ငံအား AsiaSat မှတဆင့် ဂြိုလ်တုဆိုင်ရာ ဝန်ဆောင်မှုများကို ရောင်းချပြီး ကုမ္ပဏီအနေဖြင့် ၎င်း၏ ဂြိုလ်တုဝန်ဆောင်မှုများကို မြန်မာစစ်တပ်သို့ ပေးဆောင်မှုတွင် AsiaSat ကို အသုံးချသည့် အန္တရာယ်တစ်ခု ရှိသည်။ AsiaSat ၏ ဝက်ဘ်ဆိုဒ် အဆိုအရ King Royal Technologies အနေဖြင့် AsiaSat 7's Ku-band frequency spectrum ကို အသုံးပြုနေသည်။[266] King Royal သည် လက်တလောတွင် စီးပွားပျက် ကြေညာလိုက်သည့် စက်ာပူကုမ္ပဏီ တစ်ခုဖြစ်သော Speedcast International နှင့်လည်း ဂြိုလ်တု ကန်ထရိုက်တစ်ခု ရှိပါသည်။[267]

Myanmar AsiaSat ၏ အခြား ကန်ထရိုက်တာများထဲတွင် KBZ Gateway နှင့် Seanet တို့ ပါဝင်သည်။ KBZ က အမေရိကန် လေကြောင်းအာကာသဘီလူးကြီး ဖြစ်သည့် Boeing မှ တည်ဆောက်ပေးသော AsiaSat 4 အပါအဝင် ဂြိုလ်တု အများအပြားကို အသုံးပြုသည်။[268] KBZ Gateway နှင့် Seanet အနေဖြင့် မြန်မာစစ်တပ်နှင့် Mytel ကို ဂြိုလ်တုဆိုင်ရာ ဝန်ဆောင်မှုများ ပေးနေမည်လား ဆိုသည်ကို အန္တရာယ်တစ်ရပ် ရှိနေသော်လည်း မသိရပါ။ မလေးရှားတွင် အခြေစိုက်သည့် Seanet သည် နိုင်ငံကူးလက်မှတ်များနှင့် အီလက်ထရောနစ် ပြည်ဝင်ခွင့်ဗီဇာများ အပါအဝင် မြန်မာအစိုးရနှင့် ကန်ထရိုက်များ ရထားပြီး MPT ကို ဂြိုလ်တုဆိုင်ရာ ဝန်ဆောင်မှုများ ပေးနေရာ မြန်မာစစ်တပ်ပိုင် အခြေခံအဆောက်အအုံမဲ့ မိုဘိုင်းကွန်ရက် MECTel မှ အသုံးပြုနေနိုင်ပါသည်။[269] KBZ Gateway သည် မြန်မာစစ်တပ်နှင့် နီးကပ်သော ဆက်ဆံမှုရှိသည့် အဓိက ခရိုနီ လုပ်ငန်းအုပ်စုကြီး ဖြစ်သော ရန်ကုန်အခြေစိုက် ကမ္ဘောဇ ကုမ္ပဏီအုပ်စု၏ အစိတ်အပိုင်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ပြုလုပ်သော စစ်ဆင်ရေးများနှင့် နယ်စပ်ခြံစည်းရိုးတစ်ခု တည်ဆောက်မှုတို့အား ထောက်ခံသည့်အနေဖြင့် မြန်မာစစ်တပ်ကို ၂၀၁၇ ခုနှစ်တွင် ၎င်း၏ လှူဒါန်းမှုများ ပြုခဲ့သည့် ရလဒ်တစ်ရပ် အနေဖြင့် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင်က ကမ္ဘောဇအား *"လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ လုပ်ဆောင်မှုကို သိသာထင်ရှားသည့် တိုက်ရိုက် ပံ့ပိုးမှု ပြုလုပ်ခြင်းအတွက် ရာဇဝတ်ကြောင်း အရ စုံစမ်းစစ်ဆေးသင့်ပြီး သင့်တော်ပါက တရားစွဲဆိုရန်"* ၂၀၁၉ ခုနှစ်တွင် အကြံပြုခဲ့သည်။[270]

AsiaSat ၏ မြန်မာစစ်တပ်နှင့် ချိတ်ဆက်မှုများသည် ခိုင်ခိုင်မာမာ ရှိသည်။ AsiaSat နှင့် King Royal Technologies တို့၏ မြန်မာစစ်တပ်ကို ပေးနေသည့် ဂြိုလ်တုဆိုင်ရာ ဝန်ဆောင်မှုများသည် ရခိုင်၊ ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများအား ပံ့ပိုး အားပေးကူညီသော ရာဇဝတ်မှုကို ဖြစ်စေသည်ဟု Justice For Myanmar မှ ကောက်ချက်ချသည်။

၄ (၂) Hughes Network Systems (USA)

Hughes သည် Nasdaq တွင် စာရင်းသွင်းထားသည့် အမေရိကန် အခြေစိုက် ဂြိုလ်တု နည်းပညာနှင့် ဝန်ဆောင်မှု ကုမ္ပဏီဖြစ်သည်။ Hughes သည် Hughes JUPITER စနစ်ကို အသုံးပြုရန်အတွက် Seanet နှင့် KBZ Gateway တို့နှင့် ကန်ထရိုက်ရှိထားသည်။ ၂၀၁၆ ခုနှစ် သတင်းထုတ်ပြန်ချက်အရ Seanet အနေဖြင့် ဆက်သွယ်ရေး စီးပွားရေးလုပ်ငန်းများနှင့် Mytel၊ မြန်မာစစ်တပ်တို့ပါ ပါဝင်နိုင်သော အမည်မဖော်ထားသည့် အစိုးရ အေဂျင်စီများအား အလုပ်အကျွေးပြုရန်အတွက် Hughes ဂြိုလ်တု ကွန်ရက်ကို အသုံးပြုလိမ့်မည်ဟုဆိုသည်။[271] Seanet သည် နိုင်ငံတော်၏ ဇီဝအချက်အလက် အသုံးပြု လူပုဂ္ဂိုလ် အထောက်အထား (biometric identity) ပြုလုပ်ခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကန်ထရိုက်များအတွက် Hughes ကို အသုံးပြုနိုင်ဖွယ် ရှိသည်ဖြစ်ရာ မြန်မာနိုင်ငံသားဖြစ်မှု မူဘောင်အတွင်း ဆိုးရွားပြင်းထန်စွာ ခွဲခြားခံထားရသော ရိုဟင်ဂျာတို့၏ အခွင့်အရေးကို ထပ်မံထိပါးနိုင်ပေသည်။[272] ၂၀၁၉ ခုနှစ်တွင် KBZ Gateway မှ အမည်မဖော်သည့် *"မြန်မာပြည်ရှိ ဦးဆောင် မိုဘိုင်း ကွန်ရက် အော်ပရေတာနှင့် နိုင်ငံတကာအတွက်"* ကွန်ရက်ချဲ့ထွင်ခြင်း လုပ်ရန် ၎င်း၏ ဂြိုလ်တုကို အသုံးပြုနေသည်ဟု Hughes မှ ကြေညာခဲ့ရာ ယင်းအော်ပရေတာမှာ Mytel ဖြစ်နိုင်သည်။[273]

ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှုအောက်တွင် Hughes အနေဖြင့် ၎င်း၏ စီးပွားရေးနှင့် ဆက်ဆံမှုများအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးရမည်။ လိုက်လျောညီထွေစွာ Hughes အနေဖြင့် လူ့အခွင့်အရေး တင်ကြိုစုံစမ်း စစ်ဆေးမှုကို အားကြိုးမာန်တက် လုပ်ဆောင်ရန်နှင့် ၎င်း၏ ဂြိုလ်တုနည်းပညာက မြန်မာစစ်တပ်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး အကျိုးမဖြစ်စေရေး သေချာအောင် မလုပ်ဆောင်နိုင်ပါက မြန်မာပြည်မှ ရင်းနှီးမြှုပ်နှံမှုကို ဆုတ်ခွာရမည်။


နည်းပညာလွှဲပြောင်းခြင်းနဲ့ အခြားဝန်ဆောင်မှုများ
(သို့မဟုတ်ပါက အခြားချိတ်ဆက်မှုကို ဖော်ပြသည်)
အစိုးရ
မြန်မာစစ်တပ်
လေကြောင်းကာကွယ်ရေး စစ်ဌာနချုပ်
မြန်မာစစ်တပ်ကိုယ်စားလှယ်
ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာစစ်တပ်ထိန်းချုပ်ထားသော ဝန်ကြီးဌာန
မိုင်တယ်(လ်)
မြန်မာစစ်တပ်စီးပွားရေး
ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး
မြန်မာစစ်တပ်ကိုယ်စားလှယ်
မြေပုံထုတ်လုပ်မှု အင်ဂျင်နီယာယူနစ်
မြန်မာစစ်တပ်ကိုယ်စားလှယ်
ဒုသမ္မတ-ဒုဗိုလ်ချုပ်ကြီး မြင့်ဆွေ
မြန်မာစစ်တပ်မှခန့်အပ်ထားသူ
ဥက္ကဋ္ဌ
ကာကွယ်ရေးဝန်ကြီးဌာန
မြန်မာစစ်တပ်ထိန်းချုပ်ထားသော ဝန်ကြီးဌာန
ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး
မြန်မာစစ်တပ်ကိုယ်စားလှယ်
ရွှေသံလွင် အုပ်စု
မြန်မာ
Gilat Sattelite Networks
အစ္စရေး
VNPT
ဗီယက်နမ်
အေ-ဝမ်း ဂရွှ(ပ်) ကုမ္ပဏီ
မြန်မာ
ပိုင်ရှင်
Terabit Wave
မြန်မာ
AsiaSat
ဟောင်ကောင်
မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသအတတ်ပညာ တက္ကသိုလ်
အများနှင့်သက်ဆိုင်သော မြန်မာတက္ကသိုလ်
မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေး ဦးဆောင်ကော်မတီ
မြန်မာ့အစိုးရ
သတင်းအချက်အလက် နည်းပညာနှင့်-ဆိုက်ဘာ လုံခြုံရေးဦးစီးဌာန၊ MOTC
မြန်မာ့အစိုးရဝန်ကြီးဌာန
အစုရှယ်ယာရှင်
OSB JSC
ဗီယက်နမ်
အစုရှယ်ယာရှင်
အီလစ်တယ်လီကွန်
မြန်မာ
Onet (Com&Com)
မြန်မာ၊ ဗီယက်နမ်
Hokkaido Uni
ဂျပန်
Tohoku Uni
ဂျပန်
ELM Technology
ဂျပန်
Addnics Corp
ဂျပန်
JAXA
ဂျပန်
Intelsat
လူဝမ်ဘတ်/ အမေရိကန်
Newtec
ဘယ်လ်ဂျီယံ
ဖိအားပြုနှောက်ကာ ခုနစ်တွင် ဆက်ဆံရေးပြတ်ဆဲ
Maxar Technologies
အမေရိကန်
ArianeGroup
ပြင်သစ်
အစုရှယ်ယာရှင်
အစုရှယ်ယာရှင်
Safran S.A.
ပြင်သစ်
Airbus
နယ်သာလန်
Lockheed Martin
အမေရိကန်
အစုရှယ်ယာရှင်
Carlyle Group
အမေရိကန်
အစုရှယ်ယာရှင်
CITIC
တရုတ်

၄ (၃) ဗီယက်နမ် စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး (VNPT)

VNPT သည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ်တွင် လွှဲပြောင်းခံခဲ့ရပြီးနောက် စီးပွားရေးလုပ်ငန်းစုများ၌ နိုင်ငံတော်၏ ငွေပင်ငွေရင်းအား စီမံခန့်ခွဲသည့် ကော်မတီအောက်ရှိ ဗီယက်နမ်၏ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းစု ဖြစ်သည်။ VNPT အနေဖြင့် လက်ရှိတွင် ဂြိုလ်ပတ်လမ်းကြောင်းပေါ်၌ ဂြိုလ်တု ၂ လုံးရှိသည်။ ၂၀၀၈ ခုနှစ်တွင် လွှင့်တင်ခဲ့သော Vinasat-1 နှင့် ၂၀၁၁ ခုနှစ် တွင် လွှင့်တင်ထားသော Vinasat-2 တို့ဖြစ်သည်။ ထိုဂြိုလ်တု ၂ ခုစလုံးကို Lockheed Martin က ဆောက်လုပ်၊ လွှင့်တင်ပေးခဲ့ခြင်း ဖြစ်သည်။[274] VNPT ၏ မြန်မာပြည်အတွင်းသို့ ဝင်ရောက်မှုသည် ယခင် စစ်အာဏာရှင်အစိုးရက ၂၀၁၀ ခုနှစ် တွင် လက်မှတ်ရေးထိုးခဲ့သည့် နှစ်ဦးနှစ်ဘက် သဘောတူညီချက်၏ အစိတ်အပိုင်းဖြစ်ပြီး Viettel အတွက် ပြဋ္ဌာန်းချက်များလည်း အလားတူ ပါဝင်ခဲ့သည်။[275]

မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနကို ပံ့ပိုးပေးထားပြီးသား ဝန်ဆောင်မှုများ၏ နယ်မြေရေယာ လွှမ်းခြုံမှုကို ချဲ့ထွင်ရန်အတွက်သာ သီးသန့်ဖြစ်သည့် Vinasat ကို အသုံးပြုရေး လက်လှမ်းမီရန် မြန်မာပြည် အခြေစိုက် ပုဂ္ဂလိကပိုင် ကုမ္ပဏီ Terabit Wave က VNPT နှင့် နားလည်မှု စာချွန်လွှာကို ၂၀၁၄ ခုနှစ်တွင်သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။[276] ထိုနှစ်အတွင်းမှာပင် Vinasat ကိုလက်လှမ်းမီစေရန်အတွက် VNPT က မြန်မာကုမ္ပဏီများဖြစ်သည့် Elite Telecom အများပိုင်ကုမ္ပဏီ၊ Fortune International တို့နှင့် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။ Fortune International ၏ စီမံခန့်ခွဲမှု ဒါရိုက်တာ ဦးမြဟန်သည် Mytel ၏ ရင်းနှီးမြှုပ်နှံသူ တစ်ဦးလည်းဖြစ်၊ ဘုတ်အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်နေသည်။

Terabit Wave သည် မိုင်းတူးဖော်ခြင်း၊ ဆောက်လုပ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ဘဏ္ဍာရေးလုပ်ငန်းများ အပါအဝင် ကဏ္ဍများတွင် လည်ပတ်လုပ်ဆောင်နေသည့် ခရိုနီ စီးပွားရေး လုပ်ငန်းအုပ်စုကြီး တစ်ခုဖြစ်သော A1 ကုမ္ပဏီများအုပ်စု၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သည်။ Terabit Wave ကို ၂၀၁၂ ခုနှစ်တွင် မှတ်ပုံတင် ထားခဲ့ပြီး ကမ္ဘာဘဏ်မှ ထောက်ပံ့ခဲ့သည့် ဆက်သွယ်ရေးကဏ္ဍ ဈေးကွက်လွတ်လပ်မှုပြုရေး အစီအစဉ်မှ အကျိုးအမြတ်များ ရယူဖြစ်ထွန်းခဲ့သည်။ Terabit Wave သည် *"ဂြိုလ်တုဆိုင်ရာ မြေပြင်စခန်းအဆောက်အအုံများ၊ ဝါယာလိုင်းဖြင့် ဆက်သွယ်မှု ဝန်ဆောင်မှုများ ပြန်ရောင်းချခွင့်၊ ဝါယာလိုင်းမဲ့ မြေပြင်အခြေစိုက် ဆက်သွယ်မှု ဝန်ဆောင်မှုများ ပြန်ရောင်းချခွင့်၊ နိုင်ငံတကာနှင့် ပြည်တွင်း ကွန်ရက်သယ်ယူပို့ဆောင်ရေးနှင့် လဲလှယ်ခြင်း ဝန်ဆောင်မှုများ၊ နိုင်ငံတကာ ဝင်ထွက်ပေါက် ဝန်ဆောင်မှုများ (gateway services)၊ ရွက်တိုင်များ၊ ပိုက်များ၊ တူးမြောင်းများ၊ ဓါတ်တိုင်များ၊ အသုံးမပြုရသေးသော ဖိုင်ဘာများ၊ ဆက်သွယ်မှုများကို ထုတ်လွှင့် လက်ခံဆက်လက်ပို့ဆောင်ရန် တည်ဆောက်ထားပြီးသော ရေဒီယိုကိရိယာများ"* တို့ပါဝင်သည့် ဝန်ဆောင်မှုများ အတွက် ကွန်ရက်အဆောက်အအုံ ဆက်သွယ်ရေး လိုင်စင်တစ်ခုကို ၂၀၁၅ ခုနှစ်တွင် ရရှိခဲ့သည်။ Terabit Wave

သည် ဆက်သွယ်ရေးလိုင်စင် မရရှိမီကတည်းက မြန်မာစစ်တပ်ကို ဆက်သွယ်ရေး ဝန်ဆောင်မှုများ ပေးနေခဲ့သည်။

Terabit Wave နှင့် ဗီယက်နမ် အခြေစိုက် နည်းပညာအဖွဲ့ဖြစ်သည့် OSB JSC တို့က Mytel အတွက် ပင်မကွန်ရက်နှင့် ဒေသတွင်းကွန်ရက်ငယ်အကြား ချိတ်ဆက်ပေးနိုင်သော ဂြိုလ်တု အခြေပြု ကွန်ရက် ဝန်ဆောင်မှု (satellite mobile backhaul network services) ကို ပံ့ပိုးပေးရန် ပူးပေါင်းလုပ်ငန်းကို Com & Com ကို ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဘယ်လ်ဂျီယံ အခြေစိုက် Newtec က Mytel ကွန်ရက်အတွက် ၎င်း၏ Mx-DMA စနစ်ကို ပံ့ပိုးပေးနိုင်ရန် Com & Com နှင့် လက်မှတ်ရေးထိုးခဲ့သည်။[277] ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ ၂၀၁၉ ခုနှစ် အစီရင်ခံစာ ထွက်ပြီးနောက် နာမည်ဖေါ်ပြ ခံခဲ့ရသော Newtec သည် Com & Com နှင့် ၎င်း၏ဆက်ဆံရေးကို ဖြတ်တောက်ခဲ့သည်။[278]

Com & Com သည် Vinasat အား မြန်မာနိုင်ငံတွင် ဈေးကွက်တင်ခြင်းကို ပြုလုပ်ရန်အတွက် ONET ဆိုသည့် ကုန်တံဆိပ်နာမည်အောက်တွင် ကန်ထရိုက်တစ်ရပ်ကို ၂၀၁၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ONET သည် Mytel ၏ ကန်ထရိုက်တာဖြစ်ပြီး ဂြိုလ်တုဝန်ဆောင်မှုများ စီစဉ်ပေးသည်။ Com & Com ဝက်ဘ်ဆိုဒ်က အရေးပေါ်နှင့် အလျင်အမြန်တုန့်ပြန်မှု၊ ပင်လယ်ရေကြောင်း ဂြိုလ်တုဆက်သွယ်ရေး၊ လေကြောင်းနှင့် ပတ်သက်သော ဂြိုလ်တုဆက်သွယ်ရေးနှင့် စစ်ရေးရည်ရွယ်ချက်များအတွက် အသုံးပြုနေနိုင်သော "ရွေ့လျားနေစဉ် ဆက်သွယ်ရေး"အစရှိသည်တို့အတွက် ONET အား အသုံးပြုမှုများကို စာရင်းဖေါ်ပြထားသည်။[279]

Terabit Wave ၏ စီးပွားရေး လုပ်ဆောင်မှုများသည် မြန်မာစစ်တပ်၏ ကုန်သွယ်မှုဆိုင်ရာနှင့် စစ်ဘက်ရေးရာ ဆက်သွယ်ရေးလုပ်ဆောင်မှု ၂ မျိုးစလုံးမှ အကျိုးအမြတ် ရရှိနေသည့် ထောက်ပံ့တင်သွင်းသူတစ်ဦး၏ ဥပမာ တစ်ရပ်ဖြစ်သည်။

OSB JSC က စစ်တပ်ကို နည်းပညာများ ပေးအပ်နေကြောင်း Justice For Myanmar အနေဖြင့် အတည် မပြုနိုင်သည့်တချိန်တည်းမှာပင် Mytel ၏ အထောက်အထားများကို ကြည့်ခြင်းအားဖြင့် ၎င်းကို စစ်ဘက် ရည်ရွယ်ချက်အတွက် အသုံးပြုနေခြင်းများ ဖြစ်နိုင်ဖွယ်ရာရှိသည်။ အနည်းဆုံးအနေဖြင့် OSB JSC သည် စစ်တပ်မှ ငွေကြေးအရ အကျိုးအမြတ် ဖြစ်ထွန်းနေသော Mytel နှင့် ကုန်သွယ်မှုဆက်ဆံရေး ရှိနေမှုများ မှတဆင့် စစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများနှင့် တိုက်ရိုက်ဆက်နွယ်နေသည်။

VNPT နှင့် Terabit Wave မှ မြန်မာစစ်တပ်၏ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးသို့ ပံ့ပိုးပေးနေသော နည်းပညာနှင့် ဝန်ဆောင်မှုများမှာ သိသာထင်ရှားလှပြီး ရခိုင်၊ ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင်

စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ပြုလုပ်ခြင်းတွင် ပံ့ပိုးကူညီသည့် ရာဇဝတ်မှုနှင့် ညီမျှသည်ဟု ရရှိထားသော အထောက်အထားကို အခြေခံ၍ Justice For Myanmar က နိဂုံးချုပ်ပါသည်။ ထို့အပြင် OSB JSC သည် ပူးတွဲလုပ်ငန်း Com & Com မှတဆင့် Mytel အား ဂြိုလ်တုပညာကို ပံ့ပိုးပေးခြင်းဖြင့် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ကျူးလွန်ခြင်းကို ထောက်ခံပံ့ပိုး အားပေးကူညီနေနိုင်သည်။

၄ (၄) Gilat ဂြိုလ်တု ကွန်ရက်များ (အစ္စရေး)

Mytel စတင်လုပ်ဆောင်မှုကို ဦးတည်နေသည့်အချိန်၊ ၂၀၁၆ ခုနှစ် ဇွန်လက မြန်မာမိုဘိုင်းအော်ပရေတာ ၄ ခုအနက်မှ တစ်ခုအတွက် ပင်မကွန်ရက်နှင့် ဒေသတွင်းကွန်ရက်ငယ်အကြား ချိတ်ဆက်ပေးနိုင်သော ဂြိုလ်တု အခြေပြု ဆဲလ်လူလာ ကွန်ရက်တစ်ခု (Satellite based backhaul network) ကို "အမြန်ဆုံး နေရာချမှု" အတွက် Gilat နှင့် သဘောတူညီမှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ရွှေသံလွင်အုပ်စု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် SkyNet က ကြေညာခဲ့ရာ ၎င်းအော်ပရေတာမှာ Mytel အတွက် ဖြစ်နိုင်ဖွယ်ရှိသည်။[280] Gilat ဂြိုလ်တုကွန်ရက်များသည် အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာ Satcom နည်းပညာနှင့် ဝန်ဆောင်မှုများကို ရောင်းချသော Tel Aviv စတော့စျေးကွက်တွင် စာရင်းသွင်းထားသည့် အစ္စရေး ကော်ပိုရေးရှင်းတစ်ခုဖြစ်သည်။ Gilat ၏ အရောင်းမြှင့်တင်ရေးအဆိုအရ ၎င်း၏ လုပ်ငန်းသည် *"ကမ္ဘာတဝှမ်းရှိ စစ်ဘက်မှ ဝယ်ယူသုံးစွဲသူများအတွက် ၎င်းတို့၏ အဓိက အားသာချက်ဖြစ်သော မြေပြင်၊ ဝေဟင်နှင့် ရေကြောင်းဆိုင်ရာ အဆင့်မြင့် ဂြိုလ်တုဆက်သွယ်ရေး အဖြေနည်းလမ်းများကို ပံ့ပိုးနေသည်။"*[281] ဟုဆိုသည်။ Gilat က အမေရိကန်စစ်တပ်၏ တိုက်လေယာဉ် သတင်းအချက်အလက် ကွန်ရက် - နည်းဗျူဟာ ပရိုဂရမ် (Warfighter Information Network-Tactical (WIN-T) programme) ကို ရောင်းချပေးသည်။[282] Gilat က အမည်မဖော်ပြလိုသော မိုဘိုင်းအော်ပရေတာ၏ လက်အောက်ခံကုမ္ပဏီနှင့် ဆက်ဆံရေးတစ်ရပ် ရှိနေခဲ့ပြီး ဖြစ်ပြီး မြန်မာပြည်တွင် စီမံချက် များစွာရှိသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

မြန်မာစစ်တပ်၏ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ SkyNet မှ ထုတ်လွှင့်နေမှုများသည် မြန်မာစစ်တပ်၏ အမုန်းစကား ဖြန့်ချီမှုတွင် Gilat ဂြိုလ်တုကွန်ရက်များ၏ အကျုံးဝင်ပတ်သက်မှု ဖြစ်စေသည်။

Gilat နည်းပညာသည် မြန်မာစစ်တပ်ကို ပံ့ပိုးနေခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် *"မြန်မာအစိုးရ အေဂျင်စီ"* တစ်ခုအတွက် *"နည်းဗျူဟာကျသော ဂြိုလ်တုဆက်သွယ်ရေး ယူနစ်များ"* ပါ ပါဝင်သည့် ဂြိုလ်တု

ဆက်သွယ်ရေး ဝယ်ယူမှု သဘောတူညီချက်တစ်ရပ်ကို Gilat က ထုတ်ပြန်ကြေညာခဲ့သည်။ *၎င်းသဘောတူညီချက်ထဲတွင် လူနှင့်အတူ သယ်ဆောင်နိုင်သော စစ်မြေပြင်သုံး ဂြိုလ်တု ဆက်သွယ်ရေး ကိရိယာ (SatTrooper Manpacks) နှင့်အတူ SkyEdge II hub နှင့် terminals၊ Raysat ရွေ့လျားနေစဉ်သုံး ဂြိုလ်တုဆက်သွယ်ရေး အင်တင်နာများ၊ WaveStream BUCs [ဂြိုလ်တု အသံသွင့်မှုများတွင် သုံးသည့် block upconverters] နှင့် ပူးတွဲပါ modems များ"တို့ပါဝင်သည်။*[283] Terabit Wave က "လူနှင့်အတူ သယ်ဆောင်သည့် ကိရိယာ (Manpacks) နှင့် ရွေ့လျားနေစဉ်သုံး ဂြိုလ်တုဆက်သွယ်ရေး (Satcom-on-the-Move)"ကို လက်ခံမည့်သူမှာ မြန်မာစစ်တပ်၏ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးဖြစ်ကြောင့် ၎င်းတို့၏ ဝက်ဘ်ဆိုဒ်တွင် အတည်ပြုခဲ့သည်။[284] မြန်မာစစ်တပ်ကို နောက်ထပ် ကိရိယာများ ထပ်မံပေးခြင်း ရှိမရှိနှင့် မြန်မာစစ်တပ်အတွက် ဂြိုလ်တုမှ ဒေတာများကို လက်ခံထုတ်လွှင့်နိုင်သော နှစ်လမ်းသွား မြေပြင်စခန်းများ (VSAT) အတွက် ဆက်လက် ထောက်ပံ့ ပေးမပေးတို့ကို မသိရပါ။ Gilat ဂြိုလ်တု ကွန်ရက်များ၏ ထုတ်ပြန်ချက်အရ *"Terabit Wave သည် ရှေ့တန်းတွင်ရှိသော ကမ္ဘာလုံးဆိုင်ရာ နှင့် ဒေသခံ ဖြေရှင်းနည်းနှာ ပံ့ပိုးသူများ ပါဝင်သည့် လေလံဖြစ်စဉ်တစ်ခုအတွင်းမှ အနိုင်ရသည်။"* ဟု ဆိုသောကြောင့် မြန်မာပြည်ရှိ ပိုမိုကျယ်ပြန့်သော စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူစုဆောင်းရေး လုပ်ငန်းတစ်ခုကို ထောက်ပြနေသည်။[285] ကာကွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်တွင်မူ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးအတွက် *"လေလံဖြစ်စဉ်"* အကြောင်း အထောက်အထားမရှိပါ။ အကယ်၍ လေလံဖြစ်စဉ်ရှိခဲ့မည်ဆိုလျှင်လည်း ဒီမိုကရေစီနည်းကျသော ကြီးကြပ်မှု မရှိဘဲ အကျင့်ပျက်ခြစားမှု ကြီးမားနိုင်သည့် အန္တရာယ်နှင့်အတူ လျို့ဝှက်စွာ ကျင်းပခြင်းသာ ဖြစ်နိုင်ပါသည်။

Terabit Wave မှ
ပံ့ပိုးပေးထားသော Gilat
ကိရိယာများကို
ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး
မှ တပ်ဖွဲ့ဝင်များက
သရုပ်ပြသနေစဉ်၊
အရင်းအမြစ် - Terabit Wave

ရရှိထားသော အထောက်အထားကို အခြေခံ၍ မြန်မာစစ်တပ် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးသို့ Terabit Wave/A1 Group နှင့် Gilat Satellite Networks တို့မှ ပံ့ပိုးပေးနေသော နည်းပညာနှင့် ဝန်ဆောင်မှုများသည် သိသာထင်ရှားလှပြီး ရခိုင်၊ ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်ရာတွင် ထောက်ခံပံ့ပိုး အားပေးကူညီသည့် ရာဇဝတ်မှုနှင့် ညီမျှသည် ဟု Justice For Myanmar က နိဂုံးချုပ်ပါသည်။

၄ (၅) Intelsat (လူဇင်ဘတ်/အမေရိကန်)

Intelsat သည် နယူးယောက်စတော့စျေးကွက်တွင် စာရင်းသွင်းထားသော လူဇင်ဘတ်အခြေစိုက် ဂြိုလ်တု ကော်ပိုရေးရှင်း ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် *"မြန်မာအစိုးရ၏ ကွန်ရက်"* နှင့် မိုဘိုင်းအော်ပရေတာများအတွက် Intelsat ဂြိုလ်တု ၂ လုံးအား လက်လှမ်းမှီရရှိစေမှုကို မြန်မာအစိုးရအား ပေးအပ်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (MOTC) နှင့် ဌားရမ်းမှုစာချုပ်တစ်ရပ်ကို Intelsat မှ လက်မှတ်ရေးထိုးခဲ့သည်။[286] သဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မြန်မာစစ်တပ်သည် Intelsat ဂြိုလ်တုများကို အသုံးပြုခွင့် ရခဲ့သည်မှာ ဖြစ်နိုင်ခြေများပြီး Intelsat ဝန်ဆောင်မှုများအနေဖြင့် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ၂၀၁၇ ခုနှစ် လူမျိုးတုံးသတ်ဖြတ်မှုကို တိုက်ရိုက် ပံ့ပိုးရာ ရောက်ခဲ့နိုင်သည်။

၂၀၁၇ ခုနှစ် ဇန္နဝါရီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရ၏ သမ္မတသည် အသိပေး အကြောင်းကြားချက် အမှတ် ၁၇/၂၀၁၇ ဖြင့် မြန်မာနိုင်ငံပိုင် ဂြိုလ်တုစနစ် တည်ထောင်ရေး ဦးဆောင် ကော်မတီကို ဖွဲ့စည်းခဲ့သည်။ [287] စိုးရိမ်ဖွယ်ရာပင် သမ္မတမှ ကော်မတီ၏ ထိန်းချုပ်မှုအား မြန်မာစစ်တပ်သို့ ပေးအပ်ခဲ့သည်။ ကော်မတီကို ဒု သမ္မတ ဒု-ဗိုလ်ချုပ်ကြီး မြင့်ဆွေမှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည်။ ကော်မတီ အဖွဲ့ဝင်များထဲတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အမိန့်ပေးမှုအောက်ရှိ စစ်တပ်မှ အလားတူ ခန့်အပ် ထားသူများဖြစ်သော ကာကွယ်ရေးနှင့် ပြည်ထဲရေး ဝန်ကြီးတို့ ပါဝင်သည်။ ကော်မတီကို မူဝါဒ၊ ဘဏ္ဍာရေးနှင့် အစီအစဉ် ကြီးကြပ်မှုတို့အတွက် တာဝန်ပေးထားသည်။ အသိပေးအကြောင်းကြားချက် ၁၇/၂၀၁၇ အရ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးသည် ကော်မတီ၏ တရားဝင် အဖွဲ့ဝင်မဖြစ်သော်လည်း ပထမဦးဆုံးအကြိမ် ညှိနှိုင်းအစည်းအဝေး၏ ဓါတ်ပုံက စစ်တပ်၏ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး၏ တံဆိပ်တပ်ဆင်ထားသော ယူနီဖောင်းဝတ် အရာရှိတစ်ဦး၏ ပါဝင်မှုကို ပြသနေသည်။[288]

အစိုးရအနေဖြင့် အသိပေးအကြောင်းကြားချက် အမှတ် ၁၈/၂၀၁၇ ဖြင့် ဂြိုလ်တုစနစ် အလုပ်ကော်မတီကို မြန်မာနိုင်ငံပိုင် ဂြိုလ်တုစနစ် တည်ဆောက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် အလားတူ ဖွဲ့စည်းခဲ့သည်။ အလုပ်ကော်မတီကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး (MOTC) မှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ကာ ကာကွယ်ရေးနှင့် ပြည်ထဲရေး ဒုဝန်ကြီးများ ပါဝင်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအောက်ရှိ သတင်းအချက်အလက်အတတ်ပညာနှင့် ဆိုင်ဘာလုံခြုံရေးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။[289]

သတင်းအချက်အလက် အတတ်ပညာနှင့် ဆိုင်ဘာလုံခြုံရေးဌာနသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနရှိ ဂြိုလ်တု အစီအစဉ်များ လည်ပတ်လုပ်ဆောင်မှုတွင် ၎င်း၏ ဂြိုလ်တုကဏ္ဍမှတဆင့် တာဝန်ရှိသူ ဖြစ်ပြီး အင်ဂျင်နီယာချုပ် ဦးဝင်းအောင်မှ ဦးဆောင်ပါသည်။ ဦးဝင်းအောင်သည် စစ်တပ်မှ ခန့်အပ်ခံခဲ့ရသူဖြစ်ပြီး ၁၉၉၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ MPT ၏ ဝေးရပ်မြေခြား ဆက်သွယ်ရေးဌာနတွင် ဒု-အင်ဂျင်နီယာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသူဖြစ်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ အာဏာမလွှဲခင်ကမှ ဂြိုလ်တုဌာနသို့ ရွှေ့ပြောင်းခံခဲ့ရခြင်းဖြစ်သည်။[290] စစ်အုပ်ချုပ်ရေးကာလအတွင်း၌ နိုင်ငံတကာ ကြေးနန်းဆက်သွယ်မှုအားလုံးမှာ စောင့်ကြည့်ခံခဲ့ရပြီး *"ဤသည်မှာ ဝင်ပေါင်ထွက်ပေါက် ခလုတ်များကို ဂြိုလ်တုဆက်သွယ်ရေး မြေပြင်စခန်းများနှင့် ချိတ်ဆက်ထားခဲ့သည့်အတွက် ဖြစ်နိုင်ပါသည်။ ဖုန်းပြောဆိုမှုများနှင့် ကြေးနန်း သတင်းစကားများကို ဖမ်းယူထားသည်၊ ဆင်ဆာပြုခြင်းနှင့် ပိုမိုသတိထားကြည့်သည့် အထွေထွေ လုံခြုံရေး အခြေခံအပေါ်တွင် ဆက်သွယ်မှုများကို ဖြတ်တောက်သည်။"*[291] သို့ဖြစ်၍ ဦးဝင်းအောင်သည့် လူထုအပေါ် စစ်တပ်စောင့်ကြည့်မှုတွင် တိုက်ရိုက် ပါဝင်ပတ်သက်နေသည်။ Intelsat Global Sales & Marketing Ltd. နှင့် အချက်အလက်များ အသုံးပြုမှုကို ပြန်ဖျက်ခြင်းမပြုနိုင်သည့် သဘောတူညီချက် (payload indefeasible rights of use (IRU) agreement) ကို ၂၀၁၈ ခုနှစ်တွင် လက်မှတ်ထိုးခဲ့သူမှာလည်း သတင်းအချက်အလက် အတတ်ပညာနှင့် ဆိုင်ဘာလုံခြုံရေးဌာန၏ ယာယီ ဦးဆောင်ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။[292]

၂၀၁၈ ခုနှစ်တွင် Intelsat 39 ပေါ်၌ *"နှစ်များစွာ၊ ရေဒီယိုအချက်ပြမှုကို လက်ခံပြီး အလိုအလျောက် အခြားအချက်ပြမှုကို ထုတ်လွှင့်ပေးသည့် စက်များစွာ ပါဝင်သည့် သဘောတူညီချက်.....C- နှင့် Ku band လိုင်းနှစ်ခုစလုံး (အတွက်) ဂြိုလ်တု ဝန်ဆောင်မှုများအတွက်"* Myanmarsat-2 ဂြိုလ်တုကို လက်ခံပေးမည့် သဘောတူညီချက်တစ်ရပ်ကို MOTC က Intelsat နှင့် လက်မှတ်ထိုးခဲ့ပါသည်။[293] Myanmarsat-2 ကို အင်္ဂလန် တွင် အခြေစိုက်သော Intelsat Global Sales & Marketing Ltd. က ပူးတွဲပိုင်ဆိုင်ပြီး မြန်မာအစိုးရက နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅၅.၇ သန်းကို ပေးခြေခဲ့ရသည်။[294] မြန်မာနိုင်ငံပိုင် ဂြိုလ်တုစနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီအစည်းအဝေးတစ်ရပ်သို့ ပြောကြားသော မိန့်ခွန်းတစ်ရပ်တွင် ဒုတိယ သမ္မတ ဒု-ဗိုလ်ချုပ်ကြီး မြင့်ဆွေက ဂြိုလ်တုကို *"ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးရေးနှင့် နိုင်ငံမှ လိုအပ်သော အခြားကဏ္ဍများတွင် ထိရောက် အကျိုးရှိစွာ"* သုံးစွဲသွားလိမ့်မည်ဟု

ကြေညာခဲ့သည်။[295]မြန်မာနိုင်ငံပိုင် ဂြိုလ်တုစနစ် တည်ဆောက်ရေး ဦးဆောင်ကော်မတီမှတဆင့် "သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ငှားရမ်းထားသော ဂြိုလ်တုလိုင်းများကို အသုံးပြုရန်အတွက် စနစ်ကျသော အစီအစဉ်များကို ရေးဆွဲသွားရန် ဖြစ်သည်။"[296]

Intelsat 39 အား Airbus နှင့် Safran SA တို့ ပူးတွဲ လုပ်ဆောင်သည့် ပြင်သစ် စီးပွားရေးအဖွဲ့ ArianeGroup ၏ လက်အောက်ခံကုမ္ပဏီဖြစ်သော ArianeSpace က ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် လွှင့်တင်ခဲ့သည်။ Myanmarsat-2 ၏ ကုန်စည်ဝန်ထုပ်ပါဝင်သော ဤဂြိုလ်တုကို Maxar Technologies က ထုတ်လုပ် တည်ဆောက်ပေးခြင်းဖြစ်သည်။[297] မိုဘိုင်းအော်ပရေတာများအတွက် Myanmarsat-2 အား အသုံးပြုမှုပါ ပါဝင်သည်ဟုဆိုနိုင်သည့် Myanmarsat-2 နှင့် MOTC ၏ သဘောတူညီချက်ကို လက်ခံဆောင်ရွက်မှုများအား Intelsat ၏ ကြေညာချက်တွင် အသေးစိတ် ဖော်ပြထားသည်။ သို့ဖြစ်၍ Mytel ၏ ချဲ့ထွင်မှုကို ဤသည်က ထောက်ကူပြုပြီး မြန်မာစစ်တပ်၏ တရားမဝင် လျှို့ဝှက်ရုံပုံငွေအား ဖြည့်စွက်ပေးနေသည်။ ဂြိုလ်တု ထိန်းကြောင်းရေးကော်မတီကို မြန်မာစစ်တပ်မှ ထိန်းချုပ်ထားခြင်းအား Intelsat မှ ဖွင့်ဟထုတ်ဖော်ပြောရန် ပျက်ကွက်နေခြင်းမှာ စိုးရိမ်စရာ ဖြစ်နေသည်။



Intelsat 39 ပေါ်တွင် Myanmarsat-2ကို လွှင့်တင်နိုင်ကြောင်း မြန်မာအစိုးရ၏ ကြေညာချက်တစ်ရပ်။ **အရင်းအမြစ် - ပြန်ကြားရေး ဝန်ကြီးဌာန**

ကြည့်ရသည်မှာ မြန်မာစစ်တပ်အနေဖြင့် Myanmarsat-2 ကို စစ်ဘက်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် အသုံးပြုလိမ့်မည်မှာ ဖြစ်နိုင်ဖွယ်ရာရှိသည်။ သို့ဖြစ်၍ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်ခြင်းတွင် Intelsat အနေဖြင့် ထောက်ခံပံ့ပိုး အားပေးကူညီနေသည်ဟု Justice For

Myanmar က သုံးသပ်ပါသည်။ Maxar Technologies အနေဖြင့် ၎င်းတို့မှ မည်သည်ကို မည်သည့်အချိန်က သိရှိထားသည်နှင့် ၎င်းတို့၏ Intelsat နှင့် မြန်မာအစိုးရတို့အကြား စီးပွားရေး သဘောသဘာဝအရ ကန်ထရိုက် သဘောတူညီချက်အပေါ် မူတည်၍ ထိုရာဇဝတ်မှုများကို ပံ့ပိုးကူညီခြင်းများ ဖြစ်နေနိုင်ပါသည်။ Myanmarsat-2 ကိုလွှင့်တင်ပေးခြင်းအားဖြင့် ArianeSpace သည် ပြင်သစ်နိုင်ငံ၏ ၂၀၁၇ ခုနှစ် Corporate Duty of Vigilance Law နှင့် ကုလသမဂ္ဂ လမ်းညွှန်မှုများအောက်ရှိ ၎င်း၏ လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်းစစ်ဆေးမှုများကို ပျက်ကွက်ခဲ့ပါသည်။

၄ (ဖ) JAXA, Hokkaido နှင့် Tohoku တက္ကသိုလ်များ (ဂျပန်)

ဂျပန်အစိုးရ၊ Hokkaido နှင့် Tohoku တက္ကသိုလ်များသည် မြန်မာနိုင်ငံကို ပြည်တွင်း အာကာသ အစီအစဉ် တစ်ခုအတွက် နည်းပညာနှင့် ထောက်ပံ့မှုများကို ပေးနေကြသည်။ ဤအစီအစဉ်တွင် အနိမ့်ပျံ အသေးစား ဂြိုလ်တုနှစ်ခု လွှင့်တင်ခြင်း၊ သင်တန်းနှင့် မြေပြင်စခန်းတစ်ခု တည်ဆောက်ခြင်းတို့ ပါဝင်ပြီး မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသအတတ်ပညာ တက္ကသိုလ် (Myanmar Aerospace Engineering University - MAEU)ဖြင့် တွဲဖက်၍ ဖော်ဆောင်ခြင်းဖြစ်သည်။[298] ဂျပန် အာကာသ အေဂျင်စီ (Japan Aerospace Exploration Agency - JAXA) သည် ဂြိုလ်တုကို လွှင့်တင်ရန်အတွက် အဆင်သင့်ဖြစ်နေသည်။[299] ဤအစီအစဉ်သည် စစ်တပ်မှ ထိန်းချုပ်ထားသော မြန်မာနိုင်ငံပိုင် ဂြိုလ်တုစနစ် တည်ဆောင်ရေး ဦးဆောင်ကော်မတီအောက်တွင် ကျရောက်နေပြီး အသေးစားဂြိုလ်တုကို စစ်ရေးရည်ရွယ်ချက်များအတွက် အသုံးပြုဖွယ်ရာရှိသည်။ ဤစီမံချက်ကို *"ပစ္စည်းသယ်အာကာသကွန်တိန်နာယာဉ်တစ်ခု (spacecraft bus)၊ ကုန်စည်ဝန်ထုပ်နှင့် အာရုံခံကိရိယာများ၊ မြေပြင်ထိန်းချုပ်မှုစခန်းတို့ တည်ဆောက်ရန်နှင့် အာကာသ နည်းပညာကို အသုံးချရန်"* တို့ကို မြန်မာနိုင်ငံမှ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ၏ ဂြိုလ်တု သုတေသနနှင့် ဒီဇိုင်းပုံစံဆွဲခြင်း စွမ်းဆောင်ရည်တို့ကို တိုးမြှင့်လာစေရန် ရည်ရွယ်ပြီး ပုံစံဆွဲထားခြင်း ဖြစ်သည်။[300] ဤထဲတွင် နှစ်မျိုးသုံး နည်းပညာလည်းပါဝင်ရာ မြန်မာစစ်တပ်၏ ဆက်သွယ်ရေး စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးနိုင်လိုက်မည်။

MAEU ၏ ပါဝင်မှုသည် ကြီးမားသော နောက်ထပ်စိုးရိမ်မှုများကို ဖြစ်စေသည်။ ထိုတက္ကသိုလ်ကို မြန်မာနိုင်ငံ၏ ယခင် စစ်အာဏာရှင်ဖြစ်သော ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်တွင် ၂၀၀၂ ခုနှစ်၌ ထူထောင်ခဲ့ခြင်းဖြစ်သည်။[301] MAEU က မြန်မာစစ်တပ်အတွက် သင်တန်းနှင့် နည်းပညာကို ပေးဆောင်နေပြီး လက်နက်များနှင့် နှစ်မျိုးသုံး ကုန်ပစ္စည်းများအား သုတေသနနှင့်ထုတ်လုပ်မှုကို ဆောင်ရွက်နေသည်။ MAEU ၏ မောင်းသူမဲ့ယာဉ် သုတေသနဌာနသည် လေကြောင်းသုံး မောင်းသူမဲ့ယာဉ်ပုံစံ၊ ကိုယ်တိုင်ပျံသန်းနိုင်သော အင်ဂျင် ၂ လုံးအထက်သုံး ရဟတ်ယာဉ်ငယ်များ (multi-copters)၊ ကိုယ်တိုင်ဆုံးဖြတ်

ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်များ၊ လေကြောင်းမှ တိုင်းထွာခြင်း (aerial surveying)၊ မြေပုံ ပြုလုပ်ခြင်းနှင့် ဝေဟင်မှစောင့်ကြည့်ခြင်း အစရှိသည်တို့ကို အထူးသဖြင့် စစ်ရေးဆိုင်ရာ အသုံးပြုခြင်း များအတွက် ပြင်သစ်နှင့် အမေရိကန် သုတေသီများ၏ အကူအညီဖြင့် ပြုလုပ်နေသည်။[302] ဤဌာနသည် စစ်တပ်၏ မြေပုံထုတ်လုပ်ရေး အင်ဂျင်နီယာယူနစ်နှင့် လေကြောင်းရန် ကာကွယ်ရေး စစ်ဆင်မှု ကွပ်ကဲရေး ဌာနချုပ် အမှတ် (၈) နှင့် (၂၀၃၂) တို့ကို ပံ့ပိုးမှုနှင့် သင်တန်းများ ပေးပြီး ၎င်းတွင် လေကြောင်းသုံး မောင်းသူမဲ့ယာဉ် အရေအတွက်တချို့၊ ဆက်နွယ်သော နည်းပညာနှင့် ကီလိုမီတာ ၁၀၀ ကို လွှမ်းခြုံသော မြေပြင်ထိန်းချုပ်ရေး စခန်းတစ်ခုတို့ကို ပိုင်ဆိုင်သည်။ လေကြောင်းရန် ကာကွယ်ရေး စစ်ဆင်မှု ကွပ်ကဲရေးဌာနချုပ်အတွက် MAEU ၏ လေကြောင်းသုံး မောင်းသူမဲ့ယာဉ် အစီအစဉ်က *"စောင့်ကြည့်ရေး မစ်ရှင်အတွက် အစစ်အမှန် အနီးကပ်ကြည့်ရှုခြင်း (real monitoring)"*၊ ဗုံးထိခိုက်ပျက်စီးမှု ခန့်မှန်း တွက်ချက်ခြင်း၊ လေယာဉ်မောင်းနှင်ခြင်းနှင့် မြေပြင်မှ ထိန်းချုပ်သည့် လေကြောင်းရန် ကာကွယ်ရေး အရာရှိများအတွက် သင်တန်းနှင့် လေကြောင်းရန် ကာကွယ်ရေးစနစ်များအတွက် ပစ်မှတ်ဒရုန်းများ အသုံးပြုခြင်း သင်တန်းတို့ကို ပံ့ပိုးပေးသည်။[303] အခြားစိုးရိမ်ဖွယ်ရာဖြစ်သော အစီအစဉ်များထဲတွင် မစ်ဆိုင်း ဒုံးကျည်များအား အထူးပြုလေ့လာကာ ပြုလုပ်ထားသည့် ရော့ကက်ဒုံးကျည်များ၏ ဆောက်လုပ်မှုနှင့် လုပ်ဆောင်မှုတို့အပေါ် သုတေသနပြုမှုနှင့် သင်တန်းများကို ဆောင်ရွက်နေသော MAEU ၏ လောင်စာနှင့် တွန်းကန်ပစ္စည်း အင်ဂျင်နီယာဌာန (Fuel and Propellant Engineering Department)[304] လည်းပါဝင်သည်။ MAEU ၏ အာကာသစနစ် အင်ဂျင်နီယာဌာန (Department of Space Systems Engineering) သည် ဂြိုလ်တု အင်ဂျင်နီယာ၊ အဝေးမှ အာရုံခံခြင်း (remote sensing) နှင့် ဂြိုလ်တုဆက်သွယ်ရေးတို့အတွက် သင်ကြားမှုများ ပို့ချပေးသည်။[305]



MAEU ၏ လေကြောင်းသုံး မောင်းသူမဲ့ယာဉ်ဌာနမှ စစ်တပ်၏ မြေပုံထုတ်လုပ်ရေး အင်ဂျင်နီယာယူနစ်သို့ မြေပုံထုတ်လုပ်ရေးနှင့် သင်တန်းပံ့ပိုးကူညီမှု။
အရင်းအမြစ် - MAEU

မြန်မာ၏ အနိမ့်ပျံ အသေးစားဂြိုလ်တုကို ဖေဖော်ဝါရီလ ၂၀၂၁ ခုနှစ်တွင် လွှင့်တင်ရန် စီစဉ်ထားပြီး ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် ဂြိုလ်တု ဆောက်လုပ်ရေးမှာ ပြီးစီးသွားပြီး JAXA သို့ လွှဲပြောင်းခဲ့သည်။[306] မြန်မာမှ ၎င်း၏ အာကာသအစီအစဉ်အတွက် ပြည်ပဖွံ့ဖြိုးရေး အကူအညီကို ရယူရန် ကြိုးစားလျက်ရှိသည်။[307] MAEU ၏ ပါမောက္ခချုပ်က အနိမ့်ပျံ အနိမ့်ပျံ အသေးစားဂြိုလ်တုသည် *"ဝန်ကြီးဌာနများအတွက် ပုံရိပ်များကို"* လွှင့်ထုတ်ပေးနိုင်သည်ဟု ဖွင့်ဟပြောဆိုထားသည်။[308] အနိမ့်ပျံ အသေးစားဂြိုလ်တုကို တိုင်းရင်းသားနယ်မြေများရှိ စစ်ဆင်ရေးများတွင် ရန်သူကင်းထောက်ခြင်းနှင့် အမိန့်ပေးကွပ်ကဲမှု စွမ်းဆောင်ရည်များအတွက် အသုံးပြုနိုင်ဖွယ်ရာရှိသည်။

ဤအစီအစဉ်မှတဆင့် မြန်မာအစိုးရသည် ELM နည်းပညာမှ အင်တင်နာများ၊ ဂြိုလ်တု ခြေရာခံခြင်းစနစ်တစ်ရပ်နှင့် Addnics Corp မှ ထုတ်လွှင့်စက်နှင့် လက်ခံဖမ်းယူစက် တစ်ခု အပါအဝင် ဂျပန်ကုမ္ပဏီများမှ နည်းပညာများကို စုဆောင်းရယူလျက်ရှိသည်။ အနိမ့်ပျံ အသေးစားဂြိုလ်တုအတွက် ထောက်ပံ့နေသော ဤသူများနှင့် အခြားပံ့ပိုးသူများသည် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ပြုလုပ်ခြင်းတွင် ထောက်ခံပံ့ပိုး အားပေးကူညီနေနိုင်သည်။[309]

ဤအစီရင်ခံစာ၏ တွေ့ရှိချက်များနှင့် မြန်မာစစ်တပ်၏ ပြုမူပုံအပေါ် ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ထားသော အထောက်အထားတို့အပေါ် အခြေခံခြင်းအားဖြင့် အကယ်၍ အနိမ့်ပျံ အသေးစားဂြိုလ်တု အစီအစဉ်ကို အကောင်အထည်ဖော် ကြပါက ဂျပန်အစိုးရဌာနများ၊ တက္ကသိုလ်များနှင့် စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်နေသော မြန်မာစစ်တပ်၏ စစ်ဆင်ရေးများကို ထောက်ပံ့ခြင်းပင်ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ ဂျပန်၏ အများပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် အဖွဲ့အစည်းများသည့် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်ခြင်းတွင် ထောက်ခံပံ့ပိုး အားပေးကူညီနေနိုင်သည်။

ဂျပန်အစိုးရ၊ ဂျပန်တက္ကသိုလ်များ၊ ELM Technology၊ Addnics Corp နှင့် ဆက်စပ်သက်ဆိုင်နေသော စီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံ၏ အနိမ့်ပျံ အနိမ့်ပျံ အသေးစားဂြိုလ်တုနှင့် အာကာသအစီအစဉ် အပေါ် ၎င်းတို့၏ ထောက်ပံ့နေမှုကို ချက်ချင်း ရပ်တန့်ရမည်။

မြန်မာစစ်တပ်အနေဖြင့် အရပ်ဘက် ထိန်းချုပ်မှု အပြင်ဘက်တွင် ရှိနေသမျှ၊ မြန်မာစစ်တပ်နှင့် ၎င်း၏ စစ်ဆင်ရေးများက တိုက်ရိုက်သော်၎င်း သို့မဟုတ် သွယ်ဝိုက်၍သော်၎င်း အကျိုးခံစားမနေရကြောင်း လွတ်လပ်စွာ အတည်မပြုနိုင်သေးသ၍ မြန်မာပြည်သို့ ဂြိုလ်တု အတတ်ပညာ လွှဲပြောင်းခြင်းနှင့် ပေးအပ်ခြင်းတို့ကို ဆိုင်းငံ့ထားရပါမည်။

ကဏ္ဍ ၁

စစ်တပ်အခြေစိုက်စခန်းများရှိ MYTEL

- Viettel Construction Myanmar သည် စစ်တပ် အခြေစိုက်စခန်းများတွင် Mytel တာဝါတိုင် အနည်းဆုံး ၃၈ ခု တည်ဆောက်မှုကို ဦးဆောင်နေပြီး ယင်းတာဝါတိုင် အများအပြားမှာ ပဋိပက္ခဖြစ်နေသော တိုင်းရင်းသားဒေသများတွင် တာဝါတိုင် အများအပြားရှိသည်။

- စစ်တပ်အခြေစိုက်စခန်းများရှိ Mytel ၏ အခြေခံအဆောက်အအုံကို စစ်ဖက် ဆက်သွယ်ရေးများအား ပံ့ပိုးရန်အတွက် အသုံးပြုခံထားရသည်မှာ ဖြစ်နိုင်ဖွယ်ရာရှိသည်။

- Mytel တာဝါတိုင်များ ရှိသော အခြေစိုက်စခန်းများတွင် ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တိုက်ရိုက် ကျူးလွန်နေသော ဒေသနှင့် ဗျူဟာ စစ်ဆင်ရေးကွပ်ကဲမှုများ၊ ခြေလျင်တပ်ရင်းများနှင့် အင်ဂျင်နီယာတပ်ရင်း တစ်ရင်းတို့ ပါဝင်သည်။

- တာဝါတိုင် ၄ ခုသည် မြန်မာစစ်တပ်၏ လက်နက်ထုတ်လုပ်သူဖြစ်သည့် ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံး အဆောက်အအုံများတွင် တည်ရှိသည်။

၅ (၁)　တိုင်းရင်းသား ပြည်သူလူထုအသိုင်းအဝိုင်းများအပေါ်
စစ်တပ်၏စစ်ဆင်ရေးများကို Mytel မှ ထောက်ကူပေးသည်။

၅ (၂)　Mytel နှင့် ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံး

အခန်း ၅။

Viettel ၏ လျှို့ဝှက်မှတ်တမ်းဖိုင်များကို စစ်ဆေးမှုတစ်ရပ်မှ စစ်တပ်အခြေစိုက်စခန်းများနှင့် လျှို့ဝှက်စစ်ဘက်အဆောက်အအုံများတွင် Mytel အခြေစိုက် လွှင့်ဖမ်းစက် စခန်း ၃၇ ခု၏ တည်နေရာဒီဇိုင်းများကို ဖော်ပြထားသည်။ မှတ်တမ်းများထဲတွင် ဗီယက်နမ် ပြည်သူ့တပ်မတော်မှ ခန့်အပ်ထားသော ဗီယက်နမ် ဝန်ထမ်းများ အပါအဝင် Viettel Construction Myanmar မှ ဝန်ထမ်းများနှင့် ၎င်းတို့၏ ထပ်ဆင့်ငှားထားသော ကန်ထရိုက်တာများ (အမည်အားဖြင့် Taicom JSC) က မြန်မာစစ်တပ် အခြေစိုက်စခန်းများအတွင်း လှုပ်ရှားနေပြီး အကွက်အကွင်း တိုင်းတာခြင်းများ၊ တာဝါတိုင် ဆောက်ခြင်းများ၊ ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်းများ ပြုလုပ်နေသည်ကို ဖော်ပြနေသည်။ Justice For Myanmar အနေဖြင့် ၎င်းအခြေစိုက်စခန်းများအားလုံး ဆောက်ပြီးမပြီးကို အတည်မပြုနိုင်သော်လည်း Mytel ၏ အလျင်အမြန် ထွက်ပေါ်လာပုံကို ကြည့်ခြင်းအားဖြင့် ဆောက်လုပ်ရေးများ ပြီးစီးသွားခြင်းမှာ ဖြစ်နိုင်ပါသည်။ Justice For Myanmar တွင် Mytel နှင့် MECTel အခြေစိုက်စခန်း တည်နေရာများ၏ အပြည့်အစုံစာရင်း မရှိပါ။ သို့ဖြစ်၍ စစ်တပ် အခြေစိုက်စခန်းများနှင့် အခြား

စစ်တပ်အဆောက်အုံများတွင်ရှိသော ၎င်းတို့တည်နေရာများ၏ အမှန်တကယ် အရေအတွက်မှာ ပို၍များပြား မည်ဟု ခန့်မှန်းသည်။

Mytel အခြေခံအဆောက်အအုံက မြန်မာစစ်တပ်ကို တိုက်ရိုက် ထောက်ကူပေးနေသည်မှာ များစွာဖြစ်နိုင်ခြေ တစ်ရပ်ရှိပြီး ၎င်းကို အရံ သို့မဟုတ် အဖြည့်ခံ ဆက်သွယ်ရေးစနစ်တစ်ခုအဖြစ် ထားရှိသည်ဟု ဆိုစေကာမူ စစ်ရေးရည်ရွယ်ချက်များအတွင် အသုံးပြုနေခဲ့သည်။Mytel ၏ 4G LTE ကွန်ရက်ကို စစ်ဘက်ဆက်သွယ်ရေး၊ စောင့်ကြည့်စနစ်များ၊ အမိန့်ပေးမှုနှင့် ထိန်းချုပ်မှု၊ အခြေစိုက်စခန်း လုံခြုံရေးနှင့် အခြေစိုက်စခန်းများအတွက် Wi-fi အပါအဝင် အမျိုးမျိုးသော ရည်ရွယ်ချက်များအတွက် အသုံးပြုနေနိုင်သည်။ Mytel ကွန်ရက်တွင် 5G ထွက်ပေါ်လာသည်နှင့်အမျှ Mytel ၏ အခြေခံအဆောက်အအုံအား နည်းဗျူဟာအရ အသုံးပြုမည့် အန္တရာယ် ပိုများလာဖွယ်သာရှိသည်။ 5G ကို အာရုံခံကိရိယာများတွင်၎င်း၊ ယာဉ်များအကြား ရွေ့လျားစဉ် ဆက်သွယ်ရေး တွင်၎င်း၊ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ဆောင်နိုင်သော မြေပြင်နှင့် ဝေဟင်ယာဉ်များ၏ ဆောင်ရွက်မှုများတွင်၎င်း၊ နှောက်ယှက်ပိတ်ဆို့မှုများကို တိုက်ဖျက်သော applications များတွင်၎င်း၊ အင်အားကြီးသော စစ်ဘက်ဆိုင်ရာ cloud အခြေပြု ကွန်ပြူတာပြုခြင်း (Cloud based computing) အတွင်းတွင်၎င်း အသုံးပြုနိုင်သည်။[310]

စစ်တပ်အခြေစိုက်စခန်းများတွင် လွှင့်ဖမ်းအခြေစိုက်စခန်းများကို ထားရှိရာတွင် Mytel အနေဖြင့် ထိုတည်နေရာ များ၏ စည်းမျဉ်းများကို ထိရောက်စွာ ကျော်လွှားနိုင်သည်။ စစ်တပ်အခြေစိုက်စခန်းများအတွင်း Mytel ၏ ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ၏ တရားမဝင် အသုံးပြုနေမှုကို စစ်ဆေးမည့် လွတ်လပ်သော ကြီးကြပ်သည့်အဖွဲ့ မရှိပါ။ မြန်မာ၏ ဆက်သွယ်ရေးဥပဒေ အပိုဒ် ၃၉ (ခ) တွင် စာတိုက်နှင့် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန (MPT) အနေဖြင့် *"လိုင်စင်ရယူထားသော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို လည်းကောင်း၊ ကွန်ရက် အထောက်အကူပြုပစ္စည်း ဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း၊ ဆက်သွယ်ရေးပစ္စည်း ဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရမည်။"* နှင့် အပိုဒ် ၄၀ (ခ) (၂) အောက်တွင် *"ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သည့် အဆောက်အအုံနှင့် နေရာများ၊ စက်ပစ္စည်းများကို ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်း ပြုနိုင်သည်။"* ဟု ပါရှိသည်။[311] မည်သို့ပင်ဖြစ်စေ အရပ်သားများအနေဖြင့် စစ်တပ်အခြေစိုက်စခန်းများကို ဝင်ရောက်နိုင်သော အခွင့်အာဏာမရှိသဖြင့် Mytel အခြေစိုက်စခန်းများမှာ ဥပဒေမှ ကင်းလွတ်ခွင့် ရနေပေသည်။

စစ်တပ်အခြေစိုက်စခန်းများအတွင်းရှိ Viettel ၏ လုပ်ငန်းတည်ရှိမှုကို Viettel ၏ ပဋိညာဉ် အပိုဒ် ၂၁ အောက်တွင် သတ်မှတ်ပြဋ္ဌာန်းထားပြီး[312] ၎င်းက Viettel ကို ဗီယက်နမ်စစ်တပ်၏ ပိုင်ဆိုင်မှုများကို အသုံးပြုလျက် *"နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်ရန်"* နှင့် ပြည်ပအဖွဲ့ အစည်းများ အပါအဝင် *"လိုအပ်သည့် မည်သည့်နေရာမဆိုတွင်ရှိသည့် အခြားအဆောက်အအုံများ၌ နိုင်ငံတော်*

ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်ရန်" လိုအပ်သည်။ Viettel ၏ အခြေစိုက်စခန်းများရှိ လုပ်ငန်းများသည် မြန်မာစစ်တပ်နှင့် ၎င်း၏ ဆက်သွယ်ရေးစနစ်များအား တိုက်ရိုက် နည်းပညာပံ့ပိုးမှု ပုံစံတစ်ရပ်ကို ဖြစ်ပေါ်စေသည်။

ဆက်သွယ်ရေးများ ထောက်ပံ့ပေးခြင်းမှတဆင့် မြန်မာစစ်တပ်မှ လုပ်ဆောင်နိုင်ရန် ပံ့ပိုးပေးဖွယ်ရှိခြင်းကြောင့် Mytel နှင့် Viettel သည် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများ ပါဝင်သည့် စစ်တပ်၏ ရာဇဝတ်မှုများကို ထောက်ပံ့ အားပေးကူညီနေသည်။

လက်နက်ကိုင်ပဋိပက္ခရှိသော နယ်မြေများအတွင်း Mytel မှတဆင့် စစ်တပ်အခြေစိုက်စခန်းများကို စီးပွားရေးဆန်ဆန် ပြုလုပ်ခြင်းတွင် စစ်အင်အားချဲ့ထွင်ခြင်းနှင့်ဆိုင်သော စီးပွားရေးနှင့် မြေသိမ်းမှုများ ပါဝင်ပတ်သက်လာစေသည်။ တာဝါတိုင်များအား အခြေစိုက်စခန်းများတွင် ထားရှိခြင်းဖြင့် Mytel အား မြန်မာစစ်တပ်မှတဆင့် လုံခြုံရေးကို ထောက်ပံ့ပေးနေပြီး၊ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေဆဲဖြစ်သော၊ ၎င်းအား စစ်တပ်ပိုင်ဆိုင်မှုကြောင့် ရန်လိုမှုဖြင့် ရှုမြင်ခံရနိုင်သော နယ်မြေများတွင် သိသာထင်ရှားသည်။ Mytel အနေဖြင့် ၎င်း၏ အခြေခံအဆောက်အအုံများအတွက် စစ်တပ်အား ငွေကြေးပေးနေရသည်ဆိုလျှင်လည်း ဤသည်ကို မသိရှိရပါ။

မှတ်တမ်းတော်တော်များများတွင် အခြေစိုက်စခန်းများအား "*ဘားရုမ်းမှု*" ကို ဖော်ပြထားခြင်းမှာ မြန်မာစစ်တပ်အတွက် နောက်ထပ် ပုံမှန်ဘတ်ဂျက်တွင် ထည့်သွင်းမထားသော ဘဏ္ဍာငွေ အရင်းအမြစ်တစ်ခု၏ သက်သေအထောက်အထားပင်ဖြစ်သည်။ နိုင်ငံ၏ စာရင်းစစ်ချုပ်မှ ကာကွယ်ရေးဝန်ကြီးဌာနကို ကြည့်ရှုစစ်ဆေးရန် လုပ်ပိုင်ခွင့်အာဏာ မရှိသည့်အလျောက် ပြည်သူ့ပိုင်ဆိုင်မှုတစ်ခု ဖြစ်သည့် စစ်တပ်၏ အဆောက်အအုံများအား သုံးစွဲနေမှုအတွက် Mytel မှ မြန်မာစစ်တပ်သို့ ငွေပေးချေမှုများအပေါ် အရပ်ဘက် ကြီးကြပ်မှု လုံးဝရှိမနေပါ။ မည်သည့် စီးပွားရေး ဘဏ္ဍာအရင်းအမြစ်မဆို စပ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများကို ထပ်မံထောက်ပံ့ပြီး ၎င်း၏ မြန်မာနိုင်ငံအပေါ် ချုပ်ကိုင်မှုကို အားကောင်းစေပါလိမ့်မည်။

၅ (၁) တိုင်းရင်းသား ပြည်သူလူထုအသိုင်းအဝိုင်းများအပေါ် စစ်တပ်၏စစ်ဆင်ရေးများကို Mytel မှ ထောက်ကူပေးသည်။

စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်နေသည့် စစ်တပ်ယူနစ်များအတွင်း လွှင့်ဖမ်း အခြေစိုက်စခန်းများ လည်ပတ်ခြင်းဖြင့် Mytel သည် ထိုရာဇဝတ်မှုများကို ထောက်ပံ့အားပေးကူညီနေသည်။ Mytel မှ ၎င်း၏အခြေစိုက်စခန်းတစ်ခုကို ရခိုင်ပြည်နယ် အန်းမြို့နယ်ရှိ အင်ဂျင်နီယာတပ်ရင်းအမှတ် ၉၁၉၏ စခန်းအတွင်း ထားရှိလုပ်ဆောင်နေသည်။[313] အန်းမြို့သည် ၂၀၁၇ ခုနှစ် "ရှင်းလင်းရေး စစ်ဆင်ရေးများ" နှင့် ရိုဟင်ဂျာများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင် "တက်ကြွစွာ ပါဝင်ခဲ့သည့် မြန်မာနိုင်ငံ၏ အနောက်တိုင်း စစ်ဌာနချုပ် အခြေစိုက်ရာဖြစ်သည်။"[314]

၂၀၂၀ ခုနှစ် ဇွန်လတွင် မြန်မာစစ်တပ်မှ မြန်မာပြည် အနောက်ဖက်တွင် "ရှင်းလင်းရေး စစ်ဆင်ရေးများ" ထပ်မံဆင်နွှဲခဲ့ပြီး အန်းမြို့ရှိ အရပ်သား ၁၂,၀၀၀ ကျော်မှာ ၎င်းတို့ရွာများမှ ရွှေ့ပြောင်းခံရခြင်းနှင့်အတူ ထွက်ပြေးစရာ လမ်းကြောင်းတစ်ခုကိုမျှ မရရှိဘဲ ထိန်းချုပ်ခံရမှုအောက်တွင် ရောက်နေပြီး စားနပ်ရိက္ခာ အထောက်အပံ့များ ပြတ်တောက်မှုနှင့် စိုးရိမ်ဖွယ်ရာ ကြုံနေရသည် ဟူသော အစီရင်ခံစာများ ရှိနေသည်။ စစ်တပ်က မြန်မာဆိုင်ဘာမျက်နှာစာမှ ပိတ်ပင်ခြင်းကို ခံခဲ့ရသည့် ဌာနေမီဒီယာအုပ်စု တစ်ခုဖြစ်သည့် ဖွံ့ဖြိုးရေးမီဒီယာအဖွဲ့၏ အဆိုအရ *"ဆန့်ကျင်လပ်သွားပြီး ရွာသားများမှာ ၄င်္ကျောသီး၊ ပိန္နဲသီး၊ သရက်သီးနှင့် ဟင်းသီးဟင်းရွက်များဖြင့် ရှင်သန်နေရသည်။"* ဟုဆိုသည်။[315] အန်းမြို့နှင့် ရခိုင်ပြည်နယ်၏ အခြားနေရာများ၌ အရပ်သားများအပေါ် နိုင်ငံတကာ ရာဇဝတ်မှုများကို ကျူးလွန်မှုများတွင် Mytel အခြေခံအဆောက်အအုံများကို လက်ခံနေသော ထိုအလားတူ စစ်တပ်အဖွဲ့များပင် ပါဝင်ပတ်သက်နေသည်ဖြစ်ရာ Mytel ကို ထိုရာဇဝတ်မှုများနှင့် တိုက်ရိုက်ဆက်နွယ်စေသည်။

တချို့အခြေအနေများတွင် Mytel အခြေစိုက်စခန်းများမှာ ကင်းစောင့်စခန်းများနှင့် ဂိတ်များဘေးတွင် တည်ရှိခြင်းက Mytel အနေဖြင့် ၎င်း၏ အခြေခံအဆောက်အအုံများအား ကာကွယ်ရန်အတွက် စစ်တပ်ကို အသုံးပြုနေသည်ကို ထောက်ပြနေသည်။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကိုးကန့်ဒေသရှိ လောက်ကိုင်မြို့နယ်တွင် Mytel အခြေစိုက်စခန်းတစ်ခုသည် ကင်းစောင့်စခန်းတစ်ခု၏ ဘေးနားတွင် တည်ရှိသည်။[316] ကိုးကန့်တွင် သေသေချာချာ မှတ်တမ်းတင်ထားသော စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုဖြစ်ရပ်များရှိသည်။ ၂၀၁၇ ခုနှစ်တွင် ကိုးကန့်ဒေသ၌ စစ်ဆင်ရေးများ၏ ရလဒ်ကြောင့် အရပ်သား ၂ သောင်းခန့် ရွှေ့ပြောင်းခံခဲ့ရပြီး[317] ဥပဒေပြင်ပမှ သတ်ဖြတ်ခြင်းများ၊ ညှင်းပန်းနှိပ်စက်ခြင်းများနှင့် အဓမ္မပျောက်ဆုံးစေခြင်းများ ဖြစ်ခဲ့ကြောင်း အစီရင်ခံစာများ ရှိသည်။[318]



အရင်းအမြစ် - **Viettel Construction Myanmar (VCM)** ၏ ဒေတာ ကျိုးပေါက်မှု

ကိုးကန့်ဒေသ၊ လောက်ကိုင်မြို့နယ်တွင် အတိအကျ မဖော်ပြနိုင်သည့် နေရာတခုရှိ စစ်တပ်အခြေစိုက်စခန်းမှ Mytel BTS SHN1527။ စစ်တပ်ကင်းစောင့်စခန်းတခုက တာဝါတိုင်၏ ဘေးနားတွင် တည်ရှိသည်။ စစ်တပ်မှ ကျူးလွန်သည့် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများ ဤမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။

ရှမ်းပြည်နယ် အရှေ့ဘက် ကျိုင်းတုံမြို့တွင် တြိဂံတိုင်းစစ်ဌာနချုပ်တွင်ရှိသော တစ်ခု[319] နှင့် ကျိုင်းတုံလေဆိပ်၏ အနောက်ဖက်ရှိ အခြေစိုက်စခန်းတစ်ခုရှိ ဒုတိယတစ်ခု[320] အပါအဝင် Mytel ၏ အခြေစိုက်စခန်း ၂ ခုတို့ မြို့အဝန်းအဝိုင်းအတွင်းရှိ စစ်တပ် အခြေစိုက်စခန်းများတွင် တည်ရှိနေသည်။ တြိဂံတိုင်းစစ်ဌာနချုပ်သည် စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးနှင့် အချက်ပြဆက်သွယ်မှု ထောက်လှမ်းရေး (SIGINT) လုပ်ငန်းများ၏ ကဏ္ဍများ ပါဝင်သည့် အချက်ပြဆက်သွယ်ရေးနှင့် ထောက်လှမ်းရေးယူနစ်များကို လက်ခံထားရှိသည်။ မြန်မာစစ်တပ်မှ တိုက်ရိုက်ထိန်းချုပ်သော ကျိုင်းတုံမြို့၌ အခြေစိုက်စခန်းများ တည်ရှိမှုသည် အခြေခံအဆောက်အအုံများကို စစ်ဘက် ဆက်သွယ်ရေးများအတွက် အသုံးပြုခံခဲ့ရနိုင်သည်ဆိုသည့် အန္တရာယ်အပြင် မြို့ခံများအတွက် စောင့်ကြည့်ခံရသည့် အန္တရာယ် တစ်ခုကိုပါ ဖန်တီးထားသည်။

ကျိုင်းတုံမြို့အဝန်းအဝိုင်းအတွင်း Mytel အခြေစိုက်စခန်း ၂ ခု တည်ရှိနေပြီး ပြည်သူလူထုအပေါ် စောင့်ကြည့်ခံရမည့် ကြီးမားသော အန္တရာယ် ကျရောက်စေသည်။

အရင်းအမြစ် - **VCM** ဒေတာကျိုးပေါက်မှုမှ တဆင့်ရရှိသည့် မြေပုံညွှန်းများအား အခြေခံ၍ **Google Earth** မှတဆင့် တွေ့ရပုံ။

ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့အင်ဂျင်နီယာတပ်ရင်း ၉၁၂ တွင် တည်ရှိသော Mytel အခြေစိုက်စခန်းသည်လည်း ဒေသခံလူထုအပေါ် စောင့်ကြည့်ခံရမှုနှင့် ကျုးလွန်ချိုးဖောက်မှု အန္တရာယ် အလားတူ ကျရောက်စေခဲ့သည်။[321] အခြေခံအဆောက်အအုံအား စီမံခန့်ခွဲမှုအတွက်ပါ တာဝန်ရှိသော စစ်အင်ဂျင်နီယာများမှ ထိန်းချုပ်သည့် တာဝါတိုင်များကို ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားဆဲ ပဋိပက္ခများတွင် ပါဝင်ထိတွေ့နေသည့်၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြစ်ဒါဏ်ပေးခံရခြင်းမှ ကင်းလွတ်စွာ ကျုးလွန်နေသည့် စစ်တပ်က အသုံးပြုနေခဲ့မည့် အန္တရာယ်ကြီးစွာရှိပါသည်။



စစ်ဘက် ဆက်သွယ်ရေးများနှင့် စောင့်ကြည့်မှုများအတွက် Mytel ၏ အခြေခံအဆောက်အအုံကို စစ်တပ်မှ အသုံးပြုနိုင်မည့် အန္တရာယ်ကို ဖန်တီးနေသည့် လားရှိုးမြို့အဝန်းအဝိုင်းရှိ Mytel BTS SHN1038။

အရင်းအမြစ် - **VCM** ဒေတာကျိုးပေါက်မှုမှ တဆင့်ရရှိသည့် မြေပုံညွှန်းများအား အခြေခံ၍ **Google Earth** မှတဆင့် တွေ့ရပုံ။

Mytel အခြေစိုက်စခန်းများသည် ဝေးလံခေါင်သီသည့် တိုင်းရင်းသားဒေသများမှ ဖြစ်ပွားဆဲ လက်နက်ကိုင် ပဋိပက္ခများ ရှိနေသည့် နေရာများတွင် တည်ရှိနေသည်။ ၎င်း၏ အခြေစိုက်စခန်းတစ်ခုသည် လက်နက်ကိုင် ပဋိပက္ခများ ရှိနေသည့် ကျိုင်းတုံမြို့နယ် ဖင်းထောက်ရှိ စစ်တပ်အခြေစိုက်စခန်းတစ်ခုတွင် တည်ရှိနေသည်။[322] စစ်တပ်အခြေစိုက်စခန်းအတွင်း Viettel Construction Myanmar မှ အခြေခံအဆောက်အအုံကို တည်ဆောက်နေကာ MEC တာဝါတိုင်တစ်ခုလည်း ရှိသည်။ အခြေစိုက်စခန်းသည် ဟယ်လီကော်ပတာ ဆင်းသည့်ကွင်းနေရာဘေးတွင် တည်ရှိပြီး ၎င်းမှ စစ်ဘက်ဆိုင်ရာ ဆက်သွယ်မှုများကို ထောက်ကူသည့် အန္တရာယ် တစ်ရပ်ရှိကာ ဤသည်က တြိဂံတိုင်းဌာနချုပ်အောက်ရှိ တပ်ဖွဲ့များမှ ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအား တိုက်ရိုက်ပံ့ပိုးနေသည်။



MEC တာဝါတိုင် ပါရှိသော ကျိုင်းတုံမြို့နယ် ဖင်းထောက် စစ်တပ်အခြေစိုက်စခန်းရှိ Mytel BTS SHN1349။

အရင်းအမြစ် - **VCM** ၏ ဒေတာ ကျိုးပေါက်မှုမှတဆင့်။

ရှမ်းပြည်နယ် အရှေ့ပိုင်း မုန်းဖြတ်တွင် ရာဇဝတ်မှုများကို ပြစ်ဒဏ်ပေးခဲ့ရခြင်းမှ ကင်းလွတ်စွာ ကျူးလွန်သည့် စစ်တပ်အခြေစိုက်စခန်းများအနက်မှ တစ်ခုဖြစ်သော အထူးစစ်ဆင်ရေးကွပ်ကဲမှု အမှတ် (၁၈) မှ Mytel အခြေစိုက် စခန်းတစ်ခုကို[323] လက်ခံထားသည်။ ၁၉၉၀ ခုနှစ်က တည်ထောင်ခဲ့သည့် တိုင်းရင်းသား အရပ်ဖက် အဖွဲ့အစည်း တစ်ခုဖြစ်သည့် ရှမ်းလူ့အခွင့်အရေး ဖောင်ဒေးရှင်း (Shan Human Rights Foundation - SHRF) က ၇၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးအား မုဒိန်းပြုကျင့်ပြီး သူမ၏ နားကပ်များကို ခိုးယူရန်အတွက် ခေါင်းနှင့် နားရွက်များကို ဖြတ်ခဲ့သည့် အမှုဖြစ်ရပ်တစ်ခုကို မှတ်တမ်းတင်ထားခဲ့သည်။[324]

အရပ်သား ၆,၀၀၀ ခန့်ရှိသော မုန်းဖြတ်မြို့ ပတ်ဝန်းကျင်တွင် မြန်မာစစ်သား ၁,၀၀၀ ခန့် အခြေစိုက်လျက်ရှိသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် ဆက်လက်ရရှိနေမှုကြောင့် ဤကဲ့သို့ ကြီးမားလှသည့် စစ်ဘက်-အရပ်ဘက် တည်ရှိမှု အချိုးပမာဏသည် ဒေသခံများ အထူးသဖြင့် အမျိုးသမီးများအတွက် အကြောက်တရားအဖြစ် အမြဲတမ်း တည်ရှိနေသော အကြောင်းအရင်းအမြစ်တစ်ခု ဖြစ်နေခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် တာချီလိတ်အနီးရှိ အမျိုးသမီးတစ်ဦးအား မုန်းဖြတ်မှ စစ်သားတစ်ဦးက မုဒိန်းကျင့်မှုအား ရှုမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မှတ်တမ်းတင်ခဲ့သည်။ ထိုစစ်သားကို မုန်းဖြတ်ရှိ ၎င်း၏ အခြေစိုက်စခန်းသို့ ပြန်လည် ရွှေ့ပြောင်းခဲ့ပြီးနောက် ထပ်မံအပြစ်ပေးမှုကို သတင်း မကြားရတော့ပါ။

မုန်းဖြတ်ဒေသရှိ စစ်ဆင်ရေးကွပ်ကဲမှုအမှတ် (၁၈) တွင် Mytel ၏ အခြေစိုက်စခန်းပါ ရှိလာခြင်းသည် ပိုမို ကျောချမ်းစရာတ ဖြစ်လာသည်။ မုန်းဖြတ်နှင့် အခြားဒေသများတွင် စစ်တပ်၏ ရာဇဝတ်မှုဆိုင်ရာ ကျူးလွန်မှု သက်သေအထောက်အထားများအရ မုန်းဖြတ် အခြေစိုက်စခန်းသည် စစ်ဘက်လှုပ်ရှားမှုများကို ထောက်ကူနေပြီး ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပံ့ပိုးနေသည့် အန္တရာယ်တစ်ခုရှိသည်။

ကရင်နီပြည်နယ် (ဖြိတိသျှထံမှ လွတ်လပ်ရေးရပြီးနောက် ဗမာလူမျိုး လွှမ်းမိုးသော အစိုးရမှ ကယားပြည်နယ် အဖြစ် နာမည်ပြောင်းခဲ့သည်။) ခြေမြန်တပ်ရင်း ၃၃၇ သည် ဘော်လခဲဒေသတွင် Mytel အခြေစိုက်စခန်း တစ်ခုကို လက်ခံထားရှိသည်။[325] ဤတပ်ရင်းသည် ကရင်နီဒေသအတွင်း အခြေစိုက်စခန်းသစ်များ တည်ထောင်မှုတွင် တိုက်ရိုက်ပါဝင်နေပြီး အရပ်သားများအကြားတွင် ကြောက်ရွံ့မှုများ ဖြစ်စေကာ ဤတင်းမာမှုက ပဋိပက္ခကို မီးထိုးပေးနိုင်သည်။[326] Mytel အခြေစိုက်စခန်း နောက်ထပ်တစ်ခု (KHY0089) ကို ဖရူးဆိုးရှိ စစ်တပ် သင်တန်း အဆောက်အအုံတစ်ခုၦ် လက်ခံထားရှိသည်။

ကရင်နီပြည်နယ် ဖရူးဆိုးရှိ စစ်တပ် သင်တန်းအဆောက်အအုံ တခုရှိ Mytel BTS KHY0089။ အရင်းအမြစ် - **VCM** ဒေတာကျိုးပေါက်မှုမှ တဆင့်ရရှိသည့် မြေပုံညွှန်းများအား အခြေခံ၍ **Google Earth** မှတဆင့် တွေ့ရပုံ။

ကရင်ပြည်နယ်တွင် (ယခင်စစ်အာဏာရှင်အစိုးရက အင်္ဂလိပ်ဘာသာတွင် Karen ဟုရေးသားရာမှ Kayin ဟု နာမည်ပြင်ခဲ့သည်။) ခြေမြန်တပ်မ ၂၂ အောက်၌ Mytel ၏ အခြေစိုက်စခန်း ၂ ခုရှိသည်။ တစ်ခုမှာ တပ်မ၏ ဌာနချုပ် ဘားအံတွင်[327] ဖြစ်ပြီး နောက်တစ်ခုမှာ မြေပုံပေါ် အခြေခံ ခန့်မှန်းချက်အရ တောင်ကလေးရှိ ခြေမြန်တပ်ရင်း ၂၀၂ ဟု ဖြစ်နိုင်ဖွယ်ရာရှိသော တိတိကျကျ မသိရသည့် စစ်တပ်အခြေစိုက်စခန်းဖြစ်ပါသည်။[328]ကရင်လူ့အခွင့်အရေးအဖွဲ့ (Karen Human Rights Group) မှ ထိုစစ်တပ် ၂ ဖွဲ့စလုံးမှ တပ်ဖွဲ့ဝင်များပါဝင်သည့် မြေသိမ်းခြင်းများကို မှတ်တမ်းတင်ထားခဲ့သည်။[329] Mytel ၏ အောက်ခြေအဆောက်အုံကို စစ်ရေးရည်ရွယ်ချက်များအတွက် ထိုနေရာတွင် အသုံးပြုနေခဲ့သည့် အန္တရာယ်တစ်ခု ရှိနေပြီး ဒေသခံလူထုအပေါ် နောက်ထပ် လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ခြင်းအတွက် အန္တရာယ်ရှိနေပါသည်။

စစ်တပ်အခြေစိုက်စခန်းများအတွက် မြေသိမ်းမှုများမှာ စစ်အာဏာရှင်အောက်နှင့်၊ ၎င်းအာဏာရှင်မှ အသွင်ကူးပြောင်းမှုနောက်ပိုင်း ကာလ ၂ ခုစလုံးတွင်ပါ နှစ်ပေါင်းများစွာ တင်ပြခြင်း ခံနေခဲ့ရသည်။[330]



စစ်တပ်မြေသိမ်းမှုများ ဖြစ်ပွားနေခဲ့သော တနင်္သာရီ ရေဖြူမြို့နယ် ရေတပ် အခြေစိုက် စခန်းရှိ Mytel BTS TNI10220

အရင်းအမြစ်- **VCM** ဒေတာကျူးပေါက်မှုမှတဆင့်ရရှိသည့် မြေပုံညွှန်းများအား အခြေခံ၍ **Google Earth** မှတဆင့် တွေ့ရပုံ။

အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် လွတ်လပ်သော ကြိုတင် သတင်းအချက်အလက်ရရှိပြီး သဘောထားပေးမှုဆိုင်ရာ မူများကို လိုက်နာရမည်။ ဤကိစ္စသည် အထူးသဖြင့် စစ်ရေးဖြစ်ထွန်းမှု သမိုင်းရှည်ကြာသော မြန်မာပြည် တိုင်းရင်းသား ဒေသနေရာများတွင် အရေးကြီးသည်။ အရှေ့တောင်အာရှရှိ တယ်လီနော၏ စီးပွားရေးအပေါ် နော်ဝေးဘဏ် DNB ၏ အစီရင်ခံစာက ဆိုထားသကဲ့သို့ပင် Mytel သည် "လုပ်ကွက်နေရာ ရရှိရန်အတွက် စစ်တပ်မြေများကို အထူးလက်လှမ်းမီခွင့်" ရရှိနေသည်။[331] အလားတူပင် တာဝါကုမ္ပဏီ တခုဖြစ်သည့် Appollo Tower ၏ အစုရှယ်ယာဝင်တစ်ဦးက တာဝါတိုင်များ အတွက် စစ်တပ်မြေများအား ၎င်းတို့မှ ငှားရမ်းရန် ကြိုးပမ်းမှုများကို ကာကွယ်ရေးဝန်ကြီးဌာနက ငြင်းပယ်

ခဲ့သည်ဟု ၂၀၁၅ ခုနှစ်တွင် ထုတ်ဖော်ပြောခဲ့သည်။[332] Mytel ၏ စစ်တပ်ဆက်သွယ်ရေးစနစ်များနှင့် ချိတ်ဆက်နေမှုက မြေ သို့မဟုတ် သဘောတူညီမှုရရန် ညှိနှိုင်းစရာ၊ ဒေသခံ လူထုအသိုင်းအဝန်း၏ အခွင့်အရေးကို အလေးထားစရာ မလိုဘဲ တိုင်းရင်းသားနယ်မြေများသို့ ဝင်ရောက်ရာလမ်းကြောင်းကို ၎င်းအနေဖြင့် တွန်းတွန်းတိုက်တိုက် လုပ်နိုင်စေသည်။ Justice For Myanmar မှ ရရှိထားသော အချက်အလက်များအရ စစ်တပ်အခြေစိုက်စခန်းများရှိ Mytel ၏ တာဝါတိုင် အများစုသည် တိုင်းရင်းသားဒေသများတွင် တည်ရှိနေသည်။

၅ (၂) Mytel နှင့် ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံး

ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံးသည် မြန်မာစစ်တပ်၏ လက်နက်ထုတ်လုပ်သူဖြစ်ပြီး လူမျိုးတုန်းသတ်ဖြတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများကို ကျူးလွန်ရာတွင် စစ်တပ်မှ အသုံးပြုသည့် လက်နက်များကို ထုတ်လုပ်နေသည်။ Mytel သည် မကွေးတိုင်းဒေသကြီးရှိ ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံး၏ နေရာ အနည်းဆုံး ၄ ခုတွင် အခြေခံအဆောက်အအုံကို လည်ပတ်လျက်ရှိသည်။[333] ဤသည်မှာ Mytel နှင့် ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံးတို့အကြား တိုက်ရိုက် စီးပွားရေး ဆက်နွယ်မှုတစ်ခု ရှိနေသည့် အထောက်အထားဖြစ်သည်။ တာဝါတိုင် ၄ ခုမှာ မကွေး၏ မတူသောနေရာများတွင် ရှိနေသည် ဆိုသော်ငြားလည်း ဖမ်းလွှင့် အခြေစိုက်စခန်းများ၏ သတ်မှတ်ပြဋ္ဌာန်းနံပါတ်များ (BTS identification numbers) အစဉ်လိုက်ဖြစ်နေခြင်းက Mytel အနေဖြင့် ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံး၌ ဆက်သွယ်ရေး အခြေခံအဆောက်အအုံကို တည်ဆောက်ရန် စနစ်တကျ စီမံချက်တစ်ခုရှိထားကြောင်း ထောက်ပြနေသည်။

၂၀၁၈ ခုနှစ်တွင် ကုလသမဂ္ဂ ကျွမ်းကျင်သူအဖွဲ့က ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံးအနေဖြင့် မြောက်ကိုရီးယားနှင့် ချိတ်ဆက်ထားသော မစ်ဆိုင်းဒုံးကျည်အစီအစဉ်တခု အပါအဝင် "ရှုတ်ထွေးနက်နဲသော တကမ္ဘာလုံး ဖြန့်ကျက်ထားသည့် လက်နက်ပစ္စည်း စုဆောင်းမှု ကွန်ရက်တစ်ခုကို ထိန်းသိမ်းထားသည်" ဟု အစီရင်ခံခဲ့ပြီး[334] ညွှန်ကြားရေးမှူးရုံးက "*သမာရိုးကျ လက်နက်အမျိုးမျိုးအပြင် ဒုံးကျည် အတွဲလိုက်ပစ်လွှတ်စင်များနှင့် မြေပြင်မှ ဝေဟင်ပစ် မစ်ဆိုင်းဒုံးကျည်များ အပါအဝင် ပဲ့ထိန်းစနစ်ဖြင့် ပစ်လွှတ်ပြီးနောက် အလွတ်ပျံသန်း ကျရောက်သော ဒုံးစနစ်များကို (ballistic missile systems)ကို ကိုရီးယား ပြည်သူ့ ဒီမိုကရက်တစ် သမတနိုင်ငံ မှ ရရှိခဲ့သည်။*"[335] ဟုဆိုသည်။



ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံး၏ ကြီးမားသော အဆောက်အအုံတစ်ခုအ တွင်းရှိ Mytel BTS MGY0746။

အရင်းအမြစ်- **VCM** ဒေတာကျိုးပေါက်မှုမှ တဆင့်ရရှိသည့် မြေပုံညွှန်းများအား အခြေခံ၍ **Google Earth** မှတဆင့် တွေ့ရပုံ။



ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံး ထုတ်လုပ်ရေးနေရာ အတွင်းရှိ Mytel BTS MGY0747 အတွက် နေရာ အစီအစဉ်။ တည်နေရာက တာဝါတိုင်၏ မူလ ရည်ရွယ်ချက်သည် ညွှန်ကြားရေးမှူးရုံး၏ ဝန်ဆောင်မှုအတွက် ဖြစ်သည်ကို ထောက်ပြနေသည်။

အရင်းအမြစ်- VCM ဒေတာကျိုးပေါက်မှုမှ တဆင့်

ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံး ထုတ်လုပ်ရေးဧရိယာ အတွင်းရှိ Mytel BTS MGY0747။

အရင်းအမြစ်- **VCM** ဒေတာကျိုးပေါက်မှုမှ တဆင့်ရရှိသည့် မြေပုံညွှန်းများအား အခြေခံ၍ **Google Earth** မှတဆင့် တွေ့ရပုံ။

Mytel ၏ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးနှင့် လုပ်ငန်းဆောင်ရွက်မှု တိုက်ရိုက်ဆက်သွယ်ချက်ရှိခြင်းက အခြေခံအဆောက်အအုံနှင့် ဆက်သွယ်ရေး နည်းပညာ ပံ့ပိုးမှုမှတဆင့် မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများကို ပံ့ပိုး အားပေးကူညီနေသည့် Mytel နှင့် Viettel တို့ အခန်းကဏ္ဍ၏ နောက်ထပ် အထောက်အထား ဖြစ်သည်။ Viettel ၏ တကမ္ဘာလုံး ဖြန့်ကျက်ထားသည့် အဆင့်ဆင့် ဖြန့်ချီရေးလမ်းကြောင်းမှတဆင့် Mytel နှင့် Viettel သည် ကာကွယ်ရေးပစ္စည်းများ ညွှန်ကြားရေးမှူးရုံးနှင့် စစ်တပ်၏ အခြားအစိတ်အပိုင်းများကို အထောက်အကူပြုသည့် လက်နက်ပစ္စည်း စုဆောင်းသည့် လုပ်ဆောင်မှုများတွင် ပါဝင်နေသည့် ကြီးမားသော အန္တရာယ် ရှိသည်။

လာမည့် အခန်းတွင် ဖော်ပြထားသကဲ့သို့ Mytel ၏ အခြေစိုက်စခန်းများကို Mytel မှ တိုက်ရိုက် သို့မဟုတ် Viettel ၏ ပစ္စည်းစုဆောင်းသည့် ကွန်ရက်များမှတဆင့် နိုင်ငံတကာ ပစ္စည်းဖြန့်ချီပေးသွင်းသူများထံမှ ရရှိသော ပစ္စည်းကိရိယာများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ လွှင့်ဖမ်းအခြေစိုက်စခန်း တခုချင်းစီတွင် ထုတ်လွှင့်ခြင်း၊ ရေဒီယိုနှင့် မိုက်ခရိုဝေ့ဖ်ဆိုင်ရာ ကိရိယာများ၊ အော့ပ်တစ်ကယ် ကောဘယ်နှင့် ကောဘယ်ဆိုင်ရာ အပိုဆောင်းပစ္စည်းများ၊ စွမ်းအား ပေးနည်းပညာတို့အပြင် တာဝါ အဆောက်အအုံ၊ အုတ်မြစ် နှင့် သေးငယ်သည့် အဆောက်အအုံတို့ ပါဝင်သည်။

စစ်တပ်အဆောက်အအုံများအတွင်း တာဝါတိုင်များ ဆောက်လုပ်ခြင်းအားဖြင့် နိုင်ငံတကာ ဖြန့်ချီပေးသွင်း သူများထံမှ နည်းပညာအား လက်လှမ်းမီမှုကို Mytel နှင့် Viettel မှ မြန်မာစစ်တပ်အား အပြည့်အဝပေးအပ်နေ သည်ဖြစ်ပြီး ၎င်းနည်းပညာကို စစ်တပ်မှ စစ်ဘက် ရည်ရွယ်ချက်များအတွက် အသုံးပြုနေနိုင်သည့် အန္တရာယ်တစ်ခု ရှိနေသည်။

ကြေးမုံ

MYTEL နှင့် မြန်မာစစ်တပ်သို့ ကမ္ဘာလုံးဆိုင်ရာနည်းပညာနှင့် တာဝါတိုင် ထောက်ပံ့ပေးသွင်းသူများ

- နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများသည် Mytel နှင့် Viettel တို့အား နည်းပညာနှင့် ဝန်ဆောင်မှုများ ထောက်ပံ့ပေးနေပြီး မြန်မာစစ်တပ်၏ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ လူ့အခွင့်အရေး ချိုးဖောက်မှုများကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပံ့ပိုးကူညီနေသည့် အန္တရာယ်အတွင်းသို့ ကျရောက်စေသည်။

- ဂျပန်၊ ဂျာမဏီ၊ အမေရိကန်နှင့် တရုတ်တို့တွင် အခြေစိုက်သည့် ကုမ္ပဏီများ အပါအဝင် အဓိကနိုင်ငံတကာ စီးပွားရေးလုပ်ငန်းများသည် Mytel အား ထောက်ပံ့ပေးသွင်းကာ ကုန်သွယ်မှုအရ မြန်မာစစ်တပ်ကို ကုန်သွယ်မှုအရ ပံ့ပိုးနေပြီး စစ်ရေးရည်ရွယ်ချက်များအတွက် အသုံးပြုနေမည့် နည်းပညာများကို ပေးဆောင်နေသည်။

- နိုင်ငံတကာ တာဝါတိုင် ကုမ္ပဏီများသည် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများမှ ဘဏ္ဍာပံ့ပိုးမှုဖြင့် Mytel အား ဝန်ဆောင်မှုများ ပေးအပ်နေပြီး အကျိုးအမြတ် ဖြစ်ထွန်းနေသည်။

၆ (၁) ထပ်ဆင့်လွှင့်စက်နှင့် မိုက်ကရိုဝေ့ဖ် ကိရိယာများ
၆ (၂) ရေဒီယို ကိရိယာများ
၆ (၃) အချိန် သတ်မှတ်ခြင်း နည်းပညာ (Timing technology)
၆ (၄) ဓါတ်အားပေးသွင်းသူများ (Power suppliers)
၆ (၅) Nokia (ဖင်လန်) နှင့် Ericsson (ဆွီဒင်)
၆ (၆) Mytel ၊ မြန်မာစစ်တပ်တို့နှင့် စီးပွားရေးလုပ်နေသော
ဆက်သွယ်ရေးတာဝါတိုင် ကုမ္ပဏီများ

အခန်း ၆။

Viettel ၏ ကမ္ဘာအနှံ့ ထိစပ်နိုင်မှုမှတဆင့် ကျယ်ပြန့်သော အရေအတွက် ရှိသည့် နိုင်ငံတကာ စီးပွားရေး လုပ်ငန်းများသည့် Mytel ကွန်ရက်ကို နည်းပညာနှင့် ဝန်ဆောင်မှုများအား ပေးဆောင်လျက်ရှိသည်။ Mytel အား လုပ်ငန်းလည်ပတ်မှု သဘောအရ၊ ဘဏ္ဍာရေး သဘောအရပါ မြန်မာစစ်တပ်ထဲသို့ ထည့်သွင်းပေါင်းစပ် ထားသည် ဖြစ်သောကြောင့် ဤစီးပွားရေး လုပ်ငန်းများသည် စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ထောက်ပံ့ အားပေးကူညီရာ ရောက်နိုင်သည်။ Mytel မှ ဝယ်ယူစုဆောင်းသည့် မည်သည့် ကိရိယာကိုမဆို မြန်မာစစ်တပ်မှ သူ၏ရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်သည်။ သို့ဖြစ်၍ Mytel အား ထောက်ပံ့ပေးသွင်းသူများးအားလုံးအနေဖြင့် ဆက်ဆံမှုများကို ချက်ချင်း ဖြတ်တောက်ရမည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို ချိုးဖောက်သည့် မည်သည့်စီးပွားရေးလုပ်ငန်းကိုမဆို တာဝန်ယူတာဝန်ခံမှု ရှိစေရမည်။ Viettel အား ပစ္စည်းပေးသွင်းသူများအားလုံးသည် မြန်မာစစ်တပ်နှင့် ချိတ်ဆက်မှုများမှတဆင့် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှုများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့

(OECD) ၏ နိုင်ငံစုံ စီးပွားရေးလုပ်ငန်းစုကြီးများအတွက် လမ်းညွှန်ချက်များအောက်တွင် ၎င်းတို့၏ လိုက်နာရန် တာဝန်ရှိမှုများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး ဆန့်ကျင်ဖောက်ဖျက်နေမှု ရှိနိုင်သည်။ ၎င်းတို့အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်း စစ်ဆေးမှုများကို ချက်ချင်းချမှတ်လုပ်ဆောင်ရပါမည်။ မြန်မာစစ်တပ်က Vittel နှင့် ၎င်းတို့၏ စီးပွားရေးဆက်ဆံမှုမှ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး အကျိုးဖြစ်ထွန်းနေခြင်း ရှိမရှိ မသေချာလျှင် ၎င်းတို့၏ တခုတည်းသောနည်းလမ်းမှာ အဆက်အသွယ်များ ဖြတ်ရန်သာဖြစ်သည်။

Huawei (တရုတ်) နှင့် ZTE (တရုတ်) တို့က အသုံးပြုသူ၏ ပုဂ္ဂိုလ်ရေးလုံခြုံမှုအပေါ် ခြိမ်းခြောက်မှုများ ရှိသည်ဟု ယူဆချက်များကြောင့် အစိုးရ တော်တော်များများ၏ ဝေဖန်မှုများကို ကျယ်ပြန့်စွာ ခံနေခဲ့ရပြီးဖြစ်ရာ မြန်မာပြည်ရှိ အသုံးပြုသူများအတွက်လည်း ထိုသို့သော စိုးရိမ်စရာများက ချွင်းချက်ဖြစ်မနေပါ။[336] ဆိုင်ဘာလုံခြုံရေး စိုးရိမ်ရမှုများကြောင့် Viettel အနေဖြင့် ၎င်း၏ ပြည်တွင်းကွန်ရက်တွင် Huawei ကို ပိတ်ပင်ခဲ့ပြီး မြန်မာပြည်တွင်မူ Huawei နှင့် ZTE တို့၏ နည်းပညာအား တွင်တွင်ကျယ်ကျယ် သုံးနေသည်မှာ သတိထားစရာ ဖြစ်သည်။[337] ZTE အနေဖြင့် Mytel စီးပွားရေး စတင်တည်ထောင်စဉ်ကတည်းကပင် နီးစပ်သော ဆက်ဆံရေး ရှိနေခဲ့သည်။ Mytel ရင်းနှီးမြှုပ်နှံသူများ၏ ပထမဦးဆုံး နိုင်ငံတကာ ခရီးစဉ်သည် တရုတ်ပြည်သို့ ဖြစ်ပြီး ZTE နှင့် တွေ့ရန်ဖြစ်သည်။[338]

၆ (၁) ထပ်ဆင့်လွှင့်စက်နှင့် မိုက်ကရိုဝေ့ဖ် ကိရိယာများ

Huawei နှင့် ZTE သည် Mytel အား ထပ်ဆင့်လွှင့်ကိရိယာများကို အဓိက ပေးသွင်းသူများဖြစ်သည်။ Huawei သည် Huawei တံဆိပ်တပ် တာဝါတိုင်များ လည်ပတ်ရေးအတွက် Mytel နှင့်လည်း တိုက်ရိုက်မိတ်ဖက် ပြုထားပါသေးသည်။ Huawei နှင့် ZTE နည်းပညာကို Mytel ၏ ကွန်ရက်တွင် ကျယ်ပြန့်စွာ အသုံးပြုနေမှု၏ ရလဒ်ကြောင့် Huawei နှင့် ZTE တို့သည် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ဆောင်ရွက်မှုကို ထောက်ပံ့ အားပေးကူညီနေနိုင်သည်ဟု Justice For Myanmar မှ ကောက်ချက်ချသည်။

NEC (ဂျပန်) သည် Mytel အခြေစိုက်စခန်းများအတွက် မိုက်ကရိုဝေ့ဖ် ကိရိယာများကို အဓိက ပေးသွင်းသူ တစ်ဦးဖြစ်သည်။ Viettel မှတ်တမ်းများအရ NEC အနေဖြင့် ကွန်ရက်နေရာအနှံ့အတွက် မိုက်ကရိုဝေ့ဖ် ကိရိယာများကို ထုနှင့်ထည်နှင့် ထောက်ပံ့သည်။[339] ကိရိယာများ၏ မူလမှာ NEC ၏ iPasolink မိသားစု ကုမ္ပဏီမှ ဖြစ်ပြီး စစ်ဘက်ဆိုင်ရာကဏ္ဍတွင် ကျယ်ပြန့်စွာ အသုံးပြုနေခဲ့သည်ဟု NEC မှ ကြော်ငြာထားသည်။[340] Mytel မှ သုံးနေသော NEC မိုက်ကရိုဝေ့ဖ် ကိရိယာများတွင် ပြင်ပသုံး မိုက်ကရိုဝေ့ဖ် ယူနစ်များ (Outdoor Units -ODU) ၏ ဖွဲ့စည်းပုံ အမျိုးမျိုးနှင့် iPasolink VR2 တို့ပါဝင်သည်။[341] စစ်တပ်အခြေစိုက်စခန်းများအတွင်း အပါအဝင် Mytel ကွန်ရက်တွင် NEC ကိရိယာများကို ကျယ်ပြန့်စွာ အသုံးပြုမှု၏ ရလဒ်ကြောင့် NEC သည်

စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ဆောင်ရွက်မှုကို ထောက်ပံ့ အားပေးကူညီနေနိုင်သည်ဟု Justice For Myanmar မှ ကောက်ချက်ချသည်။

Huawei ၏ RTN 905၊ XMC ODU နှင့် မိုက်ကရိုဝေ့ဖ် အင်တင်နာများ အပါအဝင် မိုက်ကရိုဝေ့ဖ် ကိရိယာများကို Hwawei မှ ပေးသွင်းသည်။[342]

၆ (၂) ရေဒီယို ကိရိယာများ

CommScope (USA) သည် Nasdaq တွင် စာရင်းသွင်းထားသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး အခြေစိုက် အင်တင်နာများ အပါအဝင် အတိုင်းအတာ ကျယ်ပြန့်သော ဆက်သွယ်ရေး နည်းပညာ အမျိုးမျိုးကို ထုတ်လုပ်သည်။ CommScope မှ Mytel နှင့် မြန်မာစစ်တပ်အတွက် အနည်းဆုံး အင်တင်နာ အမျိုးအစား ၃ ခုကို ထောက်ပံ့နေပြီး ယင်းတို့ကို မြန်မာစစ်တပ် အဆောက်အအုံများတွင် အသုံးပြုနေခဲ့ကာ ၎င်း၏ အချက်ပြ ဆက်သွယ်ရေး စွမ်းဆောင်ရည်ကို ထောက်ကူပြုနေသည်။[343] စစ်တပ် အခြေစိုက်စခန်းများအတွင်းပါ ဖြစ်နိုင်ခြေအပါအဝင် Mytel ကွန်ရက်များတွင် CommScope ကိရိယာများကို ကျယ်ပြန့်စွာ အသုံးပြုနေသည့် ရလဒ်ကြောင့် ၎င်းကို စစ်တပ်အခြေစိုက်စခန်းများတွင်လည်း အသုံးပြုနေနိုင်သည့် အန္တရာယ်တစ်ခု ကြီးမားစွာ ရှိနေသည်။ သို့ဖြစ်၍ CommScope သည် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ကျူးလွန်ဆောင်ရွက်မှုကို ထောက်ပံ့အားပေးကူညီနေနိုင်သည်ဟု Justice For Myanmar မှ ကောက်ချက် ချသည်။

ZTE သည် အခြေတည်လှိုင်း ယူနစ်များ (baseband units) နှင့် အဝေးထိန်း ရေဒီယို ယူနစ်များ အပါအဝင် ရေဒီယို ကိရိယာများကို Mytel သို့ တင်သွင်းသည့် အဓိက ပေးသွင်းသူတစ်ဦးလည်း ဖြစ်သည်။ အဝေးထိန်း ရေဒီယိုယူနစ်များနှင့် အခြား ရေဒီယို အစိတ်အပိုင်းများကို Huawei မှလည်း အလားတူ တင်သွင်းသည်။[344]

၆ (၃) အချိန် သတ်မှတ်ခြင်း နည်းပညာ (Timing technology)

Adva (ဂျာမဏီ) သည် ၎င်း၏ လက်အောက်ခံဖြစ်သော Oscilloquartz (ဆွစ်ဇာလန်) မှတဆင့် အဆင့်မြင့် အချိန်သတ်မှတ်ခြင်း နည်းပညာကို ထောက်ပံ့သည်။ Frankfurt Stock Exchange တွင် စာရင်းသွင်းထားသော Adva က ၂၀၂၀ ခုနှစ် မတ်လတွင် 4G ဝန်ဆောင်မှုများနှင့် 5G အတွက် ပြင်ဆင်မှုကို အထောက်အကူပြုမည့် အချိန်သတ်မှတ်ခြင်း ဖြေရှင်းမှုနည်းလမ်းကို Mytel ကွန်ရက် တလျှောက် ဖြန့်ချသုံးစွဲရန်အတွက် Viettel နှင့်

သဘောတူညီချက်တစ်ရပ်ကို ကြေညာခဲ့သည်။[345] ဤနည်းပညာကို ထပ်တူပြုမှု ထောက်ကူယူနစ်များ (synchronisation supply units) ပါသည့် Adva ၏ မူလရည်ညွှန်း Cesium နာရီပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ Oscilloquartz ၏ ကိုယ်ပိုင် ဈေးကွက်မြှင့်တင်ရေး ကြော်ငြာအရ ဤကိရိယာသည် "ရေဒီယို အသုံးပြုသည့် ကွန်ရက်များ.....နှင့် စစ်ဘက် ကွန်ရက်များ အစရှိသည့် မစ်ရှင်အတွက် အဓိကကျသည့် အခြေခံအဆောက်အအုံအတွက် အကောင်းဆုံး အချိန်သတ်မှတ်မှု အရင်းအမြစ်" ဖြစ်သည်။[346] Cesium နာရီများကို ပဲ့ထိန်းဒုံးကျည် စနစ်များတွင်လည်း အသုံးပြုနိုင်သည်။ Adva ၏ ကြေညာချက်အရ NEC မှ တပ်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်းကို တာဝန်ယူရသည်။ ဖြန့်ချသုံးစွဲမှုမှာ ကွန်ရက်တခုလုံးဖြစ်သည့်အလျောက် ယခင် အခန်းတွင် အသေးစိပ် ရှင်းပြထားသကဲ့သို့ ကန့်သတ်ထားသော စစ်တပ်နေရာများတွင် တပ်ဆင်ခြင်းများပါ ပါဝင်မည်ဖြစ်ရာ မြန်မာစစ်တပ်အနေဖြင့် Adva ၏ နည်းပညာကို စစ်ဘက်ဆိုင်ရာရည်ရွယ်ချက်များအတွက် အကန့်အသတ်မဲ့ လက်လှမ်းမီမှုကို ရရှိသွားမည်ဖြစ်သည်။ စစ်တပ်အခြေစိုက်စခန်းများ အတွင်းပါပါဝင်သော Mytel ကွန်ရက်တွင် Oscilloquartz/Adva ကိရိယာများကို နိုင်ငံတဝှမ်း အသုံးပြုမှု၏ ရလဒ်ကြောင့် Oscilloquartz/Adva သည် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ကျူးလွန်ဆောင်ရွက်မှုကို ထောက်ပံ့အားပေးကူညီနေနိုင်သည်ဟု Justice For Myanmar မှ ကောက်ချက်ချသည်။

၆ (၄) ခါတ်အားပေးသွင်းသူများ (Power suppliers)

Mytel တွင် အခြေစိုက်စခန်းများ၌ သုံးသည့်လီသီယံ နှင့် အခင် (valve) အသုံးပြုခွဲထားသည့် ခဲ-အက်ဆစ် ဘက်ထရီများအတွက် ပေးသွင်းသူ အမျိုးမျိုးရှိသည်။ ဘက်ထရီများမှာ ဆက်သွယ်ရေးကွန်ရက်များအား ခါတ်အားပေးရန်အတွက် အထူးရည်ရွယ်၍ ဒီဇိုင်းပုံစံထုတ်ထားခြင်းဖြစ်ပြီး အချို့အခြေအနေများတွင် စစ်ဘက်ဆက်သွယ်ရေးအတွက် သီးသန့်ဟု ပေးသွင်းသူများက ရှင်းရှင်းလင်းလင်း စာရင်းသွင်းဖော်ပြကြသည်။[347] ထို့အပြင် Mytel အနေဖြင့် ၎င်း၏ ကွန်ရက်တစ်ခုလုံးရှိ အခြေစိုက်စခန်းများကို ခါတ်အားပေးရန်အတွက် ဂျပန်မှ နည်းပညာကို အသုံးပြုသည့် မီးအားပေးစက်များကို သုံးစွဲသည်။ အချို့သော Mytel တာဝါတိုင်များကိုမူ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥရောပဘဏ် (European Bank for Reconstruction and Development - EBRD)နှင့် ပြင်သစ်ဖွံ့ဖြိုးရေးဘဏ် Porparco မှ ရင်းနှီးမြှုပ်နှံမှုကို ရယူသည့် Mulliez မိသားစုပိုင် ပြင်သစ်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော Voltalia က ပံ့ပိုးသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာခါတ်အားဖြင့် လည်ပတ်သည်။[348] ထိုထောက်ပံ့သူများသည် ကုလသမဂ္ဂ၏လမ်းညွှန်မူများကို လိုက်နာရန် ၎င်းတို့၏တာဝန်ရှိမှုများကို ချိုးဖောက်သည်ဟု Justice For Myanmar က ကောက်ချက်ချသည်။ ၎င်းတို့အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်း စစ်ဆေးမှုများကို ပြုလုပ်ရမည်ဖြစ်ပြီး ၎င်းတို့၏ စီးပွားရေးဆက်ဆံမှုများသည် မြန်မာစစ်တပ်အား တိုက်ရိုက်သော်၎င်း သို့မဟုတ် သွယ်ဝိုက်၍သော်၎င်း အကျိုးမဖြစ်ထွန်းစေရန် သေချာအောင် လုပ်ရမည်။

- **Leoch International Technology (ဟောင်ကောင်) –** Mytel အခြေစိုက်စခန်းများကို ဓါတ်အားပေးရန်အတွက် VRLA ဘက်ထရီများကို ပေးသွင်းသည်။[349]
- **Shandong Sacred Sun Power Sources Co. Ltd. (တရုတ်)** – Mytel အခြေစိုက်စခန်းများကို ဓါတ်အားပေးရန်အတွက် VRLA ဘက်ထရီများကို ပေးသွင်းသည်။[350]
- **ZTT (တရုတ်) –** Mytel အခြေစိုက်စခန်းများကို ဓါတ်အားပေးရန်အတွက် လီသီယံ ဘက်ထရီများကို ပေးသွင်းသည်။ [351]
- **Coslight (အိန္ဒိယ) –** Mytel အခြေစိုက်စခန်းများကို ဓါတ်အားပေးရန်အတွက် လီသီယံ ဘက်ထရီများကို ပေးသွင်းသည်။ [352]
- **Yanmar (ဂျပန်) –** Mytel အခြေစိုက်စခန်းများကို ဓါတ်အားပေးရန်အတွက် မီးအားပေးစက်များကို ပေးသွင်းသည်။ [353]
- **Voltalia (ပြင်သစ်) –** MNTH ၏ လက်အောက်ခံကုမ္ပဏီဖြစ်သော Myanmar National Telecom Infra Company Limited (MNTI)နှင့် ချုပ်ဆိုထားသော ကန်ထရိုက်တစ်ခုမှတဆင့် ၁၇၁ ခုထက်ပိုသော Mytel တာဝါတိုင်များအတွက် အခြားအပေါ် မှီခိုမှုကင်းသည့် ၂ ကီလိုဝပ်အားရှိ စဉ်ဆက်မပြတ် နေရောင်ခြည်သုံးစွမ်းအားကို ထောက်ပံ့သည်။[354]

၆ (၅) Nokia (ဖင်လန်) နှင့် Ericsson (ဆွီဒင်)

Nokia နှင့် Ericsson သည် Viettel ၏ ပြည်တွင်းကွန်ရက်အတွက်[355] အမာထည်များကို အဓိက ပေးသွင်းနေသူများဖြစ်ပြီး Ericsson က Viettel ၏ 5G စမ်းသပ်မှုများကို ထောက်ကူပေးနေသည်။[356] Viettel Global Investment JSC ၏ ဘဏ္ဍာရေးအစီရင်ခံစာများတွင် Nokia Networks (ယခင်က Nokia Solutions and Networks) သို့ ပေးချေရန် တာဝန်ရှိသည်များ ပါဝင်နေသည်။ Justice For Myanmar အနေဖြင့် Nokia နှင့် Ericsson နည်းပညာအား Mytel ကွန်ရက်အတွင်း အသုံးပြုနေသည်ဆိုသည့် သက်သေအထောက်အထား မတွေ့သေးသော်ငြားလည်း ဗီယက်နမ်ရှိ Viettel မှတဆင့် ၎င်းနည်းပညာကို အသုံးပြုနေနိုင်သည့် အန္တရာယ်တစ်ခု ကြီးမားစွာ ရှိပါသည်။

၆ (၆) Mytel ၊ မြန်မာစစ်တပ်တို့နှင့် စီးပွားရေးလုပ်နေသော ဆက်သွယ်ရေးတာဝါတိုင် ကုမ္ပဏီများ

မြန်မာဆက်သွယ်ရေး ပြုပြင်ပြောင်းလဲမှုသည် မိုဘိုင်းအော်ပရေတာများအား ဆက်သွယ်ရေး တာဝါတိုင်များ ဆောက်လုပ်ငှားရမ်းသည့် ပြည်တွင်းပြည်ပ ကုမ္ပဏီများ ရည်ညွှန်းရမည့် တိုင်းပြည်အတွင်း တာဝါတိုင် စက်မှုလုပ်ငန်း ကြီးထွားလာမှုတစ်ရပ်ကို ဦးတည်စေခဲ့သည်။ Mytel သည် ကွန်ရက် တဆင့်ခံလွှင့်မှုများအတွက် တတိယကြားခံအုပ်စုမှ တာဝါတိုင်များကို ငှားရမ်းပေးခြင်းဖြင့် ဈေးကွက် လွတ်လပ်မှုလုပ်ခြင်းမှ အကျိုးအမြတ်ကို ရရှိနေသည်။ ပုဂ္ဂလိက အော်ပရေတာများမှ ငှားရမ်းထားသော တာဝါတိုင်များကို စစ်ရေးရည်မှန်းချက်များအတွက် မြန်မာစစ်တပ်၏ ဆက်သွယ်ရေးကွန်ရက်အတွင်း အသုံးပြုနေနိုင်ပါသည်။ အနည်းဆုံးအားဖြင့် တာဝါတိုင်ကုမ္ပဏီများသည့် Mytel မှ တဆင့် မြန်မာစစ်တပ်နှင့် ကုန်သွယ်မှု ဆက်ဆံရေးများ ရှိနေပါသည်။ ပုဂ္ဂလိက လုံခြုံမှု ရှုထောင့်ဘက်က ကြည့်လျှင် တယ်လီနော (နော်ဝေး)နှင့် အော်ရီဒူး (ကာတာ) အပါအဝင် အခြား မိုဘိုင်းအော်ပရေတာများပါ အသုံးပြုနေသော အားလုံး စုပြုံပေါင်းစည်း ထားသည့် နေရာများကို Mytelမှ ပုဂ္ဂိုလ်များက လက်လှမ်းမီနေသည်မှာ စိုးရိမ်စရာဖြစ်သည်။ ဤသို့ မျှဝေအသုံးပြုသော တာဝါနေရာများကို စောင့်ကြည့်ခြင်း အပါအဝင် အနှောက်အယှက်ပြု အသုံးချ ခံရနိုင်သည့် အန္တရာယ်လည်း ရှိနေသည်။

ပုဂ္ဂလိက တာဝါတိုင်လုပ်ငန်း ဆောင်ရွက်သူများထဲမှ အကြီးမားဆုံးတစ်ခုဖြစ်သည့် Irrawaddy Green Towers (IGT) (လူဇင်ဘတ်)သည် Mytel နှင့် တာဝါတိုင်နေရာ ၆၇၇ ခုအတွက် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ကြီးမားသည့် ငှားရမ်းမှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။[357] သို့ဖြစ်၍ IGT သည် မြန်မာစစ်တပ်၏ စီးပွားရေးကို ထောက်ကူနေပြီး ၎င်း၏ နိုင်ငံတကာ ရာဇဝတ်မှုများနှင့် ဆက်နွယ်သွားသည်။ မြန်မာစစ်တပ်နှင့် ဤကုန်သွယ်ရေး ဆက်ဆံမှုကြောင့် IGT သည် ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေး မစ်ရှင်၏ အမည်တပ်ခံခဲ့ရခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် ဇူလိုင်လ ရိုဟင်ဂျာ လူမျိုးတုန်း သတ်ဖြတ်မှုကို ဦးတည်နေသည့်အချိန်တွင် IGT က စစ်တပ်လေယာဉ်တစ်စီး ပျက်ကျမှုမှ နစ်နာခံစားခဲ့ရသူများအတွက် နေပြည်တော် တိုင်းဒေသ စစ်ဌာနချုပ်၏ တိုင်းမှူး ဗိုလ်ချုပ်ကြီး မြင့်မော်ထံ ကျပ် ၅ သန်း (အမေရိကန်ဒေါ်လာ ၃,၆၄၄) ကို လှူဒါန်းမှုတစ်ရပ် ပြုလုပ်ခဲ့သည်။[358] ထိုလှူဒါန်းမှုသည့် IGT အနေဖြင့် မြန်မာစစ်တပ်နှင့် နီးစပ်သော ဆက်ဆံမှုရှိသည့် အချက်ပြမှု တစ်ရပ်ဖြစ်သည်။ နေပြည်တော် တိုင်းဒေသ စစ်ဌာနချုပ်၏ တိုင်းမှူး အနေဖြင့် ဗိုလ်ချုပ်ကြီး မြင့်မော်သည် Mytel ကွန်ရက်ထဲတွင် ပါဝင်ပတ်သက်နေပြီး ၎င်း၏ ကွပ်ကဲမှု ဌာနချုပ်၌ ကားဖြင့် ရွှေ့လျားတာဝါတိုင်ကို စီစဉ်နေသည်။[359]



Donation was made on 21 June, 2017 at Nay Pyi Taw military command. It was received by area military commander Lt.General Myint Maw.

နေပြည်တော်တိုင်းဒေသ စစ်ဌာနချုပ်သို့ IGT မှ ငွေလှူဒါန်းမှု ဓါတ်ပုံ။ **အရင်းမြစ် - Tower Times.**

IGT ကို စက််ပူတွင် မှတ်ပုံတင်ထားသည့် shell ကုမ္ပဏီတစ်ခုဖြစ်သည့် Irrawaddy Towers Asset Holding (ITAH) က ယခင်က ပိုင်ဆိုင်ခဲ့သည်။ ITAH အား အဓိက ပိုင်ဆိုင်သူများမှ ဒူဘိုင်း အခြေစိုက် ပုဂ္ဂလိက ရှယ်ယာကုမ္ပဏီ တစ်ခုဖြစ်သည့် Alcazar Capital Limited နှင့် M1 Group Limited တို့ဖြစ်သည်။[360] ၂၀၂၀၊ ဒီဇင်ဘာ ၁၁ ရက်တွင် အဆိုပါလုပ်ငန်းအား CVC Capital Partners (လူဇင်ဘတ်) သို့ရောင်းချခဲ့သည်။[361] နိုင်ငံတကာငွေကြေး ကော်ပိုရေးရှင်း (IFC) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့က IGT အား ပူးတွဲချေးငွေ တစ်ရပ်ကို ပေးထားသည်။ IGT အနေဖြင့် အခြားငွေကြေးထောက်ပံ့မှုကို ဒတ်ချ်ဖွံ့ဖြိုးရေးဘဏ်တစ်ခုဖြစ်သော Financierings-Maatschappij voor Ontwikkelingslanden (FMO) က ဦးဆောင်သည့် European Development Financial Institutions (EDFI) က ထပ်မံရရှိသည်။ IGT အား ငွေလုံးငွေရင်းချေးငှားမှုတွင် ပါဝင်ကြသည့် EDFI အဖွဲ့များမှာ Deutsche Investitions- und Entwicklungsgesellschaft (DEG) (ဂျာမဏီ)၊ Proparco (ပြင်သစ်)၊ CDC Group (ဂရိတ်ဗြိတိန်)၊ Belgian Investment Company for Developing countries (BIO) (ဘယ်လ်ဂျီယံ) နှင့် Development Bank of Austria (OeEB) (ဩစတီးယား) တို့ဖြစ်ကြသည်။ CDC Group သည် IGT အတွက် ဥရောပထဲမှ အကြီးဆုံးမြှုပ်နှံ ဖြစ်သည်။[362]

IGT ၏ အဓိက ပြိုင်ဖက်မှာ အမေရိကန် ရှယ်ယာကုမ္ပဏီဖြစ်သည့် TPG Capital မှ အများစု ပိုင်ဆိုင်သော တာဝါတိုင် စီးပွားရေးလုပ်ငန်းတခုဖြစ်သည့် Apollo Towers ဖြစ်သည်။ Apollo Towers အနေဖြင့် အမေရိကန်၏ နိုင်ငံတကာ ဖွံ့ဖြိုးရေးဘဏ်ဖြစ်သည့် Development Finance Corporation မှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ဘဏ္ဍာရေးထောက်ပံ့မှုကို ရရှိထားသည်။[363] ၂၀၁၈ ခုနှစ်တွင် Apollo Towers က

နောက်ထပ် တာဝါကုမ္ပဏီဖြစ်သည့် Pan Asia Majestic Eagle နှင့် ပေါင်းစပ်ခဲ့ပြီး AP Towers ကို ဖွဲ့စည်းခဲ့သည်။[364] ဤသို့ ပေါင်းစပ်ခဲ့သည့်အချိန်က အနည်းစု ရှယ်ယာပိုင်ရှင်ဖြစ်သည့် Myanmar Investments International Ltd (MIL) က *"Apollo Myanmar အနေဖြင့် Telecom International Myanmar Company Limited [Mytel] ထံမှ လက်ရှိ ရှိနေပြီးဖြစ်သော ၎င်း၏ တာဝါတိုင်များအပြင် ထပ်မံအဌားချထားမှုများအတွက် ကြီးမားသော ကတိကဝတ်ပြုမှုများကို မကြာသေးမီက ရရှိခဲ့သည်.....MIL ၏ ဒါရိုက်တာများ အနေဖြင့် ဤသည်က Apollo Towers ၏ အမြတ်အစွန်းရနိုင်မှုအပေါ် အပေါင်းလက္ခဏာဆောင်သည့် သက်ရောက်မှုများ ရှိလာနိုင်မည်ဟု ယုံကြည်ပါသည်။"* ဟု ကြေညာခဲ့သည်။[365] Viettel ၏ ဒေတာများအအရ Pan Asia မှ Mytel ထံ တာဝါတိုင်များကို အလားတူ ငှားရမ်းထားရာ[366] မြန်မာစစ်တပ်နှင့် ၎င်း၏ ရာဇဝတ်မှုများကို ပံ့ပိုးပေးရာ ရောက်သည်။

National Tower Development Co.Ltd. (NTD) (စကာ်ပူ) သည့် *"နိုင်ငံအတွင်း ၄ ခုမြောက် အော်ပရေတာ အသစ်ဖြစ်သည့် Mytel ကွန်ရက်များ ထွက်ပေါ်လာမှုကို အခွင့်ကောင်းယူရန်အတွက်"* တည်ထောင်ထားသည့် တာဝါတိုင် ကုမ္ပဏီဖြစ်သည်။[367] NTD ၏ ယခင် အလုပ်အမှုဆောင်အရာရှိချုပ်ဖြစ်သူ Kieran J Rabbitt မှ ထုတ်ပြန်သော တင်ပြချက်တစ်ခုအရ Mytel နှင့် *"လိုက်ဖက်ရုန် တည်ဆောက်ပါ"* ဆိုသည့် သဘောတူညီချက်တစ်ရပ်ကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ကို ဦးစားပေးထားလျက် နေရာ ၁၂၀ ခုကို ၂၀၁၈ ဒီဇင်ဘာတွင် တည်ဆောက်ပေးခဲ့သည်။[368] NTD ၏ ဒါရိုက်တာထဲမှ တစ်ဦးဖြစ်သည့် ပက်ထရစ်အောင်သည် မြန်မာစစ်တပ်အတွက် လက်နက်များ ဝယ်ယူစုဆောင်းမှုတွင် ပါဝင်ပတ်သက်နေသည်။[369] Mytel သို့ ငှားရမ်းနေသော အခြား တာဝါတိုင် စီးပွားရေးလုပ်ငန်းများတွင် မလေးရှားနိုင်ငံ အခြေစိုက်သော edotco နှင့် OCK တို့ ပါဝင်သည်။[370] OCK အုပ်စုသည် စစ်လက်နက်ပစ္စည်းကန်ထရိုက်တာ ဖြစ်သော King Royal Tachnologies နှင့် မိတ်ဖက်တစ်ဦးဖြစ်သည်။ (အခန်း ၄ တွင်ကြည့်ပါ။)

Mytel မှတဆင့် မြန်မာစစ်တပ်နှင့် ကုန်သွယ်ရေး ချိတ်ဆက်မှုများ ရှိနေသည့်အပြင် Apollo Towers အနေဖြင့် စစ်တပ်မြေကို ငှားရမ်းရန် ကြိုးစားခဲ့ပါသည်။ Tillman Global Holdings မှ အမေရိကန်အစိုးရထံ ထုတ်ဖော်ပြောကြားချက်အရ *"အော်ပရေတာများမှ တာဝါများကို နေရာချလိုသည့် (နိုင်ငံတဝှမ်း ယုံကြည်စိတ်ချရသော ဆဲလ်ဖုန်းလွှမ်းခြုံမှု ရရှိနိုင်စေမည့်) တချို့သော မြေနေရာများအား စစ်တပ်မှ ပိုင်ဆိုင်ထားသည်။ အခြားတာဝါကုမ္ပဏီများနှင့်အတူ Apollo မှ ငှားရမ်းမှုများ စီစဉ်ရန် စစ်တပ်အရာရှိများနှင့် သီးသန့်တွေ့ခဲ့သည်။"*[371] ဟု ဆိုသည်။ ၂၀၁၄ ခုနှစ် အစောပိုင်း အစီရင်ခံစာတွင် Tillman Global Holdings က မြန်မာစစ်တပ်ထံမှ မြေငှားရမ်းရန် ကြိုးပမ်းနေသည့် ဆက်သွယ်ရေး ပံ့ပိုးနေသူများထဲတွင် တယ်လီနောသည် တစ်ခုဖြစ်သည်ဟု ပြောဆိုခဲ့သည်။[372] Justice For Myanmar အနေဖြင့် ဤညှိနှိုင်းအဖြေရှာမှုများ အောင်မြင်ခြင်း ရှိမရှိကို အတည်မပြုနိုင်ပါ။ ၂၀၁၅ ခုနှစ်တွင် Tillman Global Holdings က"စစ်တပ်ပိုင် မြေနေရာများကို Apollo Towers မှ ငှားရမ်းရန် လျှောက်ဆိုထားမှုများအားလုံးကို ကာကွယ်ရေးဝန်ကြီးဌာနမှ ငြင်းပယ်ခဲ့သည်။" ဟု

အစီရင်ခံခဲ့သည်။[373] မည်သို့ပင်ဖြစ်စေ Apollo Towers အနေဖြင့် မြန်မာစစ်တပ်မှ ထိန်းချုပ်ထားသော ပြည်ထဲရေးဝန်ကြီးဌာနထံမှ မြေများကို အောင်မြင်စွာ ငှားရမ်းရရှိခဲ့သည်။[374] Justice For Myanmar အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် Apollo Towers ၏ ကုန်သွယ်မှု ဆက်ဆံရေးအပေါ် စိုးရိမ်ကြောင့်ကြမှု ရှိသည်။ ပြည်ထဲရေး ဝန်ကြီးဌာနအောက်တွင်ရှိသော ရဲတပ်ဖွဲ့နှင့် ပြည်တွင်း ထောက်လှမ်းရေးတို့မှ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ထိုရုံပုံငွေများမှ ပံ့ပိုးပေးနိုင်သည်။ Apollo Towers အား အမေရိကန်၏ အများပြည်သူပိုင် ရုံပုံငွေမှ ငွေကြေးထောက်ကူနေသည့်အတွက် အမေရိကန်အစိုးရအနေဖြင့်လည်း တုန့်ပြန်ရန် တာဝန်တစ်ရပ် ရှိသည်။

တာဝါတိုင်ကုမ္ပဏီများအားလုံးသည် ကုလသမဂ္ဂ၏ လမ်းညွှန်မှုများအပေါ် ၎င်းတို့၏ တာဝန်ရှိမှုများကို လိုက်နာပြီး Mytel နှင့် ဆက်ဆံမှုများကို ဖြတ်တောက်ရန် ပြည်ထဲရေးဝန်ကြီးဌာန အပါအဝင် မြန်မာစစ်တပ်မှ ထိန်းချုပ်ထားသော အဆောက်အအုံများနှင့် မည်သည့်ငှားရမ်းမှုများကိုမဆို ရပ်ဆိုင်းရန်ဖြစ်သည်။

ကဏ္ဍ ၇

ငွေနောက်ကို လိုက်ကြည့်ခြင်း

- Mytel အား အများပိုင်နှင့်ပုဂ္ဂလိက ဖက်စပ်အဖြစ် ဖန်တီးထားရာ စစ်တပ်မှ "အစိုးရ၏ ရှယ်ယာပိုင်ရှင်" ဖြစ်သည်။ စစ်တပ်သည် ပြည်သူပိုင် ရံပုံငွေများနှင့် ပိုင်ဆိုင်မှုများကို Mytel မှ တဆင့် အလွဲသုံးစားပြုနေပြီး တရားဝင်အလုပ်များအတွက် ပုံမှန်ဘတ်ဂျက်တွင် ထည့်သွင်းမထားသော လျို့ဝှက်ရံပုံငွေကို ဖြည့်ဆည်းပေးလျက်ရှိသည်။

- အဓိက နိုင်ငံတကာဘဏ်များသည့် Viettel Global Investment JSC အား ချေးငွေများ ထောက်ပံ့နေပြီး မြန်မာစစ်တပ်ကို အကျိုးဖြစ်ထွန်းစေကာ ၎င်း၏ ရာဇဝတ်မှု ပြုလုပ်မှုများကို ထပ်မံဖြစ်စေသည်။ ဤရံပုံငွေများကို မြန်မာပြည်အတွက် လက်နက်များနှင့် နှစ်မျိုးသုံးပစ္စည်းများကို ဝယ်ယူစုဆောင်းခြင်းနှင့် လွှဲပြောင်းပေးခြင်းတို့အတွက် သုံးနေနိုင်သည်။

- ဗီယက်နမ်ဘဏ်များသည် Mytel အား ချေးငွေများနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးနေပြီး မြန်မာစစ်တပ်ကို တိုက်ရိုက် အကျိုးဖြစ်ထွန်းစေသည်။ ထိုအထဲတွင် နိုင်ငံတကာ ငွေကြေး ကော်ပိုရေးရှင်းများမှ ရှယ်ယာပိုင်ဆိုင်ထားသည့် ဘဏ်များနှင့် နိုင်ငံတကာ ငွေကြေး ကော်ပိုရေးရှင်းများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ ကူးသန်းရောင်းဝယ်မှု ငွေကြေးပံ့ပိုးရေး အစီအစဉ်များတွင် ရှိသော ဘဏ်များ ပါဝင်ကြသည်။

- MEC အနေဖြင့် Yangon Stock Exchange မှ တဆင့် ဘဏ္ဍာငွေရှာဖွေခြင်းဖြင့် ငွေကြေးရရှိခြင်း အကျိုးဖြစ်ထွန်းနေသည်။

- မြန်မာပြည်မှ ဘဏ္ဍာရေးဆိုင်ရာ ဒီဂျစ်တယ် ဝန်ဆောင်မှုများ လုပ်ဆောင်နေသာ ကွန်ရက်တစ်ခုသည် စစ်တပ်ပိုင်နှင့် မဟာမိတ်ပြုထားသော အဖွဲ့များကို ထည့်သွင်းထားပြီး နိုင်ငံတော်အတွက်ပါ အပါအဝင် စစ်တပ်၏ ငွေလွှဲပြောင်းမှုများကို အကျိုးဆောင်ပေးနေသည်။

၇ (၁) Mytel နှင့် Viettel တို့မှ တဆင့် မြန်မာစစ်တပ်ကို အကျိုးအမြတ် ဖြစ်ထွန်းနေစေသည့် နိုင်ငံတကာဘဏ်များ

၇ (၂) ဗီယက်နမ်ဘဏ်များသည် Mytel နှင့် Viettel တို့မှတဆင့် မြန်မာစစ်တပ်အား အကျိုးဖြစ်ထွန်းနေစေသည်။

၇ (၃) မြန်မာစီးပွားရေးကော်ပိုရေးရှင်း ၏ ရင်းနှီးမတည်ငွေကို ရန်ကုန်စတော့ရှယ်ယာ ရောင်းဝယ်ရေးလုပ်ငန်းမှတဆင့် တိုးပွားအောင် လုပ်ဆောင်ခြင်း

၇ (၄) ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ

၇ (၅) ထိန်းချုပ်မှုကို ရယူပါ။

အခန်း ၇။

Mytel အနေဖြင့် မြန်မာစစ်တပ်အတွက် စီးပွားရေးအကျိုးစီးပွားတစ်ရပ်ကို အလုပ်အကျွေးပြုနေသည်။ အမြတ်အစွန်း အလွန်ကြီးမားသော စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် Mytel မှ မြန်မာစစ်တပ်အတွက် ဘတ်ဂျက်ပြင်ပ ငွေအရင်းအမြစ်တစ်ရပ်ကို ဖြည့်ဆည်းပေးနေပြီး စစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများကို ပုံပိုးပေးနေကာ ထင်ရှားသော စစ်ခေါင်းဆောင်များကိုလည်း ချမ်းသာနေစေနိုင်ပါသည်။ Viettel ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သော Viettel Global Investment JSC မှတဆင့် ကွန်ရက်၏ ထွက်ရှိလာမှုကို ငွေကြေးထောက်ပံ့ပေးခဲ့သော ချေးငွေများနှင့် နိုင်ငံတကာ ငွေကြေးဝန်ဆောင်မှု စီးပွားရေးများမှ Mytel ကို စစ်တပ်မှ ပိုင်ဆိုင်သူများက အကျိုးဖြစ်ထွန်းလာခဲ့သည်။ မြန်မာနိုင်ငံတော်၏ ပါဝင်ပတ်သက်မှုဖြစ့် ၎င်း၏ ကိုယ်ပိုင် ဒီဂျစ်တယ် အခြေခံအဆောက်အအုံကို စစ်တပ်မှ အလားတူ ဖန်တီးပြီး အမြတ်အစွန်းများ တိုးပွားစေကာ ၎င်း၏ ရာဇဝတ်မှု ပြုလုပ်မှုကို ဆက်လက် ဆောင်ရွက်စေနိုင်ခဲ့သည်။ စစ်တပ်အနေဖြင့် ကမ္ဘာဘဏ် ဖွံ့ဖြိုးမှု အထောက်အပံ့မှပင် အကျိုးဖြစ်ထွန်းမှု ရှိနိုင်ခဲ့ပြီး စစ်ဘက်ဆိုင်ရာ ပစ္စည်းပေးသွင်းသူများ နှင့် မဟာဗျူဟာကျသော အချိတ်အဆက်များ ချိုးမြှင့်ခံနေခဲ့ရသည်။

Mytel သည် ယခုအခါတွင် လိုင်းသုံးစွဲသူ ၁၀ သန်းကျော်ဖြင့် ဈေးကွက်တွင်း ဝင်ရောက်မှု နောက်ကျသော်လည်း ယှဉ်ပြိုင်မှုမြင့်မားသော မိုဘိုင်းကွန်ယက်တစ်ခုအဖြစ်ရှိနေသည်။[375] ပြည်သူ့တပ်မတော် သတင်းစာအဆိုအရ Mytel ၏ ၂၀၂၀ ခုနှစ် ပထမ ၃ လပတ် အမြတ်ငွေသည် အမေရိကန် ဒေါ်လာ ၂၅ သန်း ရှိခဲ့ပြီး[376] MEC နှင့် မြန်မာစစ်တပ်သို့ ငွေပင်ငွေရင်း စီးဆင်းသွားမှု အပေါ်တွင်ငင်း၊ စစ်တပ်မြေနှင့် အောက်ခြေအဆောက်အုံ အစရှိသည့် ပြည်သူပိုင်ပစ္စည်းများအား Mytel ၏ အသုံးပြုမှုအတွက် ပေးချေမှုကိုငင်း ပွင့်လင်းမြင်သာမှု လုံးဝမရှိပါ။ အမြတ်ငွေများ ပြုလုပ်နိုင်သော်လည်း Mytel သည် မြန်မာအစိုးရထံမှ အခွန်ကင်းလွတ်ခွင့်ကို ရရှိထားသည်။[377] ဤကင်းလွတ်မှုကို မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှုအောက်မှာ ပေးအပ်ခဲ့ခြင်း ဖြစ်နိုင်ပြီး ထိုဥပဒေတွင် အခွန်ကင်းလွတ်ခွင့်ကို ၃နှစ်၊ ၅ နှစ် သို့မဟုတ် ၇ နှစ်ပေးထားခြင်းများ အပါအဝင် အခွန်သက်သာခွင့်နှင့် ကင်းလွတ်ခွင့် ပုံစံမျိုးစုံအတွက် ဥပဒေ အပိုဒ်များ ပါဝင်သည်။

မြန်မာစစ်တပ်အနေဖြင့် Mytel ၏ ဘဏ္ဍာရေးအပေါ်တွင် တိုက်ရိုက်လွှမ်းမိုးမှု ရှိသည်။ Telecom International Myanmar (ယခင် Myanmar National Tele & Communications Company Limited) ၏ သင်းဖွဲ့မှတ်တမ်းတွင် ဘဏ္ဍာရေးအရာရှိချုပ် (CFO) ကို Star High သို့မဟုတ် မြန်မာအမျိုးသား ဆက်သွယ်ရေး ဦးပိုင် (MNTH) မှ အမည်စာရင်း တင်သွင်းရမည်ဟု ပါရှိသည်။[378] Telecom International Myanmar ၏ ပထမ အကြိမ် ဒါရိုက်တာဘုတ်အဖွဲ့တွင် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၏ စီမံခန့်ခွဲမှု ဒါရိုက်တာဖြစ်သော အငြိမ်းစား ဗိုလ်မှူးချုပ် သိန်းအောင်က CFO အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းအား ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်နေ့တွင် Mytel ဒါရိုက်တာအဖွဲ့မှ ထုတ်ပယ်ခဲ့သည်။[379] အငြိမ်းစား ဗိုလ်မှူးချုပ် သိန်းအောင်နှင့် အခြား စစ်တပ်မှ ခန့်အပ်သူများအနေဖြင့် ခယကျိုးနှံနေရသမျှ/အမိန့်နာခံနေရသမျှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စစ်တပ်၏ အမိန့်ပေးစနစ်မှတဆင့် Mytel ၏ ဘဏ္ဍာရေးများ အပေါ် လွှမ်းမိုးနိုင်မှု အခြေအနေကို ဤသည်က ပေးနေလေသည်။

၇ (၁) Mytel နှင့် Viettel တို့မှ တဆင့် မြန်မာစစ်တပ်ကို အကျိုးအမြတ် ဖြစ်ထွန်းနေစေသည့် နိုင်ငံတကာဘဏ်များ

Mytel နှင့် ဆက်နွယ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကျင့်ပျက်ခြစားခြင်းများသည် Viettel Global Investment JSC မှတဆင့် နိုင်ငံတကာဘဏ်များထံမှ အခြေခံကျသော ငွေကြေးစီးဆင်းမှုက ဖြစ်စေသည်။ Viettel Global သို့ အကြွေးပေးသော နိုင်ငံတကာဘဏ်များတွင် HSBC (အင်္ဂလန်)၊ Standard Chartered (အင်္ဂလန်)၊ MUFG (ဂျပန်)၊ Maybank (မလေးရှား) နှင့် Taipei Fubon Bank (ထိုင်ဝမ်) တို့ ပါဝင်သည်။

Viettel Global မှ Mytel သို့ ကတိကဝတ်ပြုထားသော ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန် ဒေါ်လာ ၈၅၉.၉၅ မီလီယံရှိပြီး ၎င်းမှာ စီမံချက်၏ ရင်းနှီးမတည်ငွေ လိုအပ်ချက် အမေရိကန် ဒေါ်လာ ၁.၇၅၅ ဘီလီယံ၏ ၄၉% ခန့်နှင့် ညီမျှသည်။ Viettel Global ၏ ရင်းနှီးမတည်မှု ခွဲဝေခြင်း စာရင်းရှင်းတမ်းတွင် အမေရိကန်ဒေါ်လာ ၆၉၀.၉ သန်းသည် ပြည်တွင်းနှင့် ပြည်ပငွေကြေးအဖွဲ့အစည်းများထံမှ အစုရှယ်ယာချေးငွေများနှင့် အကြွေးယူခြင်း ပုံစံများဖြင့် ဖြစ်သည်။[380] ၂၀၂၀ ခုနှစ် မတ် ၃၁ ရက်နေ့တွင် Viettel Global သည် အမေရိကန် ဒေါ်လာ ၅၅၀.၅ သန်းမျှ ရင်းနှီးမြှုပ်နှံခဲ့ပြီး အများစုမှာ ပြည်တွင်း၊ ပြည်ပ ဘဏ်ချေးငွေများဖြစ်သည်။[381] Viettel Global ထံမှ ၂၀၁၉ ခုနှစ် ဘဏ္ဍာရေး ထုတ်ပြန်ချက်အရ ရေရှည်ချေးငွေများမှ Mytel တွင် ရင်းနှီးမြှုပ်နှံမှုမှာ ဗီယက်နမ်ဒေါင် ၈,၂၁၁,၁၅၈,၃၂၅,၃၂၇ ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃၅၄.၅၆ သန်းနှင့်ညီမျှသည်။[382]နှစ်တိုချေးငွေများမှ ရင်းနှီးမြှုပ်နှံမှုမှာ ဗီယက်နမ်ဒေါင် ၃၈၂,၉၅၄,၁၅၁,၂၉၀ ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၆.၅၁ သန်းနှင့် ညီမျှသည်။[383] ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် Mytel တွင် ရင်းနှီးမြှုပ်နှံမှု မတည်ငွေမှာ အမေရိကန်ဒေါ်လာ ၁၆၃ သန်းနှင့် ညီမျှသော ဗီယက်နမ်ဒေါင် ၃,၇၅၀,၆၈၆,၄၇၅,၁၀၁ ဖြစ်သည်ဟု Viettel Global က အစီရင်ခံခဲ့သည်။[384]

Viettel Global ၏ ချေးငွေ ဒေတာများကို စစ်ဆေးကြည့်ရာ အထွေထွေချေးငွေများအား ထည့်ထားသည်ကို တွေ့ရပြီး ကြည့်ရသည်မှာ မြန်မာပြည်တွင် Viettel Global ၏ ရင်းနှီးမြှုပ်နှံမှုကို ၎င်းတို့မှ ထောက်ခံကြသော ကြောင့် ဖြစ်နိုင်ခြေများစွာ ရှိသည်။ Mytel သည် Viettel Global ၏ အခွန်ဘဏ္ဍာအတွက် အကြီးမားဆုံး ရင်းမြစ်ဖြစ်ပြီး လက်အောက်ခံများနှင့် ပူးတွဲလုပ်ငန်းများအကြား ရင်းနှီးမတည်ငွေ အသုံးစာရင်းအတွက် အများဆုံး လက်ခံရရှိသူလည်းဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် Mytel သည် Viettel Global ၏ အသားတင် အမြတ်ရောင်းရမှုနှင့် ဝန်ဆောင်မှု အခွန်ဘဏ္ဍာ၏ ၄၄.၆၁% ကို ရရှိစေခဲ့သည်။[385] ထိုနှစ်မှာပင် Viettel Global ၏ လက်အောက်ခံများနှင့် ပူးတွဲလုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေ သုံးစွဲမှု၏ ၅၀% ကို Mytel မှ ရရှိခဲ့သည်။

၂၀၁၆ မှ ၂၀၂၀ ခုနှစ် ပထမ ၃ လပါတ်အထိ အတောအတွင်း Viettel Global အတွက် ချေးငွေကူညီခဲ့ကြသော နိုင်ငံတကာဘဏ်များ။

မှတ်ချက်။ [အောက်ဖော်ပြပါ ဇယားမှ] ပမာဏများက ဤကာလအတွင်း အများဆုံး ချေးငွေများကို ဖော်ပြထားသည်။ တစ်နှစ်တည်းတွင် တစ်ခုထက်ပိုသောနေရာမှ ရသည့် ချေးငွေများကို တပေါင်းတည်း စုစည်းဖော်ပြထားသည်။

ဘဏ်အမည်	ချေးငွေအမျိုးအစား	ပမာဏ (ဗီယက်နမ်ဒေါင်၊ ဘီလီယံ)	ညီမျှသော ပမာဏ (အမေရိကန်ဒေါ်လာ၊ သန်း)
HSBC	ရေရှည်ချေးငွေ	927.33	40.32
Maybank	ရေရှည်ချေးငွေ	2,773.84	120.6
	ရေတိုချေးငွေ	465	20.22
Standard Chartered Bank	ရေတိုချေးငွေ	464.39	20.19
Taipei Fubon Commercial Bank	ရေတိုချေးငွေ	348.30	15.14
Bank of Tokyo-Mitsubishi UFJ, Ltd (MUFG)	ရေတိုချေးငွေ	1,688.857	74.43

အရင်းအမြစ် - Excel ဖြင့် အသေးစိပ်စာရင်းနှင့် အထောက်အထားများကို ဤတွင် ကြည့်ပါ။
ပျမ်းမျှ ငွေလဲနှုန်းကို ၂၃,၀၀၀ ဗီယက်နမ်ဒေါင် ကို အမေရိကန် ၁ ဒေါ်လာနှုန်း ယူထားသည်။

Viettel Global သို့ ချေးငွေများကို ဗီယက်နမ်တွင်သုံးရန် ကန့်သတ်ထားသည်ဆိုလျှင်တောင် ထိုငွေများက မြန်မာစစ်တပ်၏ ရာဇဝတ်မှုများကို ပံ့ပိုးပေးနေမည့် အန္တရာယ်တစ်ရပ် ရှိသည်။ Mytel အတွက် ဝယ်ယူ စုဆောင်းမှုများနှင့် ဝန်ဆောင်မှုများအကြောင်း အစီရင်ခံစာတွင် ထိုအရာများအား ဗီယက်နမ်တွင် ဝယ်ယူခဲ့ကြောင်း သက်သေအထောက်အထားကို Justice For Myanmar မှ ရှာဖွေတွေ့ရှိခဲ့သည်။ ထိုအထဲတွင် VHT၊ M3 နှင့် Viettel Cyber Security အပါအဝင် လက်နက်များနှင့် နှစ်မျိုးသုံးပစ္စည်းများကို ထုတ်လုပ်သော Viettel ၏ လက်အောက်ခံကုမ္ပဏီများနှင့် အခြားကြားခံ ရောင်းချသူများထံ ပေးချေမှုများ ပါဝင်သည်။ သို့ဖြစ်၍

ဗီယက်နမ်တွင် သုံးသော Viettel Global သို့ ရောက်ရှိသော ငွေကြေးများသည် Mytel ကို ဆက်လက်ပြီး ထောက်ကူနေနိုင်ပါသည်။

၂၀၁၇ ခုနှစ်တွင် MUFG မှ အမေရိကန်ဒေါ်လာ ၃၇ သန်းနှင့် ညီမျှသည့် ဗီယက်နမ်ဒေါင် စုစုပေါင်း ၈၃၅.၅၂ ဘီလီယံကို စက်ံပူမှတဆင့် Mytel ရှယ်ယာပိုင်ရှင်များအတွက် ချေးငွေတစ်ရပ်ကို ချီးမြှင့်ခဲ့သည်။[386] ချေးငွေကို လက်ခံသူမှာ Telecom International Myanmar သို့မဟုတ် ၎င်းတို့၏ ရှယ်ယာပိုင်ရှင်များ ဖြစ်မဖြစ်ကို မသိရသော်လည်း ဤချေးငွေသည် မြန်မာပြည်ရှိ "ကွန်ရက် ဖေါ်ထုတ်မှု" အတွက် ဆိုသည်မှာ သေချာသည်။ ချေးငွေလက်ခံသူကို Viettel Global အစား "Mytel shareholders" ဟု တိတိကျကျ ဆိုထားခြင်းကြောင့် ဤချေးငွေသည် Mytel ကို Viettel Global မှ ပေးရမည့် ရင်းနှီးမြုပ်နှံမှု ကတိကဝတ်၏ အစိတ်အပိုင်းအတွက် မဟုတ်ဘဲ Mytel ၏ ရှယ်ယာပိုင်ရှင်များဖြစ်သော Star High သို့မဟုတ် MNTH နှစ်ဦးထဲမှ တစ်ဦးဦး ကိုယ်စားအတွက် ရရှိခဲ့ခြင်း ဖြစ်နိုင်သည်။ သို့ဖြစ်၍ MUFG ဘဏ္ဍာရေးထောက်ပံ့မှုသည် မြန်မာစစ်တပ်ကို အကျိုးဖြစ်ထွန်းစရာ ရှိနိုင်သည်။ Star High က သာ လက်ခံရသူဖြစ်ပါက ဤအကျိုးဖြစ်ထွန်းမှုသည် တိုက်ရိုက်သက်ရောက်မည်ဖြစ်ပြီး MNTH သို့မဟုတ် Telecom International သာ လက်ခံရသူဖြစ်ပါက သွယ်ဝိုက် သက်ရောက်မည်ဖြစ်သည်။ သို့ဖြစ်၍ MUFG ဘဏ္ဍာရေးပံ့ပိုးမှုသည် စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ကျူးလွန်ခြင်းကို ထောက်ပံ့ အားပေးကူညီသည့် အဆင့်ကို ရောက်နေနိုင်သည်။

Viettel Global Investment JSC နှင့် စီးပွားရေး ဆက်ဆံမှုများ ဆက်လက်ရှိနေသော နိုင်ငံတကာဘဏ်များသည် ကုလသမဂ္ဂ၏ လမ်းညွှန်မူများနှင့် OECD ၏ လမ်းညွှန်ချက်များအောက်ရှိ ၎င်းတို့၏ လူ့အခွင့်အရေး ဆိုင်ရာ တာဝန်ရှိမှုများကို ချိုးဖောက်ရာ ရောက်သကဲ့သို့ ၎င်းတို့၏ ကိုယ်ပိုင်မူများကိုလည်း ဖောက်ဖျက်ရာ ရောက်သည်။ ၎င်းတို့၏ လုပ်ဆောင်မှုများထဲတွင် လူ့အခွင့်အရေးနှင့် ဆက်စပ်ပတ်သက်၍ အပါအဝင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် အန္တရာယ်များကို အကဲဖြတ်ပြီး စီမံရန်ဆိုသည့် အီကွေတာမူ (Equator Principles) များကို HSBC၊ Standard Chartered နှင့် MUFG တို့အားလုံးက ဆုံးဖြတ် လက်ခံခဲ့ပြီးဖြစ်သည်။[387] Viettel Global Investment JSC သို့ ချေးငွေများကို အီကွေတာမူများ အောက်တွင် အကဲဖြတ်ခဲ့ခြင်း ရှိမရှိကိုမူ ရှင်းလင်းမှု မရှိပါ။ ထို့အပြင် Viettel အတွက်ပါ အကျုံးဝင်သက်ရောက်နိုင်သည့်၊ *"စီးပွားရေးလုပ်ငန်း အုပ်စုကြီးများ၏ လုပ်ငန်းများသည် လက်နက်နှင့် အဓိက ဆက်စပ်ပတ်သက်နေလျှင်"* ဆိုသည့်အချက်ပါ ပါဝင်သည့်၊ HSBC ၏ 'ကာကွယ်ရေးကိရိယာကဏ္ဍ ပေါ်လစီ' အောက်တွင် စီးပွားရေးလုပ်ငန်း အုပ်စုကြီးများ အပါအဝင် လက်နက်များ အဓိက ထုတ်လုပ်သည့် လုပ်ငန်းများကို ဘဏ်အနေဖြင့် ဘဏ္ဍာရေး ဝန်ဆောင်မှုများ မပံ့ပိုးပေးရပါ။[388]

HSBC နှင့် Standard Chartered တို့သည် *"မြန်မာ/ဗမာပြည်ရှိ နောက်ဆုံး အသုံးပြုသူ မည်သည့် စစ်တပ်သို့မဟုတ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ သို့မဟုတ် စစ်ရေးအသုံးပြုမှုအတွက်၊ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ထိုကုန်ပစ္စည်းများနှင့် နည်းပညာများအား ရောင်းချခြင်း၊ ထောက်ပံ့ခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် တင်ပို့ခြင်း၊ သို့မဟုတ် ဆက်စပ်သော နည်းပညာ အထောက်အကူ၊ ပွဲစားလုပ်ခြင်း ဝန်ဆောင်မှုများ သို့မဟုတ် အခြား ဝန်ဆောင်မှုများ စသည်တို့အပေါ်၊ အပိုဒ် ၁ တွင် ရည်ညွှန်းထားသည့် အထူးသဖြင့် အထောက်အပံ့များ၊ ချေးငွေများ၊ ထုတ်ကုန် အကြွေး အာမခံချက်တို့ အပါအဝင် ကုန်ပစ္စည်းများ၊ နည်းပညာများနှင့် ပတ်သက်သော ငွေကြေးပံ့ပိုးခြင်း သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူ"* တို့အား စီစဉ်ပေးခြင်းတို့အတွက် EU ၏ မြန်မာနိုင်ငံအပေါ် ကန့်သတ်ပိတ်ပင်ထားသော ဆောင်ရွက်ချက်များကို ချိုးဖောက်ရာ ရောက်နေနိုင်ပါသည်။[389]

Viettel သို့ ချေးငွေများသည် *"မြန်မာ/ဗမာ နိုင်ငံ အစိုးရမှ သို့မဟုတ် မြန်မာအစိုးရကိုယ်စား အင်တာနက်နှင့် မိုဘိုင်း သို့မဟုတ် ကြိုးသုံးတယ်လီဖုန်း ဆက်သွယ်ရေးကွန်ရက်များကို စောင့်ကြည့်ရေး သို့မဟုတ် ကြားဖြတ် နားထောင်ရေးတွင် အဓိက အသုံးပြုရန်အတွက် ရည်ရွယ်သည့် ကိရိယာများ၊ နည်းပညာ သို့မဟုတ် ဆော့ဖ်ဝဲယားများကို ရောင်းချ၊ ထောက်ပံ့၊ လွှဲပြောင်း သို့မဟုတ် တင်ပို့ရန်"* အစရှိသည့် EU ၏ ကန့်သတ်ပိတ်ပင်ထားသော ဆောင်ရွက်ချက်များအောက်တွင် တားဆီးထားသည့် ကိစ္စများအား တိုက်ရိုက် ကူညီပံ့ပိုးပေးနေသည့် ကြီးမားသော အန္တရာယ်တစ်ရပ် ရှိသည်။[390] ဝင်ငွေဘဏ္ဍာရရှိမည့် ရင်းမြစ်ကို ဖော်ဆောင်ရန်၊ နည်းပညာနှင့် ဆော့ဖ်ဝဲယားများအား လက်လှမ်းမီရန်နှင့် Mytel ၏ ၁၀ သန်းမျှရှိသော လိုင်းသုံးစွဲသူများအား ဖြစ်နိုင်ဖွယ်ရာရှိသော စောင့်ကြည့်မှုကို ပြုလုပ်ရန်တို့အတွက် HSBC၊ Standard Chartered၊ Maybank နှင့် Tapei Fubon Commercial တို့မှ နိုင်ငံတကာ ချေးငွေများအနေဖြင့် မြန်မာစစ်တပ်အား Viettel Global မှတဆင့် ထောက်ပံ့ပေးနေသောကြောင့် ကုလသမဂ္ဂ လမ်းညွှန်မှုများအောက်မှ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိမှုများကို ချိုးဖောက်လျက် ရှိသည်။ ၎င်းတို့အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ရန် အလျင်အမြန်လိုအပ်နေပြီး ၎င်းတို့၏ စီးပွားရေးဆက်ဆံမှုများသည် မြန်မာစစ်တပ်အား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးဖြစ်ထွန်းနေခြင်းကို မသေချာပါက ထိုဘဏ်များအနေဖြင့် Viettel နှင့် ဆက်ဆံမှုများကို ဖြတ်တောက်ရမည်။

Mytel ၏ ဘဏ္ဍာရေး ကွန်ရက်များ
မြန်မာစစ်တပ်သည် Mytelမှတဆင့်
နိုင်ငံတကာဘဏ္ဍာရေးကွန်ရက်များနှင့်
ချိတ်ဆက်ကာ အကျိုးအမြတ်များစွာ
ရရှိနေ။

ဆက်သွယ်မှုအညွှန်းသည် "ချေးငွေ"
အားဖြင့် ချိတ်ဆက်မှုကို ဖော်ပြနေသည်
(သို့မဟုတ်ပါက အခြားချုတ်ဆက်မှုကို
ဖော်ပြသည်)



၇ (၂) ဗီယက်နမ်ဘဏ်များသည် Mytel နှင့် Viettel တို့မှတဆင့် မြန်မာစစ်တပ်အား အကျိုးဖြစ်ထွန်းနေစေသည်။

အဓိကကျသော ဗီယက်နမ်ဘဏ်များက Mytel အတွက် ရေတို ရေရှည် ချေးငွေများနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများကို ပံ့ပိုးနေကြပြီး တချို့ဖြစ်ရပ်များတွင် မြန်မာပြည်ရှိ ၎င်းတို့၏ တိုက်ရိုက်လုပ်ငန်းများမှ တဆင့် ဆောင်ရွက်ခြင်း ဖြစ်သည်။ ၎င်းတို့မှ ရင်းနှီးမြုပ်နှံ၍ ငွေကြေး ပံ့ပိုးနေသည့်ဘဏ်များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ တာဝန်ရှိသော နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ဗီယက်နမ်ဘဏ်တချို့က ချိတ်ဆက်နေသည်။ ချေးငွေအများစုမှာ အထွေထွေ ဖြစ်သည်ဟု တွေ့ရပြီး အနည်းငယ်မှာ Mytel နှင့် ဆက်နွယ်နေသည်။ Viettel Global ၏ Mytel တွင် ရင်းနှီးမြုပ်နှံမှု ပမာဏသည် ၎င်း၏ အခြားစီးပွားရေးလုပ်ငန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက သိသိသာသာ ကြီးမားနေသောကြောင့် ဗီယက်နမ်အတွက် ထုတ်ပေးသော အထွေထွေချေးငွေများသည်လည်း Mytel နှင့် ဆက်စပ်နေနိုင်သည့် အန္တရာယ်တစ်ရပ် ကြီးမားစွာရှိသည်။ တချို့သော အခြေအနေများတွင် Viettel Global သည် Mytel နှင့်/သို့မဟုတ် ၎င်း၏ ရှယ်ယာပိုင်ရှင်များအတွက် ဘဏ္ဍာငွေ ပံ့ပိုးမှုကို ရရှိထားသည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ဗီယက်နမ်ဘဏ်များမှ Viettel အတွက် ပံ့ပိုးပေးနေသော ချေးငွေများ (ခန့်မှန်းခြေ)

မှတ်ချက်။ [အောက်ဖော်ပြပါ ဇယားမှ] ပမာဏများက ဤကာလအတွင်း အများဆုံး ချေးငွေများကို ဖော်ပြထားသည်။ တစ်နှစ်တည်းတွင် တစ်ခုထက်ပိုသောနေရာမှ ရသည့် ချေးငွေများကို တပေါင်းတည်း စုစည်းဖော်ပြထားသည်။

ဘဏ်အမည်	ချေးငွေ အမျိုးအစား	ပမာဏ (ဗီယက်နမ်ဒေါင်၊ ဘီလီယံ)	အမေရိကန်ဒေါ်လာနှင့် ညီမျှသော ပမာဏ (သန်းဖြင့်)
Military Commercial Joint Stock	ရေတိုချေးငွေ	427.678	18.59
Bank (MB Bank)	ရေရှည်ချေးငွေ	2,948.261	128.19
Vietnam Export Import Commercial	ရေတိုချေးငွေ	1,427.988	62.09
Joint Stock Bank (EXIMBANK)	ရေရှည်ချေးငွေ	239.053	10.39

Joint Stock Commercial Bank for Foreign Trade of Vietnam (Vietcombank)	ရေတိုချေးငွေ	1,006.735	43.77
Joint Stock Commercial Bank for Investment and Development of Vietnam (BIDV)	ရေတိုချေးငွေ ရေရှည်ချေးငွေ	221.82 1,389.33	9.64 60.41
Vietnam Technological and Commercial Joint Stock Bank (TECHCOMBANK)	ရေတိုချေးငွေ ရေရှည်ချေးငွေ	25.27 473.00	1.10 20.57
An Binh Commercial Joint Stock Bank (ABBank)	ရေတိုချေးငွေ	180.727	7.86
Sai Gon Commercial Joint Stock Bank (SCB)	ရေတိုချေးငွေ ရေရှည်ချေးငွေ	181.429 2,082.063	7.89 91
South East Asia Commercial Joint Stock Bank (SeABank)	ရေတိုချေးငွေ	85.651	3.72
VietinBank	ရေတိုချေးငွေ ရေရှည်ချေးငွေ	361.54 610.024	15.72 26.25
Ho Chi Minh City Development Joint Stock Commercial Bank (HDBank)	ရေရှည်ချေးငွေ	1,179.00	51.26
Lien Viet Post Commercial Joint Stock Bank	ရေရှည်ချေးငွေ	1,179.00	51.26
Vietnam International Commercial Joint Stock Bank (VIB)	ရေရှည်ချေးငွေ	993.731	43
Tien Phong Commercial Joint Stock Bank (TP Bank)	ရေရှည်ချေးငွေ	1,761.483	77

အရင်းအမြစ် - Excel ဖြင့် အသေးစိပ်စာရင်းနှင့် အထောက်အထားများကို ဤတွင် ကြည့်ပါ။ ပျမ်းမျှ ငွေလဲနှုန်းကို ၂၃,၀၀၀ ဗီယက်နမ်ဒေါင် ကို အမေရိကန် ၁ ဒေါ်လာနှုန်း ယူထားသည်။

Viettel Global ၏ ၂၀၁၉ ခုနှစ် ဘဏ္ဍာရေး ထုတ်ပြန်မှုများအရ Mytel အတွက် ဗီယက်နမ် နိုင်ငံတကာဘဏ် (Vietnam International Bank - VIB) မှ ဗီယက်နမ်ဒေါင် ၆၅၈,၅၆၅,၀၉၂,၅၂၃ (အမေရိကန်ဒေါ်လာ ၂၈.၄ သန်း) ရှိ Mytel ၏ ပိုင်ဆိုင်မှုကို လုံခြုံစေသည့် ချေးငွေတရပ်ကို စာရင်းပြခဲ့သည်။[391] Viettel Global ၏ ၂၀၁၈ နှင့် ၂၀၂၀ ပထမ ၃ လပါတ်အထိ အစီရင်ခံစာများတွင်လည်း Mytel နှင့် ဆက်နွယ်နေသော VIB ၏ ချေးငွေများကို အလားတူဖော်ပြခဲ့သည်။[392]ဤချေးငွေသည် Viettel Global ၏ ရင်းနှီးမြှုပ်နှံမှု ကတိကဝတ်အတွက် ငွေကြေးထောက်ပံ့ခြင်း သို့မဟုတ် Telecom International Myanmar ကို ပေးခြင်း ဟုတ်မဟုတ်နှင့် ရှယ်ယာပိုင်ဆိုင်သူများအားလုံး၏ တာဝန် ဟုတ်မဟုတ်ကိုမူ ရှင်းလင်းမှု မရှိပါ။ VIB သည် နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း၏ ကမ္ဘာလုံးဆိုင်ရာ ကူးသန်းရောင်းဝယ်မှု ဘဏ္ဍာရေး အစီအစဉ်၏ အစိတ်အပိုင်းဖြစ်ပြီး၊ ဘဏ်အတွက် အမေရိကန်ဒေါ်လာ ၁၄၄ သန်း အာမခံချက်တစ်ရပ် ရရှိထားသည်။[393] ၂၀၂၀ ခုနှစ် ဇူလိုင်တွင် VIB သည် နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း၏ "အရှေ့အာရှနှင့် ပစိဖိတ်တွင် လုပ်ငန်းဆောင်ရွက်မှု အကောင်းဆုံးဘဏ်ဆု"ကို ရရှိခဲ့သည်။[394] VIB ၏ အကြီးဆုံးရှယ်ယာပိုင်ရှင်များထဲမှ တစ်ဦးမှာ ရှယ်ယာ ၂၀% ပိုင်ဆိုင်မှုရှိသည့် သြစတေးလျမှ ဓနသဟာယဘဏ် (Commonwealth Bank) ဖြစ်ပြီး သြစတေးလျ၏ အကြီးဆုံးဘဏ်သည် VIB အား ပိုင်ဆိုင်မှုမှတဆင့် ၎င်း၏ လူ့အခွင့်အရေးတာဝန်ရှိမှုများကို ချိုးဖောက်ရာ ရောက်နေသည်ဆိုသည့် ကြီးမားသော စိုးရိမ်မှုများကို ဖြစ်စေသည်။[395] VIB မှ ချေးငွေများသည် Mytel ၏ အခြေခံအဆောက်အအုံကို တိုက်ရိုက်ပံ့ပိုးရာ ရောက်နိုင်ပြီး စစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်မှုကို ပံ့ပိုး အားပေးကူညီရာ ရောက်နိုင်သည်။

၂၀၁၇ ခုနှစ်တွင် ပူးတွဲအစုရှယ်ယာပိုင် Tien Phong ကူးသန်းရောင်းဝယ်ရေးဘဏ် (TPBank) (ဗီယက်နမ်) မှ Mytel ၏ မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်သည့် Telecom International Myanmar ၏ ယခင်နာမည် ဖြစ်သည့် Myanmar National Tele & Communications Co. Ltd., သို့ ပစ္စည်းပေါင်မပါဘဲ ယုံကြည်စိတ်ချမှုဖြင့်ချေးငွေ (unsecured loan) အမေရိကန်ဒေါ်လာ ၄၅ သန်းကို ပေးအပ်ခဲ့သည်။[396] ချေးငွေသက်တမ်းသည် ၂၀၂၂ ခုနှစ် မေလ ၂၆ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ချေးငွေကို Mytel အတွက်သာ လျာထားသတ်မှတ်ခဲ့ခြင်းဖြစ်၍ Viettel Global ၏ Mytel တွင် ထည့်ဝင်ရမည့် ရင်းနှီးမြှုပ်နှံမှု ကတိကဝတ်၏ အစိတ်အပိုင်းမဖြစ်နိုင်ပါ။ ဆက်သွယ်ရေးကွန်ရက် တိုးတက်ဖွံ့ဖြိုးမှုအတွက် ကြိုတင်လျာထားသတ်မှတ်ထားသည့် ချေးငွေသည် မြန်မာစစ်တပ်၏ ဆက်သွယ်မှု စွမ်းဆောင်ရည်ကို အကျိုးဖြစ်ထွန်းစေနိုင်ပြီး ၎င်း၏ နိုင်ငံတကာ ရာဇဝတ်မှု ကျူးလွန်မှုများကို ပံ့ပိုး အားပေးကူညီနေနိုင်သည်။ TPBank သည် နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်း၏ ကမ္ဘာလုံးဆိုင်ရာ ကူးသန်းရောင်းဝယ်မှု ဘဏ္ဍာရေး အစီအစဉ်၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်းမှ ဘဏ်၏ ၅% ပိုင်ဆိုင်မှုကို မြန်မာပြည်ကို ငွေထုတ်မချေးခင် ၂၀၁၆ ခုနှစ်ကတည်းက ရရှိထားသည်။ နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်းသည် ဘဏ်၏ ရှယ်ယာပိုင်ဆိုင်သူတစ်ဦးအနေဖြင့် ချေးငွေမှ ပံ့ပိုးပေးနေနိုင်မည့် နိုင်ငံတကာ ရာဇဝတ်မှုများ အပါအဝင် မြန်မာစစ်တပ်နှင့် TPBank ၏ ဘဏ္ဍာရေး ဆက်နွယ်မှုများအပေါ် တာဝန်ရှိသည်။

HDBank နှင့် BIDV နှစ်ခုစလုံးသည် Mytel အတွက် ချေးငွေများကို သီးသန့်ထုတ်ပေးနေပြီး[397] ထို့အပြင် Mytel အတွက်ပါ ပါဝင်သည့် ချေးငွေနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးအပ်ရန်အတွက် ကျယ်ပြန့်သော မိတ်ဖက်ပြုမှုကို Viettel နှင့် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။[398] HDBank အနေဖြင့် မြန်မာပြည်တွင် ကိုယ်စားလှယ်ရုံး တစ်ရုံး ဖွင့်လှစ်ထားပြီး[399] BIDV မှ ရုံးခွဲတစ်ခု ဖွင့်လှစ်ထားသည်။[400] ကျယ်ပြန့်သော ဝန်ဆောင်မှုများထဲတွင် Telecom International Myanmar မှတဆင့် မြန်မာစစ်တပ်မှ ရှယ်ယာပိုင်ရှင် တစ်ဦးအဖြစ် ပါဝင်နေသော Mytel ၏ မိုဘိုင်းဖုန်း ငွေကြေးဝန်ဆောင်မှုဖြစ်သည့် MytelPay ကို ကူညီ ထောက်ပံ့ရန်လည်း ပါဝင်သည်။ တောင်ကိုရီးယား၏ KEB Hana Bank သည် BIDV တွင် ၁၅% ပိုင်ဆိုင်ပြီး "မဟာဗျူဟာကျသည့် ရှယ်ယာပိုင်ရှင်" တစ်ဦးဖြစ်သည်။[401] ထို့အပြင် HDBank သည် ၎င်း၏ ကူးသန်းရောင်းဝယ်မှု ဘဏ္ဍာရေး အစီအစဉ်၏ အစိတ်အပိုင်းအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ချေးငွေ သဘောတူညီချက်တစ်ရပ် ရှိထားသည်။[402]

Viettel Global ၏ ၂၀၁၈ စာရင်းစစ် အစီရင်ခံစာအရ LienVietPostBank မှ ဗီယက်နမ်ဒေါင် ၄၈၇.၈၀၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၁ သန်း ပါတ်ဝန်းကျင်) ရှိ ချေးငွေတစ်ရပ်ကို Mytel အား ထုတ်ပေးခဲ့သည်။[403] ဤတခါတွင်လည်း Viettel Global မှ Telecom International Myanmar အတွက် ချေးငွေကို အကျိုးဆောင် ပေးခဲ့ခြင်း သို့မဟုတ် Viettel Global ၏ ရင်းနှီးမြှုပ်နှံမှု ကတိကဝတ်အတွက် ပံ့ပိုးခြင်း ဟုတ်မဟုတ် ဆိုသည်ကို ရှင်းလင်းမှု မရှိပါ။

နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း၏ ကမ္ဘာလုံးဆိုင်ရာ ကူးသန်းရောင်းဝယ်မှု ဘဏ္ဍာရေး အစီအစဉ်၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့်[404] VietinBank သည် Viettel Global အား ဗီယက်နမ်ဒေါင် ၃၆၁.၅၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅.၇၂ သန်း) ရှိ ရေတိုချေးငွေများနှင့် ဗီယက်နမ်ဒေါင် ၆၁၀.၀၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၆.၅၂ သန်း) ရှိ ရေရှည်ချေးငွေများကို ပေးအပ်ခဲ့ရာ ထိုငွေများသည် Mytel မှ တဆင့် မြန်မာစစ်တပ်အား အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသော ဖြစ်နိုင်ချေတစ်ရပ် ရှိနေသည်။[405] နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း အနေဖြင့် ၂၀၂၀ ခုနှစ် ဇန္နဝါရီတွင် VietinBank ရှိ ၎င်း၏ ပိုင်ဆိုင်မှုကို ၈ % မှ ၁.၆၃ % သို့ လျှော့ချခဲ့သည်ဟု ကြားသိရသော်လည်း ဘဏ်တွင်ရှိနေသည့် ရင်းနှီးမတည်မှု ရံပုံငွေ (Capitalization Fund) မှ ၎င်း၏ ပိုင်ဆိုင်မှုကိုလည်း ၃.၃၅ % အထိ လျှော့ချခဲ့သည်။[406]

VIB၊ TPBank၊ HDBank နှင့် BIDV တို့မှ Mytel အတွက် ချေးငွေများနှင့် ဘဏ္ဍာရေး ဝန်ဆောင်မှုများသည် သိသာထင်ရှားစွာ အရေးပါပြီး စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်ရာတွင် ပံ့ပိုး အားပေးကူညီပေးရာ ရောက်သည်ဟု Justice For Myanmar မှ ကောက်ချက်ချသည်။ အခြား အဓိကကျသော ဗီယက်နမ်ဘဏ်များမှ ချေးငွေများ၏ သက်သေအထောက်အထားကလည်း

ကုလသမဂ္ဂလမ်းညွှန်အခြေခံမူများအောက်ရှိ လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်း စစ်ဆေးမှုများ ကင်းမဲ့နေခြင်းနှင့် ၎င်းတို့၏ တာဝန်ရှိမှုများကို ပုံမှန် ဖောက်ဖျက်နေမှုများအပေါ် စိုးရိမ်မှုများကို မြင့်တက်စေခဲ့သည်။ တာဝန်ယူမှုရှိသည့် မည်သည့်ဘဏ်မှ Viettel ကဲ့သို့သော လက်နက်ထုတ်လုပ်သူတစ်ဦးနှင့် မြန်မာစစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများအား တိုက်ရိုက် ပံ့ပိုးပေးနေသည့် Mytel ကဲ့သို့ စီးပွားရေးလုပ်ငန်းအား ချေးငွေ မပေးသင့်ပါ။

အဓိကကျသော ဗီယက်နမ်ဘဏ်များ၏ ကျူးလွန်မှုတွင် ပါဝင်ပတ်သက်နေခြင်းသည် နိုင်ငံတကာငွေကြေး ကော်ပိုရေးရှင်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ ငွေကြေးကြားခံအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတွင် ၎င်းတို့မှ ထားရှိရမည့် လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်း စစ်ဆေးမှုများနှင့် အကာအကွယ်ပေးမှုတို့အပေါ် မေးခွန်း ထုတ်စရာများ ဖြစ်ပေါ်စေခဲ့သည်။ Justice For Myanmar အနေဖြင့် မြန်မာနိုင်ငံရှိ ၎င်း၏ ရင်းနှီးမြှုပ်နှံမှုများ အပေါ် စစ်ဆေးမှုတစ်ရပ်လုပ်ရန် ၎င်း၏ ကတိကဝတ်ကို ကြိုဆိုပြီး သို့မှသာ ၎င်းတို့အနေဖြင့် မြန်မာစစ်တပ်အား အကျိုးမဖြစ်ထွန်းရန် သေချာစေမည်ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုကိုသာ စစ်ဆေးရန် ကန့်သတ်ထားခြင်းသည် အမှန်တကယ် မလုံလောက်ပါ။ နိုင်ငံတကာ စီးပွားရေးကော်ပိုရေးရှင်းအနေဖြင့် မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နေသော ဒေသတွင်းမှ အခြား ဘဏ္ဍာရေး ကြားခံအဖွဲ့အစည်းများကိုပါ ထည့်သွင်းရပါမည်။ ဤအထဲတွင် ဗီယက်နမ်ဘဏ်များ အားလုံး ထည့်သွင်းရမည်။ အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း၏ ဦးဆောင်မှုနောက်သို့ လိုက်လျက် မည်သည့် ရင်းနှီးမြှုပ်နှံမှုကမှ မြန်မာစစ်တပ်နှင့် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို မပံ့ပိုးစေရေးအား သေချာစေရန်အတွက် ဘဏ္ဍာရေး ကြားခံ အဖွဲ့အစည်းများ အပါအဝင် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုများကို ပြည့်စုံသော စစ်ဆေးမှုတစ်ရပ် ပြုလုပ်ရမည်ဖြစ်သည်။

၇ (၃) မြန်မာစီးပွားရေးကော်ပိုရေးရှင်း ၏ ရင်းနှီးမတည်ငွေကို ရန်ကုန်စတော့ရှယ်ယာ ရောင်းဝယ်ရေးလုပ်ငန်းမှတဆင့် တိုးပွားအောင် လုပ်ဆောင်ခြင်း

မြန်မာစစ်တပ်သည် TMH Telecom Public Co. Ltd. မှတဆင့် Yangon Stock Exchange ကို အသုံးပြု၍ စစ်တပ် ဆက်သွယ်ရေး အောက်ခြေအဆောက်အအုံအတွက် ရံပုံငွေ ရှာဖွေလျက်ရှိသည်။

TMH Telecom သည် တာမိုးညဲချမ်းသာ ကုမ္ပဏီများအုပ်စုနှင့် ဆက်စပ်ပတ်သက်နေပြီး ၎င်းကို ရှမ်းပြည်နယ် မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်တွင် တည်ထောင်ခဲ့သည်။[407] ၂၀၁၇ ခုနှစ်တွင် TMH Telecom က အငြိမ်းစား

ဗိုလ်မှူးချုပ်ဒေးဗစ်အေဘယ်လ်ကို ၎င်းတို့၏ ဘုတ်အဖွဲ့တွင် ခန့်အပ်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သော ဗိုလ်မှူးချုပ် ဒေးဗစ် အေဘယ်လ်သည် ယခင် စစ်တပ် ဘဏ္ဍာရေးဝန်ကြီးနှင့် ဒု-စစ်ထောက်ချုပ် ဖြစ်ခဲ့ပြီး စစ်တပ်စီးပွားရေးလုပ်ငန်းအုပ်စုကြီးဖြစ်သော မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၏ တည်ထောင်သူတစ်ဦးလည်း ဖြစ်ခဲ့သည်။[408]

TMH Telecom ၏ အနာဂတ်မျှော်လင့်ချက် (Prospectus) ထုတ်ပြန်မှုအရ ၎င်း၏ စာရင်းသွင်းမှုမှ ရရှိသည့် ရင်းနှီးမတည်ငွေ၏ ၇၀ % ကို စစ်တပ်ဦးပိုင်ကုမ္ပဏီဖြစ်သော မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၏ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ တာဝါတိုင် စီမံချက်တစ်ခုအတွက် သုံးစွဲမည်ဖြစ်သည်။[409] မြန်မာစီးပွားရေးကော်ပိုရေးရှင်းအတွက် အရေးပါသော လုပ်ဆောင်ဆဲ စီမံချက်များကို TMH Telecom မှ စာရင်းသွင်းဖေါ်ပြခြင်းက ၎င်းသည် Mytel ကွန်ရက်တွင် အသုံးပြုမှုအပါအဝင် စစ်တပ်ဆက်သွယ်ရေးများ တည်ဆောက်မှုနှင့် ထိန်းသိမ်းမှုအား ပံ့ပိုးပေးနေသော အဓိက ပုဂ္ဂလိကပိုင် ကန်ထရိုက်တာတစ်ဦးဖြစ်သည်ကို ထောက်ပြနေသည်။ နေပြည်တော်၌ သိသာထင်ရှားသော အရေအတွက် ရှိသည့် တာဝါတိုင်များနှင့် မြန်မာစစ်တပ်မှ တရုတ်လက်နက်ထုတ်လုပ်သူ Norinco နှင့် လုပ်ဆောင်နေသော နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် စပယ်တောင်နှင့် ကြေးစင်တောင် ကြေးနီမိုင်းရှိသော ကြေးစင်တောင်ပေါ်တွင် တာဝါတိုင်တစ်ခု ဆောက်လုပ်ရေး အပါအဝင် မိုဘိုင်းစခန်း ဆောက်လုပ်ရေး၊ ထိန်းသိမ်းရေးတို့အား ရရှိစရာများအဖြစ် TMH Telecom က စာရင်းဖေါ်ပြထားသည်။[410] TMH Telecom အနေဖြင့် စစ်ဘက်ဆိုင်ရာ အသုံးပြုမှုအတွက် ဖြစ်နိုင်သော မိုဘိုင်းရေဒီယို စီမံချက်များကိုလည်း စာရင်းပြထားသည်။ ကုမ္ပဏီသည် တပ်မတော်နှင့် နီးကပ်စွာ ချိတ်ဆက်မှုရှိသော အင်းဝဘဏ်နှင့်လည်း ဘဏ်အာမခံချက်တစ်ခု ရရှိထားသည်။[411] TMH Telecom ၏ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေး အစီရင်ခံစာ ထုတ်ပြန်ချက်များအရ MEC တာဝါတိုင်နေရာများအား ဓါတ်အားပေးရေး အပါအဝင် MEC အတွက် ကွန်ရက်ထိန်းသိမ်းရေး၊ အကောင်းဆုံး အသုံးပြုနိုင်အောင် လုပ်ဆောင်ရေး (Optimisation) နှင့် ပစ္စည်းဝယ်ယူစုဆောင်းရေးများကို ဤစီးပွားရေးလုပ်ငန်းက လုပ်ဆောင်နေရသည်။[412] မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းအတွက် ၎င်း၏ အလုပ်များအပြင် TMH Telecom သည် Mytel နှင့် နိုင်ငံတော်ပိုင် မြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေး (MPT) တို့ဖြင့်လည်း ကန်ထရိုက်များ ရှိသေးသည်။ တာမိုးညဲချမ်းသာ ကုမ္ပဏီများအုပ်စုသည် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၏ ခေါ်ဆိုမှုစင်တာများကို လည်ပတ်ပေးရသော Myanmar Hurricane Investment & Telecom ကိုလည်း ထိန်းချုပ်ထားပြီး ကွန်ရက်စောင့်ကြည့်မှု နှင့် အခြေခံအဆောက်အအုံအား ငှားရမ်းလည်ပတ်နေရသော MECTel ၏ မိုဘိုင်းကွန်ရက် သုံးစွဲသူများအား ထပ်ဆင့်တန်ဘိုးဖြည့် ဝန်ဆောင်မှုများအား ထောက်ပံ့သည်။[413]

TMH Telecom သည် တရုတ်နှင့် မြန်မာအတွက် အရေးကြီးသော နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်မှုတွင် ပါဝင်ပတ်သက်နေပြီး မြန်မာနိုင်ငံ၏ အဓိက ဆက်သွယ်ရေးများ ထပ်ဆင့်ဖြန့်ဖြူးသည့် ဆုံချက်ဆက်ထုံးများ (communications nodes) ထဲမှ တစ်ခု

ဖြစ်သည့် AAE1 နှင့် ချိတ်ဆက်နေသည့် တရုတ်-မြန်မာ ကုန်းတွင်းပိုင်း ဖိုင်ဘာလမ်းကြောင်းအတွက် ကုန်းတွင်းအဝင်စခန်းများ (landing stations) တည်ဆောက် လည်ပတ်ရန်အတွက် China Unicom နှင့် အတူတွဲလုပ်သည်။ ဖိုင်ဘာကုန်းတွင်းအဝင်စခန်းများသည် ငွေဆောင်နှင့် မူဆယ်တွင် ရှိပြီး TMH Telecom က လုံခြုံရေး၊ ဓါတ်အားပေးစနစ်၊ ရေငုတ် ကိရိယာနှင့် ကွန်ရက်လည်ပတ်မှုစင်တာ၏ စီမံခန့်ခွဲမှုတို့ကို ပံ့ပိုးရသည်။[414] TMH Telecom ၏ စစ်တပ်နှင့် နီးနီးစပ်စပ်ရှိနေမှုအရ အဆိုပါ ဖိုင်ဘာကုန်းတွင်းအဝင်စခန်းများတွင် ၎င်း၏ ပါဝင်ပတ်သက်နေမှုမှာ ဤအခြေခံအဆောက်အအုံတွင် စစ်တပ်၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ဖြစ်နိုင်သည်။ TMH Telecom အနေဖြင့် စစ်တပ်၏ မည်သည့်ကောဘယ် ဖောက်ယူခြင်းမျိုးကိုမဆို ပံ့ပိုးပေးနေနိုင်ရာ ၎င်း၏ အနေအထားက မြန်မာ၏ နိုင်ငံအဆင့် ဆက်သွယ်ရေး အခြေခံအဆောက်အအုံအား ထိပါးအားလျော့သွားစေနိုင်သည်။

TMH Telecom အနေဖြင့် MEC နှင့် Mytel အား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု အပါအဝင် ပံ့ပိုးပေးမှုသည် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများ ကျူးလွန်မှုများ ပြုလုပ်ရာတွင် ပံ့ပိုး အားပေးကူညီရာရောက်သည်ဟု Justice For Myanmar မှ ကောက်ချက်ချသည်။

စစ်တပ်မှ Yangon Stock Exchange ကို အသုံးပြုပြီး ရင်းနှီးမတည်ငွေကို ရှာဖွေနေခြင်းသည် အဓိက စိုးရိမ်စရာတစ်ခုဖြစ်ပြီး stock exchange ကို လည်ပတ် လုပ်ဆောင်သူများဖြစ်သည့် နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်၊ Daiwa Securities (ဂျပန်) နှင့် Japan Exchange Group တို့အနေဖြင့် ၎င်းတို့ အပိုင်းတွင် လူ့အခွင့်အရေး တင်ကြိုစုံစမ်း စစ်ဆေးမှု ကြီးမားစွာ ပျက်ကွက်နေခြင်းတစ်ရပ်ကို ပြသနေသည်။[415] Yangon Stock Exchange အနေဖြင့် မြန်မာစစ်တပ်အား ဘဏ္ဍာရေးနှင့် နည်းပညာ ထောက်ပံ့မှုများ ပေးနေနိုင်သည့် ကော်ပိုရေးရှင်းများအား စတော့အိုက်စ်ချိန်း စာရင်းတင်သွင်းခြင်းကို ငြင်းဆန်ရန်အတွက် လူ့အခွင့်အရေးနှင့် အကျင့်ပျက်ခြစားမှု တင်ကြိုစုံစမ်းစစ်ဆေးမှု အကာအကွယ်များလုပ်ထားရမည်၊ စတော့အိုက်စ်ချိန်းမှတဆင့် စီးပွားရေးလုပ်ငန်းများက စစ်တပ်စစ်မံချက်များအတွက် ငွေကြေးရှာဖွေခြင်းကိုလည်း တားဆီးရမည်။

၇ (၄) ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ

၇ (၄.၁) Deloitte (အင်္ဂလန်)

Mytel စတင်ဖွဲ့စည်းသည့် ၂၀၁၆ ခုနှစ် မတိုင်မီကတည်းကပင် အင်္ဂလန်အခြေစိုက် Deloitte သည် ဗီယက်နမ်ရှိ ၎င်းတို့၏ အဖွဲ့မှတဆင့် Viettel Global Investment JSC အတွက် စာရင်းစစ် ဝန်ဆောင်မှုများကို လုပ်ပေးနေခဲ့သည်။[416] Deloitte ၏ စာရင်းစစ်ချက်များတွင် မြန်မာပြည်သို့ Viettel ၏ ဘဏ္ဍာငွေများ လွှဲပြောင်းမှု အသေးစိတ်များ၊ Viettel နှင့် မြန်မာစစ်တပ်အကြား ငွေပေးပို့မှုများနှင့် Mytel အမြတ်ငွေ အသေးစိတ်များ ပါဝင်ပါသည်။ မြန်မာပြည်ရှိ Mytel ၏ စာရင်းစစ်ကိုမူ မသိရပါ။ Viettel နှင့် စီးပွားရေး ဆက်နွယ်မှုများကို ထိန်းသိမ်းနေခြင်းအားဖြင့် Deloitte မှ Mytel အား နိုင်ငံတကာ တရားဝင်မှု ရင်းမြစ်တစ်ခုကို ရရှိနေစေသည်။ Deloitte ၏ "တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ဆောင်မှု ထုတ်ပြန်ချက် ကတိကဝတ်"အရ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်မူများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့၏ နိုင်ငံစုံ လုပ်ငန်းအင်အားစုကြီး များအတွက် လမ်းညွှန်ချက်များကို အဖွဲ့အနေဖြင့် လိုက်နာမည်ဆိုသော Deloitte က ၎င်း၏ စီးပွားရေးလုပ်ငန်းနှင့် ဆက်ဆံရေးများကို ဆက်စပ်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှု များကို တားဆီးရန်၊ လျော့နည်းစေရန်နှင့် ကုစားပေးရန် လိုအပ်သည်။[417] Deloitte မှ ၎င်းအနေဖြင့် *"ဝန်ဆောင်မှု အပေးခံရသူ (ဖောက်သည်) လက်ခံခြင်းနှင့် ထိတွေ့ဆက်ဆံမှု များအတွက် ကြိုတင်သတင်းအချက်အလက် ရယူပြီး သတိထားချင့်ချိန်မှုရှိသော ရွေးချယ်မှုများအတွက် သံဒိဓါန်ပြုသည်"* ဟု အသေးစိတ် ရှင်းလင်းဖော် ပြထားသည်။ [418] Mytel နှင့် ၎င်း၏ စီးပွားရေးဆက်နွယ်မှုများမှတဆင့် Viettel သည် မြန်မာစစ်တပ်မှ ကျူးလွန်သော နိုင်ငံတကာ ရာဇဝတ်မှုများအား ဆက်စပ်နေသည့် အလားအလာရှိသော သက်သေအထောက်အထား ရှိလင့်ကစား ၎င်းအနေဖြင့် Viettel အား ဝန်ဆောင်မှုများ ဆက်လက်ပေးနေဆဲဖြစ်သည်။

၇ (၄.၂) Fortumo OÜ/Boku, Inc. (အက်စ်တိုးနီးယား/အမေရိကန်)

Boku Inc သည် အင်္ဂလန်တွင် အခြေစိုက်သော မိုဘိုင်းပေးချေမှု နည်းလမ်းဆိုင်ရာ စီးပွားရေး လုပ်ငန်းဖြစ်ပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက်ဖြစ်သော London Stock Exchange ၏ ဈေးကွက် AIM တွင် စာရင်းသွင်းထားသည်။ ၂၀၂၀ ခုနှစ် ဇူလိုင်တွင် အက်စ်တိုးနီးယား အခြေစိုက်၊ ဝယ်ယူသူက မိုဘိုင်းဖုန်းအော်ပရေတာမှတဆင့် တိုက်ရိုက် ငွေပေးချေနိုင်သည့် (direct carrier billing) စီးပွားရေးလုပ်ငန်းဖြစ်သော Fortumo OÜ ကို

ဝယ်ယူလိုက်ကြောင်း Boku, Inc. က ကြေညာခဲ့သည်။[419] ၂၀၂၀ ခုနှစ် ဩဂုတ်လတွင် ဒီဂျစ်တယ် အကြောင်းအရာ ပါဝင်မှုနှင့် ဝန်ဆောင်မှုများအတွက် သုံးစွဲသူများ၏ ပေးချေမှုကို အကျိုးဆောင်ပေးရန်အတွက် Mytel နှင့်လုပ်ဆောင်မည့်၊ ဝယ်ယူသူက မိုဘိုင်းဖုန်း အော်ပရေတာမှတဆင့် တိုက်ရိုက်ငွေပေးချေနိုင်ခြင်း ဆိုင်ရာ ကန်ထရိုက်တစ်ခုကို Fortumo က ထုတ်ပြန်ခဲ့သည်။ Fortumo ၏ သတင်းထုတ်ပြန်ချက်တွင် Mytel အား *"မြန်မာပြည်သူများအတွက် စွမ်းအားကို မြှင့်တင်မည့် ဆက်သွယ်ရေး ကွန်ရက် တစ်ခုဖြစ်လိုသည့် အလေးထားမှုရှိသော တီထွင်သူတစ်ဦး"* ဟု ဖော်ပြထားသည်။[420] Boku အနေဖြင့် Mytel နှင့် စီးပွားဖက်ပြုခြင်းတွင် မြန်မာစစ်တပ်သည် အဓိကကျသော အကျိုးဖြစ်ထွန်းသူဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာစစ်တပ်ပိုင် ကုမ္ပဏီများနှင့် အဆက်အသွယ် ဖြတ်တောက်ရန် ကုလသမဂ္ဂ၏ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင် (UN IIFFMM) က ရင်းနှီးမြှုပ်နှံမှု အန္တရာယ်များ ဖြစ်စေသော Mytel အမည်ကိုပါ ရှင်းရှင်းလင်းလင်းဖော်ပြလျက် အကြံပြုထားခဲ့သည်ကို ၎င်း၏ အစုရှယ်ယာဝင်များကို ပြောမပြထားပါ။ Fortumo OÜ/Boku, Inc. ၏ Mytel နှင့် စီးပွားဖက်ပြုမှုသည် မြန်မာစစ်တပ်အတွက် စစ်ဆင်ရေးများတွင် အသုံးပြုနိုင်သော ပုံမှန်ဘတ်ဂျက်တွင် ထည့်သွင်းမထားသော ဘဏ္ဍာငွေ အရင်းအမြစ်ကို ရှာဖွေပေးလိမ့်မည်။ သို့ဖြစ်၍ Fortumo OÜ/Boku, Inc. အနေဖြင့် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ကျူးလွန်ရာတွင် ပံ့ပိုး အားပေးကူညီနေနိုင်သည်ဟု Justice For Myanmar မှ ကောက်ချက်ချသည်။

၇ (၄.၃) Digital Virgo (ပြင်သစ်)

Digital Virgo သည် ပြင်သစ်တွင် အခြေစိုက်သော မိုဘိုင်းဖြင့် ငွေပေးချေမှု နည်းပညာ ပံ့ပိုးသူ တစ်ခုဖြစ်သည်။ ထိုစီးပွားရေးလုပ်ငန်းကို ပြင်သစ်တွင် အခြေစိုက်သော BNP Paribas နှင့် ပုဂ္ဂလိက စတော့အုပ်စုဖြစ်သည့် Sofival၊ လူဇင်ဘတ်တွင် အခြေစိုက်သော Ioda SA တို့က ပိုင်ဆိုင်သည်။[421] မြန်မာပြည်ရှိ ကုမ္ပဏီများ အပါအဝင် Viettel လက်အောက်ခံ ကုမ္ပဏီများ အတွက် ဝယ်ယူသူက မိုဘိုင်းဖုန်းအော်ပရေတာမှတဆင့် တိုက်ရိုက်ငွေပေးချေနိုင်ခြင်းစနစ်ကို ပံ့ပိုးပေးရန် Viettel Global နှင့် ကန်ထရိုက်တစ်ခုကို Digital Virgo က ၂၀၂၀ ခုနှစ် မေလတွင် ကြေညာခဲ့သည်။ ဤထုတ်ပြန်ကြေညာချက်အရ Digital Virgo ၏ ပလက်ဖောင်းသည် *"ရေရှည်ခိုင်မြဲပြီး စွမ်းဆောင်ရည်ကောင်းသော အကျိုးအမြတ် ဖြစ်ထွန်းမှုတစ်ရပ်၏ ပေါင်းစည်းခိုင်မာစေခြင်းအတွက် နောက်ထပ်ခြေလှမ်းတစ်ရပ်"* ဖြစ်သည်ဟု ဆိုသည်။[422] Mytel အနေဖြင့် Digital Virgo ၏ နည်းပညာကို ၎င်း၏ ငွေတောင်းခံမှုစနစ်ထဲတွင် ထည့်သွင်းထားပြီးခြင်း ရှိမရှိကို မရှင်းလင်းသေးပါ။ ၎င်းအနေဖြင့် အကောင်အထည် ဖော်လိုက်ပြီ ဆိုသည်နှင့် *"စစ်ရေး လူပ်ရှားမှုများအတွက်နှင့် လက်နက်များ၊ ဆက်စပ်သည့်*

ပစ္စည်း အမျိုးအစားအားလုံးအား ထောက်ပံ့ခြင်း၊ ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်းတို့အတွက် နည်းပညာအကူအညီများ၊ ကြားဝင် အကျိုးဆောင်ပေးခြင်း ဝန်ဆောင်မှုများနှင့် အခြားဝန်ဆောင်မှုများ"[423] ပံ့ပိုးပေးခြင်းအတွက် ဥရောပသမဂ္ဂ၏ ထုတ်ကုန်တင်ပို့မှု ကန့်သတ်ချက်များကို ချိုးဖောက်ရာ ရောက်နေနိုင်သည်။

Digital Virgo အနေဖြင့် Viettel နှင့် ကန်ထရိုက်ချုပ်ဆိုထားမှုမှ နှုတ်ထွက်ပြီး မြန်မာစစ်တပ် အနေဖြင့် Digital Virgo ၏ ငွေပေးချေမှု နည်းပညာကို လက်လှမ်းမမီစေရေး သေချာအောင် လုပ်ရပါမည်။

၇ (၄.၄) Oracle (အမေရိကန်) နှင့် FPT (ဗီယက်နမ်)

Viettel အနေဖြင့် ဘဏ္ဍာရေး အစီရင်ခံမှုများအား စာရင်းများ ပေါင်းစည်းခြင်းကို လုပ်နိုင်စေရန် Oracle Hyperion software အား ၎င်း၏ ကွန်ရက်တလျှောက် တပ်ဆင်မည့် သဘောတူညီချက်တစ်ရပ်ကို FPT က Viettel Group နှင့် ၂၀၁၆ ခုနှစ်တွင် လက်မှတ်ရေးထိုး ခဲ့သည်။[424] ဤသည်က Mytel နှင့် Viettel အနေဖြင့် မြန်မာစစ်တပ်အား ပြည့်စုံသော ထောက်ပံ့မှုများ အပါအဝင် Viettel ၏ ဘဏ္ဍာရေး လုပ်ဆောင်မှုများကို ပံ့ပိုးပေသည်။

၇ (၄.၅) ကမ္ဘာဘဏ်မှ စစ်တပ်ကန်ထရိုက်တာများသို့ ပေးချေမှုများ

အဓိကကျသော "ပြုပြင်ပြောင်းလဲရေး" စီမံချက် အစိတ်အပိုင်းများအတွက် ရံပုံငွေများကို ကမ္ဘာဘဏ်မှတဆင့် စစ်တပ်ကန်ထရိုက်တာများက ရရှိနေခဲ့ကြသည်။ ကမ္ဘာဘဏ် ဝက်ဘ်ဆိုဒ်ပေါ်တွင် ထုတ်ပြန်ထားသည့် တင်ဒါမှတ်တမ်းများအား ရှာဖွေကြည့်မှုတစ်ရပ်အရ ဆယ်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး စီမံချက် ၃ ခုကို Mytel နှင့် မြန်မာစစ်တပ်၏ စီးပွားရေးမိတ်ဖက်များသို့ ချီးမြှင့်ထားကြောင်း ဖော်ပြထားသည်။ ဤအထဲတွင် ၂၀၂၀ ခုနှစ် ဇွန်လတွင် ရေဒီယိုလှိုင်းစဉ် စီမံခန့်ခွဲမှုစနစ်အတွက် Comit – A1 တို့၏ ဖက်စပ်လုပ်ငန်း ဖြစ်သော Spectrum Center သို့ အမေရိကန်ဒေါ်လာ ၄၁၄,၈၀၀၊[425] ၂၀၁၉ ခုနှစ် မေလတွင် ပုံသေ ရေဒီယိုလှိုင်းစဉ် စောင့်ကြည့်ရေးစခန်းအတွက် Comit – A1 ၏ ဖက်စပ်လုပ်ငန်းသို့ အမေရိကန်ဒေါ်လာ ၂,၃၈၂,၀၅၃ ၊[426] နှင့် ၂၀၁၉ ခုနှစ် မေလတွင် လျှပ်စစ်သံလိုက်ကွင်း စမ်းသပ်ခြင်းနှင့် တိုင်းတာခြင်းကိရိယာအတွက် Terabit Wave နှင့် Comit ပူးပေါင်းအဖွဲ့ တစ်ခုသို့ အမေရိကန်ဒေါ်လာ ၁၇၇,၈၅၆ [427] တို့ကို ချီးမြှင့်ခဲ့သည်။ Comit က Mytel နှင့် MEC တာဝါတိုင်များအတွက် ဝန်ဆောင်မှုများ ပေးနေသူဖြစ်သည် (အခန်း ၃ တွင် ကြည့်ပါ)။ A1

အုပ်စု၏ လက်အောက်ခံတစ်ခုဖြစ်သော Terabit Wave သည် Mytel နှင့် စစ်တပ်အတွက် ဂြိုလ်တုဆိုင်ရာ ဝန်ဆောင်မှုများကို ပေးနေသူဖြစ်သည် (အခန်း ၄ တွင် ကြည့်ပါ)။

ဤကန်ထရိုက်များက ကမ္ဘာဘဏ်၏ လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်း စစ်ဆေးမှု စနစ်များနှင့် ပတ်သက်၍ လေးနက်သော စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည်။ *"တပ်မတော်နှင့် ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများထက် အခြားတစ်ခုဖြစ်သော စီးပွားရေးလုပ်ဆောင်သူများ၏ ဖွံ့ဖြိုးမှုကို ထောက်ပံ့ရန်အတွက် တပ်မတော်မဟုတ်သော ပုဂ္ဂလိက ကဏ္ဍတွင်သာ ရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုး အားပေးရန်"* ဟု နိုင်ငံတကာ ငွေကြေး အဖွဲ့အစည်းများ ထံသို့ အကြံပြုထားသည့် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ စစ်တပ်စီးပွားရေး များအကြောင်း အစီရင်ခံစာ ထွက်ပြီးချိန်မှပင် ကန်ထရိုက်တစ်ခုအား ကမ္ဘာဘဏ်မှ ပေးအပ်လိုက်ခြင်းဖြစ်သည်။

မြန်မာစစ်တပ်၏ မိတ်ဖက်များအနေဖြင့် လွတ်လပ်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဆောင်ရွက်မှုများကိုလည်း ဖြည့်ဆည်းပေးနိုင်မည် မဟုတ်ခြင်းကြောင့် မြန်မာစစ်တပ်နှင့် ဆက်နွယ်နေသော စီးပွားရေးလုပ်ငန်းများ၏ ပါဝင်မှုသည် မြန်မာ၏ ရေဒီယိုလှိုင်းစဉ် စီမံခန့်ခွဲမှုစနစ်၏ ဖြောင့်မတ်မှန်ကန်မှု အပေါ် အလားတူ ခြိမ်းခြောက်လာသည်။

၇ (၄.၆) စစ်တပ်၏ ဒီဂျစ်တယ် ဘဏ္ဍာရေး ဝန်ဆောင်မှုများ

MEC ၏ ဆက်သွယ်ရေး စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ထားပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်း စီးပွားရေး လွတ်လပ်မှုပြုခြင်းမှ အကျိုးဖြစ်ထွန်းခဲ့သည့် စစ်တပ်သည် ဒီဂျစ်တယ် ဘဏ္ဍာရေး ဝန်ဆောင်မှုကဏ္ဍတွင် သိသာထင်ရှားသည့် စိတ်ဝင်စားမှုများ ရှိနေသည်။ ၂၀၁၃ ခုနှစ် ဇန္နဝါရီ လတွင် MEC သည် ၎င်း၏ ပုဂ္ဂလိကပိုင် ဘဏ်ဖြစ်သော အင်းဝဘဏ်နှင့် ချိတ်ဆက်သည့် မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှု (Myanmar Mobile Money) ကိုတည်ထောင်ရန်အတွက် မိတ်ဖက်တစ်ရပ်ကို ထူထောင်ခဲ့သည်။[428] အင်းဝဘဏ်၏ အဓိကလုပ်ငန်း များထဲမှ တခုမှာ စစ်တပ်အရာရှိများအား လစာထုတ်ပေးခြင်းအတွက် ဘဏ်ကိုအသုံးပြုသည့် စစ်တပ် စာရင်းအကောင့်များဆိုင်ရာဌာနကို အလုပ်အကျွေးပြုရန်ဖြစ်သည်။ စစ်တပ်အရာရှိများ အနေနှင့် မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုမှ တဆင့် ၎င်းတို့၏ ပိုက်ဆံများကို စီမံ နိုင်ပေသည်။[429]

အစိုးရဌာနများနှင့် ပြည်သူ့ဝန်ထမ်းများကို အဓိကထားပြီး ဘဏ္ဍာရေး ဝန်ဆောင်မှုများ ပေးနေသည့် အရပ်သား ထိန်းချုပ်မှုအောက်ရှိ နိုင်ငံတော်ပိုင်ဘဏ်ဖြစ်သည့် မြန်မာ့စီးပွားရေး ဘဏ်အား မြန်မာမိုဘိုင်း ငွေကြေး ဝန်ဆောင်မှုမှ မိုဘိုင်းဘဏ်ဝန်ဆောင်မှုကို ၂၀၁၅ ခုနှစ်မှစ၍ ပြုလုပ်ပေးနေခဲ့သည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်အရ မြန်မာ့စီးပွားရေးဘဏ်၏ ကိုယ်ပိုင် မိုဘိုင်း ငွေပေးချေမှုစနစ်သည် မြန်မာမိုဘိုင်း ငွေကြေး ဝန်ဆောင်မှုနှင့် အင်းဝဘဏ်တို့ဖြင့် လည်ပတ်လုပ်ဆောင်ပြီး ဘဏ်၏ လူပုဂ္ဂိုလ် အထောက်အထား စီစစ်သည့်စနစ် (identity verification system) သည် ယခုအချိန်တွင် ပြောင်းလဲကောင်း ပြောင်းလဲနေနိုင်သော်လည်း MECTel, Mytel နှင့် MPT ဆင်းမ်ကဒ် အသုံးပြုသူများကိုသာ ကန့်သတ်ခွင့်ပြု ထားသည်။[430]

မြန်မာ့ စီးပွားရေးဘဏ်မှတဆင့် မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုကို အရပ်သားဝန်ထမ်း ပင်စင်စနစ်ထဲတွင် ထည့်သွင်းပေါင်းစပ်ထားသဖြင့် အစိုးရဝန်ထမ်းဟောင်းများမှ MEC ၏ မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှု ကွန်ရက် (Mytel Pay, MPT Money နှင့် Wave Money တို့ပါ ရနိုင်ပါသည်) မှတဆင့် ၎င်းတို့၏ ပင်စင်ငွေများကို ထုတ်ယူနိုင်ပါသည်။[431] ၂၀၁၉ ခုနှစ်မှစ၍ မြန်မာ့စီးပွားရေးဘဏ် အနေဖြင့် အခြား ဒီဂျစ်တယ် ဘဏ္ဍာရေး ဝန်ဆောင်မှု ပံ့ပိုးပေးသူများကို မိုဘိုင်း ငွေပေးချေမှုများအတွက် အတည်ပြုပေးခဲ့သော်လည်း ဝန်ကြီးဌာန ဝက်ဘ်ဆိုဒ် အဆိုအရ ဘဏ်ခွဲ အရေအတွက် အကန့်အသတ်ဖြင့်သာ လုပ်ဆောင်ခွင့်ပြု ခဲ့သည်ဖြစ်ပြီး ဝန်ဆောင်မှုမှာလည်း အတိုင်းအတာ အနည်းငယ်လောက်သာ ရသည်။ ဤသည်က စစ်တပ်၏ စီးပွားရေး အကျိုးစီးပွားကို ကာကွယ်နေပြီး အရပ်သား ဝန်ထမ်းများအား မက်လုံးပေးကာ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၏ သုံးစွဲသူများ ဖြစ်လာအောင် ပြုလုပ်ခြင်းကြောင့် စစ်တပ်ကို လူထုပိုက်ဆံအသုံးပြုလျက် အမြတ်အစွန်း ရနေစေခြင်းဖြစ်သည်။[432]

မြန်မာစစ်တပ်၏ ဒီဂျစ်တယ်ဆိုင်ရာ ဘဏ္ဍာရေးဝန်ဆောင်မှုများ

မြန်မာစစ်တပ်သည် လျှို့ဝှက်နက်နဲသည့် ဘဏ္ဍာရေးကွန်ရက်တစ်ခုအား တည်ဆောက်ထားသည်။ ထိုမှ ဒီဂျစ်တယ်ငွေပေးချေခြင်း ဝန်ဆောင်မှုများကို လက်လှမ်းမီစေပြီး ဒီမိုကရေစီနည်းကျ ကြီးကြပ်မှုမရှိသည့် အစိုးရလုပ်ငန်းများကိုလည်း ဆောင်ရွက်နေသည်။



မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုကို Mobilemate Telecommunication Co. Ltd. ၊ ပြင်သစ်အခြေစိုက် Oberthur Technologies တို့ဖြင့် မိတ်ဖက်ပြုပြီး တည်ထောင်ခဲ့ခြင်း ဖြစ်သည်။[433]ယခုအခါ IDEMIA ဟု ခေါ်သော Oberthur Technologies ကို ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေးမစ်ရှင်က "မြန်မာ့စီးပွားရေး ဦးပိုင် သို့မဟုတ် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့နှင့် ကန်ထရိုက်ပုံစံ သို့မဟုတ် ကုန်သွယ်မှု ဆက်ဆံရေးများရှိသော ပြည်ပ ကုမ္ပဏီ တစ်ခု" ဟု အမည်တပ်ခဲ့သည်။[434] IDEMIA မှ ကုလသမဂ္ဂ၏ အချက်အလက် ရှာဖွေရေး မစ်ရှင် (UN IIFFMM) ကို တုန့်ပြန်ခဲ့ရာ၌ ၎င်းတို့မှ Mobilemate Telecommunications Co. Ltd., နှင့် လုပ်ထားသော ကန်ထရိုက်တစ်ခုမှ အင်းဝဘဏ်သို့ ဆော့ဖ်ဝဲယား ပေးခဲ့သော်လည်း ထိုကန်ထရိုက်မှာ ၎င်းအချိန်ကတည်းက သက်တမ်း ကုန်နေခဲ့ပြီးသားဖြစ်သည်ဟု ပြောကြားခဲ့သည်။[435] ၎င်းနောက်ပိုင်းတွင် IDEMIA သည် ဇီဝအချက်အလက် အသုံးပြု လူပုဂ္ဂိုလ် အထောက်အထား ရှာဖွေမှုစနစ်နှင့် အီလက်ထရောနစ် အစိုးရကိစ္စများအတွက် မြန်မာ အရပ်သားအစိုး၊ စစ်တပ်အဖွဲ့ဝင်များနှင့် ဆွေးနွေးမှုများ ပြုလုပ် နေခဲ့သည်။[436] K Telemdia Holdings နှင့် နိုင်ငံလုံးအဆင့် ရုပ်သံလွှင့်ကွန်ရက် Channel K ကို ပူးတွဲလုပ်ဆောင်နေသည့် KMA Telemedia Holdings Ltd., ကို ပိုင်ဆိုင် လည်ပတ်နေသည့် ဒါရိုက်တာဖြစ်သော ဦးကျော်ထူးလင်းက Mobilemate Telecommunications Co. Ltd. ကို ပိုင်ဆိုင်သည်။[437] ယခုမကြာမီကာလအထိ ဦးကျော်ထူးလင်းသည် စက်ပူတွင် လည်ပတ်ပြီး Mytel ကို ဝန်ဆောင်မှုများ ပေးနေသည့် Myanmar Telemedia ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်ခဲ့သည်။[438]

၂၀၁၂ ခုနှစ်တွင် Myantel နှင့် Solutions Hub Co. Ltd. တို့၏ "*ညီအစ်မ ကုမ္ပဏီ*" တစ်ခုအဖြစ် EasyPay ကို စတင်လုပ်ဆောင်ခဲ့သည်။[439] ၎င်းသည် မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် လည်ပတ်ခြင်းဖြစ်ပြီး အင်းဝဘဏ်နှင့် "*မိတ်ဖက် သဘောတူညီချက်*" တစ်ရပ်ရှိကာ[440] MECTel, Mytel နှင့် MPT တို့ကိုလည်း "*မိတ်ဖက်*" အနေနှင့်[441] ဖော်ပြထားသည်။ EasyPay နှင့် မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှု တို့သည့် နိုင်ငံတော် အာမခံလုပ်ငန်း အစီအစဉ် ဖြစ်သော မြန်မာ့အာမခံလုပ်ငန်း၏ တစ်ခုတည်းသော ဒီဂျစ်တယ် ဘဏ္ဍာရေး ဝန်ဆောင်မှု ပေးသူများဖြစ်သည်။ [442] Solutions Hub သည် Myanmar Telemedia Holdings ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သည်။[443] EasyPay နှင့် မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုတို့အား ပြည်ထောင်စု မြန်မာနိုင်ငံ ဗဟိုဘဏ်၏ "*မိုဘိုင်းဘဏ္ဍာရေး ဝန်ဆောင်မှုများ လုပ်ဆောင်သူများစာရင်း*" တွင် ထည့်သွင်းဖော်ပြ မထားပါ။[444] EasyPay မှ ထုတ်ဖော်ထားသော သတင်းအချက်အလက်အရ ၎င်း၏

ဝန်ဆောင်မှုကို အင်းဝဘဏ်၏ လိုင်စင်မှတဆင့် မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုနှင့်အတူ လည်ပတ် လုပ်ဆောင်နေခြင်း ဖြစ်နိုင်ပါသည်။[445]

၂၀၁၉ ခုနှစ်တွင် Mytel ၏ တရားဝင်မှတ်ပုံတင် ကုမ္ပဏီဖြစ်သော Telecom International Myanmar မှ အပြည့်အဝ ပိုင်ဆိုင်သည့် MytelPay ကို စတင်လုပ်ဆောင်ခဲ့သည်။ MytelPay သည် မိုဘိုင်း ပိုက်ဆံအိတ် (mobile wallet) တစ်ခုဖြစ်ပြီး ဒီဂျစ်တယ် လွှဲပြောင်းမှုစနစ်ကို Mytel ၏ မိုဘိုင်းကွန်ရက်နှင့် ချိတ်ဆက် ထားသည်။ ဤဝန်ဆောင်မှုသည် *"ဒီဂျစ်တယ် အသွင်ပြောင်းလဲခြင်းအတွက် Viettel ၏ ကျယ်ပြန့်ပြည့်စုံသော မဟာဗျူဟာ"* ၏ အစိတ်အပိုင်းဖြစ်ပြီး[446] မြန်မာစစ်တပ်၏ ဒီဂျစ်တယ် ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်မှုများ၏ အဓိက ချဲ့ထွင်မှုတစ်ရပ်လည်းဖြစ်သည်။ MytelPay ၏ မိတ်ဖက်များအနက် တစ်ဦးမှာ မြန်မာနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်းမှ (MTI) မှ တည်ထောင်ထားသည့် မြန်မာငွေပေးချေမှုစနစ် ဝန်ဆောင်မှု (Myanmar Payment Solution Services - MPSS) ဖြစ်ပြီး MNTH မှ တဆင့် Mytel ၏ အစုရှယ်ယာ ပိုင်ရှင်တစ်ဦးအဖြစ် ဝင်ရောက်ထားသူလည်းဖြစ်သည်။[447] MytelPay ကိုလည်း မြန်မာ၏ ပင်စင်ပေးချေမှု စနစ်တွင် ၂၀၂၀ ခုနှစ်၌ ထည့်သွင်းခဲ့သည်။[448]

MytelPay စတင်လုပ်ဆောင်ခြင်း မိတ်ဆက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဗဟုသုတ သံအမတ်ကြီးနှင့်အတူ တွေ့ရသည့် Mytel အမှုဆောင်အရာရှိများ။
အရင်းအမြစ် - မြန်မာနိုင်ငံရှိ ဗဟုသုတသံရုံး

Viettel၊ ခရိုနီစီးပွားရေးများတို့နှင့် မိတ်ဖက်ပြုခြင်းဖြင့် မြန်မာစစ်တပ်သည် ၎င်း၏ ဘဏ္ဍာရေး အခြေခံ အဆောက်အအုံကို ချဲ့ထွင်နေပြီး ၎င်းအား စစ်တပ်၏ ရာဇဝတ်မှု လုပ်ဆောင်မှုနှင့် ထိပ်တန်းဗိုလ်ချုပ်များနှင့် ၎င်းတို့၏ ခရိုနီများကလည်း အလွဲသုံးစားပြုထားသော တိုင်းပြည်၏ ဓနကြွယ်ဝမှုအား ပြည်ပသို့ လွှဲပြောင်းမှုတို့အတွက် စီမံဆောင်ရွက်ရာတွင် အသုံးပြု နေနိုင်သည်။ စစ်တပ် ထိန်းချုပ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို

အရပ်ဘက် အဆောက်အအုံအဖွဲ့အစည်းများက ထောက်ပံ့ပေးနေခဲ့ကြပြီး လစာနှင့် ပင်စင်များ ပေးချေမှု အပါအဝင် နိုင်ငံတော် လုပ်ငန်းများတွင် ဝင်ရောက်ဆောင်ရွက်နေကြသည်ကို လက်ခံနိုင်ဖွယ်ရာ မရှိပါ။ ထိုဝန်ဆောင်မှုများသည် ၎င်းတို့၏ ပိုင်ရှင်စစ်တပ်က မြန်မာပြည်သူများထံမှ များစွာသော ဒေတာများကို စစ်တပ်က ခြေရာခံ ရရှိသွားစေနိုင်သဖြင့် အင်တာနက် အသုံးပြုသူများအတွက် ကြီးမားသော အန္တရာယ်များကို ထပ်မံ ဖန်တီးနေသည်။

မြန်မာစစ်တပ်၏ ဒီဂျစ်တယ် ဘဏ္ဍာရေးဝန်ဆောင်မှု မိတ်ဖက်များသည် မြန်မာစစ်တပ်၏ ကြွယ်ဝချမ်းသာမှုကို တိုက်ရိုက်ပံ့ပိုးနေပြီး စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ကျူးလွန်ရာတွင် ပံ့ပိုး အားပေးကူညီရာ ရောက်သည်။

နိုင်ငံတော်လစာနှင့် ပင်စင်စနစ်များအတွင်း အကျင့်ပျက်ခြစားမှု အပါအဝင် စစ်တပ်၏ ဘဏ္ဍာရေးဆိုင်ရာ စီးပွားရေးများကို လွတ်လပ်သော စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရန် အစပြုရမည်။

၇ (၅) ထိန်းချုပ်မှုကို ရယူပါ။

မြန်မာ၏ စစ်တပ်စီးပွားရေးအတွင်းက Mytel ၏ နားလည်ရန်ခက်ခဲသော ဖွဲ့စည်းမှုမှတဆင့် စစ်ဗိုလ်ချုပ်များသည် ရံပုံငွေများကို အလွဲသုံးစားပြုပြီး စစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများအား ငွေကြေးပံ့ပိုးရန်အတွက် ဘဏ္ဍာရင်းမြစ်များကို ရွှေ့ပြောင်းလွှဲယူကြသည်။ Mytel အပေါ်တွင် အရပ်သားကြီးကြပ်ကွပ်ကဲမှု လုံးဝမရှိဘဲ ၎င်းသည် စစ်တပ် ချုံးဖောက်မှုနှင့် အကျင့်ပျက်ခြစားမှုတို့အတွက် ကိရိယာ တစ်ခုဖြစ်နေသည်။ ဤချုံးဖောက်မှုနှင့် အကျင့်ပျက်ခြစားမှုတို့ကို စီးပွားရေးလုပ်ငန်းများ၊ ဘဏ်များ နှင့် အဖွဲ့အစည်းများပါသော ကမ္ဘာအနှံ့ ကွန်ရက်တစ်ရပ်က ပံ့ပိုးပေးနေသည်။ ဤသည်ကို အဆုံးသတ်ရပါမည်။

မြန်မာပြည်သူလူထုက စစ်မှန်သော ပြောင်းလဲမှုကို တောင်းဆိုသည်။ Mytel သည် မြန်မာအစိုးရ၏ ဖန်တီးမှုတစ်ရပ်ဖြစ်သည်။ ၎င်းသည် ပြည်သူကို အလုပ်အကျွေးပြုရန် ဖြစ်သည်၊ စစ်ဗိုလ်ချုပ်များအတွက် မဟုတ်ပါ။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအစိုးရသည် စစ်တပ် စီးပွားရေးအားလုံးကို နဂိုးချုပ်ပစ်ရမည်။ Mytelကို ပြန်ယူရမည်။

ဆက်သွယ်ရေးသည် ကောင်းကျိုးဖြစ်စေရန်အတွက် အင်အားတစ်ရပ် ဖြစ်နိုင်သည်

တွေ့ရှိချက်များ

Mytel ၊ ၎င်း၏ ရှယ်ယာပိုင်ရှင်များ၊ မိတ်ဖက်များနှင့် မြန်မာအစိုးရတို့သည် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများ ကျူးလွန်ခြင်းကို ပံ့ပိုး အားပေးကူညီနေကြသည်။ စီးပွားရေးလုပ်ငန်းများ၏ ကမ္ဘာအနှံ့ ကွန်ရက်တစ်ခုကလည်း ဥပဒေကြောင်းအရ အကျိုးဝင်ပတ်သက်နေသည်။

တွေ့ရှိချက်များ

၁။ Mytel သည် စစ်တပ် အဆောက်အအုံများအတွင်းပါ အပါအဝင် မြန်မာစစ်တပ်ကို ဆက်သွယ်ရေး နည်းပညာနှင့် အခြေခံအဆောက်အအုံကို ပံ့ပိုးပေးသည်။ ဤသို့ပြုခြင်းကြောင့် ၎င်းအနေဖြင့် စစ်တပ်၏ လုပ်ဆောင်လည်ပတ်နိုင်မှု စွမ်းဆောင်ရည် အထူးသဖြင့် ကြည်းတပ်နှင့် လေတပ်တို့အတွက် အချက်ပြဆက်သွယ်ရေး၌ တိုက်ရိုက် ထောက်ပံ့ပေးသည်။ ရလဒ်တစ်ခုအနေဖြင့် Mytel သည် မြန်မာစစ်တပ်အား စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ကျူးလွန်ရာတွင် ပံ့ပိုး အားပေးကူညီနေသည်။

၂။ Mytel သည် မြန်မာစစ်တပ်အတွက် ၎င်းမှ လုပ်ဆောင်လည်ပတ်နေသော မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သည့် Star High ရှယ်ယာများမှတဆင့် ပုံမှန်ဘတ်ဂျက်တွင် ထည့်သွင်းမထားသော ဘဏ္ဍာငွေများ၏ အရင်းအမြစ်တစ်ခု ဖြစ်သည်။ ဤဘဏ္ဍာရင်းမြစ်ကို စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ကျူးလွန်ရာတွင် အသုံးပြုနိုင်သည်။ သို့ဖြစ်၍ Mytel နှင့် ၎င်း၏ အစုရှယ်ယာပိုင်ရှင်များသည် ထိုရာဇဝတ်မှုများကို ပံ့ပိုး အားပေးကူညီနေနိုင်သည်။

၃။ Mytel ၏ အကြီးမားဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်သည့် Viettel သည် စစ်တပ်ဆက်သွယ်ရေး အခြေခံအဆောက်အအုံကို အဆင့်မြှင့်ခြင်း၊ မြန်မာစစ်တပ်၏ များစွာသော အစိတ်အပိုင်းတို့အား နည်းပညာများ လွှဲပြောင်းပေးနေခြင်းနှင့် သင်တန်းပေးခြင်းများကို စနစ်တကျ ပြုလုပ်နေသည်။ သို့ဖြစ်၍ Viettel သည် မြန်မာစစ်တပ်၏ လည်ပတ်လုပ်ဆောင်မှု စွမ်းဆောင်နိုင်ရည်အတွက် သိသာထင်ရှားသော ပံ့ပိုးမှုတစ်ရပ်ကို ပြုလုပ်နေသည်။ ရလဒ်တစ်ခုအနေဖြင့် Viettel သည် မြန်မာစစ်တပ်အား စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ကျူးလွန်ရာတွင် ပံ့ပိုး အားပေးကူညီနေသည်။

၄။ Viettel သည် ချေးငွေကို အာမခံပေးသူတစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ဤဘဏ္ဍာရေးဆိုင်ရာ အခန်းကဏ္ဍသည် မြန်မာစစ်တပ်အတွက် ဘတ်ဂျက်တွင် ထည့်သွင်းမထားသော ဘဏ္ဍာရင်းမြစ်များကို ထောက်ပံ့နေပြီး ၎င်းကို စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ကျူးလွန်ရာတွင် အသုံးပြုနိုင်သည်။

၅။ မြန်မာအစိုးရ တစ်ရပ်လုံးအနေဖြင့် မြန်မာစစ်တပ်၏ လုပ်ဆောင်မှုများကို ဂြိုလ်တုတည်ထောင်ရေး ဦးဆောင်ကော်မတီ၊ မြန်မာ လေကြောင်းနှင့် အာကာသ အတတ်ပညာ တက္ကသိုလ် နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှတဆင့် ပံ့ပိုးလျက်ရှိသည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် အစိုးရ တစ်ရပ်လုံး၏ အရပ်ဘက်အခြမ်းနှင့် စစ်တပ်ဘက်အခြမ်း နှစ်ခုစလုံးသည် လူ့အခွင့်အရေးအား လေးစား၊ ကာကွယ်၊ ဖြည့်ဆည်းပေးရမည့် ၎င်းတို့၏ တာဝန်ရှိမှုအပေါ် ပျက်ကွက်ခြင်းအား မျှဝေ တာဝန်ယူရမည်။ သို့ဖြစ်၍ အစိုးရ၏ အရပ်သားဘက်အခြမ်းသည် စစ်တပ်မှ ကျူးလွန်နေသော ပတ်သက်နေသည့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ရှိသည်။

၆။ Mytel နှင့် Viettel သည် မြန်မာ၏ တရားစီရင်ပိုင်ခွင့် နယ်မြေအပြင်ဘက်မှ၊ မြန်မာအာဏာပိုင်များ၏ သိသာထင်ရှားသည့် ဒီမိုကရေစီနည်းလမ်းတကျ ကြီးကြပ်ထိန်းကွပ်မှု မရှိဘဲ ပုဂ္ဂိုလ်ရေး ဒေတာ အချက်အလက်များကို စုဆောင်းခြင်း၊ သုံးသပ်ခြင်းတို့မှတဆင့် မြန်မာပြည်သူများ၏ ပုဂ္ဂလိက လုံခြုံမှု အခွင့်အရေးကို ချိုးဖောက်လျက်ရှိသည်။ အားကောင်းသော ပုဂ္ဂလိက လုံခြုံမှု ကာကွယ်ပေးခြင်းများ မရှိခြင်းက ဤ ပုဂ္ဂလိက လုံခြုံမှုအခွင့်အရေးကို ချိုးဖောက်ခြင်းများအား ဖြစ်စေခဲ့သည်။

၇။ Mytel သည် အများပိုင်နှင့်ပုဂ္ဂလိက ဖက်စပ်တစ်ရပ် ဖြစ်ပြီး MEC သည် အစိုးရ ရှယ်ယာပိုင်ရှင် ဖြစ်သည်။ အကျိုးဆက်အရ Mytel သည် ဒီမိုကရေစီနည်းကျ ကြီးကြပ်ကွပ်ကဲမှုကို ခံယူရမည်ဖြစ်ပြီး MEC ၏ အမြတ်အစွန်းများ၏ ခွဲတမ်းများအားလုံးကိုလည်း ပြည်ထောင်စုဘတ်ဂျက်ထဲတွင် ထည့်သွင်းရန် လိုအပ်မည်။ သို့သော်လည်း Mytel ကို ဒီမိုကရေစီနည်းကျ ကြီးကြပ်ကွပ်ကဲမှု၏ အပြင်ဘက်တွင် စီမံခန့်ခွဲခံနေရပြီး အမြတ်အစွန်းများကိုလည်း တလွဲသုံးစား လုပ်ခံနေရကာ ပြည်ထောင်စု ဘတ်ဂျက်အတွင်းသို့လည်း စီးဆင်းမနေပါ။ Mytel သည် ဤသဘောတူညီချက်နှင့် ဘဏ္ဍာရေးဆိုင်ရာ စီစဉ်မှုများအပေါ် ဒီမိုကရေစီနည်းကျ ကြီးကြပ်ကွပ်ကဲမှု ယခုအချိန်သက်တမ်းအထိ မရှိဘဲ မြေယာများနှင့် စစ်တပ် ဆက်သွယ်ရေး အောက်ခြေအဆောက်အအုံများ အပါအဝင် ပြည်သူလူထု၏ ပိုင်ဆိုင်မှုများကို အသုံးပြုလျက်ရှိသည်။

၈။ မြန်မာအမျိုးသား ဆက်သွယ်ရေး ဦးပိုင် (MNTH) မှတဆင့် မြန်မာစီးပွားရေးလုပ်ငန်းများသည် Mytel အတွက် ရင်းနှီးမတည်ငွေနှင့် လုပ်ငန်းလည်ပတ်လုပ်ဆောင်မှုဆိုင်ရာ ထောက်ကူမှုများကို ပံ့ပိုးလျက်ရှိသည်။ Mytel အနေဖြင့် မြန်မာစစ်တပ်အား ဆက်သွယ်ရေး နည်းပညာ၊ အခြေခံ အဆောက်အအုံနှင့် ဘဏ္ဍာရင်းမြစ်များကို ထောက်ပံ့နေရာ ၎င်းက စစ်တပ်၏ စစ်ဆင်ရေးများကို ပံ့ပိုးပေးနေသဖြင့် ပြည်တွင်း ရှယ်ယာပိုင်ရှင်များအနေဖြင့် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ပံ့ပိုး ကူညီအားပေးနေနိုင်သည်။

၉။ စစ်တပ်အနေဖြင့် ဂြိုလ်တုများကို လက်လှမ်းမီနေပြီး ၎င်းကို စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေး၊ စိတ်ဓာတ်စစ်ဆင်ရေး ထုတ်လွှင့်မှုနှင့် အဝေးမှ အာရုံခံမှုတို့အတွက် အသုံးပြုလျက်ရှိသည်။ ဂြိုလ်တုများသည် ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများ ကျူးလွန်ခြင်း အပါအဝင် မြန်မာစစ်တပ်၏ ပင်မ စစ်ဆင်ရေးများကို ပံ့ပိုးလျက်ရှိသည်။ သို့ဖြစ်၍ မြန်မာစစ်တပ်အား ဂြိုလ်တု ဝန်ဆောင်မှုများ ပေးနေသော စီးပွားရေးလုပ်ငန်းများသည် ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများအား ပံ့ပိုး အားပေးကူညီနေသည်။ ဤအထဲတွင် Intelsat, VNPT, Gilat Satellite Networks နှင့် AsiaSat တို့ ပါဝင်သည်။ ဂြိုလ်တု နည်းပညာ ထုတ်လုပ်၍ ဆက်နွယ်နေသည့် ဝန်ဆောင်မှုများကို ပေးဆောင်နေသည့် စီးပွားရေးလုပ်ငန်းများသည် ရောင်းချမှု အခြေအနေအပေါ် မူတည်၍ ထိုရာဇဝတ်မှုများကို ပံ့ပိုး အားပေးကူညီနေနိုင်သည်။ ဤသည်များထဲတွင် Maxar Technologies နှင့် ArianeSpace တို့ ပါဝင်သည်။ ဂျပန်အစိုးရသည် မြန်မာ၏ အသေးစား ဂြိုလ်တု အစီအစဉ်ကို ၎င်း၏ ကူညီမှုများ ရှိမည်ဆိုလျှင် ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများအား ပံ့ပိုး အားပေးကူညီနေရာ ရောက်လိမ့်မည်။

၁၀။ Mytel အား အဓိက ပေးပို့တင်သွင်းသူများသည် မြန်မာစစ်တပ်နှင့် နိုင်ငံတကာ ရာဇဝတ်များ ကျူးလွန်သည့် စစ်တပ် အခြေစိုက်စခန်းများအတွင်း အသုံးပြုနေသည့် နည်းပညာကို ပံ့ပိုးပေးနေကြသည်။ ဤစီးပွားရေးလုပ်ငန်းများသည် ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများအား ပံ့ပိုး အားပေးကူညီနေရာ ရောက်လိမ့်မည်။ ဤစီးပွားရေးလုပ်ငန်းများထဲတွင် NEC, Huawei, ZTE, CommScope နှင့် Oscilloquartz/Adva တို့ ပါဝင်သည်။

၁၁။ Viettel က ဗီယက်နမ်မှနေ၍ Mytel လည်ပတ်လုပ်ဆောင်မှုများကို ပံ့ပိုးနေပြီး အမျိုးစုံသော Viettel လက်အောက်ခံ ကုမ္ပဏီများက Mytel နှင့် မြန်မာစစ်တပ်အတွက် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ထောက်ပံ့ပါသည်။ Viettel နှင့် ကုန်သွယ်မှု ဆက်ဆံရေးရှိသည့် စီးပွားရေးလုပ်ငန်းများသည် မြန်မာနိုင်ငံမှ လူ့အခွင့်အရေး ချိုးဖောက်မှုများအား တိုက်ရိုက်သော်၎င်း သို့မဟုတ်

သွယ်ဝိုက်၍သော်၎င်း ပံ့ပိုးနေသည့် ကြီးမားသော အန္တရာယ် တခုတွင် ရှိနေသည်။ သို့ဖြစ်၍ ၎င်းစီးပွားရေးလုပ်ငန်းများအနေဖြင့် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မူများ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ နိုင်ငံစုံ စီးပွားရေး လုပ်ငန်းစုကြီးများအတွက် လမ်းညွှန်ချက်များအောက်တွင် ၎င်းတို့၏ တာဝန်ရှိမှုများနှင့်အညီ လူ့အခွင့်အရေးဆိုင်ရာ ကြိုတင် စုံစမ်းစစ်ဆေးမှုများကို ချက်ချင်း ပြုလုပ်ရမည်။

၁၂။ နိုင်ငံတကာနှင့် ဗီယက်နမ်ဘဏ်များသည် Mytel ကို တိုက်ရိုက်အားဖြင့်သော်၎င်း၊ သွယ်ဝိုက်၍ Viettel မှတဆင့်၎င်း ဘဏ္ဍာရေးနှင့် အခြားပုံစံများဖြင့် ထောက်ပံ့မှုကို ပေးအပ်လျက်ရှိသည်။ Mytel မှတဆင့် ၎င်းစီးပွားရေးလုပ်ငန်းများသည် စစ်တပ် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ စစ်ရေးရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်သော နည်းပညာများ စုဆောင်းရရှိရေးတို့ကို ပံ့ပိုးပေးနေပြီး ၎င်း၏ အကျိုးစီးပွားတစ်ရပ်ပါရှိသော ဤကိစ္စများမှတဆင့် အမြတ်ရရှိနေသည်။ သို့ဖြစ်၍ Mytel နှင့် Viettel သို့ ပေးအပ်သော ချေးငွေများနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများသည် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပံ့ပိုးပေးနေပြီး ၎င်း၏ စီးပွားရေးလုပ်ငန်းများသည် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မူများ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ နိုင်ငံစုံ စီးပွားရေး လုပ်ငန်းစုကြီးများအတွက် လမ်းညွှန်ချက်များအား ဆန့်ကျင် ဖောက်ဖျက်ရာရောက်နိုင်သည်။

၁၃။ ကမ္ဘာဘဏ်၏ မြန်မာပြည်အတွက် ဆက်သွယ်ရေး ပြုပြင်ပြောင်းလဲမှုအတွက် ကမ္ဘာဘဏ်၏ ထောက်ပံ့မှုသည် စစ်တပ်အား သွယ်ဝိုက်၍ ပံ့ပိုးနေပြီး ကမ္ဘာဘဏ်၏ လူ့အခွင့်အရေးနှင့် အကျင့်ပျက်ခြစားခြင်းဆိုင်ရာ တင်ကြိုစုံစမ်း စစ်ဆေးမှုများတွင် ဆိုးရွားသော ပျက်ကွက်မှု တစ်ရပ်ဖြစ်နေသည်။ အခြားသော နိုင်ငံတကာ ဘဏ္ဍာရေး အဖွဲ့အစည်းများသည်လည်း Mytel နှင့် ကုန်သွယ်မှု ဆက်ဆံရေး ရှိသည့် အဖွဲ့အစည်းများအား ထောက်ပံ့ပေးမှုများကြောင့် ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်း စစ်ဆေးမှုများတွင် ပျက်ကွက်လျက်ရှိနေသည်။

အကြံပြုချက်များ

- Mytel ကို သပိတ်မှောက်ပါ။
- မြန်မာစစ်တပ်ဗိုလ်ချုပ်များနှင့် ၎င်းတို့၏ စီးပွားရေးများကို အရေးယူပိတ်ဆို့ ဒါဏ်ခတ်ပါ။
- စစ်ရာဇဝတ်ဂိုဏ်းကို ဖျက်သိမ်းပါ။

မြန်မာပြည်သူများသို့

- Mytel ကို သပိတ်မှောက်ပါ။ Mytel သည် မြန်မာပြည်သူများကို အခြေခံကျကျ ဒုက္ခပေးနေသည်။ Mytel သည် မြန်မာပြည်၏ ကြွယ်ဝမှုကို ခိုးယူနေပြီး ပြည်သူလူထု ပိုင်ဆိုင်မှုကို တလွဲ အသုံးပြုကာ စစ်ဗိုလ်ချုပ်များကို ချမ်းသာနေစေသည်။ Mytel သည် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုက်ရိုက်ပံ့ပိုးပေးနေကာ တိုင်းရင်းသားဒေသများတွင် ပြည်တွင်းစစ်ကို လောင်စာမီးထိုးပေးနေသည်။ Mytel သည် ပုဂ္ဂိုလ်ရေးအချက်အလက်များကို အစုအပြုံလိုက် ကောက်ယူစုဆောင်းနေပြီး မြန်မာနှင့် ဗီယက်နမ်စစ်တပ် နှစ်ခုစလုံးမှ ၎င်းအချက်အလက်များတို့ကို လက်လှမ်းမီစေ၍ ပုဂ္ဂလိက လုံခြုံမှု အတွက် အဓိက အန္တရာယ်တစ်ရပ်ဖြစ်သည်။

    - သင် လူ့အခွင့်အရေးကို တန်ဖိုးထားလျှင် Mytel ကို သပိတ်မှောက်ပါ။
    - သင် ဒီမိုကရေစီကို တန်ဖိုးထားလျှင် Mytel ကို သပိတ်မှောက်ပါ။
    - သင် ပုဂ္ဂိုလ်ရေး လုံခြုံမှုကို စိုးရိမ်လျှင် Mytel ကို သပိတ်မှောက်ပါ။
    - သင် မြန်မာ၏ အချုပ်အခြာအာဏာကို ပူပန်လျှင် Mytel ကို သပိတ်မှောက်ပါ။
    - သင် အကျင့်ပျက် ခြစားမှုကို တိုက်ဖျက်လိုလျှင် Mytel ကို သပိတ်မှောက်ပါ။
    - သင် မျှတ၍ သာတူညီမျှဖြစ်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားလျှင် Mytel ကို သပိတ်မှောက်ပါ။

- သင် မြန်မာစစ်တပ်မှ ၎င်းတို့၏ ပုဂ္ဂိုလ်ရေး နှင့် နိုင်ငံရေး အကျိုးစီးပွားတို့အတွက် ဗုဒ္ဓဘာသာအား အလွဲသုံးစားလုပ်နေသည်ကို ရပ်တန့်လိုလျှင် Mytel ကို သပိတ်မှောက်ပါ။

- သင့်တွင် Mytel ဆင်းမ်ကဒ် ရှိနေလျှင် ဖျက်ဆီးလိုက်ပါ။ သင် Mytel ဆင်းမ်ကဒ်တစ်ခု ဝယ်ယူဖို့ စိတ်ကူးနေလျှင် မလုပ်ပါနှင့်။

- လူမှုမီဒီယာပေါ်တွင် ဤသတင်းစကားကို ဖြန့်ဝေပါ။ သင်၏ မိသားစုများနှင့် သူငယ်ချင်များအား Mytel အား သပိတ်မှောက်ရန် ပြောပါ။

- အစိုးရနှင့် သင်၏ သက်ဆိုင်ရာ နယ်မြေ*လွှတ်တော်*ကိုယ်စားလှယ်များကို Mytel အပေါ် အရေးယူမှု ဆောင်ရွက်ရန် တောင်းဆိုပါ။ Mytel သည် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းစုကြီး ဖြစ်သည်။ ၎င်းကို မြန်မာပြည်ရှိ ပြည်သူအားလုံးမှ ပိုင်ဆိုင်ပြီး ပြည်သူများက ရွေးချယ်တင်မြှောက်သော အရပ်သား အစိုးရကသာလျှင် ထိန်းချုပ်ရပါမည်။ အကျိုးအမြတ်အားလုံးကို မြန်မာပြည်သူများ၏ အကျိုးစီးပွား အတွက် ဒီမိုကရေစီနည်းလမ်းတကျ အသုံးပြုရပါမည်။ စစ်ရာဇဝတ်ဂိုဏ်းမှ ခိုးယူထားသော ဘဏ္ဍာ ငွေများနှင့် ပိုင်ဆိုင်မှုများကို ပြည်သူ့ထံ ပြန်လည်ပေးအပ်ရမည်။

မြန်မာပြည် အရပ်ဘက် အဖွဲ့အစည်းများသို့

- Mytel ၏ ရှက်ဖွယ်ကောင်းသော ပြုမူလုပ်ဆောင်မှုကို အများပြည်သူ သိရှိအောင် လုပ်ပါ။ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် ပုဂ္ဂလိက လုံခြုံရေးအတွက် ဆောင်ရွက်ရန် တောင်းဆိုပါ။ Mytel အား သပိတ်မှောက်မှု တစ်ရပ်ကို ကမ်ပိန်းလုပ်ပါ။

- စစ်တပ်မှ စောင့်ကြည့်မှုအတွက် အသုံးချနိုင်သော ပုဂ္ဂလိက အချက်အလက်များကို အစုအပြုံလိုက် ကောက်ယူစုဆောင်းခြင်းမှတဆင့် Mytel သည် ပြည်သူ့နေရာအဝန်းအဝိုင်းနှင့် အရပ်ဘက် လူထုအသိုင်းအဝိုင်းအတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေသည်။ အထူးသဖြင့် မြန်မာပြည်တွင် လူ့အခွင့်အရေး အခြေအနေများ တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်း နေသူများအတွက် အန္တရာယ်ရှိသည်။ Mytel ကို သပိတ်မှောက်ခြင်းဖြင့် အရပ်ဘက်လူထု အသိုင်းအဝိုင်းအား ကာကွယ်ပါ။

- Mytel ကို စစ်တပ်အခြေစိုက်စခန်းများမှ ဖယ်ရှားရန် တိုက်တွန်းနှိုးဆော်ပါ။ Mytel သည် တိုင်းရင်းသားဒေသများရှိ စစ်တပ်အခြေစိုက်စခန်းများတွင် လုပ်ဆောင်လည်ပတ်နေပြီး ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပံ့ပိုးပေးနေကာ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည်။

- Mytel ထံမှ အလှူငွေများနှင့် ကုန်ကျစရိတ်ထောက်ပံ့မှုများကို ငြင်းဆိုပါ။
- Mytel မှ ကုန်ကျစရိတ် ထောက်ပံ့သော အခမ်းအနားများကို သပိတ်မှောက်ပါ။

မီဒီယာ၊ ဖျော်ဖြေရေးနှင့် အီလက်ထရောနစ် အားကစားကဏ္ဍသို့

- Mytel ၊ Viettel နှင့် အခြားကျန်ရှိနေသော စစ်ရာဇဝတ်ဂိုဏ်းတို့အား ဆက်လက် စောင့်ကြည့် စုံစမ်းထောက်လှမ်းပါ။ ၎င်းတို့၏ ရာဇဝတ်ကြောင်းဆိုင်ရာ ပြုမူဆောင်ရွက်မှု၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများ၏ ပူးတွဲကြံရာပါမှုတို့ကို ဆက်လက် ဖော်ထုတ်ပါ။
- စစ်တပ်မှ စောင့်ကြည့်မှုအတွက် အသုံးချနိုင်သော ပုဂ္ဂလိက အချက်အလက်များကို အစုအပြုံလိုက် ကောက်ယူစုဆောင်းခြင်းမှတဆင့် Mytel သည် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်အပေါ် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်နေသည်။ Mytel အား သပိတ်မှောက်ခြင်းဖြင့် လွတ်လပ်၍ အမှီအခိုကင်းသော မီဒီယာ နယ်မြေ အဝန်းအဝိုင်းကို ကာကွယ်ပါ။
- သင်သည် ထင်ပေါ်ကျော်ကြားသူ ဆယ်လီတစ်ဦး ဖြစ်ပါက လူ့အခွင့်အရေးကို ထောက်ခံရန်နှင့် မြန်မာပြည်တွင် ဒီမိုကရေစီတည်ဆောက်ရန်အတွက် Mytel နှင့် အခြားသောစစ်တပ်စီးပွားရေး အားလုံးတို့ဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုပါ။ Mytel အား သပိတ်မှောက်ပါ ဆိုသည့် စကားကို ဖြန့်ဝေပါ။
- သင်သည် ဖျော်ဖြေရေးနှင့် ကစားခြင်း လုပ်ငန်းများထဲမှ ဖြစ်ပါက Mytel ထံမှ လုပ်ငန်းကို ငြင်းဆိုခြင်းဖြင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို ထောက်ခံပြပါ။
- သင်သည် အီလက်ထရောနစ် ကစားသမားတစ်ဦးဖြစ်ပါက Mytel ပြိုင်ပွဲများကို သပိတ်မှောက်ခြင်းနှင့် ကုန်ကျစရိတ်ထောက်ပံ့မှုကို ငြင်းပယ်ခြင်းဖြင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို ထောက်ခံပါ။

မြန်မာ အစိုးရထံသို့

လူ့အခွင့်အရေးနှင့် ပုဂ္ဂလိက လုံခြုံမှု

- မြန်မာစစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်နေမှုအား ပံ့ပိုးပေးနေခြင်းအတွက် Mytel နှင့် ၎င်း၏ မိတ်ဖက်များအပေါ် တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန် ကြိုးပမ်းနေသည့် နိုင်ငံတကာ ယန္တရားများအား ထောက်ခံပါ။ သင့်လျော်သည့်နေရာများတွင် ဥပဒေကြောင်းအရ

အရေးယူခြင်းနှင့် မြန်မာစစ်တပ် စီးပွားရေးနှင့် ဆက်စပ်နေသည့် လူ့အခွင့်အရေး ချိုးဖောက်ခံခဲ့ရသော ထိခိုက်နစ်နာသူများအား လျော်ကြေးပေးခြင်း အပါအဝင် Mytel နှင့် ၎င်း၏ မိတ်ဖက်များ တာဝန်ယူ၊ တာဝန်ခံကြောင်း သေချာအောင် ပြုလုပ်ပါ။

- လူမျိုးတုံးသတ်ဖြတ်မှု သဘောတူစာချုပ်အောက်တွင် ရိုဟင်ဂျာများ၏ အခွင့်အရေးများကို ကာကွယ်ရန် ၂၀၂၀ ခုနှစ် ဇန္နဝါရီ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာ တရားရုံး၏ ကြားဖြတ်အစီအစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ပါ။

- ဗီယက်နမ်နှင့် မြန်မာနိုင်ငံရှိ စစ်တပ်ပိုင် အဖွဲ့အစည်းများက အသုံးပြုနေသည့် ပုဂ္ဂိုလ်ရေး အချက်အလက်များကို မည်သည့် ပွင့်လင်းမြင်သာမှုနှင့် လူထု ကြီးကြပ်မှု မရှိဘဲ Mytel မှ ကောက်ယူစုစည်းနေသည်။ မြန်မာပြည်သူများအတွက် ၎င်းတို့၏ ပုဂ္ဂလိက လုံခြုံရေး ရပိုင်ခွင့်နှင့် Mytel ၊ Viettel တို့ အပါအဝင် အဖွဲ့အစည်းများက ပုဂ္ဂိုလ်ရေး အချက်အလက်များကို သိမ်းဆည်းထားနေသည်အား ပယ်ဖျက်ပိုင်ခွင့် အစရှိသည်တို့ကို အာမခံရေးအတွက် သေချာစေရန် လုပ်ပိုင်ခွင့်အာဏာရှိသည့် ပုဂ္ဂလိက လုံခြုံမှု ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။

အကျင့်ပျက်ခြစားခြင်းနှင့် စီမံခန့်ခွဲမှု မှားယွင်းခြင်း

- Star High သည် Mytel တွင် အများပြည်သူနှင့် သက်ဆိုင်သော ရှယ်ယာပိုင်ရှင်ဖြစ်သည်။ Star High ကို အရပ်သား ပြည်သူ့စီမံခန့်ခွဲမှုအောက်သို့ ချက်ချင်း ပြောင်းရွှေ့ပါ။ အများပိုင်နှင့် ပုဂ္ဂလိကပိုင် ဖက်စပ်တစ်ခုအနေဖြင့် Mytel သည် လွတ်တော်ရှေ့မှောက် အပြည့်အဝ ပွင့်လင်းမြင်သာမှု ရှိရမည်။ အများပြည်သူနှင့်ဆိုင်သော အမြတ်အစွန်းများအားလုံး ပြည်ထောင်စု ဘတ်ဂျက်ထဲသို့ စီးဆင်းရမည်။ ဤသည်မှာ ဖြစ်မနေခဲ့သည့်အတွက် ၎င်းကို စုံစမ်းစစ်ဆေးရမည်။ Mytel ထံ ပြည်သူ့ဘဏ္ဍာ စီးဆင်းမှု၊ ၎င်းတို့၏ ဘဏ္ဍာရင်းမြစ်နှင့် အမြတ်များ အပါအဝင် Mytel ၏ ဘဏ္ဍာရေးများကို အများပြည်သူ သိရှိသော အပြည့်အဝ စာရင်းစစ်မှုတစ်ခု ရှိရမည်။

- Mytel အပေါ် သမာသမတ်ကျ၍ ကျယ်ပြန့်သည့် အများပြည်သူ ရှေ့မှောက်တွင်ဖြစ်သော စုံစမ်းစစ်ဆေးမှုတစ်ခုကို ဆောင်ရွက်နိုင်ရန်အတွက် အထူးကော်မရှင်တစ်ရပ် ခန့်အပ်ပါ။ ဤထဲတွင် -

    - Star High နှင့် Viettel အား ရွေးချယ်မှု၊ Mytel ၏ လိုင်စင်ပြုလုပ်ခြင်းဖြစ်စဉ်တို့ အပါအဝင် ပူးတွဲဖက်စပ် ဖော်ဆောင်ခြင်းနှင့် တင်ဒါ စီစစ်ခြင်း လုပ်ငန်းကော်မတီ အောက်တွင် Mytel အား ဖန်တီးမှု

- မြန်မာ အမျိုးသား ဆက်သွယ်ရေး ဦးပိုင် (Myanmar National Telecom Holdings - MNTH) ၏ ဖွဲ့စည်းမှု၊ လုပ်ငန်းဆောင်တာလည်ပတ်မှုများ နှင့် မတည်ငွေ ရင်းနှီးမြုပ်နှံမှု

- စစ်တပ်၏ အခြေခံ အဆောက်အအုံများ အပါအဝင် Mytel ၏ အများပြည်သူပိုင် ပစ္စည်းများ သုံးစွဲမှု

- ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား Mytel ၏ ကောက်ယူစုဆောင်းမှုနှင့် အသုံးပြုမှု အစရှိသည်တို့ ပါဝင်ရမည်။

- ရာဇဝတ်ကြောင်းသင့်သော ပြုမူချက် အားလုံးကို တရားစွဲပါ။ ခိုးယူထားသော ပိုင်ဆိုင်မှုများနှင့် အကျင့်ပျက်ခြစားမှုမှ ရရှိလာသည်များကို သိမ်းဆည်းပါ။

နိုင်ငံတော်အဆင့် လုံခြုံရေး

- ဗီယက်နမ် အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာနမှ ထိန်းချုပ်ထားသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့် Viettel မှ မြန်မာနိုင်ငံ အချုပ်အခြာ အာဏာအတွင်းရှိ တိုင်းပြည်ပိုင်ဆိုင်မှုများနှင့် အခြေခံ အဆောက်အအုံတို့ကို လက်လှမ်းမီနေမှုနှင့် ပတ်သက်၍ မြန်မာပြည်ရှိ Mytel လုပ်ငန်းများ၏ နိုင်ငံတော်အဆင့် လုံခြုံရေး အန္တရာယ်ရှိမှုများအပေါ် ကျယ်ပြန့်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ချက်ချင်းပြုလုပ်ပါ။ စစ်တပ်အခြေခံ အဆောက်အအုံအား Mytel အသုံးပြုနေမှုကို ချက်ချင်း ရပ်ဆိုင်းပါ။ ကာကွယ်ရေး အခြေခံ အဆောက်အအုံကို စီးပွားရေး ရည်ရွယ်ချက်များအတွက် မည်သည့်အခါမှ အသုံးမပြုသင့်ပါ။ တွေ့ရှိချက်များကို အများပြည်သူ သိရှိရန် အပြည့်အစုံ ချပြ၍ လိုအပ်သလို ဥပဒေကြောင်းအရ အရေးယူပါ။

- Viettel နှင့် အခြား ပြည်ပနိုင်ငံများမှမှ စစ်တပ်ပိုင် စီးပွားရေးများအားလုံး မြန်မာပြည်တွင် လုပ်ငန်းလုပ်ဆောင်နေခြင်းအား ပိတ်ပင်ပါ။

- စစ်တပ်အား ၎င်း၏ နိုင်ငံတကာ ရာဇဝတ်မှုများအတွက် တာဝန်ယူမှု ရှိစေရန် နိုင်ငံတကာ ကြိုးပမ်းမှုများကို ထောက်ခံပါ။ စစ်တပ်သည် အရပ်သားများ၏ ထိန်းချုပ်မှုအောက်သို့ အပြည့်အဝ ရောက်ရှိပြီး နိုင်ငံတကာ ဥပဒေကို လိုက်နာမှသာလျှင် ၎င်းအနေဖြင့် နိုင်ငံတော်အဆင့် လုံခြုံရေးကို သေချာစေနိုင်မည်။

ဆက်သွယ်ရေး စည်းမျဉ်းများ

- မြန်မာပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်ပေးရန် လုပ်ပိုင်ခွင့်အာဏာရှိသည့် အမှန်တကယ် သီးခြားလွတ်လပ်သော ဆက်သွယ်ရေး စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းဆောင်ရွက်သည့်အဖွဲ့ တစ်ခုကို ဖန်တီးပါ။
- ဆက်သွယ်ရေး ဥပဒေကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းနှင့်အညီ ပြုပြင်ပါ။ ဤအထဲတွင် ၆၆ (ဃ) ကို ပယ်ဖျက်ခြင်းလည်း ပါရမည်။

စစ်ရာဇဝတ်ဂိုဏ်းကို ဖျက်သိမ်းပါ

- မြန်မာစစ်တပ်ကို စီးပွားရေးနှင့် နိုင်ငံရေးမှ ပိတ်ပင်တားဆီးပြီး အရပ်ဘက်ဖြစ်သော ဒီမိုကရေစီ နည်းလမ်းတကျဖြစ်သော အရပ်ဘက် ထိန်းချုပ်မှုအောက်တွင် အပြည့်အဝထားပါ။
- MEC ၊ MEHL နှင့် ၎င်းတို့၏ လက်အောက်ခံ ကုမ္ပဏီများ အပါအဝင် စစ်တပ်စီးပွားရေး အားလုံးကို ပြည်သူပိုင် သိမ်းခြင်းဖြင့် စစ်ရာဇဝတ်ဂိုဏ်းကို ဖျက်သိမ်းပါ။
- စစ်ရာဇဝတ်ဂိုဏ်းမှ သိမ်းဆည်းရသမျှသော ရံပုံငွေနှင့် ပစ္စည်းပိုင်ဆိုင်မှု အားလုံးကို မြန်မာပြည်သူများ အကျိုးအတွက် အသုံးပြုပါ။

လွှတ်တော် သို့

- Mytel ဖွဲ့စည်းမှုနှင့် လိုင်စင်ပြုလုပ်မှုဖြစ်စဉ်၊ နိုင်ငံတော် ပိုင်ဆိုင်မှုပစ္စည်းများနှင့် နိုင်ငံတော် အခွန်ဘဏ္ဍာအား Mytel မှ သုံးစွဲမှုနှင့် လက်တလောတွင် Star High မှ ပိုင်ဆိုင်ထားသည့် နိုင်ငံတော်၏ ရှယ်ယာ ၂၈ % တို့ အပါအဝင် Mytel ကို စီစစ်စစ်ဆေးပါ။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုသည့် နိုင်ငံတော်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ Mytel တွင် ပါဝင်ထားသော နိုင်ငံတော်၏ ၂၈% သော ရှယ်ယာကို စီမံခန့်ခွဲရေး သေချာအောင် ပြုလုပ်ပါ။ အကျိုးအမြတ်အားလုံး ပြည်ထောင်စု ဘတ်ဂျက်သို့ စီးဆင်းပါ။ Mytel စာရင်းဖွင့်ထားမှုများအားလုံး စာရင်းစစ်ချုပ်နှင့် လွှတ်တော်၏ စီစစ်မှု အပြည့်အဝ ရှိစေရမည်။
- စစ်တပ်စီးပွားရေးများအားလုံးကို စေ့စပ်စွာ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်များကို အများပြည်သူထံသို့ ချပြပါ။ စစ်တပ်စီးပွားရေးသည် မြန်မာပြည်ရှိ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသော ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်သည်။

- မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် အခြား စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းများအားလုံးကို ဖျက်သိမ်းရန် ဥပဒေပြုပါ။ စစ်တပ်၏ ရာဇဝတ်ကြောင်း ဆိုင်ရာ ပြုမူမှုကို ဖြစ်စေသော အကျင့်ပျက်ခြစားမှုနှင့် အကျိုးစီးပွား ပဋိပက္ခတို့ကို အဆုံးသတ်ပါ။

- စီးပွားရေးတွင် စစ်တပ်၏ ပါဝင်ပတ်သက်မှုကို လုပ်ပိုင်ခွင့်အာဏာအား အသုံးပြု၍ ရပ်ဆိုင်းပါ။ စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းများအားလုံးကို အရပ်ဘက် ထိန်းချုပ်မှုအောက်သို့ လွှဲပြောင်းပါ။ မြန်မာစစ်တပ်မှ ခိုးယူခဲ့သည့် ပိုင်ဆိုင်မှုပစ္စည်းများကို ပြည်သူထံသို့ ပြန်လည်လွှဲပြောင်း စေရမည်။

- စစ်တပ်နှင့် ၎င်းတို့၏ စီးပွားရေးများ အရပ်သား ထိန်းချုပ်မှုအောက်သို့ မရောက်မချင်း ကာကွယ်ရေးဝန်ကြီးဌာန ဘတ်ဂျက် အတည်ပြုမှုကို ဆိုင်းငံ့ထားပါ။

စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများသို့

- မြန်မာစစ်တပ်၏ ရာဇဝတ်ကြောင်းဆိုင်ရာ ပြုမူမှုကို ၎င်းတို့၏ စီပွားရေး အကျိုးစီးပွားများက ဖြစ်နိုင်စေခဲ့သည်။ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ လုပ်ဆောင်မှုကို ပံ့ပိုး အားပေးကူညီခြင်းများ မဖြစ်စေရေး သေချာစေရန်မှာ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအောက်ရှိ စီးပွားရေးလုပ်ငန်းများအားလုံး၏ တာဝန်ဖြစ်သည်။ ဖြန့်ချီရေးနှင့် ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းတို့၏ အားလုံးသော အစိတ်အပိုင်းများအတွင်း အပါအဝင် မြန်မာစစ်တပ်၊ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းအုပ်စုကြီးများ၊ လက်အောက်ခံ ကုမ္ပဏီများ၊ စီးပွားရေးမိတ်ဖက်များနှင့် ဆက်ဆံရေးများအားလုံးကို ဖြတ်တောက်ပါ။

- Viettel နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများဖြင့် ကုန်သွယ်မှု ဆက်ဆံရေးရှိသော စီးပွားရေးလုပ်ငန်းများအားလုံးသည် ကျယ်ပြန့်သော လူ့အခွင့်အရေးဆိုင်ရာ တင်ကြို စုံစမ်းစစ်ဆေးမှုများကို ချက်ချင်းပြုလုပ်ရန်နှင့် မြန်မာပြည်ရှိ Viettel ၏ စီးပွားရေးကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ မထောက်ပံ့နေရန် သေချာစေရေးအတွက် တိကျခိုင်မာသော လုပ်ဆောင်မှုကို ပြုလုပ်ပါ။

- မြန်မာပြည်တွင် စီးပွားရေးလုပ်ဆောင်လျှင် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်မီ အများပြည်သူ သိရှိနိုင်သော ပွင့်လင်းမြင်သာမှုရှိသည့် ပုံစံတစ်ခုဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးမူများနှင့်အညီ ပွင့်လင်းသော လူ့အခွင့်အရေးဆိုင်ရာ တင်ကြို စုံစမ်းစစ်ဆေးမှုကို ပြင်းပြင်းထန်ထန် စဉ်ဆက်မပြတ် ပြုလုပ်ပါ။

- စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ လမ်းညွှန်မူများကို အပြည့်အဝ လိုက်နာပါ။ စီးပွားရေးနှင့် ဆက်စပ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားခဲ့ပါက ထိခိုက်ခံစားရသူများနှင့် ရှင်သန်ကျန်ရစ်သူများ အနေဖြင့် စိတ်ပိုင်း၊ လူမှုရေးပိုင်းဆိုင်ရာ ထောက်ကူမှုများအပါအဝင် တရားမျှတမှုနှင့် ပြန်လည်ကုစားမှုအား အပြည့်အဝ ရယူနိုင်မှုကို သေချာအောင်လုပ်ပါ။

- ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာစစ်တပ်နှင့် ကုန်သွယ်မှု ဆက်ဆံရေးများ ဆက်လက် ရှိနေသော စီးပွားရေးလုပ်ငန်းများမှ မြှုပ်နှံမှုကို ပြန်လည် ရုပ်သိမ်းပါ။

ဗီယက်နမ် အစိုးရသို့

- Viettel ကို မြန်မာပြည်မှ အမြန်ဆုံး ရုတ်သိမ်းပါ။

- မြန်မာစစ်တပ် စီးပွားရေးအား ထောက်ပံ့နေခြင်းအား ချက်ချင်း ရပ်ဆိုင်းပါ။

- တတိယ ကြားခံအုပ်စုများမှတဆင့် အပါအဝင် VNPT ကြိုလ်တုများအား မြန်မာစစ်တပ်၏ လက်လှမ်းမီနေမှုကို ချက်ချင်း အဆုံးသတ်ပါ။

- မြန်မာစစ်တပ်သို့ လက်နက်များနှင့် နှစ်မျိုးသုံး ပစ္စည်းများ လွှဲပြောင်းနေမှုကို ရပ်ဆိုင်းပါ။

- မြန်မာစစ်တပ်အား ပေးနေသည့် သင်တန်းများနှင့် နည်းပညာ ထောက်ပံ့မှု အားလုံးကို ရပ်ဆိုင်းပါ။

- ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်တစ်ဦးအနေဖြင့် မြန်မာစစ်တပ်၏ ရာဇဝတ်မှုများကို တားဆီးရန်နှင့် ကျူးလွန်သူများကို နိုင်ငံတကာ ဥပဒေအောက်တွင် အရေးယူနိုင်ရန်အတွက် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ လုပ်ဆောင်ပါ။ မြန်မာစစ်တပ်မှ ကျူးလွန်နေခဲ့သော နိုင်ငံတကာ ရာဇဝတ်မှုများကို ပံ့ပိုးနေခြင်းမှ ရပ်တန့်ပါ။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့

- မြန်မာစစ်တပ်မှ ထိန်းချုပ်ထားသော စီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်မှု ဆက်ဆံရေး ရှိခြင်းနှင့် ဆက်စပ်နေသော ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုများကို သင်တို့၏ နယ်မြေများတွင် အခြေစိုက်နေသော စီးပွားရေးလုပ်ငန်းများပါ ပါဝင်စေလျက် စုံစမ်းစစ်ဆေးပါ။

- သင်၏ နယ်မြေအတွင်း အခြေစိုက်နေသော မည်သည့် စီးပွားရေးလုပ်ငန်းမဆို မြန်မာစစ်တပ်နှင့် ၎င်း၏ စီးပွားရေးလုပ်ငန်းများဖြင့် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံမှု တစ်ရပ်အတွင်းသို့ ဝင်ရောက်ခြင်းကို တားဆီးပါ။

- မြန်မာစစ်တပ်နှင့် ဆက်ဆံရေးအားလုံးကို ဖြတ်တောက်ပါ။ ဖွံ့ဖြိုးရေးအကူအညီများက မြန်မာစစ်တပ်နှင့် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပံ့ပိုးမနေစေရန်အတွက် သေချာအောင် ပြုလုပ်ပါ။

- မြန်မာစစ်တပ်၏ ခေါင်းဆောင်များ၊ မြန်မာစစ်တပ် စီးပွားရေးများ၊ ၎င်းတို့၏ လက်အောက်ခံ ကုမ္ပဏီများနှင့် ဖက်စပ်စီးပွားရေးများအပေါ် ပစ်မှတ်ထား ချမှတ်သော စီးပွားရေး ပိတ်ဆို့မှုများ ပြုလုပ်ပါ။ Viettel ကိုလည်း မြန်မာပြည်မှ မထွက်ခွာမချင်း ဤထဲတွင် ထည့်သွင်းရပါမည်။

- မြန်မာစစ်တပ်မှ အရပ်ဘက် ထိန်းချုပ်မှုအောက် မရောက်မချင်း မြန်မာပြည်၏ ဂြိုလ်တု အစီအစဉ်များအပေါ် ထောက်ပံ့မှုအားလုံးကို ရပ်ဆိုင်းပါ။

- JAXA ၊ ဂျပန်နိုင်ငံ၏ နိုင်ငံတော် အေဂျင်စီတို့ အနေဖြင့် စီစဉ်ထားနှင့်ပြီးသော မြန်မာနိုင်ငံ၏ အသေးစားဂြိုလ်တု လွှင့်တင်မှု အစီအစဉ်ကို ရပ်ဆိုင်းထားရမည်။

- Tohoku နှင့် Hokkaido တက္ကသိုလ်များသည် မြန်မာ လေကြောင်းနှင့် အာကာသအတတ် ပညာတက္ကသိုလ်၏ မြန်မာစစ်တပ်အား တိုက်ရိုက်ပံ့ပိုးမှုနှင့် တက္ကသိုလ်၏ သုတေသနကို စစ်ဘက်ရေးရာ ရည်ရွယ်ချက်များအတွက် အသုံးချခံရနိုင်မှုအတွက် ကြီးမားသော အန္တရာယ်ရှိမှုကြောင့် မြန်မာ လေကြောင်းနှင့် အာကာသ အတတ်ပညာ တက္ကသိုလ်နှင့် ၎င်းတို့၏ ဆက်ဆံမှုကို ရပ်ဆိုင်းရမည်။

- မြန်မာစစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုများနှင့် ၎င်းရာဇဝတ်မှုများကို ပံ့ပိုးပေးနေသော စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍ အပါအဝင် နိုင်ငံတကာ ရာဇဝတ်မှုများဆိုင်ရာ တရားရုံး (ICC) သို့ လွှဲပြောင်းခြင်းအတွက် တိုက်တွန်းနှိုးဆော်ပါ။

- စစ်တပ်ကို စီးပွားရေးနှင့် နိုင်ငံရေးမှ ဖယ်ရှားရန်နှင့် လူ့အခွင့်အရေးကို လိုက်နာသော စစ်တပ်မဟုတ်သည့် စီးပွားရေးများကို မြှင့်တင်ရန် မြန်မာအစိုးရအား ပံ့ပိုးပါ။

- မဖြစ်မနေ ဆောင်ရွက်ရမည့် လူ့အခွင့်အရေးဆိုင်ရာ တင်ကြို စုံစမ်းစစ်ဆေးမှုဖြစ်စေရန် ဥပဒေပြုပါ။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့

- စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုများအပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများအား ဆက်လက်ကျူးလွန်ခြင်းမှ တားဆီးရေးအတွက် မြန်မာစစ်တပ် ခေါင်းဆောင်များနှင့် မြန်မာစစ်တပ်ပိုင် စီးပွားရေးများကို ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ ချမှတ်ပါ။

- မြန်မာစစ်တပ်နှင့် စစ်တပ်မှ ထိန်းချုပ်သော အဖွဲ့အစည်းများအပေါ် ကျယ်ပြန့်သော လက်နက်များ ပိတ်ဆို့မှုကို ချမှတ်ပါ။

- ရခိုင်၊ ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်များ၌ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများအတွက် မြန်မာနိုင်ငံကို နိုင်ငံတကာ ရာဇဝတ်မှုများဆိုင်ရာ တရားရုံးသို့ လွှဲပြောင်းပါ။

ကမ္ဘာဘဏ်သို့

- ကမ္ဘာဘဏ်မှ ထောက်ပံ့သော ပြုပြင်ပြောင်းလဲရေးများမှတဆင့် Mytel အား ဖန်တီးမှုနှင့် ၎င်း၏ ရာဇဝတ်မှုများကို ဖြစ်နိုင်စေမှုတွင် ကမ္ဘာဘဏ်၏ အခန်းကဏ္ဍကို စုံစမ်းစစ်ဆေးပါ။

- မြန်မာစစ်တပ်နှင့် ၎င်း၏ စီးပွားရေး အကျိုးစီးပွားများထံသို့ ၎င်းတို့၏ နည်းပညာ ထောက်ပံ့ပေးမှု၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ Comit နှင့် A1 ကုမ္ပဏီအုပ်စု၏ ကန်ထရိုက်များကို စုံစမ်းစစ်ဆေးပါ။

- မြန်မာစစ်တပ် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် မြန်မာစစ်တပ်နှင့် ဆက်နွယ်နေသော စီးပွားရေးလုပ်ငန်းများအား ကမ္ဘာဘဏ်၏ မြန်မာပြည်ရှိ မည်သည့်ကန်ထရိုက်မှ မရရှိစေရေး သေချာစေရန် ပြုလုပ်ပါ။

- မြန်မာစစ်တပ်၊ စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းများ၊ ၎င်းတို့၏ လက်အောက်ခံ ကုမ္ပဏီများနှင့် ဖက်စပ်စီးပွားရေး မိတ်ဖက်များဖြင့် တိုက်ရိုက်နှင့် သွယ်ဝိုက်ဆက်ဆံရေးများအားလုံးကို ရပ်ဆိုင်းပါ။

နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် European Development Financial Institutions သို့

- မြန်မာ၊ ဗီယက်နမ်နှင့် မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှုများ ရှိနေသော အခြားနိုင်ငံများရှိ ဘဏ္ဍာရေး ကြားခံအဖွဲ့အစည်းများမှတဆင့် အပါအဝင် မြန်မာစစ်တပ်၊ ၎င်း၏ စီးပွားရေး လုပ်ငန်းများနှင့် လုပ်ဖော်ကိုင်ဖက်များအား တိုက်ရိုက် နှင့် သွယ်ဝိုက်ဖြစ်သော ဘဏ္ဍာရေး ထောက်ပံ့မှုများကို ကျယ်ပြန့်သော ဆန်းစစ်မှုတစ်ရပ် ပြုလုပ်ပါ။

- တိုက်ရိုက် ဘတ်ဂျက် ထောက်ပံ့မှု အပါအဝင် အစီအစဉ်များက မြန်မာစစ်တပ်၊ ၎င်း၏ စီးပွားရေးလုပ်ငန်းများ၊ လက်အောက်ခံကုမ္ပဏီများနှင့် ဖက်စပ်စီးပွားရေး မိတ်ဖက်များအား မည်သည့်နည်းနှင့်မျှ အကျိုးမခံစားစေရန် သေချာစေမည့် ပွင်းလင်း၍ ပြင်းထန်သော ဆောင်ရွက်ချက်များ ချမှတ်လုပ်ဆောင်ပါ။

- မြန်မာစစ်တပ်အား တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ အကျိုးမြတ်ဖြစ်ထွန်းစေမည့် မည်သည့် အနာဂတ် စီမံချက်ကိုမဆို ကာကွယ်နိုင်ရန်အတွက် တင်းကြပ်သည့် လူ့အခွင့်အရေးဆိုင်ရာ တင်ကြို စုံစမ်းစစ်ဆေးမှု လိုအပ်ချက်များကို အကောင်အထည်ဖော်ပါ။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အေဂျင်စီအဖွဲ့အစည်းများ၊ နိုင်ငံတကာ အလှူရှင်များ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် သံရုံးများသို့

- (မြန်မာနိုင်ငံရှိ) အစီအစဉ်များက မြန်မာစစ်တပ်၊ ၎င်း၏ စီးပွားရေးလုပ်ငန်းများ၊ လက်အောက်ခံကုမ္ပဏီများနှင့် ဖက်စပ်စီးပွားရေး မိတ်ဖက်များအား မည်သည့်နည်းနှင့်မျှ အကျိုးမခံစားစေရန် သေချာစေမည့် ပွင်းလင်း၍ ပြင်းထန်သော ဆောင်ရွက်ချက်များ ချမှတ်လုပ်ဆောင်ပါ။

- Mytel အပါအဝင် မြန်မာစစ်တပ်၊ ၎င်း၏ စီးပွားရေးလုပ်ငန်းများ၊ လက်အောက်ခံကုမ္ပဏီများနှင့် ဖက်စပ်စီးပွားရေး မိတ်ဖက်များမှ ပိုင်ဆိုင်သည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ဝယ်ယူမှုကို ပိတ်ပင်ထားမှုတစ်ရပ် ပြုလုပ်ပါ။

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁။

Mytel ၊ Viettel နှင့် မြန်မာစစ်တပ်တို့ဖြင့် ဆက်စပ်နေသည်ဟု အမည်အတပ်ခံရသော နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ

တွေ့ရှိချက်များကို အောက်ပါအတိုင်း အဆင့်ခွဲထားသည်။

A အဆင့်။ မြန်မာပြည်ရှိ စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ လုပ်ဆောင်မှုကို ပံ့ပိုး အားပေးကူညီနေသော ကုမ္ပဏီ။

B အဆင့်။ မြန်မာပြည်ရှိ စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ လုပ်ဆောင်မှုကို ပံ့ပိုး အားပေးကူညီ နေနိုင်ဖွယ်ရာရှိသော ကုမ္ပဏီ။

C အဆင့်။ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မူများအောက်တွင် ၎င်းတို့၏ တာဝန်ရှိမှုများကို ပြည့်မီရန် ပျက်ကွက်နေနိုင်ပြီး လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်းစစ်ဆေးမှုနှင့် မြန်မာစစ်တပ်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် အကျိုးမဖြစ်ထွန်းစေရန် သေချာစေမည့် ခြေလှမ်းများ လုပ်ဆောင်ရမည့် ကုမ္ပဏီ။

အမှတ်စဉ်	ကုမ္ပဏီ အမည်	အခြေချရာတိုင်းပြည်	ဆက်နွယ်မှု	တွေ့ရှိချက်
၁	A ကုမ္ပဏီ	ဂျာမဏီ	Viettel ကို ပါဝင်သည့် အကြောင်းအရာများ ပံ့ပိုးခြင်း	C
၂	Addnics Corp	ဂျပန်	မြန်မာ ဂြိုလ်တုအစီအစဉ်အတွက် ထပ်ဆင့်လွှင့်စက်နှင့် ဖမ်းယူစက်များကို ထောက်ပံ့ခြင်း	B

၃	Adva	ဂျာမဏီ	အချိန်သတ်မှတ်မှု နည်းလမ်းများကို Mytel အား ပံ့ပိုးခြင်း –Oscilloquartz ၏ မိခင်ကုမ္ပဏီ	B
၄	An Binh Commercial Joint Stock Bank (ABBank)	ဗီယက်နမ်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C
၅	Apollo Towers	အမေရိကန်	Mytel အား တာဝါတိုင်များ ဌားရမ်းခြင်း၊ အမေရိကန် ပုဂ္ဂလိက ရှယ်ယာအုပ်စု TPG မှ ပိုင်ဆိုင်သည်။	C
၆	ArianeGroup	ပြင်သစ်	လက်အောက်ခံကုမ္ပဏီဖြစ်သော ArianeSpace မှ Myanmarsat-2 ဂြိုလ်တုကို လွှင့်တင်ခဲ့သည်။	C
၇	AsiaSat	ဟောင်ကောင်	ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အပါအဝင် မြန်မာစစ်တပ်သို့ ဂြိုလ်တုဝန်ဆောင်မှုများ ပေးအပ်ခြင်း	B
၈	Boku Inc	အမေရိကန်	၎င်း၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သော Fortumo OÜ (Estonia) မှ တဆင့် Mytel အား အခြားဝယ်ယူမှုများအတွက် ဖုန်းအော်ပရေတာမှ တိုက်ရိုက် ငွေးပေးချေနိုင်သည့် စနစ်တစ်ရပ်အား ပံ့ပိုးပေးသည်။	B
၉	Cisco	အမေရိကန်	Mytel နှင့် ဆက်နွယ်နေသော Viettel IDC နှင့် ngena အား နည်းပညာ ထောက်ကူခြင်း	C

၁၀	Com & Com	ဗီယက်နမ်	Com & Com မှ Mytel အတွက် ဂြိုလ်တုနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများ ကို ပံ့ပိုးပေးသည်။ OSB JSC နှင့် Terabit Wave အကြား ပူးတွဲဖက်စပ်တစ်ခု	B
၁၁	Comit	ဗီယက်နမ်	Mytel နှင့် Viettel တို့ဖြင့် မိတ်ဖက်ပြုထားသည်။ မြန်မာနိုင်ငံတွင် ရေဒီယိုလှိုင်းစဉ်များ စောင့်ကြည့်ရေးအတွက် ကမ္ဘာဘဏ်၏ ကန်ထရိုက်တာ။	B
၁၂	Commscope	အမေရိကန်	Mytel အတွက် အင်တင်နာများကို ထောက်ပံသည်။	B
၁၃	Coslight	အိန္ဒိယ	Mytel ကို လီသီယံ ဘက်ထရီ ထောက်ပံ့သည်။	C
၁၄	Deloitte	အင်္ဂလန်	Viettel Global Investment JSC အား စာရင်းစစ်လုပ်ငန်း ဝန်ဆောင်မှု	C
၁၅	Digital Virgo	ပြင်သစ်	Mytel အား သုံးစွဲသူ ငွေပေးချေမှုစနစ်ကို ထောက်ပံ့သည်။ ရှယ်ယာပိုင်ဆိုင်သူများထဲတွင် BNP Paribas ပါဝင်သည်။	B
၁၆	ELM Technology	ဂျပန်	မြန်မာ့ ဂြိုလ်တုအစီအစဉ်အတွက် အင်တင်နာနှင့် ဂြိုလ်တု ခြေရာခံစနစ်တစ်ရပ်ကို ထောက်ပံ့သည်။	B
၁၇	Elofun	ဗီယက်နမ်	Mytel အတွက် ပါဝင်သည့် အကြောင်းအရာများကို ထောက်ပံ့သူ	C

၁၈	edotco Group	မလေးရှာ	Mytel အား တာဝါတိုင်ဌားရမ်းသည်။	C
၁၉	Ericsson	ဆွီဒင်	5G အတွက် အပါအဝင် Viettel သို့ ရောင်းချသူ	C
၂၀	FPT	ဗီယက်နမ်	Mytel အတွက် Oracle Hyperion ဘဏ္ဍာရေး ထောက်ကူပြု ဆော့ဖ်ဝဲယားကို ပံ့ပိုးပေးသည်။ Mytel ဒေတာစင်တာကို ဆောက်လုပ်ပေးသည်။	B
၂၁	Flytxt	နယ်သာလန်	Viettel မိတ်ဖက်ဖြစ်သော Comit ကို ဉာဏ်ရည်တု နည်းပညာကို ပံ့ပိုးသည်။	C
၂၂	Fujitsu	ဂျပန်	cloud အခြေပြု ကွန်ပြူတာ လုပ်ဆောင်ချက်အတွက် Viettel IDC ၏ မိတ်ဖက်	C
၂၃	Gilat Satellite Networks	အစ္စရေး	ဆက်သွယ်ရေး ည့ွန်ကြားရေး ဌာနအား နည်းဗျူဟာမြောက် ဂြိုလ်တု ကိရိယာများကို ၂၀၁၄ ခုနှစ်တွင် ရောင်းချခဲ့သည်။ ရွှေသံလွင်သို့ ပစ္စည်း တင်သွင်းသူ။	A
၂၄	Ho Chi Minh City Development Joint Stock Commercial Bank (HDBank)	ဗီယက်နမ်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C
၂၅	Huawei	တရုတ်	5G အပါအဝင် အတိုင်းအတာ တစ်ခုရှိသည့် ဆက်သွယ်ရေး နည်းပညာကို Mytel အား ပံ့ပိုးသည်။	B
၂၆	HSBC	အင်္ဂလန်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C

၂၇	Hughes	အမေရိကန်	KBZ Gateway နှင့် Seanet ပါ ပါဝင်သော ပုဂ္ဂလိက အော်ပရေတာများကို ဂြိုလ်တု ဝန်ဆောင်မှုများအား မြန်မာပြည်တွင် ပံ့ပိုးသည်။	C
၂၈	IDEMIA	ပြင်သစ်	မြန်မာ မိုဘိုင်း ငွေကြေးဝန်ဆောင်မှု မိတ်ဖက်	B
၂၉	Intelsat S.A. and Intelsat Global Sales & Marketing Ltd.	လူဇင်ဘတ် နှင့် အမေရိကန်	Myanmarsat-2 ဂြိုလ်တု အစီအစဉ်၏ မိတ်ဖက်၊ မြန်မာအစိုးရအတွက် ဝန်ထုပ်လက်ခံသယ်ပို့သည့် ဂြိုလ်တု၏ ပူးတွဲ ပိုင်ရှင်။ Myanmarsat-1 အတွက်လည်း ပံ့ပိုးသည်။	A
၃၀	Irrawaddy Green Towers	လူဇင်ဘတ် /UAE	Mytel နှင့် ငှားရမ်းမှု မာစတာ သဘောတူညီချက်ရှိ။	C
၃၁	Iridium	အမေရိကန်	ဂြိုလ်တု ခြေရာခံ ကိရိယာများ ရောင်းချမှုအတွက် Viettel High Technology နှင့် မိတ်ဖက်	C
၃၂	Joint Stock Commercial Bank for Foreign Trade of Vietnam (Vietcombank)	ဗီယက်နမ်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးသည်။	C
၃၃	Joint Stock Commercial Bank for Investment and Development of Vietnam (BIDV)	ဗီယက်နမ်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း နှင့် Mytel ဖြင့် ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် တစ်ရပ်ရှိထားသည်။	B

၃၄	Leoch International Technology	ဟောင်ကောင်	Mytel အတွက် VRLA ဘက်ထရီများ ထောက်ပံ့သည်။	C
၃၅	Lien Viet Post Commercial Joint Stock Bank	ဗီယက်နမ်	Mytel ၊ Viettel Global Investment JSC တို့ကို ငွေကြေးပံ့ပိုးသည်။	B
၃၆	Lockheed Martin	အမေရိကန်	VNPT Vinasat ဂြိုလ်တုများကို ထုတ်လုပ်သူ၊ AsiaSat 2 ကိုလည်း အလားတူ ထုတ်လုပ်သူ။	C
၃၇	Maxar Technologies	အမေရိကန်	Myanmarsat-2 ဝန်ထုပ် သယ်ဆောင်မှုယာဉ် အပါအဝင် Intelsat 39 ကို ထုတ်လုပ်သူ၊ AsiaSat 9 ကို ထုတ်လုပ်သူ၊	B
၃၈	Maybank	မလေးရှား	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C
၃၉	MFOCN/Hyalroute	စကင်္ပူ	Mytel အား ဖိုင်ဘာ အော့ပ်တစ်ကေဘယ်ကြိုးများ ဌားရမ်းသည်။	C
၄၀	Microsoft	အမေရိကန်	Viettel IDC နှင့် မိတ်ဖက်ပြု၍ Azure cloud services ရရှိအသုံးပြုနိုင်စေရန် လုပ်ဆောင်ပေးသည်။	C
၄၁	Military Commercial Joint Stock Bank (MB)	ဗီယက်နမ်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C
၄၂	Misfit Technologies	စကင်္ပူ	Mytel အား ဆင်းမ်ကဒ် မှတ်ပုံတင်ခြင်း နည်းပညာ ထောက်ပံ့ပေးသည်။	C
၄၃	Mitsubishi UFJ Financial Group (MUFG)	ဂျပန်	Viettel နှင့် Mytel အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	B

၄၄	Moonton	တရုတ်	Mytel အား အကြောင်းအရာများ ပါဝင်မှုကို ထောက်ပံ့ပေးသည်။	C
၄၅	National Tower Development (NTD)	စင်္ကာပူ	Mytel အား တာဝါတိုင် တည်ဆောက်ပေးခြင်းနှင့် ငှားရမ်းသည်။	
၄၆	NEC	ဂျပန်	Mytel ကို မိုက်ကရိုဝေ့ဗ် ထပ်ဆင့်လွှင့် ကိရိယာများကို ထောက်ပံ့သည်။ Mytel အတွက် Adva အချိန်သတ်မှတ်ခြင်း နည်းလမ်းများဆိုင်ရာ ကိရိယာများကို တပ်ဆင်၊ ထိန်းသိမ်းပေးသည်။	B
၄၇	ngena	ဂျာမဏီ	မြန်မာနိုင်ငံအတွက်ပါ အပါအဝင် Viettel အတွက် SD-WAN ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည်။	C
၄၈	Nokia	ဖင်လန်	5G အပါအဝင် Viettel ကို ရောင်းချသူ၊ Viettel Global Investment JSC ဘဏ္ဍာရေး အစီရင်ခံစာများထဲတွင် Nokia ကွန်ရက်များသို့ ပေးချေမှုများ ပါဝင်သည်။	C
၄၉	NuRAN Wireless	ကနေဒါ	5G သုတေသနပြုမှုအတွက် Viettel ၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သော VTTEK နှင့် မိတ်ဖက်	C
၅၀	OCK	မလေးရှား	Mytel အတွက် တာဝါတိုင်များ ငှားသည်။	C

၅၁	Oracle	အမေရိကန်	FPT မှတဆင့် Mytel သို့ Oracle Hyperion ဘဏ္ဍာရေး ထောက်ကူပြု ဆော့ဖ်ဝဲယား ထောက်ပံ့သည်။	C
၅၂	Premier League	အင်္ဂလန်	ရွှေသံလွင်မှ တဆင့် Mytel ကို အကြောင်းအရာ ပါဝင်မှုများ လိုင်စင်ပေးသည်။	C
၅၃	Qualcomm	အမေရိကန်	ဆက်သွယ်ရေး နည်းပညာဆိုင်ရာ သုတေသန၊ ဒီဇိုင်းဆွဲခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့အတွက် Viettel ၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သော M1 Communication နှင့် မိတ်ဖက်ပြုထားသည်။	C
၅၄	Sai Gon Commercial Joint Stock Bank (SCB)	ဗီယက်နမ်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C
၅၅	Shandong Sacred Sun Power Sources Co. Ltd.	တရုတ်	Mytel အား VRLA batteries ပံ့ပိုးပေသည်။	C
၅၆	Southeast Asia Commercial Joint Stock Bank (SeABank)	ဗီယက်နမ်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C
၅၇	Standard Chartered	အင်္ဂလန်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C
၅၈	Taicom JSC	ဗီယက်နမ်	Mytel အခြေခံအဆောက်အအုံ ဆောက်လုပ်မှုအတွက် ကန်ထရိုက် ရထားသည်။	A

၅၉	Taipei Fubon Commercial Bank	ထိုင်ဝမ်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C
၆၀	Tien Phong Commercial Joint Stock Bank (TPBank)	ဗီယက်နမ်	Mytel နှင့် Viettel Global Investment JSC တို့အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	B
၆၁	UniPin	အင်ဒိုနီးရှား	Mytel အတွက် အကြောင်းအရာ ပါဝင်မှု ထောက်ပံ့သူ	C
၆၂	VIAVI Solutions	အမေရိကန်	Viettel ၏ မိတ်ဖက်ဖြစ်သော Comit အား ရေဒီယိုလှိုင်း စောင့်ကြည့်မှု နည်းပညာ ပံ့ပိုးပေးသည်။	C
၆၃	VietinBank	ဗီယက်နမ်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C
၆၄	Vietnam Export Import Commercial Joint Stock Bank (EXIMBANK)	ဗီယက်နမ်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C
၆၅	Vietnam International Commercial Joint Stock Bank (VIB)	ဗီယက်နမ်	Mytel နှင့် Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	
၆၆	Vietnam Technological and Commercial Joint Stock Bank (TECHCOMBANK)	ဗီယက်နမ်	Viettel Global Investment JSC အား အကြွေးဖြေရှင်းမှုအတွက် ငွေကြေးပံ့ပိုးခြင်း	C

၆၇	Voltalia	ပြင်သစ်	MNTI မှတဆင့် Mytel တာဝါများသို့ နေရောင်ခြည်သုံး စွမ်းအင်ကို ထောက်ပံ့ပေးသည်။ အများစုကို Mulliez မိသားစုမှ ပိုင်ဆိုင်သည်။	C
၆၈	Yanmar	ဂျပန်	Mytel တာဝါတိုင်များအတွက် မီးအားပေးစက်များ တင်သွင်းသည်။	C
၆၉	ZTE	တရုတ်	Mytel အတွက် အမျိုးမျိုးသော ဆက်သွယ်ရေးနည်းပညာများကို ထောက်ပံ့သည်။	B
၇၀	ZTT	တရုတ်	Mytel အတွက် လီသီယံ ဘက်ထရီများ တင်သွင်းသည်။	C

နောက်ဆက်တွဲ ၂။

Mytel ၊ Viettel နှင့် မြန်မာစစ်တပ်တို့ဖြင့် ဆက်စပ်နေသည်ဟု အမည်အတပ်ခံရသော မြန်မာ စီးပွားရေးလုပ်ငန်းများ

တွေ့ရှိချက်များကို အောက်ပါအတိုင်း အဆင့်ခွဲထားသည်။

A အဆင့်။ မြန်မာပြည်ရှိ စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ လုပ်ဆောင်မှုကို ပံ့ပိုး အားပေးကူညီနေသော ကုမ္ပဏီ။

B အဆင့်။ မြန်မာပြည်ရှိ စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ လုပ်ဆောင်မှုကို ပံ့ပိုး အားပေးကူညီ နေနိုင်ဖွယ်ရာရှိသော ကုမ္ပဏီ။

C အဆင့်။ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မူများအောက်တွင် ၎င်းတို့၏ တာဝန်ရှိမှုများကို ပြည့်မီရန် ပျက်ကွက်နေနိုင်ပြီး လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုး စုံစမ်းစစ်ဆေးမှုနှင့် မြန်မာစစ်တပ်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် အကျိုးမဖြစ်ထွန်းစေရန် သေချာစေမည့် ခြေလှမ်းများ လုပ်ဆောင်ရမည့် ကုမ္ပဏီ။

အမှတ်စဉ်	ကုမ္ပဏီအမည်	ဆက်နွယ်မှု	တွေ့ရှိချက်
၁။	ABC-MIB	မြန်မာရုပ်ရှင်များကို အွန်လိုင်းပေါ်တွင် လွှင့်တင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်း 'မဟာ' ၏ ပိုင်ရှင်ဖြစ်သည်။ Mytel အတွက် အကြောင်းအရာ ပါဝင်မှုများ ထောက်ပံ့ပေးသည်။	C
၂။	Blue Ocean Business Services Co. Ltd.	အဏုစား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ဝန်ဆောင်မှုပေးရန် Mytel နှင့် မိတ်ဖက်	C

၃။	Blue Planet	Mytel အား အကြောင်းအရာ ပါဝင်မှု ပံ့ပိုးပေးသည်။	C
၄။	Contents Hub	Mytel အား အကြောင်းအရာ ပါဝင်မှု ပံ့ပိုးပေးသည်။ Myanmar Telemedia ၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခု	C
၅။	EasyPay (Easy Pay Company Ltd.)	ဒီဂျစ်တယ် ဘဏ္ဍာရေး ဝန်ဆောင်မှုများအတွက် MEC နှင့် Mytel တို့၏ မိတ်ဖက်	A
၆။	GlobalNet (Global Technology Group)	Mytel အား အသုံးမပြုရသေးသော ဖိုင်ဘာကြိုးများ တင်သွင်းသည်။	C
၇။	Golden Land East Asia Development Ltd.	MNTH မှတဆင့် Mytel ရှယ်ယာပိုင်ရှင်	B
၈။	International Power Generation Public Company Ltd. (IGE Group)	MNTH မှတဆင့် Mytel ရှယ်ယာပိုင်ရှင်	B
၉။	KBZ Gateway	မြန်မာပြည်အတွက် ဂြိုလ်တု ဝန်ဆောင်မှုများ ပေးသည်။	C
၁၀။	King Royal Technologies Co. Ltd.	လေကြောင်းရန် ကာကွယ်ရေး စစ်ဆင်မှု ကွပ်ကဲရေး ဌာနချုပ် အပါအဝင် မြန်မာစစ်တပ်ကို နည်းပညာနှင့် ဝန်ဆောင်မှုများ ပံ့ပိုးသည်။	A
၁၁။	Mahar Yoma Public Company Ltd.	MNTH မှတဆင့် Mytel ရှယ်ယာပိုင်ရှင်	B
၁၂။	Mobilemate	မြန်မာ မိုဘိုင်း ငွေကြေးဝန်ဆောင်မှု မိတ်ဖက်	B
၁၃။	Myanmar Agribusiness Public Corporation Ltd.	MNTH မှတဆင့် Mytel ရှယ်ယာပိုင်ရှင်	B
၁၄။	Myanmar Agriculture and General Development Public Ltd.	MNTH မှတဆင့် Mytel ရှယ်ယာပိုင်ရှင်	B

၁၅။	Myanmar Edible Oil Industrial Public Corporation Ltd.	MNTH မှတဆင့် Mytel ရှယ်ယာပိုင်ရှင်	B
၁၆။	Myanmar Hurricane Investment & Telecom	MECTel ၏ ခေါ်ဆိုမှု စင်တာကို လည်ပတ်ပြီး MECTel အတွက် ကွန်ရက် စောင့်ကြည့်ခြင်းနှင့် ထပ်ဆင့်တန်ဖိုးဖြည့်သည့် ဝန်ဆောင်မှုများ ပြုလုပ်ပေးသည်။	B
၁၇။	Myanmar ICT Development Corporation Ltd.	MNTH မှတဆင့် Mytel ရှယ်ယာပိုင်ရှင်	B
၁၈။	Myanmar Industries Alliance Public Ltd.	MNTH မှတဆင့် Mytel ရှယ်ယာပိုင်ရှင်	B
၁၉။	Myanmar National Telecom Holdings Public Co. Ltd. (MNTH)	မြန်မာ ကုမ္ပဏီ ၁၁ ခု ၏ အထူးစီမံချက်အတွက် သယ်ဆောင်ယာဉ် ဖြစ်သည်။ Mytel အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်း လုပ်ဆောင် လည်ပတ်မှုဆိုင်ရာ ထောက်ကူမှုကို ပေးသည်။ လက်အောက်ခံ ကုမ္ပဏီများတွင် Myanmar National Telecom Infra Co. Ltd. (MNTI) နှင့် Myanmar National Telecom Services Co. Ltd. (MNTS) တို့ပါဝင်သည်။	A
၂၀။	Myanmar Payment Solutions Services	MytelPay အတွက် ငွေပေးချေခြင်း ဝန်ဆောင်မှု ပံ့ပိုးသည်။	B
၂၁။	Myanmar Technologies and Investment Corporation Ltd.	MNTH မှတဆင့် Mytel ရှယ်ယာပိုင်ရှင်	B
၂၂။	PlayBox	Mytel အတွက် အကြောင်းအရာ ပါဝင်မှု ပံ့ပိုးသည်။	C
၂၃။	Royal Yatanarpon Telecom Public Company Ltd.	MNTH မှတဆင့် Mytel ရှယ်ယာပိုင်ရှင်	B

၂၄။	Shwe Pyi Tagon Telecommunication Public Company Ltd.	MNTH မှတဆင့် Mytel ရှယ်ယာပိုင်ရှင်	B
၂၅။	Shwe Than Lwin, SkyNet ပိုင်ရှင်	မြန်မာစစ်တပ်၏ စိတ်ဓာတ်စစ်ဆင်ရေးနှင့် ပြည်သူ့ဆက်ဆံရေး ညွှန်ကြားရေးမှူးရုံးသို့ ဂြိုလ်တု ဝန်ဆောင်မှုများ ပံ့ပိုးပေးသည်။ Mytel အတွက် အကြောင်းအရာ ပါဝင်မှုနှင့် ဝန်ဆောင်မှုများ ပံ့ပိုးသူ၊	B
၂၆။	Seanet	မြန်မာအစိုးရအတွက် ဂြိုလ်တု ဝန်ဆောင်မှုများ ပံ့ပိုးပေးသည်။	C
၂၇။	Solutions Hub Co. Ltd	EasyPay မိတ်ဖက်	B
၂၈။	Telecom International Myanmar Co. Ltd. (Mytel)	မြန်မာစစ်တပ် စီးပွားရေးလုပ်ငန်းစုံအုပ်စုကြီး ဖြစ်သော မြန်မာ စီးပွားရေးကော်ပိုရေးရှင်းက ပူးတွဲပိုင်ဆိုင်ပြီး ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး၏ ညွှန်ကြားရေးမှူးက ကြီးကြပ်သည့် မိုဘိုင်း ကွန်ရက် အော်ပရေတာဖြစ်သည်။ စစ်ဘက် ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ အဆင့်မြှင့်ခြင်း၊ စစ်ပစ္စည်းများ ဝယ်ယူစုဆောင်းခြင်းနှင့် စစ်တပ် ငွေကြေးပံ့ပိုးခြင်းတို့တွင် ပါဝင်ပတ်သက်သည်။ Mytel Wallet International Co. Ltd. ၏ မိခင်ကုမ္ပဏီ ဖြစ်သည်။	A
၂၉။	Terabit Wave	ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး အပါအဝင် စစ်တပ်အတွက် နည်းပညာများ ရယူစုဆောင်းပေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းများကို ပြုလုပ်သည်။ A1 ကုမ္ပဏီများ အုပ်စု၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သည်။	A
၃၀။	TMH Telecom	MEC နှင့် Mytel အတွက် ကွန်ရက် ထိန်းသိမ်းမှု၊ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးမှုနှင့်	B

		စုဆောင်းရယူမှုကို ပံ့ပိုးသည်။ တာမိုးညဲချမ်းသာအုပ်စု၏ အစိတ်အပိုင်းဖြစ်သည်။	
၃၁။	Yangon Stock Exchange (YSX) -	Japan Exchange Group ၊ Daiwa Securities နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြားကပူးတွဲဖက်စပ် လုပ်ငန်းတစ်ခု TMH Telecom အား ရှယ်ယာဈေးကွက်အတွင်းရောက်ရှိမှုကို ဖြစ်နိုင်စေခဲ့ပြီး ဤသည်ကမြန်မာစီးပွားရေး ကော်ပိုရေးရှင်း၏ဆက်သွယ်ရေးလုပ်ငန်းများသို့ စီးဝင်မည့်ရင်းနှီးမြုပ်နှံမှုများအတွက် ရံပုံငွေများကို အဓိကရှာဖွေပေးသည်။	C

နောက်ဆက်တွဲ ၃။

အမည်တပ်ခံရသော နိုင်ငံတော်နှင့် နိုင်ငံတကာ လုပ်ဆောင်သူများ

အမှတ်စဉ်	အဖွဲ့အစည်းအမည်	တရားစီရင်ခွင့် သက်ရောက်ရာနယ်မြေ	ဆက်နွယ်မှု
၁။	Asian Development Bank	နိုင်ငံတကာ	မြန်မာပြည်တွင် အီလက်ထရောနစ် အစိုးရ ဖြစ်ထွန်းမှုကို ပံ့ပိုးသည်။ Viettel Global Investment JSC ၏ အကြွေးရှင်များကို ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ဘဏ္ဍာပံ့ပိုးမှု လုပ်နေပြီး ဆိုးရွားသော လူ့အခွင့်အရေး တင်ကြို စုံစမ်းစစ်ဆေးမှုအပေါ် စိုးရိမ်မှုကို မြင့်မားစေသည်။
၂။	CDC Group	အင်္ဂလန်	Mytel နှင့် ဌာနရမ်းမှု မာစတာ သဘောတူညီချက် ရှိသည့်၊ မြန်မာစစ်တပ်ကို ရံပုံငွေများကို လှူဒါန်းခဲ့သည့် Irrawaddy Green Towers ကို ငွေချေးပေးသည်။ CDC Group ရင်းနှီးမြှုပ်နှံမှုအပေါ် ဆိုးရွားသော လူ့အခွင့်အရေး တင်ကြို စုံစမ်းစစ်ဆေးမှုအပေါ် စိုးရိမ်မှုရှိ။

၃။	European Development Financial Institutions (EDFI)	ဥရောပ သမဂ္ဂ	Mytel နှင့် ဌားရမ်းမှု မာစတာ သဘောတူညီချက် ရှိသည့်၊ မြန်မာစစ်တပ်ကို ရံပုံငွေများကို လှူဒါန်းခဲ့သည့် Irrawaddy Green Towers ကို ငွေချေးပေးသည်။ ဦးဆောင်စီစဉ်ပေးသူမှာ Dutch development bank FMO ဖြစ်သည်။ EDFI ရင်းနှီးမြုပ်နှံမှုအပေါ် ဆိုးရွားသော လူ့အခွင့်အရေး တင်ကြို စုံစမ်းစစ်ဆေးမှုအပေါ် စိုးရိမ်မှုရှိ။
၄။	Hokkaido University	ဂျပန်	မြန်မာနိုင်ငံ၏ အသေးစားဂြိုလ်တု အစီအစဉ်အတွက် သင်တန်းနှင့် နည်းပညာ ထောက်ပံ့မှုကို ပေးပြီး ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အန္တရာယ်ရှိစေသည်။
၅။	International Finance Corporation (IFC)	နိုင်ငံတကာ	Viettel Global Investment JSC နှင့် Mytel တို့၏ ကြွေးရှင်များအား ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ဘဏ္ဍာပံ့ပိုးမှုနှင့် ရှယ်ယာများ ပံ့ပိုးသည်။
၆။	Japan Aerospace Exploration Agency (JAXA)	ဂျပန်	မြန်မာ၏ အသေးစားဂြိုလ်တုကို လွှင့်တင်ရန် ၂၀၂၁ ခုနှစ်တွင် စီစဉ်နေပြီး ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အန္တရာယ်ရှိစေသည်။
၇။	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန	မြန်မာ	Mytel အား ဖွဲ့စည်းပြီး လိုင်စင်ပေးခဲ့သည်။ ၎င်း၏ *"တရားဥပဒေအရ ကြားဖြတ်နားထောင်ခြင်း"* မှတဆင့် လူထုအပေါ် စောင့်ကြည့်မှုစနစ်ကို

			တည်ထောင်နေသည်၊ Mytel အား စည်းမျဉ်းနှင့်အညီဆောင်ရွက်စေရမည့် ၎င်း၏ တာဝန်ကို စနစ်တကျ ပျက်ကွက်နေသည်၊ ပုဂ္ဂလိက လုံခြုံမှုနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို အဓိက ချိုးဖောက်နေသူဖြစ်သည်။
၈။	MPT	မြန်မာ	မြန်မာ၏ နိုင်ငံတော်ပိုင် မိုဘိုင်းကွန်ရက် အော်ပရေတာဖြစ်ပြီး မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၏ MECTel ကိုလည်း လက်ခံ၍ ဝန်ဆောင်မှုပေးသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန (MOTC) လက်အောက်၊
၉။	မြန်မာ့ စီးပွားရေးဘဏ်	မြန်မာ	မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှု၏ မိတ်ဖက်နှင့် Yangon Stock Exchange ၏ အများစု ရှယ်ယာပိုင်ရှင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်၊ မြန်မာစစ်တပ်နှင့် ၎င်း၏ စီးပွားရေးလုပ်ငန်းများအတွက် အဆောက်အအုံဆိုင်ရာ ထောက်ပံ့မှုကို ပေးသည်။

၁၀။	မြန်မာ စီပွားရေး ကော်ပိုရေးရှင်း (MEC) နှင့် လက်အောက်ခံ ကုမ္ပဏီများ	မြန်မာ	Mytel တွင် အစိုးရ ရှယ်ယာများကို ၎င်း၏ လက်အောက်ခံ ကုမ္ပဏီ Star High Co. Ltd . မှတဆင့် ပိုင်ဆိုင်ထားသည့် စစ်တပ်၏ စီးပွားရေး လုပ်ငန်းစုံအုပ်စုကြီး တစ်ခုဖြစ်သည်။ ၎င်းသည် မြန်မာစစ်တပ်အတွက် ကိရိယာများနှင့် ဘဏ္ဍာငွေများကို ရယူစုဆောင်းသည်။ MECTel ၊ Sigma wire နှင့် ကေဘယ် စီးပွားရေးလုပ်ငန်း၊ အဝေးရောက် အာရုံခံသည့် မြေပြင်စခန်းတို့ကိုလည်း လည်ပတ်သည်။ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ပံ့ပိုး အားပေးကူညီနေသည်။
၁၁။	မြန်မာလေကြောင်းနှင့် အာကာသ အတတ်ပညာ တက္ကသိုလ်	မြန်မာ	မြန်မာ၏ ဂြိုလ်တု အစီအစဉ် အကောင်အထည်ဖော်မှုကို ပံ့ပိုးသည်။ မြန်မာစစ်တပ်ကို နည်းပညာနှင့် သင်တန်းများ ပေးပြီး စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ပံ့ပိုး အားပေးကူညီနေသည်။
၁၂။	မြန်မာ လက်နက်ကိုင်တပ်ဖွဲ့များ	မြန်မာ	MEC နှင့် Mytel ရှိ Star High ရှယ်ယာများ၏ အကျိုးခံစားခွင့်ရှိသော ပိုင်ရှင်၊ လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုအပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများအတွက် တာဝန်ရှိသူ၊ အများပြည်သူနှင့် သက်ဆိုင်သော

			ဘဏ္ဍာရင်းမြစ်များနှင့် ပိုင်ဆိုင်မှုများကို စနစ်တကျ အလွဲသုံးစားပြုသူ၊
၁၃။	Star High Co. Ltd.	မြန်မာ	Mytel ရှိ အစိုးရ၏ ၂၈ % ရှယ်ယာကို ဥပဒေကြောင်းအရ တရားဝင် ထိန်းချုပ်ထားသည့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခုဖြစ်သည်။ Star High ရှယ်ယာများကို ပုဂ္ဂလိက တစ်ဦးချင်းက ပိုင်ဆိုင်ထားသည်။ ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်မှုအား ပံ့ပိုး အားပေးကူညီနေသည်။
၁၄။	မြန်မာနိုင်ငံပိုင် ဂြိုလ်တုစနစ် တည်ထောင်ရေး ဦးဆောင်ကော်မတီ	မြန်မာ	မြန်မာစစ်တပ်မှ ထိန်းချုပ်ထားသော မြန်မာ၏ ဂြိုလ်တုအစီအစဉ်အတွက် ပြည်သူ့စီမံခန့်ခွဲမှု အဖွဲ့ဖြစ်ပြီး ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်မှုအား ပံ့ပိုး အားပေးကူညီနေသည်။
၁၅။	Tohoku University	ဂျပန်	မြန်မာ၏ အသေးစား ဂြိုလ်တု အစီအစဉ်အတွက် သင်တန်းနှင့် နည်းပညာ ထောက်ပံ့မှုကို ပံ့ပိုးပြီး ဆိုးရွားသော လူ့အခွင့်အရေး

			ချိုးဖောက်မှုများအတွက် အန္တရာယ်ရှိစေသည်။
၁၆။	Military Industry and Telecoms Group (Viettel)	ဗီယက်နမ်	Mytel တွင် အကြီးမားဆုံးသော ရှယ်ယာပိုင်ရှင်နှင့် ရင်းနှီးမြှုပ်နှံသူ၊ Viettel ၏ လက်အောက်ခံ ကုမ္ပဏီများမှ တဆင့် စစ်တပ် ဆက်သွယ်ရေး အခြေခံ အဆောက်အအုံအား အဆင့်မြှင့်ခြင်း နှင့် စစ်ဘက်ဆိုင်ရာ ပစ္စည်းများ ရယူစုဆောင်းခြင်းတွင် ပါဝင်ပတ်သက်သည်။ ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်မှုအား ပံ့ပိုး အားပေးကူညီနေသည်။ ကာကွယ်ရေး ဝန်ကြီးဌာနအောက်တွင် ရှိသည်။
၁၇။	Vietnam Posts and Telecommunications (VNPT)	ဗီယက်နမ်	မြန်မာ၏ ကာကွယ်ရေးဝန်ကြီးဌာနကို ဂြိုလ်တု ဝန်ဆောင်မှုများ ပေးသည်။ ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်မှုအား ပံ့ပိုး အားပေးကူညီနေသည်။ စီးပွားရေးလုပ်ငန်းစုများ၌ နိုင်ငံတော် ရင်းနှီးမတည်မှု စီမံခန့်ခွဲရေး ကော်မတီ အောက်တွင် ရှိသည်။

၁၈။ ကမ္ဘာဘဏ် နိုင်ငံတကာ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး စီမံချက်နှင့် အများပိုင်-ပုဂ္ဂလိက အခြေခံအဆောက်အအုံ အကြံပေး အဖွဲ့တို့မှတဆင့် မြန်မာအစိုးရထံသို့ ငွေကြေးနှင့် ထောက်ကူမှု ပြုသည်။ ပြုပြင်ပြောင်းလဲမှုများသည် Mytel ဖန်တီးမှုသို့ ဦးတည်ခဲ့သည်။ စစ်တပ်မိတ်ဖက် စီးပွားရေးလုပ်ငန်းများကို ရေဒီယိုလှိုင်းစဉ် စီမံခန့်ခွဲမှုအတွက် ကန်ထရိုက်များ ချပေးခဲ့သည်။ မြန်မာအစီအစဉ်များတွင် လူ့အခွင့်အရေးဆိုင်ရာ လေးနက်သော တင်ကြို စုံစမ်းစစ်ဆေးမှုများ ပျက်ကွက်ခဲ့သည်။

နောက်ဆက်တွဲ ၄။

Telecom International Myanmar (Mytel) ၏ ဒါရိုက်တာဘုတ်အဖွဲ့

အမှတ်စဉ်	အမည်	ရာထူး	နိုင်ငံသား	အခြားတာဝန်
၁။	Do Manh Hung	ဒါရိုက်တာ	ဗီယက်နမ်	Viettel Global Investment JSC ၏ အထွေထွေ ဒါရိုက်တာ
၂။	Hoang Trung Thanh	အလုပ်အမှုဆောင် အရာရှိချုပ်	ဗီယက်နမ်	
၃။	ဦးခင်မောင်စိုး	ဥက္ကဋ္ဌ	မြန်မာ	MEC နှင့် Star High Co. Ltd. တို့၏ ဒါရိုက်တာ
၄။	ဒေါ်မိုးမြင့်ဥူ	အတွင်းရေးမှူး	မြန်မာ	Mytel Wallet International Co. Ltd. ၏ အတွင်းရေးမှူး
၅။	ဦးမျိုးဟန်	ဒါရိုက်တာ	မြန်မာ	MNTH ၏ ဒါရိုက်တာ၊ Fortune ကုမ္ပဏီအုပ်စု၏ ဥက္ကဋ္ဌ၊ New Day Energy ၏ ဒါရိုက်တာ၊ မြန်မာကျောက်ဖြူ အထူးစီးပွားရေးဇုံ စုပေါင်းအဖွဲ့၏ ဒါရိုက်တာ၊ ရခိုင်တိုးတက်ဖွံ့ဖြိုးရေး ကော်ပိုရေးရှင်း၏ ဒါရိုက်တာ၊ Yatanarpon Teleport ၏ ဒါရိုက်တာ၊ မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး၏ ဒါရိုက်တာ၊

၆။	Nguyen Cao Loi	ဒါရိုက်တာ	ဗီယက်နမ်	လက်ထောက် အထွေထွေမန်နေဂျာ Viettel Global Investment JSC
၇။	ဦးစိုးသိန်း	ဒါရိုက်တာ	မြန်မာ	MNTH ၏ ဒါရိုက်တာ၊ မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး၏ ဒါရိုက်တာ၊ Royal Yatanarpon Telecom ၏ ဒါရိုက်တာ၊ Yatanarpon Teleport ၏ ဒါရိုက်တာ
၈။	Colonel Tao Duc Thang	ဒါရိုက်တာ	ဗီယက်နမ်	လက်ထောက် ဒါရိုက်တာ၊ Viettel Group.
၉။	ဗိုလ်မှူးချုပ် သော်လွင်	ဒါရိုက်တာ	မြန်မာ	ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး၊ မြန်မာတပ်မတော်
၁၀။	ဦးရင်မောင်ညွန့်	ဒါရိုက်တာ	မြန်မာ	မြန်မာ စီးပွားရေး ကော်ပိုရေးရှင်း (၂၀၀၈ ခုနှစ်က လက်ထောက် အထွေထွေမန်နေဂျာ တာဝန် ယူထားသည်။)

နောက်ဆက်တွဲ ၅။

သိရှိထားသည့် စစ်တပ်အခြေစိုက်စခန်းများရှိ ဆက်သွယ်ရေး တာဝါတိုင်များ

စဉ်	သင်္ကေတနှင့် လင့်ခ်	ဖော်ပြချက်	ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး	မှတ်ချက်
၁။	CHN0005	အမှတ် (၂၆၈) ခြေလျင်တပ်ရင်း၊ ဖလမ်း	ချင်း	မသိရှိရ
၂။	KCN0321	အမှတ် (၃၈၃) ခြေမြန်တပ်ရင်း	ကချင်	ဝိုင်းမော်ကို အဓိကစီစဉ်သည် သို့သော် GPS မြေပုံက Sahmaw ကိုညွှန်းသည်။ ခြေမြန်တပ်ရင်း ၃၈၃ အပေါ် အစီရင်ခံစာများ။ ရွှက်တပ်တာဝါတိုင်။
၃။	KCN0156	အမှတ် (၄၀) ဟိုပင်တပ်ခွဲ၊ မိုးညှင်း	ကချင်	မသိရှိရ
၄။	KCN0402	မန်စီရှိ စစ်တပ်နယ်မြေ - အတည်မပြုနိုင်	ကချင်	လက်နက်ကိုင်ပဋိပက္ခနယ်မြေ၊ အသေးစိပ်မသိ။
၅။	KYH0055	ဘောလခဲရှိ အမှတ် (၃၃၇) ခြေမြန်တပ်ရင်း	ကရင်နီ	စစ်တပ်အခြေစိုက်စခန်းတည်ဆောက်မှုနှင့် ပါတ်သက်၍ ပဋိပက္ခဖြစ်နေသည့် နေရာ
၆။	KHY0089	ဖရူးဆိုးရှိ အဆင့်မြင့်တပ်မတော်	ကရင်နီ	မသိရှိရ

		သင်တန်းကျောင်း အမှတ် (၁၄)		
၇။	KYN0253	အမှတ် (၂၂) ခြေမြန်တပ်မ - ဘားအံ	ကရင်	ဘားအံ
၈။	KYN0358	တောင်ကလေး စစ်တပ် အခြေစိုက်စခန်း	ကရင်	အခြေစိုက်စခန်းကို အတိအကျ ဖော်ပြမထားပါ - ခြေမြန်တပ်မ ၂၂ အောက်ရှိ ခြေလျင်တပ်ရင်း ၂၀၂ ဖြစ်နိုင်ဖွယ်ရာ ရှိသည်။
၉။	MGY0008	အမှတ် (၁၀၁) ခြေမြန်တပ်မ၊ ပခုက္ကူ	မကွေး	MEC တာဝါတိုင်က ၎င်းနေရာတွင် ရှိနေပြီးသား ဖြစ်သည်။ Mytel က ကိရိယာများအတွက် အခန်းကို တည်ဆောက်နေသည်။
၁၀။	MGY0746	ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှု ညွှန်ကြားရေးမှူးရုံး အဆောက်အအုံ၊ သရက်မြို့နယ်၊ မကွေး	မကွေး	မသိရှိရ
၁၁။	MGY0747	ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှု ညွှန်ကြားရေးမှူးရုံး အဆောက်အအုံ၊ မြို့သစ် မြို့နယ်၊ မကွေး	မကွေး	မသိရှိရ
၁၂။	MGY0748	ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှု ညွှန်ကြားရေးမှူးရုံး	မကွေး	မသိရှိရ

		အဆောက်အအုံ၊ တောင်တွင်းကြီး၊ မကွေး		
၁၃။	MGY0749	ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှု ညွှန်ကြားရေးမှူးရုံး အမှတ် ၁၈ ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေး	မကွေး	မသိရှိရ
၁၄။	MON0379	အမှတ် (၂၄) ခြေလျင်တပ်ရင်း၊ သထုံ	မွန်	မသိရှိရ
၁၅။	MON0163	အမှတ် (၈) ခြေလျင်တပ်ရင်း၊ ဘီးလင်း	မွန်	မသိရှိရ
၁၆။	NPW0074	နေပြည်တော် တိုင်းစစ်ဌာနချုပ်ရုံးဝင်း	နေပြည်တော်	ဌာနချုပ်တွင် အဆင့်မြင့် ဆက်သွယ်ရေး စစ်ဆင်ရေးတပ်ဖွဲ့ ၊ အမှတ် (၂) အဆင့်မြင့် ဆက်သွယ်ရေး တပ်ရင်းနှင့် အမှတ် (၈) လေကြောင်းရန် ကာကွယ်ရေး ဆက်သွယ်ရေးတပ်ရင်း တို့ပါဝင်သည်။ ရွှေ့ပြောင်းယာဉ်ဖြင့် တာဝါတိုင်

၁၇။	NPW00401	နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်	နေပြည်တော်	နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်၊ သင်တန်းသားများသည် အဆင့်မြင့် စစ်ဘက် အရာရှိကြီးများ ဖြစ်ကြသည်။ သင်ကြားမှုများထဲတွင် စစ်ရေးသိပ္ပံပညာနှင့် နည်းပညာတို့ ပါဝင်သည်။ Rooftop tower
၁၈။	NPW4001	အမှတ် (၃) စစ်တပ် လူနေဆောင်	နေပြည်တော်	ရွှေလျားယာဉ်
၁၉။	RKE0233	အမှတ် (၉၁၉) အင်ဂျင်နီယာ တပ်ရင်း၊ အန်းမြို့နယ်၊ ရခိုင်	ရခိုင်	အနောက်တိုင်း စစ်ဌာနချုပ် တည်နေရာ
၂၀။	SHN000101	လားရှိုး မြို့နယ် - နေရာအတိအကျ မသိရပါ။	ရှမ်း	အခြေစိုက်စခန်းအတွင်း၊ စစ်တပ်ဂိုဒေါင်နှင့် အရာရှိတစ်ဦး၏ အိမ်အနီး၊
၂၁။	SHN0005	အမှတ် (၃၅) အမြောက်တပ်၊ မုန်းရိုင်မြို့နယ်	ရှမ်း	Taicom JSC ကို ထပ်ဆင့် ကန်ထရိုက်ပေးထားသည်
၂၂။	SHN0118	စစ်မြေပြင် တိုက်ပွဲဝင် သင်တန်းတပ်ဖွဲ့၊ ရပ်ဆောက်	ရှမ်း	မသိရှိရ
၂၃။	SHN0121	စစ်တပ်ဗျူဟာယူနစ်၊ မိုင်းဆတ်မြို့နယ်	ရှမ်း	Taicom JSC ကို ထပ်ဆင့် ကန်ထရိုက်ပေးထားသည်

၂၄။	SHN0734	စစ်တပ် ကင်းစခန်း၊ လောက်ကိုင် မြို့နယ်။	ရှမ်း	မသိရှိရ
၂၅။	SHN0808	အမှတ် (၂၈၁) ခြေလျင်တပ်ရင်း၊ မိုင်းယန်၊ ရှမ်း	ရှမ်း	မသိရှိရ
၂၆။	SHN1038	အမှတ် (၉၁၂) စစ်တပ် အင်ဂျင်နီယာ တပ်ရင်း လားရှိုး	ရှမ်း	မသိရှိရ
၂၇။	SHN1064	အမှတ် (၅၂၂) ခြေမြန်တပ်ရင်း၊ လားရှိုး။	ရှမ်း	မသိရှိရ
၂၈။	SHN1192	အမှတ် (၃၅၁) အမြောက်တပ်၊ တန့်ယန်း မြို့နယ်	ရှမ်း	မသိရှိရ
၂၉။	SHN1231	အမှတ် (၂၂၆) ခြေလျင်တပ်ရင်း၊ ကျိုင်းတုံ မြို့နယ်။	ရှမ်း	လွိုင်ပန်းကွိုင်နှင့် လွယ်မော် တောင်ကုန်းစခန်းအကြား
၃၀။	SHN1233	စစ်ဆင်ရေးကွပ်ကဲမှု အမှတ် (၁၈)၊ မိုင်းဖြတ်၊ မိုင်းဖြတ်မြို့နယ်	ရှမ်း	မသိရှိရ
၃၁။	SHN1240	တြိဂံတိုင်း စစ်ဌာနချုပ်၊ ကျိုင်းတုံ	ရှမ်း	ကျိုင်းတုံ၏ အရှေ့တောင်၊ ဆက်သွယ်ရေး ယူနစ်များ၏ တည်နေရာ၊
၃၂။	SHN1266	အမှတ် (၁၅) ခြေလျင်တပ်ရင်း၊ မိုင်းရှိုး မြို့နယ်	ရှမ်း	မိုင်းစံမြို့ဘေး၊ ကျယ်ပြန့်သော စစ်တပ်အခြေစိုက်စခန်း အတွင်း၊

၃၃။	SHN1349	ပင်းထောက် စစ်တပ်အခြေစိုက်စခန်း၊ ကျိုင်းတုံ	ရှမ်း	MEC တာဝါတိုင် တစ်ခုနှင့် Viettel မှ ထောက်ပံ့နေသော MEC အခြေခံအဆောက်အအုံ များကို ပြသနေသည်။ စစ်တပ် ဟယ်လီကော်ပတာ ဆင်းကွင်းဘေးနားအနီး။
၃၄။	SHN1405	စစ်တပ်သင်တန်းကျောင်းကျိုင်းတုံ	ရှမ်း	ကျိုင်းတုံမြို့နှင့် လေဆိပ်အနီး
၃၅။	SHN1527	မသိရှိရသေးသည့် စခန်း၊ လောက်ကိုင်မြို့နယ်	ရှမ်း	ကိုးကန့်ဒေသ၊ ကင်းစောင့်စခန်းနှင့်ကပ် ရက်တွင် တာဝါတိုင်ရှိသည်။ သေချာစွာ စောင့်နေသည့် အစောင့်ရှိသည်။ အခြား စစ်တပ်အဆောက်အအုံ များနှင့်လည်း နီးကပ်စွာရှိသည်။
၃၆။	TNI0220	ရေတပ်/စစ်တပ် အခြေစိုက်စခန်း - ရေဖြူမြို့နယ်	တနင်္သာရီ	မြေယာပဋိပက္ခ ရ ဖြစ်ပွားနေဆဲ နေရာဒေသ
၃၇။	YGN0024	စစ်တပ်ရွာ၊ မင်္ဂလာဒုံ	ရန်ကုန်	ဆက်သွယ်ရေး ယူနစ် ၃ ခု တည်ရှိသောနေရာ
၃၈။	YGN1605	MEC ပင်မ ဂိုဒေါင်	ရန်ကုန်	မသိရှိရ

အဆုံးသတ်မှတ်စု

[1]ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်အလိုအရ "ခရိုနီ" ဆိုသည်ကို "တပ်မတော်နှင့် ၎င်း၏ ခေါင်းဆောင်မှုကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ အကျိုးမြတ်ဖြစ်စေသည့် စီးပွားရေး၊ ကုန်သွယ်ရေး၊ မိသားစုဆက်ဆံရေးနှင့် လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ ဆက်ဆံရေးများမှတဆင့် နီးနီးစပ်စပ် ချိတ်ဆက်မှုများ ရှိနေသည့်" တသီးပုဂ္ဂလ သို့မဟုတ် ကုမ္ပဏီများဟု အဓိပ္ပယ်ဖွင့်ဆိုထားသည်။ A/HRC/42/CRP.3၊ စာပိုဒ် ၇၆။

[2] *Mytel အသုံးပြုသူ ၁၀ သန်း ကျော်သွားပြီ* ပြည်သူ့တပ်မတော် သတင်းစာ (ဇွန်လ ၅ ရက်၊ ၂၀၂၀ ခုနှစ်)။ https://en.qdnd.vn/economy/military-businesses/Mytel-surpasses-10-million-subscribers-517321

[3] ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး။

[4] နိုင်ငံတကာ ရာဇဝတ်မှုများဆိုင်ရာ တရားရုံးအပေါ် ရောမ သဘောတူစာချုပ်။

[5] နိုင်ငံတကာ ရာဇဝတ်မှုများဆိုင်ရာ တရားရုံးအပေါ် ရောမ သဘောတူစာချုပ်၊ ပုဒ်မ ၇။

[6] နိုင်ငံတကာ ရာဇဝတ်မှုများဆိုင်ရာ တရားရုံးအပေါ် ရောမ သဘောတူစာချုပ်၊ ပုဒ်မ ၈။

[7] အခြေခံမူ ၃-၆၊ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူဝါဒများ၊ OECD (၂၀၁၁)၊ *OECD ၏ နိုင်ငံစုံ စီးပွားရေးလုပ်ငန်းစုများအတွက် လမ်းညွှန်ချက်များ,* OECD ထုတ်ဝေမှု၊ အခန်း ၄။

[8] အခြေခံမူ ၁၁-၁၄၊ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူဝါဒများ။

[9] အခြေခံမူ ၁၅-၂၂၊ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူဝါဒများ။

[10] OECD (၂၀၁၁ခုနှစ်)၊ *OECD ၏ နိုင်ငံစုံ စီးပွားရေးလုပ်ငန်းစုများအတွက် လမ်းညွှန်ချက်များ၊* OECD ထုတ်ဝေမှု, အခန်း ၄။

[11] OECD (၂၀၁၁ခုနှစ်)၊ *OECD ၏ နိုင်ငံစုံ စီးပွားရေးလုပ်ငန်းစုများအတွက် လမ်းညွှန်ချက်များ၊* OECD ထုတ်ဝေမှု၊ အခန်း ၇။

